
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ

# မဲမသမာမှုစာရင်းမဲ့ပြုကျင့်မှုများအပေါ် စုံစမ်းစစ်ဆေးတွေ့ရှိချက်



## မာတိကာ

စဉ် အကြောင်းအရာ


၁။ **နိဒါန်း**

၂။ **အခန်း(၁) ရွေးကောက်ပွဲအကြိုကာလတွင် ကြိုတင်ကြံစည်ဆောင်ရွက်မှုများ**

(က) ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့် ဖွဲ့စည်းခြင်းအပေါ်တွေ့ရှိချက်

(ခ) ဥပဒေ၊ နည်းဥပဒေ၊ အမိန့်နှင့်ညွှန်ကြားချက်များအား ကျော်လွန် ဖောက်ဖျက်၍ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့် ဖွဲ့စည်းရာတွင် ဝင်ရောက်စွက်ဖက်ခြင်း

(ဂ) ရွေးကောက်ပွဲ အနိုင်ရရှိရေးအတွက် အာဏာပိုင်အဖွဲ့အစည်းများ ဝင်ရောက် စွက်ဖက် ကြိုတင်ကြံစည်ဆောင်ရွက်ခြင်း

(ဃ) မိမိပါတီအနိုင်ရရှိရေးအတွက် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ ပြင်ဆင်ခြင်း

(င) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ(NLD) အနိုင်ရရှိရေးအတွက် ဥပဒေပြင်ဆင် ခြင်း လုပ်ငန်းများတွင် နိုင်ငံတော်သမ္မတပဟောင်း၏ ဝင်ရောက်စွက်ဖက်မှုနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၏ အကြံပေးချက်များရယူ၍ လုပ်ဆောင်ခဲ့ခြင်း

(စ) ယခင် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အနေဖြင့် ဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်မှုမရှိသည့် ညွှန်ကြားချက်များ ထုတ်ပြန်ခြင်း

(ဆ) မဲဆန္ဒရှင်စာရင်းပြုစုခြင်းအပေါ် စစ်ဆေးတွေ့ရှိချက်

၃။ **အခန်း(၂) ရွေးကောက်ပွဲကာလတွင် ဆောင်ရွက်ခဲ့မှုများ**

(က) ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရန် မဲဆန္ဒနယ် များ သတ်မှတ်ကြေညာခြင်း

(ခ) ရွေးကောက်ပွဲရွှေ့ဆိုင်းမှုအခြေအနေများအပေါ်တွေ့ရှိချက်

(ဂ) မဲဆွယ်စည်းရုံးခြင်း/ရွေးကောက်ပွဲစောင့်ကြည့်လေ့လာခြင်းအပေါ် တွေ့ရှိချက်

(ဃ) ကြိုတင်မဲပေးခြင်းနှင့် ရွေးကောက်ပွဲနေ့ မဲပေးမှုအပေါ် တွေ့ရှိချက်များ

( င) ရွေးကောက်ပွဲလုပ်ငန်းစဉ်တွင် ဝင်ရောက်စွက်ဖက်မှုများနှင့် မဲမသမာမှုဖြစ်စဉ်များအပေါ် စစ်ဆေးတွေ့ရှိချက်များ၊

၄။ **အခန်း(၃) ရွေးကောက်ပွဲအလွန်ကာလဖြစ်စဉ်များ**

(က) ရွေးကောက်ပွဲဆိုင်ရာပြစ်မှုများနှင့် တရားမဲ့ပြုကျင့်မှုဆိုင်ရာ ကန့်ကွက်မှုများ၊

၅။ **အခန်း(၄) မြန်မာနိုင်ငံတစ်ဝန်းလုံး ရွေးကောက်ပွဲကျင်းပခဲ့သည့် မြို့နယ် ၃၁၅မြို့နယ်၏ မဲစာရင်း စိစစ်ခြင်းနှင့် မြေပြင်ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခြင်း**

(က) မြို့နယ် ၃၁၅ မြို့နယ်၏ မဲဆန္ဒရှင်စာရင်းများ စစ်ဆေးတွေ့ရှိချက်များ၊

(ခ) မြို့နယ် ၃၁၅ မြို့နယ်၏ ဆန္ဒမဲလက်မှတ်များ မြေပြင်ကွင်းဆင်း စစ်ဆေးတွေ့ရှိချက်များ၊

(ဂ) ဆန္ဒမဲပေးမှုအခြေအနေ စစ်ဆေးတွေ့ရှိချက်များ၊

၆။ **အခန်း(၅) ရွေးကောက်ပွဲဖြစ်စဉ်တစ်ခုလုံးအပေါ် ခြုံငုံစစ်ဆေးတွေ့ရှိချက်**

၇။ **အခန်း (၆) ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ရလဒ်များကို ပယ်ဖျက်ခြင်း**

၈။ **အခန်း(၇) ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပေါ် သုံးသပ်ချက်**

၉။ **နိဂုံး**

# နိဒါန်း

## နိဒါန်း

၁။ လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲသည် ပါတီစုံဒီမိုကရေစီစနစ်၏ အသက်ပင်ဖြစ်သည်။ လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲဖြစ်မှသာလျှင် ပြည်သူ့ဆန္ဒအစစ်အမှန်ကို ထင်ဟပ်ပေါ်လွင်စေမည်ဖြစ်သည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်၏အချုပ်အခြာအာဏာကို ကိုင်တွယ်ကျင့်သုံးမည့် အစိုးရအဖွဲ့၊ သက်ဆိုင်ရာလွှတ်တော်အသီးသီး၊ ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ ပြည်နယ်အဆင့်အစိုးရအဖွဲ့နှင့် အဖွဲ့အစည်းအသီးသီးတို့ကို ရွေးကောက်ပွဲဖြင့် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍ သော်လည်းကောင်း ပြည်သူကရွေးချယ်ရခြင်းဖြစ်ပါသည်။ ထို့ကြောင့် ရွေးကောက်ပွဲသည် လွတ်လပ်၍ တရားမျှတပြီး မိမိနိုင်ငံ၏ဖွဲ့စည်းပုံအခြေခံဥပဒေ၊ တည်ဆဲဥပဒေများနှင့်အညီဆောင်ရွက်သော ရွေးကောက်ပွဲမျိုး ဖြစ်ရပါမည်။

၂။ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့ပါသည်။ ရွေးကောက်ပွဲတွင် မဲစာရင်းများ ကြီးမားစွာမှားယွင်းမှု၊ မဲမသမာမှု၊ ရွေးကောက်ပွဲ တရားမဲ့ပြုကျင့်မှုများဖြစ်ပွားခဲ့ပါသည်။ မဲစာရင်းမှားယွင်းမှုများကို ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည့် နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများအနေဖြင့် သတင်းစာရှင်းလင်းပွဲများပြုလုပ်၍ ရှင်းလင်းခြင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ထံသို့ ဖြေရှင်းဆောင်ရွက်ပေးရန် တင်ပြတောင်းဆိုခြင်း၊ သတင်းထုတ်ပြန်ခြင်းများပြုလုပ်ခဲ့ကြပါသည်။

၃။ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ၊ အမျိုးသားဒီမိုကရေစီအင်အားစုပါတီ၊ အမျိုးသားဒီမိုကရေစီပါတီသစ်ပါတီ၊ မြန်မာပြည်သူ့ဒီမိုကရက်တစ်ပါတီ၊ ပြည်သူ့ရှေ့ဆောင်ပါတီ၊ အမျိုးသားတိုးတက်ရေးပါတီ၊ ကရင်ပြည်သူ့ပါတီ၊ ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ၊ မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ ဖက်ဒရယ်ပြည်ထောင်စုပါတီ၊ ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၊ ရခိုင်ပြည်နယ်အမျိုးသားအင်အားစုပါတီ၊ ပြည်သူ့အလုပ်သမားပါတီ၊ ဓနုအမျိုးသားများအဖွဲ့ချုပ်ပါတီ၊ အမျိုးသားနိုင်ငံရေးဒီမိုကရက်တစ်ပါတီ၊ ၈၈ မျိုးဆက် ဒီမိုကရေစီပါတီ၊ ပြည်သူ့အကျိုးပြုကျောင်းသားများပါတီ၊ ပြည်သူ့အင်အားပါတီ၊ ခေတ်သစ်ပြည်သူ့ပါတီ၊ ဒီမိုကရက်တစ်ပါတီ(မြန်မာ)၊ လူထုပါတီနှင့် အမျိုးသားနိုင်ငံရေးမဟာမိတ်များအဖွဲ့ချုပ်ပါတီတို့မှ သီးခြားစီ ထုတ်ပြန်၍လည်းကောင်း၊ နိုင်ငံရေးပါတီ ၂၃ ပါတီတို့မှ ပူးတွဲ၍လည်းကောင်း ၂၀၂၀ ပြည့်နှစ်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ထုတ်ပြန်ချက်များ ထုတ်ပြန်ပြီးတောင်းဆိုမှုများ ပြုခဲ့သည်ကိုတွေ့ရှိရပါသည်။[၁]

၄။ ပျော်ဘွယ်မြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း ဦးသောင်းအေးမှ ၁၈–၁၁–၂၀၂၀ ရက်နေ့တွင် ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲသည် မမှန်မကန်မမျှတသည့် တရားမဲ့ပြုကျင့်မှုများ ဖြစ်ပွားခဲ့ပြီး မဲစာရင်း

---

၁။ ၂၀၂၀ ပြည့်နှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်ပတ်သက်၍ ပူးတွဲထုတ်ပြန်ချက်များနှင့်နိုင်ငံရေးပါတီ (၂၃) ပါတီ၏ သဘောထားထုတ်ပြန်ချက်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးစာတွဲ၊ နေပြည်တော်။

များမှာလည်း မှားယွင်းခဲ့သည့်အတွက် မဲဆန္ဒရှင်ပြည်သူများအတွက် တရားမျှတမှု ရရှိစေရန်ဟုဆိုကာ သတင်းစာရှင်းလင်းပွဲစတင်ပြုလုပ်ခဲ့ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အား ပထမဦးဆုံး ထောက်ပြခဲ့ပါသည်။ ပျော်ဘွယ်မြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း ဦးသောင်းအေး အပါအဝင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်း၊ တိုင်းဒေသကြီးလွှတ်တော် မဲဆန္ဒနယ်အမှတ် (၁) လွှတ်တော်ကိုယ်စားလှယ်လောင်း၊ တိုင်းဒေသကြီးလွှတ်တော် မဲဆန္ဒနယ်အမှတ် (၂) လွှတ်တော် ကိုယ်စားလှယ်လောင်းတို့မှ လက်မှတ်ရေးထိုးကာ မဲစာရင်းရလဒ်များ ပြန်လည်စိစစ်ရေတွက်၊ တိုက်ဆိုင် စစ်ဆေးခွင့်ပြုနိုင်ပါရန် ပျော်ဘွယ်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ ၁၂-၁၁-၂၀၂၀ ရက်စွဲဖြင့် တင်ပြ ခဲ့ကြောင်း သတင်းစာရှင်းလင်းပွဲပြုလုပ်ခဲ့ပါသည်။[၁] ထို့အပြင်၂၆-၁၁-၂၀၂၀ ရက်နေ့တွင် ၂၀၂၀ ပြည့်နှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ရွေးကောက်ပွဲဝင် နိုင်ငံရေးပါတီများဖြစ်သော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ၊ အမျိုးသားနိုင်ငံရေးဒီမိုကရက်တစ်ပါတီ၊ အမျိုးသားနိုင်ငံရေး မဟာမိတ်များအဖွဲ့ချုပ်ပါတီ၊ အမျိုးသားဒီမိုကရေစီပါတီသစ်ပါတီစသည့် နိုင်ငံရေးပါတီများမှ ခေါင်းဆောင် များက သံတမန်ကိုယ်စားလှယ်တော်ကြီးများ၊ ပြည်တွင်း/ ပြည်ပ သတင်းမီဒီယာများ၏ရှေ့မှောက်တွင် သက်သေများနှင့်တကွ သတင်းစာရှင်းလင်းပွဲ ပြုလုပ်ခဲ့ပါသည်။[၂]

၅။ တပ်မတော်သည် ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သည့် ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ တရားဝင် ထုတ်ပြန်ခဲ့သော မဲစာရင်းများအပေါ် စိစစ်ချက်များအရ မြို့နယ်ပေါင်း ၃၁၅ မြို့နယ်တွင် မဲမသမာမှု ပြုနိုင်သည့် တစ်မြို့နယ်အတွင်း ထပ်နေသောမဲစာရင်း ၂၉၄၆၅၃၂၊ မြို့နယ်တစ်ခုနှင့်တစ်ခု အပြန် အလှန် ထပ်နေသောမဲစာရင်း ၁၀၇၀၁၀၀၊ တိုင်းဒေသကြီး/ ပြည်နယ်တစ်ခုနှင့်တစ်ခု အပြန်အလှန် ထပ်နေသောမဲစာရင်း ၁၇၈၆၃၀၂ အသက် ၁၈ နှစ် မပြည့်ဘဲမဲစာရင်းတွင် ပါဝင်နေသည့်မဲစာရင်း ၁၁၉၄၃၊ နိုင်ငံသားစိစစ်ရေးကတ်မရှိဘဲ မဲစာရင်းတွင်ပါဝင်နေမှုအနေဖြင့် ၄၆၄၈၂၇၀၊ အသက် ၁၀၀ နှင့်အထက် ပါဝင်နေသည့်မဲစာရင်း ၁၈၃၅၆၊ အခြားနည်းဖြင့် ပါဝင်နေသည့်မဲစာရင်း ၆၁၃ တို့ကို စစ်ဆေးတွေ့ရှိရပြီး စုစုပေါင်းမဲစာရင်း စိစစ်မှု တွေ့ရှိချက်မှာ ၁၀၄၈၂၁၁၆ ဖြစ်ကြောင်း ၂၃-၁၂-၂၀၂၀ ရက်နေ့မှ ၂၈-၁-၂၀၂၁ ရက်နေ့အထိ ထုတ်ပြန်ခြင်း အကြိမ် ၃၀ ထုတ်ပြန်ကြေညာခဲ့ပါသည်။[၃] သဘောထားထုတ်ပြန်ချက်များ ထုတ်ပြန်ခြင်းအား ရွေးကောက်ပွဲမတိုင်မီ ၂ ကြိမ်၊ ရွေးကောက်ပွဲ အပြီး ၄ ကြိမ် စုစုပေါင်း ၆ ကြိမ် တရားဝင် ထုတ်ပြန်ခဲ့ပါသည်။[၄] တပ်မတော် သတင်းစာရှင်းလင်းပွဲများ၌လည်း ပြည်တွင်း/ပြည်ပ မီဒီယာများရှေ့မှောက်တွင် သက်သေအထောက်အထား ခိုင်ခိုင်လုံလုံဖြင့် ပွင့်လင်းမြင်သာစွာ ရှင်းလင်း ပြသခဲ့ကြောင်း တပ်မတော်မှ သတင်းထုတ်ပြန်ခဲ့ပါသည်။

၆။ ယခင်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ တရားဝင်ထုတ်ပြန်ချက်များအရ မဲပေး ပိုင်ခွင့်ရှိသူဦးရေ ၃၈ သန်းခန့်ရှိရာ မဲမသမာမှုဖြစ်နိုင်ကြောင်း စိစစ်တွေ့ရှိချက်သည် ၁၀.၄ သန်းခန့်ရှိသဖြင့်

---

၁။ ၁၈-၁၁-၂၀၂၀၊ ပျော်ဘွယ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း ဦးသောင်းအေး၏သတင်းစာရှင်းလင်းပွဲ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးစာတွဲ၊ နေပြည်တော်။

၂။ ၂၆-၁၁-၂၀၂၀၊ ပြည်ခိုင်ဖြိုးပါတီနှင့် နိုင်ငံရေးပါတီ ( ၅ ) ပါတီ၏ သတင်းစာရှင်းလင်းပွဲ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးစာတွဲ၊ နေပြည်တော်။

၃။ တပ်မတော်မှ မြို့နယ်ပေါင်း (၃၁၅) မြို့နယ်၏ မဲစာရင်းစိစစ်ချက်များ အကြိမ် (၃၀) ထုတ်ပြန်ခြင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးစာတွဲ၊ နေပြည်တော်။

၄။ တပ်မတော်၏ ရွေးကောက်ပွဲမတိုင်မီနှင့် ရွေးကောက်ပွဲအပြီး စုစုပေါင်း (၆) ကြိမ် သဘောထားထုတ်ပြန်ခြင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးစာတွဲ၊ နေပြည်တော်။

မဲပေးပိုင်ခွင့်ရှိသူပမာဏ၏ လေးပုံတစ်ပုံကျော် ဖြစ်ပါသည်။ ၎င်းကိစ္စသည် သာမန်မှားယွင်းမှု၊ သာမန်အငြင်းပွားမှု မဟုတ်ကြောင်း ပြည်သူတစ်ရပ်လုံး တွေ့မြင်နိုင်ပါသည်။ ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ၁၀-၁၁-၂၀၂၀ ရက်နေ့မှ ၂၉-၁-၂၀၂၁ ရက်နေ့အထိ မြို့နယ် ၉၉ မြို့နယ်၌ ဆန္ဒဖော်ထုတ်မှု ၁၂၄ ကြိမ် ပြုလုပ်ခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ၁-၂-၂၀၂၁ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။[၁]

၇။ နိုင်ငံရေးပါတီများနှင့် တပ်မတော်အနေဖြင့် ယင်းကဲ့သို့ ကြေညာချက်များ ထုတ်ပြန်၍ ရွေးကောက်ပွဲနှင့် တိုက်ရိုက်သက်ဆိုင်သည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အား ဥပဒေလုပ်ထုံးလုပ်နည်းများအတိုင်း ဖြေရှင်းပေးရန် ပထမအဆင့် ပြောကြားခဲ့ကြသည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဖြေရှင်းရန် ငြင်းဆန်သည့်အခါ ဒုတိယအဆင့်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၈၄၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၁၇ တို့နှင့်အညီ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ လွှတ်တော်ကိုယ်စားလှယ် ၃၆ ဦး၊ ရခိုင်အမျိုးသားပါတီမှ ၄ ဦး၊ အမျိုးသားဒီမိုကရက်တစ်ပါတီမှ လွှတ်တော်ကိုယ်စားလှယ် ၁ ဦး၊ တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ် ၂ ဦးနှင့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ၁၆၀ ဦး၊ စုစုပေါင်း ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် ၂၀၃ ဦးတို့က ပြည်ထောင်စုလွှတ်တော် အထူးအစည်းအဝေးအားခေါ်ယူ၍ ပြည်ထောင်စုလွှတ်တော်မှတစ်ဆင့် ဖြေရှင်းဆောင်ရွက်ပေးရန် တင်ပြခဲ့သော်လည်း ပြည်ထောင်စုလွှတ်တော်အနေဖြင့် ဥပဒေနှင့်အညီ တောင်းဆိုချက်ကို ငြင်းဆန်ခဲ့ပါသည်။[၂] ထို့ကြောင့် ကြုံတွေ့ခဲ့ရသော အခြေအနေများကို နိုင်ငံတော်အစိုးရ၊ ပြည်ထောင်စုလွှတ်တော်နှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် တစ်ခုခုကနည်းလမ်းရှာပေးပါရန် တတိယအဆင့်အနေဖြင့် ထပ်မံ တောင်းဆိုခဲ့ကြပါသည်။ ၎င်းအဆင့်အားလုံး ငြင်းပယ်ခံရသည့်အခါ ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်သမ္မတ ဦးစီးသည့် အရပ်ဘက်၊ စစ်ဘက်အားလုံးကို ကိုယ်စားပြုသော "အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ" အစည်းအဝေးခေါ်ယူ၍ တွေ့ဆုံဆွေးနွေးပေးပါရန် နှစ်ကြိမ်တိုင်တိုင် တင်ပြခဲ့ပါသည်။ နိုင်ငံရေးပါတီများနှင့် တပ်မတော်အနေဖြင့် ဤသို့လုပ်ထုံးလုပ်နည်း၊ ဥပဒေနှင့်အညီအဆင့်ဆင့် ဆောင်ရွက်ခဲ့ကြပါသော်လည်း နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရ၊ ပြည်ထောင်စုလွှတ်တော်နှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တို့က တစ်စုံတစ်ရာဖြေရှင်း ဆောင်ရွက်ခဲ့ခြင်း မရှိခဲ့သည်ကို တွေ့ရှိရပါသည်။

၈။ တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၄ အရ "နိုင်ငံတော်၏ အချုပ်အခြာအာဏာသည် နိုင်ငံသားများထံမှဆင်းသက်ပြီး နိုင်ငံတစ်ဝန်းလုံး၌တည်စေရန်ကိုလည်းကောင်း၊" ပုဒ်မ ၆ (ဃ) နှင့် ပုဒ်မ ၇ တို့အရ "စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ထွန်းကားရေး" ကိုလည်းကောင်း၊ ပုဒ်မ ၆ (စ) အရ "နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေးတို့ကို အစဉ်တစိုက်ဦးတည်သည်" ဖြစ်သည့်အပြင် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန်

၁။ ၁-၂-၂၀၂၁ ၊တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးစာတွဲ၊ နေပြည်တော်။

၂။ ၁၂-၁-၂၀၂၁၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုလွှတ်တော်ရုံး၏သတင်းထုတ်ပြန်ချက်(၁/၂၀၂၁)၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးစာတွဲ၊ နေပြည်တော်။

အဓိကတာဝန်ရှိသည့်အားလျော့စွာ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲဖြစ်စေရန်နှင့် ရွေးကောက်ပွဲရလဒ်ကို သံသယကင်းရှင်းစွာ အသိအမှတ်ပြုနိုင်ရန်အတွက် မဲစာရင်းမှားယွင်းမှုများအား ဖြေရှင်းဆောင်ရွက်ပေးရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ တောင်းဆိုခဲ့သော်လည်း ယခင်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဖြေရှင်းဆောင်ရွက်ပေးရန် ငြင်းပယ်ခဲ့ပါသည်။ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ ဖြစ်ပွားခဲ့သော မဲစာရင်းကြီးမားစွာမှားယွင်းမှုနှင့် အခြားသော ရွေးကောက်ပွဲဆိုင်ရာပြဿနာများအား တာဝန်ရှိသူအဆင့်ဆင့်က ဖြေရှင်းဆောင်ရွက်ပေးခြင်းမရှိဘဲ လွှတ်တော်အသီးသီးအား ခေါ်ယူခြင်း၊ အစိုးရဖွဲ့ရန် ကြိုးစားခြင်းတို့သည် ဖွဲ့စည်းပုံအခြေခံ ဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၄၀ (ဂ) နှင့် ပုဒ်မ ၄၁၇ ပါ "နိုင်ငံတော်အာဏာကို အဓမ္မနည်းဖြင့်ရယူရန် ဆောင်ရွက်ခြင်း" ဖြစ်ပါသည်။

၉။ အဆိုပါ ပြဿနာများကို မှန်ကန်စွာဖြေရှင်းခြင်းမပြုပါက နိုင်ငံတော်၏ ဒီမိုကရေစီလျှောက်လှမ်းမှုတွင် အခက်အခဲများဖြစ်ပေါ်လာစေမည်ဖြစ်၍ ဥပဒေနှင့်အညီ ဖြေရှင်းရန်လိုအပ်သဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ ဦးမြင့်ဆွေက အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအား ခေါ်ယူပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၄၁၇ အရ အရေးပေါ်အခြေအနေကြေညာခဲ့ပါသည်။ ယင်းနောက် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၈၊ ပုဒ်မခွဲ (က) အရ နိုင်ငံတော်၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာတို့ကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံသို့ လွှဲအပ်တာဝန်ပေးအပ်ခဲ့ပါသည်။ [၁]

၁၀။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်မှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဖွဲ့စည်းကာ အောက်ပါ ရှေ့လုပ်ငန်းစဉ် ၅ ရပ်ကို ချမှတ်ခဲ့ပါသည် –

(က) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်၊

( ခ ) လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် COVID – 19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်၊

( ဂ ) COVID – 19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်၊

(ဃ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်၊

၁။ ၁-၂-၂၀၂၁၊ နိုင်ငံတော်သမ္မတရုံး၏ ဥပဒေကဲ့သို့အာဏာတည်သောအမိန့် ၊ အမိန့်အမှတ်(၁/၂၀၂၁)၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးစာတွဲ၊ နေပြည်တော်။

( င ) အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီ စံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

၁၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အထက်ပါလုပ်ငန်းစဉ် ၅ ရပ်အနက် အမှတ်စဉ် (၁) နှင့် (၅) တို့ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အသစ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် အမိန့်အမှတ် (၇/၂၀၂၁) ဖြင့် ခန့်အပ်တာဝန်ပေးခဲ့ပါသည်။[၁]

၁၂။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် ၅ ရပ်အနက် ပထမဆုံးရှေ့လုပ်ငန်းစဉ်အရ ရွေးကောက်ပွဲကျင်းပခဲ့သည့် မြို့နယ် ၃၁၅ မြို့နယ်တို့တွင် မဲစာရင်းများ စစ်ဆေးခြင်း၊ ဆန္ဒမဲလက်မှတ်များစစ်ဆေးခြင်းနှင့် ရွေးကောက်ပွဲဆိုင်ရာ မသမာမှုများ၊ တရားမဲ့ပြုကျင့်မှုများနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းစစ်ဆေးခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။ ယခုအခါ စုံစမ်းမေးမြန်း စစ်ဆေးခြင်းတို့ကို ဆောင်ရွက်ပြီးဖြစ်ပါ၍ ဤမဲမသမာမှုများနှင့် တရားမဲ့ပြုကျင့်မှုများကို ပြုစုတင်ပြခြင်းဖြစ်ပါသည်။

၁။ ၂-၂-၂၀၂၁၊ **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အမိန့်အမှတ်(၇/၂၀၂၁)**၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးစာတွဲ၊ နေပြည်တော်။

## အခန်း (၁)

## ရွေးကောက်ပွဲအကြိုကာလတွင် ကြိုတင်ကြံစည်ဆောင်ရွက်မှုများ

- ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲအဆင့်ဆင့် ဖွဲ့စည်းခြင်းအပေါ်တွေ့ရှိချက်၊
- ဥပဒေ၊ နည်းဥပဒေ၊ အမိန့်နှင့်ညွှန်ကြားချက်များအား ကျော်လွန် ဖောက်ဖျက်၍ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့် ဖွဲ့စည်းရာတွင် ဝင်ရောက်စွက်ဖက်ခြင်း၊
- ရွေးကောက်ပွဲအနိုင်ရရှိရေးအတွက် အာဏာပိုင်အဖွဲ့အစည်းများ ဝင်ရောက်စွက်ဖက် ကြိုတင်ကြံစည်ဆောင်ရွက်ခြင်း၊
- မိမိပါတီအနိုင်ရရှိရေးအတွက် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ ပြင်ဆင်ခြင်း၊
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ(NLD)အနိုင်ရရှိရေးအတွက် ဥပဒေပြင်ဆင် ခြင်းလုပ်ငန်းများတွင် နိုင်ငံတော်သမ္မတဟောင်း၏ ဝင်ရောက်စွက်ဖက်မှုနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၏ အကြံပေးချက်များရယူ၍ လုပ်ဆောင်ခဲ့ခြင်း၊
- ယခင် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အနေဖြင့် ဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်မှုမရှိသည့် ညွှန်ကြားချက်များ ထုတ်ပြန်ခြင်း၊
- မဲဆန္ဒရှင်စာရင်းပြုစုခြင်းအပေါ် စစ်ဆေးတွေ့ရှိချက်၊

## ရွေးကောက်ပွဲအကြိုကာလတွင် ကြိုတင်ကြံစည်ဆောင်ရွက်မှုများ

၁၃။ ရွေးကောက်ပွဲတစ်ရပ်သည် ဆန္ဒမဲပေးခြင်းနှင့် စတင်ပြီး ရလဒ်များ ထုတ်ပြန်ကြေညာလိုက်သည်နှင့် ပြီးဆုံးသွားသည့် လုပ်ငန်းစဉ်မျိုးမဟုတ်ပေ။ တစ်ခုနှင့်တစ်ခုချိတ်ဆက်လျက်ရှိသည့် လုပ်ငန်းစဉ်များဖြင့် ပေါင်းစပ်ထားသည့် တစ်ဆက်တစ်စပ်တည်းသော ဖြစ်စဉ်ကြီး တစ်ခုဖြစ်ပြီး ၎င်းတွင် သက်ဆိုင်ရာ လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများကြား အပြန်အလှန်ဆက်ဆံဆောင်ရွက်ကြရသည်။ ရွေးကောက်ပွဲများကို ပုံမှန်ဆက်တိုက်ကျင်းပနေရသည်ဖြစ်၍ စက်ဝန်းသဖွယ်လည်ပတ်လျက်ရှိပါသည်။ အဆိုပါစက်ဝန်းအတွင်း ပါဝင်သော လုပ်ငန်းစဉ်တစ်ခုချင်းစီသည် တစ်ခုနှင့်တစ်ခု များစွာမှီခိုလျက်ရှိသည့်အလျောက် လုပ်ငန်းစဉ် တစ်ခု ပျက်ယွင်းမှု၊ ယင်းလုပ်ငန်းစဉ်အပေါ် လူပုဂ္ဂိုလ် တစ်ဦး(သို့မဟုတ်) အဖွဲ့အစည်းတစ်ခုခုမှ ဩဇာလွှမ်းမိုးမှုရှိပါက ရွေးကောက်ပွဲဖြစ်စဉ်တစ်ခုလုံးသည် သမာသမတ်ရှိသော ရွေးကောက်ပွဲတစ်ခုအဖြစ် သတ်မှတ်နိုင်ခြင်းမရှိဘဲ ရလဒ်မကောင်းသော သက်ရောက်မှုများ ဖြစ်ပေါ်စေနိုင်ပါသည်။

### ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့် ဖွဲ့စည်းခြင်းအပေါ် တွေ့ရှိချက်

၁၄။ ယခင်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ကို နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၆ ခုနှစ်၊ မတ်လ ၃၀ ရက်စွဲပါ ကြေညာချက်အမှတ်၊ ၄/၂၀၁၆ ဖြင့် ဥက္ကဋ္ဌ ဦးလှသိန်းနှင့် အဖွဲ့ဝင် ဦးအောင်မြင့်၊ ဦးစိုးရယ်၊ ဦးထွန်းခင်နှင့် ဦးလှတင့်တို့ပါဝင်သော အဖွဲ့ဖြင့်လည်းကောင်း၊ နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၄ ရက်စွဲပါ အမိန့်အမှတ်၊ ၁၄/၂၀၁၇ ဖြင့် အဖွဲ့ဝင် ဦးမြင့်နိုင်နှင့် ဦးသန်းဌေးတို့အား ထပ်မံခန့်အပ်၍လည်းကောင်း၊ နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၉ ခုနှစ်၊ မတ်လ ၈ ရက်စွဲပါ အမိန့်အမှတ်၊ ၈/၂၀၁၉ ဖြင့် အဖွဲ့ဝင် ဦးညွန့်စိန်၊ ဦးသက်ထွန်း၊ ဦးမြင့်အောင်၊ ဦးစောဒယ်နီရယ်ကြည်၊ ဦးအောင်စိုးဝင်း၊ ဦးသန်းအောင်၊ ဦးမင်းဆွေနှင့် ဦးဆွေတင့်လွင် တို့ကို ထပ်မံခန့်အပ်၍လည်းကောင်း ဥက္ကဋ္ဌ ၁ ဦး၊ အဖွဲ့ဝင် ၁၄ ဦး၊ ပေါင်း ၁၅ ဦးဖြင့် ဖွဲ့စည်းဆောင်ရွက်ခဲ့ပါသည်။[၁]

၁၅။ အထက်ဖော်ပြပါဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအနက် အဖွဲ့ဝင်ဦးသန်းဌေးသည် ယခင် ၁၉၉၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ ကိုယ်စားပြု၍ လားရှိုးမြို့နယ် မဲဆန္ဒနယ်အမှတ် (၂) တွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ရွေးကောက်တင်မြှောက်ခံခဲ့ရသူ ဖြစ်ပါသည်။ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင်လည်း ရှမ်းပြည်နယ်၊ အမျိုးသားလွှတ်တော်မဲဆန္ဒနယ် အမှတ်(၃) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ ကိုယ်စားပြုဝင်ရောက်ယှဉ်ပြိုင်ခဲ့သော်လည်း ၎င်းအနေဖြင့် ရွေးကောက်တင်မြှောက်ခြင်း မခံခဲ့ရကြောင်း သိရှိရပါသည်။ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ် ပါတီကိုယ်စားပြု ဦးစိုင်းဝမ်းလှိုင်းခမ်းက ရွေးကောက်တင်မြှောက်ခံခဲ့ရပြီး ယခင်ကော်မရှင်အဖွဲ့ဝင်

---

၁။ နိုင်ငံတော်သမ္မတရုံး၏ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဖွဲ့စည်းခြင်း၊ ခန့်အပ်တာဝန်ပေးအပ်ခြင်း၊ ၃၀-၃-၂၀၁၆၊ ကြေညာချက်အမှတ်(၄/၂၀၁၆) ၊၁၄-၆-၂၀၁၇၊ အမိန့်အမှတ်(၁၄/၂၀၁၇)၊ ၈-၃-၂၀၁၉၊ အမိန့်အမှတ်(၈/၂၀၁၉)၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးစာတွဲ၊ နေပြည်တော်။

ဦးသန်းဌေး၏ လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်းတင်သွင်းလွှာပါ ကိုယ်ရေးမှတ်တမ်း အကျဉ်းချုပ်အရ ၎င်းထမ်းဆောင်ခဲ့ဖူးသော နိုင်ငံရေး၊ လူမှုရေးလုပ်ငန်း ဆောင်ရွက်ချက်များမှာ ၁၉၈၈ လားရှိုး ဗဟိုသပိတ်ကော်မတီဝင်၊ လှုံ့ဆော်ရေးဆပ်ကော်မတီ ဥက္ကဋ္ဌ၊ ၁၉၉၀ ပြည့်နှစ် လားရှိုးမြို့နယ် မဲဆန္ဒနယ်အမှတ် (၂) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ လားရှိုးမြို့နယ် စည်းရုံးရေးအဖွဲ့ဥက္ကဋ္ဌ၊ ရှမ်းပြည်နယ် စည်းရုံးရေးကော်မတီအဖွဲ့ဝင် (ဥက္ကဋ္ဌ၊ ဘဏ္ဍာရေးအဖွဲ့)၊ ရှမ်းပြည်နယ် စည်းရုံးရေးအဖွဲ့ (၁) အဖွဲ့ခေါင်းဆောင်၊ အဖွဲ့ချုပ် ဗဟိုဌာနချုပ် (ရန်ကုန်) ရုံးအဖွဲ့တာဝန်၊ ဥပဒေအထောက်အကူပြုအဖွဲ့ (ဗဟိုဌာနချုပ်တာဝန်)၊ နိုင်ငံရေးအမှုများရှေ့နေအဖြစ် လိုက်ပါဆောင်ရွက်ခြင်းတာဝန်၊ ၂၀၁၂ ခုနှစ် ရှမ်းပြည်နယ် (မြောက်ပိုင်း) အောင်နိုင်ရေးအဖွဲ့ ဥက္ကဋ္ဌတာဝန်၊ ၂၀၁၅ ခုနှစ် လားရှိုးမြို့နယ်အောင်နိုင်ရေး အဖွဲ့ဥက္ကဋ္ဌတာဝန် စသည်တို့ဖြစ်ကြောင်း တွေ့ရှိရပါသည်။[၁]

၁၆။ ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပပြုလုပ်ပြီးနောက် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲအဆင့်ဆင့် ပြန်လည်ဖွဲ့စည်းခြင်းများကို ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလမှစတင်၍ ဆောင်ရွက်ခဲ့ ပါသည်။ ထိုသို့ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်ပြန်လည် ဖွဲ့စည်းခြင်းများ ဆောင်ရွက်ရာတွင် တိုင်းဒေသကြီး/ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ ဖွဲ့စည်းရာ၌ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က တိုင်းဒေသကြီး/ ပြည်နယ် ဝန်ကြီးချုပ်များထံသို့ ၂၇-၁၁-၂၀၁၇ ရက်စွဲပါ စာအမှတ်၊ ၄/ရကပ(၄၇)/ကမရ ဖြင့်လည်းကောင်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌထံသို့ ၇-၁၂-၂၀၁၇ ရက်စွဲပါ စာအမှတ်၊ ၄ / ရကပ (၅၅) / ကမရ ဖြင့်လည်းကောင်း၊ အများယုံကြည်လေးစားခြင်း ခံရသော ပုဂ္ဂိုလ်များ၏ အမည်စာရင်းအား စိစစ်ရွေးချယ်ပေးပို့ပါရန် တောင်းခံခဲ့ရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် ဝန်ကြီးချုပ် (တိုင်းဒေသကြီး/ပြည်နယ် NLD ပါတီဥက္ကဋ္ဌများက အမည်စာရင်းများ ပေးပို့ခဲ့ကြပါသည်။[၂] စိစစ်ရွေးချယ်ပေးပို့သည့် အဆိုပါ အမည်စာရင်းများအတိုင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၄-၁၂-၂၀၁၇ ရက်စွဲပါ ကြေညာချက်အမှတ် (၃၃/၂၀၁၇) ဖြင့် တိုင်းဒေသကြီး/ ပြည်နယ် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ ၇ ခု ကိုလည်းကောင်း၊ ၆-၁၂-၂၀၁၇ ရက်စွဲပါ ကြေညာချက်အမှတ်(၃၄/၂၀၁၇) ဖြင့် တိုင်းဒေသကြီး/ ပြည်နယ် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ ၇ ခုကို လည်းကောင်း၊ ၉-၁-၂၀၁၈ ရက်စွဲပါ ကြေညာချက်အမှတ် (၅/၂၀၁၈) ဖြင့် ပြည်ထောင်စုနယ်မြေ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲကိုလည်းကောင်း အသီးသီးဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။[၃]

၁၇။ အလားတူ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသ၊ ခရိုင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်ဖွဲ့စည်းရန်အတွက် တိုင်းဒေသကြီး/ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ ရွေးကောက်ပွဲကော်မရှင်

---

၁။ ယခင်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးသန်းဌေး၏ကိုယ်ရေးမှတ်တမ်းဆိုင်ရာအချက်အလက်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးစာတွဲ၊ နေပြည်တော်။

၂။ တိုင်းဒေသကြီး/ပြည်နယ်၊ ပြည်ထောင်စုနယ်မြေရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ ဖွဲ့စည်းရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ တိုင်းဒေသကြီး/ ပြည်နယ် ဝန်ကြီးချုပ်များထံသို့ ၂၇-၁၁-၂၀၁၇ ရက်စွဲပါစာအမှတ်၊ ၄ /ရကပ(၄၇)/ ကမရ ဖြင့်လည်းကောင်း၊ နေပြည်တော် ကောင်စီဥက္ကဋ္ဌထံသို့ ၇-၁၂-၂၀၁၇ ရက်စွဲပါ စာအမှတ်၊ ၄ / ရကပ (၅၅) / ကမရ ဖြင့် လည်းကောင်း၊ အများယုံကြည်လေးစားခြင်း ခံရသောပုဂ္ဂိုလ်များ၏ အမည်စာရင်းအား စိစစ်ရွေးချယ်ပေးပို့ပါရန် တောင်းခံခြင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးစာတွဲ၊ နေပြည်တော်။

၃။ ၄-၁၂-၂၀၁၇၊ ကြေညာချက်အမှတ်(၃၃/၂၀၁၇)၊ ၆-၁၂-၂၀၁၇၊ ကြေညာချက်အမှတ်(၃၄/၂၀၁၇)တို့ဖြင့် တိုင်းဒေသကြီး/ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် ၉-၁-၂၀၁၈၊ ကြေညာချက်အမှတ်(၅/၂၀၁၈)ဖြင့် ပြည်ထောင်စုနယ်မြေရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့အား ခန့်အပ်တာဝန်ပေးအပ်ခြင်း၊ ရွေးကောက်ပွဲဌာန ထွက်စာဖိုင်တွဲများ၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံး၊ နေပြည်တော်။

အဖွဲ့ခွဲများသို့ ၄-၁၂-၂၀၁၇ ရက်စွဲပါစာအမှတ်၊ ၄ / ရကပ (၅၀) / ကမရ၊ ၆-၁၂-၂၀၁၇ ရက်စွဲပါစာအမှတ်၊ ၄ / ရကပ (၅၃) / ကမရ၊ ၈-၁၂-၂၀၁၇ ရက်စွဲပါ စာအမှတ်၊ ၄ / ရကပ (၅၆) / ကမရ နှင့် ၉-၁-၂၀၁၈ ရက်စွဲပါစာအမှတ်၊ ၄ / ရကပ (၁) / ကမရ တို့ဖြင့် ညွှန်ကြားဆောင်ရွက်ခဲ့ကြောင်း စိစစ်တွေ့ရှိရပါသည်။ ထိုသို့ ဖွဲ့စည်းနိုင်ရေး ညွှန်ကြားဆောင်ရွက်ရာတွင် တိုင်းဒေသကြီး/ ပြည်နယ်ဝန်ကြီးချုပ်များထံသို့ တိုင်းဒေသကြီး/ ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ (အသစ်) နှင့် အတွင်းရေးမှူးတို့ ၂ ဦးက သွားရောက်တွေ့ဆုံ၍ လျာထားအမည်စာရင်းများပေးပို့ရန်ကို လည်းကောင်း၊ နောက်ဆုံးလျာထား အမည်စာရင်း (Final List) အား ဝန်ကြီးချုပ်ထံ ထပ်မံတင်ပြပြီး အတည်ပြုချက်ရရှိမှသာ ကော်မရှင်သို့ ပေးပို့တင်ပြရန်ကိုလည်းကောင်း ညွှန်ကြားဆောင်ရွက်ခဲ့ကြောင်း စိစစ်တွေ့ရှိရပါသည်။[၁]

၁၈။ ရပ်ကွက်/ ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ ဖွဲ့စည်းနိုင်ရန်အတွက် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က တိုင်းဒေသကြီး/ပြည်နယ်၊ ပြည်ထောင်စုနယ်မြေရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများသို့ ၇-၂-၂၀၁၈ ရက်စွဲပါစာအမှတ်၊ ၄ /ရကပ (၂) / ကမရ နှင့် ၉-၄-၂၀၁၈ ရက်စွဲပါစာအမှတ်၊ ၄/ ရကပ (၁၆) / ကမရ တို့ဖြင့် ၁၈-၅-၂၀၁၈ ရက်နေ့အပြီး ဖွဲ့စည်းသွားရန် ညွှန်ကြားဆောင်ရွက်ခဲ့ကြောင်း စိစစ်တွေ့ရှိရပါသည်။ သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများက ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ ဖွဲ့စည်းတာဝန်ပေးအပ်ရာတွင် လည်း နေပြည်တော်ကောင်စီ၊ သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များ၏ သဘောတူညီ ချက်ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ကြောင်း စိစစ်တွေ့ရှိရပါသည်။[၂]


၁၉။ ယခင်က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင် ဥပဒေပုဒ်မ ၁၀၊ ပုဒ်မခွဲ (ဂ) ပါ တာဝန်နှင့်လုပ်ပိုင်ခွင့်များအရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊ ပြည်ထောင်စုနယ်မြေ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများကို ဖွဲ့စည်းရာတွင် လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသည် ကော်မရှင်က သတ်မှတ်ထားသည့် မူဝါဒနှင့်အညီ မိမိတို့၏ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ ဖွဲ့စည်းရာတွင်လည်းကောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေ ပုဒ်မ ၁၆ ပါ အရည်အချင်း သတ်မှတ်ချက်များနှင့် ပြည့်စုံသူများကို လွတ်လပ်စွာဖြင့် ရွေးချယ်ခန့်အပ်တာဝန်ပေးအပ်ခြင်းဖြစ်သော်လည်း ၂၀၁၇ ခုနှစ်တွင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့် ဖွဲ့စည်းခြင်း၊ ဖွဲ့စည်းစေခြင်းများ ဆောင်ရွက်ရာ၌

၁။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသ၊ ခရိုင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ဖွဲ့စည်းရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ တိုင်းဒေသကြီး/ပြည်နယ်၊ ပြည်ထောင်စု နယ်မြေရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲများသို့ ၄-၁၂-၂၀၁၇ ရက်စွဲပါစာအမှတ်၊ ၄ / ရကပ (၅၀) / ကမရ၊ ၆-၁၂-၂၀၁၇ ရက်စွဲပါစာအမှတ်၊ ၄ / ရကပ (၅၃) / ကမရ၊ ၈-၁၂-၂၀၁၇ ရက်စွဲပါ စာအမှတ်၊ ၄ / ရကပ (၅၆) / ကမရ နှင့် ၉-၁-၂၀၁၈ ရက်စွဲပါစာအမှတ်၊ ၄ / ရကပ (၁) / ကမရ တို့ဖြင့် ညွှန်ကြားဆောင်ရွက်ခြင်း၊ ရွေးကောက်ပွဲဌာနထွက်စာများဖိုင်တွဲ၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံး၊ နေပြည်တော်။

၂။ ရပ်ကွက်/ ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများဖွဲ့စည်းနိုင်ရန်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ တိုင်းဒေသကြီး/ပြည်နယ်၊ ပြည်ထောင်စုနယ်မြေရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲများသို့ ၇-၂-၂၀၁၈ ရက်စွဲပါစာအမှတ်၊ ၄ /ရကပ (၂) / ကမရ နှင့် ၉-၄-၂၀၁၈ ရက်စွဲပါစာအမှတ်၊ ၄ / ရကပ (၁၆) / ကမရ တို့ဖြင့် ၁၈-၅-၂၀၁၈ ရက်နေ့အပြီး ဖွဲ့စည်းသွား ရန် ညွှန်ကြားဆောင်ရွက်ခြင်း၊ ရွေးကောက်ပွဲဌာနထွက်စာများဖိုင်တွဲ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ နေပြည်တော်။

သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းဖြစ်သော အစိုးရအဖွဲ့များ၏ သဘောတူညီချက်ဖြင့် ခန့်အပ်တာဝန်ပေးအပ်ခြင်းဖြစ်ကြောင်းတွေ့ရှိရသဖြင့် အချို့ဒေသများတွင် NLD ပါတီ စည်းရုံးရေးမှူးအဖြစ်ဆောင်ရွက်ခဲ့ဖူးသူများ၊ NLD ပါတီဝင်များ၊ ယင်းတို့၏အမာခံများနှင့် ပါတီနိုင်ငံရေးမကင်းရှင်းသူများပါဝင်နေပြီး ရွေးကောက်ပွဲလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် လက်ရှိအာဏာရပါတီအပေါ် အလေးသာစေရန် ဘက်လိုက်ဆောင်ရွက်မှုများ ရှိခဲ့ကြောင်း စိစစ်တွေ့ရှိရပါသည်။

ခရိုင်နှင့် မြို့နယ် ကော်မရှင်အဖွဲ့ခွဲများ ပြင်ဆင်ဖွဲ့စည်းပေးရန် ယခင် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်မှ အမည်စာရင်းပေးပို့သည့်စာ



ခရိုင်နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ ပြင်ဆင်ဖွဲ့စည်းပေးရန် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ပေးပို့သည့်စာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး
မန္တလေးမြို့

စာအမှတ်၊ ၁/၂ - ၁/၅ ဦး ၆ (၂၄၃)
ရက် စွဲ ၊ ၂၀၁၇ ခုနှစ် ၊ ဒီဇင်ဘာလ ၂၀ ရက်

သို့
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်

အကြောင်းအရာ။ ခရိုင်/မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် တာဝန်ပေးအပ်ရန် လျာထားအမည်စာရင်းများအား ပြင်ဆင်ပေးပို့ခြင်း

ရည် ညွှန်း ချက် ။ မန္တလေးတိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၏ ၁၆-၁၂-၂၀၁၇ ရက်စွဲပါ စာအမှတ် ၊ ၀၀၂ / ၁ - ၂ / တကရ(၄၁၂)

ရည်ညွှန်းပါစာဖြင့် ပေးပို့ထားသည့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်/မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများတွင် အသစ်ပြန်လည်ဖွဲ့စည်းရန်အတွက် ဥက္ကဋ္ဌ/အဖွဲ့ဝင် လျာထားအမည်စာရင်းများအနက် မတ္တရာ၊ သပိတ်ကျင်း၊ မိတ္ထီလာ ၊ မလှိုင်၊ သာစည်နှင့် မြင်းခြံမြို့နယ်များ၏ အမည်စာရင်းအား လိုအပ်သလို ဆောင်ရွက်ပေးနိုင်ရန် ပြင်ဆင်ပေးပို့အပ်ပါသည်။


ပူးတွဲ - ဖယား ၆ ရွက်

ဒေါက်တာဇော်မြင့်မောင်
ဝန်ကြီးချုပ်

မိတ္တူကို
မန္တလေးတိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ
လက်ခံစာတွဲ

လျှို့ဝှက်

ယခင် ရခိုင်ပြည်နယ် ဝန်ကြီးချုပ်ဟောင်း ဦးညီပုက ကော်မရှင် အဖွဲ့ခွဲများတွင် တာဝန်ပေးအပ်ရန် ညွှန်ကြားသည့်လက်ရေးမှု



**ဥပဒေ၊ နည်းဥပဒေ အမိန့်နှင့် ညွှန်ကြားချက်များအား ကျော်လွန် ဖောက်ဖျက်၍ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲအဆင့်ဆင့် ဖွဲ့စည်းရာတွင် ဝင်ရောက်စွက်ဖက်ခြင်း။**

၂၀။ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီအနေဖြင့် ရွေးကောက်ပွဲဆိုင်ရာ ဆောင်ရွက်မှုဖြစ်စဉ်များ၌ ဥပဒေ၊ နည်းဥပဒေ၊ အမိန့်နှင့် ညွှန်ကြားချက်များအား ကျော်လွန်စွက်ဖက်လုပ်ဆောင်ခဲ့မှုများနှင့်စပ်လျဉ်း၍ တစ်ဖက်ပါအတိုင်း စိစစ်တွေ့ရှိရပါသည်-

(က) ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၁၇-၁၁-၂၀၁၇ ရက်စွဲပါ ကြေညာချက်အမှတ် (၃၂/ ၂၀၁၇) ဖြင့် တိုင်းဒေသကြီး/ ပြည်နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲများ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း ကြေညာချက်ထုတ်ပြန်ခဲ့ပါသည်။ ယင်းနောက် ယခင်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၄- ၁၂- ၂၀၁၇ ရက်စွဲပါ ကြေညာချက် အမှတ် (၃၃/၂၀၁၇)နှင့် ၆- ၁၂- ၂၀၁၇ ရက်စွဲပါ ကြေညာချက် အမှတ်(၃၄/၂၀၁၇)တို့ဖြင့် တိုင်းဒေသကြီး/ ပြည်နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း ကြေညာချက်များကို ထပ်မံထုတ်ပြန်ခဲ့ ပါသည်။ အဆိုပါ ကြေညာချက်များတွင် တိုင်းဒေသကြီး/ ပြည်နယ်ဝန်ကြီးချုပ်များမှ ခန့်အပ်လိုသည့် NLD ပါတီအမာခံများထည့်သွင်း၍ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအဖြစ် ဖွဲ့စည်း တာဝန်ပေးအပ်ခဲ့ကြောင်း စိစစ်တွေ့ရှိရပါသည်။

( ခ ) ကယားပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ပါတီနှင့် ပတ်သက်ဆက်နွယ်မှုများမှာ အောက်ပါအတိုင်း ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်[၁]-

| | | | |
|---|---|---|---|
| (၁) | ဦးသန်းစိုး | (ဥက္ကဋ္ဌ) | (၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ ကယား ပြည်နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ အောင်နိုင်ရေးအဖွဲ့ အဖွဲ့ဝင်၊ ပါတီ အမာခံ) |
| (၂) | ဒေါ်ချိုချိုသန်း | (အဖွဲ့ဝင် ) | (၎င်း၏ခင်ပွန်းမှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပါတီ အောင်နိုင်ရေးအဖွဲ့အဖွဲ့ဝင်၊ စည်းရုံးရေး တာဝန်ခံ၊ ပါတီစွဲ ပုဂ္ဂိုလ်စွဲ ကြီးသူ) |
| (၃) | ဒေါ်နွဲ့နွဲ့ခင် | (အဖွဲ့ဝင်) | (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ ထောက်ခံသူ) |
| (၄) | ဦးတင်စိုး | (အဖွဲ့ဝင်) | (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ ထောက်ခံသူ) |

( ဂ ) ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၂-၁၂-၂၀၁၇ ရက်စွဲပါ ကြေညာချက် အမှတ် (၅၂/ ၂၀၁၇) ဖြင့် ခရိုင်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲများကို လည်းကောင်း၊ ၂၃-၁၂-၂၀၁၇ ရက်စွဲပါ ကြေညာချက်အမှတ် (၅၃/၂၀၁၇)ဖြင့် မြို့နယ် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲများကို လည်းကောင်း ဖွဲ့စည်းခဲ့ရာ ကယားပြည်နယ် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲအနေဖြင့် သိရှိခြင်းမရှိဘဲ ယခင် ကယားပြည်နယ် ဝန်ကြီးချုပ်မှ အမည်စာရင်းပေးပို့သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီအမာခံများ၊ ထောက်ခံ သူများကို ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ခန့်အပ်တာဝန်ပေးခဲ့ခြင်း ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။

၁။ ၁၂-၃-၂၀၂၁၊ **စာအမှတ်၊၂၆၀/ရကပ-၃၆/ကမရ(ကယား)ဖြင့် တင်ပြထားသော ကယားပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၏ အစီရင်ခံစာ၊** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ရုံး စာတွဲ၊ နေပြည်တော်။

(ဃ) ကရင်ပြည်နယ်တွင်လည်း ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့် ဖွဲ့စည်းရာတွင် NLD ပါတီ၏ အမာခံများ ပါဝင်စေပြီး ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များတွင် မသမာမှုပြုလုပ်နိုင်ရန် ကြိုတင်စီမံဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရပါသည်။ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့် ဖွဲ့စည်းတာဝန်ပေးအပ်ရာတွင် အမိန့်ကြော်ငြာစာ ထုတ်ပြန်ပြီးမှ ပြန်လည်ပယ်ဖျက်၍ ကရင်ပြည်နယ် ဝန်ကြီးချုပ်မှ အမည်စာရင်း ပေးပို့သူများဖြင့် ပြင်ဆင်ဖွဲ့စည်းမိန့် ထုတ်ပြန်ပေးခဲ့ရခြင်းများကို စိစစ်တွေ့ရှိရပါသည်။[၁]

( င ) ချင်းပြည်နယ်တွင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ ဖွဲ့စည်းရာ၌ ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေပုဒ်မ ၁၀၊ ပုဒ်မခွဲ(ဂ)ပါ တာဝန်နှင့်လုပ်ပိုင်ခွင့်များအရ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (အများယုံကြည်လေးစားခြင်းခံရသော ပုဂ္ဂိုလ်များ) ဖွဲ့စည်းရာတွင် ဥပဒေပြဋ္ဌာန်းချက်တွင် ပါဝင်ခြင်းမရှိဘဲ ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်ထံ အတည်ပြုရခြင်း၊ ရွေးချယ်ခြင်းများ ဆောင်ရွက်စေခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရပါသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲအား တွေ့ဆုံစေ၍ စိစစ်ရွေးချယ်မှုများ တရားမဝင်ဆောင်ရွက်ခဲ့ပါသည်။ ပြည်နယ်ဝန်ကြီးချုပ်သည် ၎င်းနှင့်ရင်းနှီးသိကျွမ်းသော ပုဂ္ဂိုလ်များအားဖုန်းဆက်၍တာဝန်ယူဆောင်ရွက်စေခဲ့ကြောင်း တွေ့ရှိရပါသည်။ ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၁၇-၁၁-၂၀၁၇ ရက်စွဲပါ ကြေညာချက်အမှတ် (၃၂/၂၀၁၇) ဖြင့် ပြည်နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများကို ဖွဲ့စည်းတာဝန် ပေးအပ်ခဲ့ပြီးမှ ပြည်နယ်ဝန်ကြီးချုပ်က အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ပါတီနှင့် ဆက်စပ်သော ပုဂ္ဂိုလ်အား တာဝန်ပေးစေလိုသဖြင့် ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ထံ ဆက်သွယ်ခဲ့ပြီး ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၄-၁၂-၂၀၁၇ ရက်စွဲပါ ကြေညာချက်အမှတ် (၃၃/၂၀၁၇) ဖြင့် ချင်းပြည်နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲအား ဖွဲ့စည်းကြောင်း ထပ်မံ၍ ထုတ်ပြန်ကြေညာခဲ့ပါသည်။[၂]

( စ ) ချင်းပြည်နယ်အစိုးရအဖွဲ့၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးဝီကောသည် ကျေးရွာအုပ်စုနှင့် ကျေးရွာများ၏ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ အစားထိုးပေးနိုင်ရန်အတွက် ၁၁- ၂- ၂၀၂၀ ရက်စွဲပါ စာအမှတ်၊ ၁ / ၂ -၂ (၁၄) / ဦး ၃ ဖြင့် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ ညှိနှိုင်းဆောင်ရွက်ပေးရန် ပေးပို့ခဲ့ပါသည်။[၃] ထို့ကြောင့် ပြည်နယ်ရွေးကောက်ပွဲအရာရှိ ဦးလင်းကျော်မှ ၁၇- ၂- ၂၀၂၀

၁။ ၂၀-၅-၂၀၂၁၊ **ကရင်ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၏ အစီရင်ခံစာ၊** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးစာတွဲ၊ နေပြည်တော်။

၂။ ၁၇-၅-၂၀၂၁၊ **ချင်းပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၏ အစီရင်ခံစာ၊** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးစာတွဲ၊ နေပြည်တော်။

၃။ ၁၁-၂-၂၀၂၀၊ **ချင်းပြည်နယ်၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးဦးဝီကောမှ ချင်းပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့ညှိနှိုင်းစာ၊** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး စာတွဲ၊ နေပြည်တော်။

ရက်စွဲပါ စာအမှတ်၊ ၁/ (၁)- ကဖစ/ ချင်းကမရခွဲ ဖြင့်လည်းကောင်း၊ ၁၈- ၂- ၂၀၂၀ ရက်စွဲပါစာအမှတ်၊ ၂/(၃)-နငရ/ချင်းကမရခွဲ ဖြင့်လည်းကောင်း အကြောင်းပြန်စာများ ပေးပို့၍ ညှိနှိုင်းဆောင်ရွက်ခဲ့ရပါသည်။[၁] ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်/ ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအနေဖြင့် ကျန်းမာရေးအရသော်လည်းကောင်း၊ လူမှုရေးအရသော်လည်းကောင်း နုတ်ထွက်ရာတွင် အစားထိုးခန့်အပ်ရန် လျာထားအမည်စာရင်းများအား တင်ပြနိုင်ရေးအတွက် ပြည်နယ်ဝန်ကြီးချုပ်နှင့် သက်ဆိုင်ရာမြို့နယ်၏နယ်မြေခံဝန်ကြီးများထံသို့ ပြည်နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲအနေဖြင့် အတည်ပြုချက်များ ရယူခဲ့ရခြင်းသည် ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများအပေါ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ အစိုးရအဖွဲ့ဝင်များနှင့် ပါတီမှ လွှမ်းမိုးချုပ်ကိုင်ထားကြောင်း တွေ့ရှိရပါသည်။

(ဆ) ယခင် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဟောင်း ဒေါက်တာမြင့်နိုင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများကို ပြန်လည်ဖွဲ့စည်းခဲ့ရာတွင် အမည်စာရင်းပေးပို့နိုင်ရေးအတွက် သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များ ပါဝင်ဦးဆောင်ရွေးချယ်နိုင်ရန် ညွှန်ကြားခဲ့ခြင်း၊ ကသာခရိုင်နှင့် အင်းတော်မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ ဖွဲ့စည်းရာတွင် NLD ပါတီ လိုလားသူများ မပါဝင်သဖြင့် သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များက ပါဝင်စွက်ဖက်ခဲ့ကြပြီး ကော်မရှင်အဖွဲ့ခွဲများပြင်ဆင်ဖွဲ့စည်းပေးရန် ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ဖိအားပေးဆောင်ရွက်ခဲ့ခြင်းများကို စိစစ်တွေ့ရှိရပါသည်။[၂]

(ဇ) ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၁၇-၁၁-၂၀၁၇ ရက်စွဲပါ ကြေညာချက်အမှတ် (၃၂/၂၀၁၇)ဖြင့် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများကို ပြန်လည်ဖွဲ့စည်းခဲ့ရာ ပဲခူးတိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲကို ဥက္ကဋ္ဌ ဦးဝင်းမောင်နှင့် အများယုံကြည်လေးစားခြင်းခံရသော အဖွဲ့ဝင် ၅ ဦး ပါဝင်ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည်။ အဆိုပါ ကြေညာချက်အား ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ မိတ္တူပေးပို့ခဲ့ရာ ယခင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဟောင်း ဦးဝင်းသိန်းက ပဲခူးတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးဝင်းမောင်အား ၎င်း၏ နေအိမ်တွင် ခေါ်ယူတွေ့ဆုံခဲ့ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကော်မရှင်အဖွဲ့ခွဲများ ဖွဲ့စည်းမှုကို မကျေနပ်ကြောင်း၊ ပြည်ထောင်စု

---

၁။ ၁၇-၂-၂၀၂၀၊ ၁၈-၂-၂၀၂၀ ရက်နေ့တို့တွင် ချင်းပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ချင်းပြည်နယ်၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးဦးဝီကောထံသို့ ပြန်ကြားစာ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးစာတွဲ၊ နေပြည်တော်။

၂။ ၁၀-၅-၂၀၂၁၊ စာအမှတ်၊၄/ဗ-ရကပ(၂၀၉)ကမရခ ဖြင့် တင်ပြထားသော စစ်ကိုင်းတိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၏ အစီရင်ခံစာ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ရုံးစာတွဲ၊ နေပြည်တော်။

ရွေးကောက်ပွဲကော်မရှင်သို့ ဖုန်းဆက်မည်ဖြစ်ကြောင်းနှင့် ဦးဝင်းမောင်အနေဖြင့်လည်း ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရန်အတွက် စိတ်ကူးတွင်ပင် ထည့်သွင်းမစဉ်းစားရန်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ ယခင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ကလည်း အဆိုပါ ကြေညာချက်အမှတ် (၃၂/ ၂၀၁၇) ကို ချက်ချင်း ပြန်လည်သိမ်းဆည်းရန် ညွှန်ကြားခဲ့ပြီး ၄-၁၂-၂၀၁၇ ရက်စွဲပါ ကြေညာချက်အမှတ် (၃၃/၂၀၁၇) ဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ရာ ယခင်ဥက္ကဋ္ဌ ဦးဝင်းမောင် ပါဝင်ခြင်းမရှိတော့ဘဲ အောက်ဖော်ပြပါအတိုင်း ပြင်ဆင်ဖွဲ့စည်းပေးခဲ့ကြောင်း တွေ့ရှိရပါသည်[၁]-

| | | |
|---|---|---|
| (၁) | ဦးမိုးဆွေ | ဥက္ကဋ္ဌ |
| (၂) | ဦးအောင်မြင့် | အဖွဲ့ဝင်(၁) |
| (၃) | ဒေါ်ခင်လှဆွေ | အဖွဲ့ဝင်(၂) |
| (၄) | ဒေါက်တာကြည်စိုး | အဖွဲ့ဝင်(၃) |
| (၅) | ဒေါ်စန်းစန်းမြတ် | အဖွဲ့ဝင်(၄) |
| (၆) | ဒေါက်တာရဲညွှန့်နိုင် | အဖွဲ့ဝင်(၅) |

(ဈ) ပြင်ဆင်ဖွဲ့စည်းသည့် ပဲခူးတိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် အများစုမှာ NLD ပါတီနှင့် ဆက်နွယ်မှုရှိသူများဖြစ်ပြီး အဖွဲ့ဝင် (၄) ဖြစ်သူ ဒေါ်စန်းစန်းမြတ်သည် ယခင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဟောင်း ဦးဝင်းသိန်း၏ တူမအရင်းတော်စပ်သူဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။

(ည) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေအရ တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က လည်းကောင်း၊ ရပ်ကွက်/ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများကို တိုင်းဒေသကြီး/ ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများကလည်းကောင်း ဖွဲ့စည်းတာဝန်ပေးအပ်ရမည်ဖြစ်ပါသည်။ သို့ရာတွင် ယခင် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ်ဟောင်း ဦးဝင်းသိန်း က ရပ်ကွက်/ ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ ဖွဲ့စည်းရာတွင် ၎င်း၏ ခွင့်ပြုချက်ရရှိမှသာ တာဝန်ပေးအပ်ရမည်ဟု တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ ညွှန်ကြားခဲ့ကြောင်း တွေ့ရှိရပါသည်။ ယခင် ရပ်ကွက်/ကျေးရွာအုပ်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲများတွင် လစ်လပ်မှုရှိပါက ၎င်းအဖွဲ့ခွဲအစည်းအဝေးတွင်စိစစ်၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ တင်ပြရပြီး မြို့နယ်အုပ်ချုပ်ရေးမှူးမှတစ်ဆင့် လွှတ်တော်ကိုယ်စားလှယ် ၄ ဦးနှင့် အတည်ပြုကာ ယခင် ပဲခူးတိုင်းဒေသကြီး

၁။ ၂၁-၅-၂၀၂၁၊ စာအမှတ်၊၁/တကမရ(ရကပ)/ပခ ဖြင့် တင်ပြထားသော ပဲခူးတိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၏ အစီရင်ခံစာ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးစာတွဲ၊ နေပြည်တော်။

ဝန်ကြီးချုပ်ဟောင်း ဦးဝင်းသိန်း အတည်ပြုမှသာ ခန့်အပ်တာဝန်ပေးခဲ့ရကြောင်း စိစစ်တွေ့ရှိရပါသည်။ လွှတ်တော်ကိုယ်စားလှယ်များ၏ အတည်ပြုချက်ဖြင့် ရွေးချယ်ခန့်ထားသော ရပ်ကွက်/ ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင်များမှာ NLD လွှတ်တော်ကိုယ်စားလှယ်များက ရွေးချယ်ထားခြင်းဖြစ်သည့်အတွက် NLD အများစုသာဖြစ်နေကြောင်း တွေ့ရှိရပါသည်။[၁]

( ၄ ) မကွေးတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲကို အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် ၆ ဦး၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာ ၁၀ ဦး၊ စုစုပေါင်း ၁၆ ဦးဖြင့် ဖွဲ့စည်းခဲ့ပါသည်။ ထိုသို့ဖွဲ့စည်းနိုင်ရေးအတွက် အများယုံကြည်လေးစားခြင်း ခံရသောပုဂ္ဂိုလ် ၆ ဦး၏ အမည်စာရင်းအား ဌာနဆိုင်ရာများတွင် လုပ်ကိုင်ခဲ့ဖူးသော အငြိမ်းစားများထဲမှ ယင်းတို့၏ဆန္ဒကိုမေးမြန်း၍ ကိုယ်ရေးအချက်အလက်အကျဉ်းချုပ်နှင့်အတူ ယခင်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ တင်ပြခဲ့ကြောင်း တွေ့ရှိရပါသည်။[၂] ရွေးကောက်ပွဲလုပ်ငန်းသည် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ရသည့် လုပ်ငန်းဖြစ်သဖြင့် ဌာနဆိုင်ရာ အငြိမ်းစားများထဲမှ အများယုံကြည်လေးစားသည့် ဥပဒေအရာရှိများကို ဦးစားပေးရွေးချယ်ခဲ့သော်လည်း တင်ပြခဲ့သည့် အများယုံကြည်လေးစားခြင်းခံရသော ပုဂ္ဂိုလ်များအား ယခင်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဖွဲ့စည်းတာဝန်ပေးခဲ့ခြင်းမရှိကြောင်း တွေ့ရှိရပါသည်။ ထိုသို့ ဖွဲ့စည်းတာဝန်ပေးအပ်မှုမပြုခြင်းမှာ ယခင် မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဟောင်းနှင့် NLD ပါတီဗဟိုကော်မတီဝင်များက သဘောမတူသောကြောင့် ဖြစ်ကြောင်းတွေ့ရှိရပါသည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ ယခင်မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဟောင်းနှင့် ညှိနှိုင်း၍ လျှို့ဝှက်အဆင့်ဖြင့် အမည်စာရင်းများ တောင်းခံဆောင်ရွက်ခဲ့ကြောင်း စိစစ်တွေ့ရှိရပါသည်။ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အသီးသီးအတွက် အဖွဲ့ဝင်များ ခန့်အပ်ရာတွင် အများယုံကြည်လေးစားခြင်းခံရသူများကို ပွင့်လင်းမြင်သာစွာ ခန့်အပ်ရန်ဖြစ်သော်လည်း မကွေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များက ရွေးချယ်ပေးသည့် NLD အမာခံများ၊ ယင်းတို့ပါတီလိုလားသူများကို ယခင် တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌမှတစ်ဆင့် ယခင် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဟောင်းထံ အမည်စာရင်းတင်ပြခဲ့ပြီး ယခင်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဟောင်းက ယခင်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ အမည်စာရင်းများကို လျှို့ဝှက်အဆင့်ဖြင့် စာပေးပို့၍ တိုက်ရိုက်တင်ပြခဲ့ကြောင်း တွေ့ရှိရပါသည်။ ယခင်

၁။ ၂၁-၅-၂၀၂၁၊ စာအမှတ်၊၁/တကမရ(ရကပ)/ပခ ဖြင့် တင်ပြထားသော ပဲခူးတိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၏ အစီရင်ခံစာ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးစာတွဲ၊ နေပြည်တော်။

၂။ ၄-၁၂-၂၀၁၇၊ စာအမှတ်၊ ၃/၅-၉(မဥ၃)(၅)/ဦး၆ဖြင့် တင်ပြထားသော မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဒေါက်တာအောင်မိုးညို၏ ပေးပို့တင်ပြစာ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးစာတွဲ၊ နေပြည်တော်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးလှသိန်းနှင့် ယခင်မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဟောင်း ဒေါက်တာအောင်မိုးညိုတို့သည် သက်ဆိုင်ရာ ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲများ ဖွဲ့စည်းဆောင်ရွက်ခဲ့သည့် ၂၀၁၇ ခုနှစ်အချိန်ကပင် ယင်းတို့၏ ပါတီတစ်ခုတည်းသာ အနိုင်ရရှိပြီး အစိုးရဖွဲ့နိုင်ရေးအတွက် မဲမသမာမှုများ ပြုလုပ်နိုင်ရန် ဥပဒေ၊ နည်းဥပဒေများကို ကျော်လွှန်ဖောက်ဖျက်ကာ ရည်ရွယ်ချက်ရှိရှိ ကြိုတင် ဆောင်ရွက်ခဲ့ကြကြောင်း စိစစ်တွေ့ရှိရပါသည်။[၁]

(၅) ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၁၇-၁၁-၂၀၁၇ ရက်စွဲပါ ကြေညာချက်အမှတ်(၃၂/၂၀၁၇)ဖြင့် မန္တလေးတိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲကို အများယုံကြည်လေးစားခြင်းခံရသော ပုဂ္ဂိုလ် ၆ ဦး၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာ ၁၀ ဦး၊ စုစုပေါင်း ၁၆ ဦးဖြင့် ဖွဲ့စည်းခဲ့ရာ ယခင် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် NLD ပါတီ ဗဟိုကော်မတီဝင်များက သဘောတူညီမှု မရှိဘဲ ကန့်ကွက်ခဲ့ကြသဖြင့် ၄- ၁၂- ၂၀၁၇ ရက်စွဲပါ ကြေညာချက်အမှတ် (၃၃/၂၀၁၇) ဖြင့် မန္တလေးတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲကို ပြင်ဆင်ဖွဲ့စည်းပေးခဲ့ ကြောင်း တွေ့ရှိရပါသည်။[၂] ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် မန္တလေးတိုင်းဒေသကြီး အတွင်းရှိ ခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများကို ၁၈-၁၂-၂၀၁၇ ရက်စွဲပါ ကြေညာချက်အမှတ် (၄၄/၂၀၁၇) ဖြင့်လည်းကောင်း၊ မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများကို ကြေညာချက်အမှတ် (၄၅/၂၀၁၇) တို့ဖြင့် ခန့်အပ် ဖွဲ့စည်းခဲ့ပါသည်။[၃] ယင်းကဲ့သို့ ဖွဲ့စည်းခဲ့မှုကို ယခင် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်သည် တိုင်းဒေသကြီးဝန်ကြီးချုပ်ဟောင်းနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။ ယခင်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ခန့်အပ်တာဝန် ပေးခဲ့ပြီးဖြစ်သည့် မြို့နယ်များအနက်မှ မတ္တရာမြို့နယ်၊ သပိတ်ကျင်းမြို့နယ်၊ မလှိုင်မြို့နယ်၊ မိတ္ထီလာမြို့နယ်၊ သာစည်မြို့နယ်နှင့် မြင်းခြံမြို့နယ်တို့၏ ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲများကို ပြင်ဆင်ဖွဲ့စည်းပေးရန် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဟောင်း ဒေါက်တာဇော်မြင့်မောင်မှ ယခင် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင် ဥက္ကဋ္ဌ ဦးလှသိန်းထံသို့ ၂၀-၁၂-၂၀၁၇ ရက်စွဲပါ စာအမှတ်၊ ၁/၂-၁/ ၅ ဦး ၆ (၂၄၃) ဖြင့် လျှို့ဝှက်အဆင့်ဖြင့်ပေးပို့ခဲ့ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ကြေညာချက်အမှတ် (၅၄/၂၀၁၇) ဖြင့် ပြင်ဆင်ဖွဲ့စည်း တာဝန်ပေးအပ်ခဲ့ကြောင်း တွေ့ရှိရပါသည်။[၄] အချို့သော မြို့နယ်များတွင် ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲ

---

၁။ မကွေးတိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၏ အစီရင်ခံစာ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးစာတွဲ၊ နေပြည်တော်။

၂။ ၁၇-၁၁-၂၀၁၇၊ကြေညာချက်အမှတ်(၃၂/၂၀၁၇)နှင့်၄-၁၂-၂၀၁၇၊ကြေညာချက်အမှတ်(၃၃/၂၀၁၇)တို့ဖြင့် မန္တလေးတိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဖွဲ့စည်းခြင်း၊ပြင်ဆင်ဖွဲ့စည်းခြင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးစာတွဲ၊ နေပြည်တော်။

၃။ ၁၈-၁၂-၂၀၁၇၊ကြေညာချက်အမှတ်(၄၄/၂၀၁၇)ဖြင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများခန့်အပ်ခြင်းနှင့်ကြေညာချက်အမှတ်(၄၅/၂၀၁၇)ဖြင့် မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများခန့်အပ်ခြင်း၊ ရွေးကောက်ပွဲဌာနထွက်စာဖိုင်တွဲများ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ နေပြည်တော်။

၄။ ၂၀-၁၂-၂၀၁၇၊ စာအမှတ်၊ ၁/၂-၁/၅ ဦး ၆(၂၄၃)ဖြင့် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဒေါက်တာဇော်မြင့်မောင်မှ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ပေးပို့တင်ပြစာ၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံးစာတွဲ၊ နေပြည်တော်။

ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ ရွေးချယ်ရာတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ အနိုင်ရလွှတ်တော်ကိုယ်စားလှယ်များမှ ဝင်ရောက်ဆောင်ရွက်မှုများလည်း ရှိခဲ့ပါသည်။ ခန့်အပ်တာဝန်ပေးခဲ့သည့် ဥက္ကဋ္ဌ၊ အဖွဲ့ဝင် (အများယုံကြည်လေးစားခြင်းခံရသော ပုဂ္ဂိုလ်) များ အကြောင်းအမျိုးမျိုးကြောင့် လစ်လပ်ပါက သက်ဆိုင်ရာ မြို့နယ်၏ အနိုင်ရလွှတ်တော် ကိုယ်စားလှယ်များမှ ခရိုင်/ မြို့နယ်စီမံခန့်ခွဲမှုကော်မတီနှင့်အတူ ပူးပေါင်း ရွေးချယ်စေပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်၏ သဘောတူညီချက် ရရှိမှသာ ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် အစားထိုးခန့်အပ်ခဲ့ကြောင်း တွေ့ရှိရပါသည်။

( ၃ ) ပျော်ဘွယ်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ အလိုကျခန့်အပ်ရန်ပေးပို့ထားသည့် အမည်စာရင်းအတိုင်း ယခင်ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အနေဖြင့် ခန့်အပ်ခဲ့ခြင်းအပေါ် မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသောင်းအေးမှ "ပျော်ဘွယ်မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအမည်စာရင်းနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ပြန်လည်ပေးပို့လာသည့် အမည်စာရင်းတွင် အဖွဲ့ဝင် ၂ ဦး အမည်စာရင်း လွဲမှားနေသဖြင့် ပြန်လည်ပြင်ဆင်ပေးရန် အစီအစဉ် ရှိ၊ မရှိ" နှင့် စပ်လျဉ်းသည့် မေးခွန်းအား ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်အဋ္ဌမပုံမှန် အစည်းအဝေး၊ ပဉ္စမနေ့တွင် မေးမြန်းခဲ့ပါသည်။[၁] ယင်းကဲ့သို့ မေးမြန်းချက်အပေါ် ယခင်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးအောင်မြင့်မှ ပြန်လည်ဖြေကြားခဲ့ရာတွင် အမည်စာရင်းသည် အဘယ့်ကြောင့် လွဲမှားခဲ့သည်ကို တိကျမှန်ကန်ရှင်းလင်းစွာ ဖြေကြားခဲ့ခြင်းမရှိဘဲ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များအရသာ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ဖြေကြားခဲ့ပါသည်။ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် နိုင်ငံတော်၏ ဥပဒေပြုမဏ္ဍိုင်ဖြစ်သော ပြည်သူ့လွှတ်တော်တွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပေးပို့သော အမည်စာရင်းအတိုင်း ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ဖြေကြားမှုမရှိခြင်းသည် ယခင်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ဘက်မလိုက်သော လွတ်လပ်သော အဖွဲ့အစည်းမဟုတ်သည်ကို သိသာထင်ရှားစွာ တွေ့မြင်နိုင်ပြီး အစိုးရအဖွဲ့ဝင်များအနေဖြင့် ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အား လွှမ်းမိုးချုပ်ကိုင်ခြင်း၊ ဝင်ရောက်စွက်ဖက်ခြင်းများ ပြုလုပ်ခဲ့ကြောင်း သိသာထင်ရှားစွာ တွေ့ရှိရပါသည်။

( ၄ ) မွန်ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဖွဲ့စည်းခြင်းနှင့် ပတ်သက်၍ ၁၇-၁၁-၂၀၁၇ ရက်စွဲပါ ကြေညာချက်အမှတ် (၃၂/၂၀၁၇)ကို ယခင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်မှ မွန်ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ ၁၇-၁၁-၂၀၁၇ ရက်နေ့တွင်

၁။ ပျော်ဘွယ်မြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသောင်းအေးမှ ဒုတိယအကြိမ်ပြည်သူ့လွှတ်တော်၊ အဋ္ဌမပုံမှန်အစည်းအဝေး၊ပဉ္စမနေ့တွင်မေးမြန်းခဲ့သည့်အစည်းအဝေးမှတ်တမ်း၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံးစာတွဲ၊ နေပြည်တော်။

Fax ဖြင့် ပေးပို့ခဲ့ပါသည်။ ထိုသို့ Fax ဖြင့် ပေးပို့ခဲ့သော ကြေညာချက်အမှတ် (၃၂/၂၀၁၇) အား ချိပ်ပိတ်၍ ထိန်းသိမ်းထားရှိရန် ညွှန်ကြားခဲ့ကြောင်း တွေ့ရှိရပါသည်။ မွန်ပြည်နယ် ဝန်ကြီးချုပ်သည် ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် တိုက်ရိုက် ဆက်သွယ်ခဲ့ပြီး မွန်ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအား ၆-၁၂-၂၀၁၇ ရက်စွဲပါ ကြေညာချက်အမှတ် (၃၄/၂၀၁၇) ဖြင့် မူလခန့်အပ်တာဝန်ပေးခဲ့သော လူစာရင်းမှ ၄ ဦး အား ထုတ်ပယ်ကာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီလိုလားသူ အသစ် ၄ ဦးအား အစားထိုး၍ ထပ်မံဖွဲ့စည်းခဲ့ကြောင်း တွေ့ရှိရပါသည်။[၁]

(ဏ) မွန်ပြည်နယ်အတွင်း ခရိုင်နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ ဖွဲ့စည်း ရာတွင် ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ လမ်းညွှန်မှုဖြင့် မွန်ပြည်နယ် ဝန်ကြီးချုပ်ထံ အစီရင်ခံတင်ပြပြီး ဆောင်ရွက်ခဲ့ရကြောင်း တွေ့ရှိရပါသည်။ ထိုကဲ့သို့ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအား ၂-၁-၂၀၁၈ ရက်စွဲပါ ကြေညာချက် အမှတ် (၃/၂၀၁၈)ဖြင့်လည်းကောင်း၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ များအား ၂-၁-၂၀၁၈ ရက်စွဲပါ ကြေညာချက်အမှတ် (၄/၂၀၁၈) ဖြင့် လည်းကောင်း ဖွဲ့စည်းရာတွင် တာဝန်ပေးအပ်ခဲ့သူများသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေ ပုဒ်မ ၁၆ ပါ အရည်အချင်းများနှင့် ကိုက်ညီမှု ရှိ/ မရှိအား စိစစ်ဆောင်ရွက် ခဲ့ခြင်းမရှိကြောင်းနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ လိုလားသူ အမာခံပုဂ္ဂိုလ် အများစုကို ထည့်သွင်းဖွဲ့စည်းထားကြောင်း တွေ့ရှိရပါသည်။

(တ) ရခိုင်ပြည်နယ်တွင် ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများ စတင်ဖွဲ့စည်းသည့် ၂၀၁၇ ခုနှစ်တွင် NLD ပါတီက ခရိုင်နှင့် မြို့နယ် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲများ၌ ထည့်သွင်းဖွဲ့စည်းပေးရန် ရွေးချယ်တင်ပြလာသည့် NLD ပါတီဝင်များနှင့် ယင်းတို့၏ အမာခံလူစာရင်းများကို ဝန်ကြီးချုပ်ဟောင်း ဦးညီပု လက်မှတ်ရေးထိုး၍ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးထံ ပေးအပ်ခဲ့ပြီး ခရိုင်နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများတွင် NLD ပါတီဝင် များနှင့် ယင်းတို့၏ အမာခံများကို ယခင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ထည့်သွင်း ဖွဲ့စည်းဆောင်ရွက်ခဲ့ကြောင်း စိစစ်တွေ့ရှိရပါသည်။[၂]

(ထ) ယခင်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအား အသစ်ပြန်လည် ဖွဲ့စည်းရန်အတွက် အဆိုပြု အမည်စာရင်း တောင်းခံခဲ့ပြီး ၁၇-၁၁-၂၀၁၇ ရက်စွဲပါ ကြေညာချက်အမှတ် (၃၂/ ၂၀၁၇) ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ရာ မူလတင်ပြထားရှိသော ဥက္ကဋ္ဌနှင့် အဖွဲ့ဝင် ၂ ဦး၊ သီးခြား ထည့်သွင်းသော အဖွဲ့ဝင် ၃ ဦးတို့ ပါဝင်ခဲ့ပါသည်။ ထိုသို့ထုတ်ပြန်ပြီး

၁။ ၁၉-၅-၂၀၂၁၊မွန်ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၏ **အစီရင်ခံစာ၊** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးစာတွဲ၊ နေပြည်တော်။

၂။ ၁၄-၅-၂၀၂၁၊ **စာအမှတ်၊၁/ရကပ-၂/ကမရ(၀၂၃၃)ဖြင့် တင်ပြထားသော ရခိုင်ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၏ အစီရင်ခံစာ၊** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးစာတွဲ၊ နေပြည်တော်။

နောက်တစ်နေ့တွင်ပင် အဆိုပါကြေညာချက်အား ဆိုင်းငံ့ပယ်ဖျက်ရန်အကြောင်း ကြားခဲ့ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၆-၁၂-၂၀၁၇ ရက်စွဲပါ ကြေညာချက် အမှတ်(၃၄/၂၀၁၇)ဖြင့် အခြားပုဂ္ဂိုလ်များ ပါဝင်သည့် ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲကို ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။ အဆိုပါ ပုဂ္ဂိုလ်များမှာ ယခင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဟောင်း ဦးဖြိုးမင်းသိန်းက အမည်စာရင်း တင်သွင်းသူများဖြစ်ကြောင်း တွေ့ရှိရပါသည်။[၁] ခရိုင်နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ ဆက်လက်ဖွဲ့စည်းရန်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ က "သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်ဝန်ကြီးချုပ်များထံ သွားရောက်တွေ့ဆုံ၍ ဝန်ကြီးချုပ်၏ လမ်းညွှန်မှုခံယူပြီး ညွှန်ကြားချက်အတိုင်း ဆောင်ရွက်ရန်" လမ်းညွှန်မှုပြုသဖြင့် ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးကြည်မြင့်နှင့် အတွင်းရေးမှူး ဦးတင်မောင်အေး တို့မှ ဝန်ကြီးချုပ်ဟောင်း ဦးဖြိုးမင်းသိန်းအား သွားရောက်တွေ့ဆုံခဲ့ပြီး ယင်းမှ ရွေးချယ်ပေးသည့် အမည်စာရင်းအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ပေးပို့တင်ပြခဲ့ရာ အဆိုပါ လျာထားအမည်စာရင်းများအတိုင်း ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ကြောင်း တွေ့ရှိရပါသည်။[၂]

( ဒ ) ယခင် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်က ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများကို ပြန်လည်ဖွဲ့စည်းခဲ့ရာတွင် အမည်စာရင်းပေးပို့နိုင်ရေးအတွက် ကြိုတင်စီမံဆောင်ရွက်ခဲ့ပြီး ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ/ အဖွဲ့ဝင်များ လစ်လပ်မှုရှိပါကလည်း တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်၏ သဘောတူညီချက်ရရှိသူကိုသာ ယခင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သို့ အစားထိုးအမည်စာရင်း တင်ပြရသည်ကို စိစစ်တွေ့ရှိ ရပါသည်။ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ ဖွဲ့စည်းရာတွင်လည်း NLD ပါတီမှ သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များက ပါဝင်စွက်ဖက်ခဲ့ကြပြီး အဆိုပါ NLD အမာခံ ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များအနေဖြင့် မဲဆွယ်စည်းရုံးခြင်း၊ ကြိုတင်ဆန္ဒမဲများ ကောက်ယူခြင်း၊ မဲရုံတွင် ဆန္ဒမဲပေးခြင်းများ နှင့်စပ်လျဉ်း၍ ပြောင်ပြောင်တင်းတင်း ဘက်လိုက်ဆောင်ရွက်မှုများ ရှိခဲ့ကြောင်း စိစစ် တွေ့ရှိရသည်။[၃]

( ဓ ) ပြည်ထောင်စုနယ်မြေရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များကို (အများ ယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ်) ၆ ဦး တို့ဖြင့် အသစ်ပြန်လည်ဖွဲ့စည်းရန်

---

၁။ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဟောင်း ဦးဖြိုးမင်းသိန်းမှ ရန်ကုန်တိုင်းကော်မရှင်အဖွဲ့ခွဲသို့ပေးပို့ထားသော မြို့နယ်များ၏အမည်စာရင်းအတိုင်း တိုင်းကော်မရှင်အဖွဲ့ခွဲ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ထံသို့ ပေးပို့ထားသောအမည်စာရင်းတင်ပြစာ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးစာတွဲ၊ နေပြည်တော်။

၂။ ၁၇-၅-၂၀၂၁၊ ရန်ကုန်တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၏ အစီရင်ခံစာ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးစာတွဲ၊ နေပြည်တော်။

၃။ ၁၉-၅-၂၀၂၁၊ စာအမှတ်၊၂၉၂/၁၂/၁၂-၂/တကမရ(ဧရာဝတီ)ဖြင့် တင်ပြထားသော ဧရာဝတီတိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၏ အစီရင်ခံစာ၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရုံးစာတွဲ၊ နေပြည်တော်။

အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ နေပြည်တော်ကောင်စီသို့အဆိုပြု အမည်စာရင်းတောင်းခံခဲ့ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၉-၁-၂၀၁၈ ရက်စွဲပါ ကြေညာချက်အမှတ် (၅/၂၀၁၈) ဖြင့် ဖွဲ့စည်းတာဝန် ပေးအပ်ခဲ့ပါသည်။ ခရိုင်နှင့် မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ (အများယုံကြည်လေးစားခြင်း ခံရသောပုဂ္ဂိုလ်များ) ဆက်လက်ဖွဲ့စည်းရန်အတွက် တိုင်းဒေသကြီး/ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့အား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက "သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် ဝန်ကြီးချုပ်များထံ သွားရောက်တွေ့ဆုံ၍ ဝန်ကြီးချုပ်၏ လမ်းညွှန်မှုခံယူပြီး ညွှန်ကြားချက် အတိုင်း ဆောင်ရွက်ရန်" လမ်းညွှန်မှုပြုသဖြင့် ပြည်ထောင်စုနယ်မြေ ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးသိန်းထွေးနှင့် အတွင်းရေးမှူး ဦးအောင်စိုးဝင်းတို့မှ ကော်မရှင် တာဝန်ခံ နေပြည်တော်ကောင်စီဝင် ဦးအောင်မြင့်ထွန်းထံသို့ သွားရောက်တွေ့ဆုံ၍ တင်ပြဆောင်ရွက်ခဲ့ရပြီး နေပြည်တော်ကောင်စီမှ ပေးပို့သည့် အမည်စာရင်းများကို ဆက်လက်တင်ပြခဲ့ရာ ယခင်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ၈-၆-၂၀၁၈ ရက်စွဲပါ ကြေညာချက်အမှတ် (၈၁/၂၀၁၈) နှင့် (၈၂/၂၀၁၈) တို့ဖြင့် ပြည်ထောင်စုနယ်မြေအတွင်းရှိ ခရိုင် ၂ ခုနှင့် မြို့နယ် ၈ မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင် ၆ ဦးစီ တို့အား ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ကြောင်း စိစစ်တွေ့ရှိရပါသည်။[၁]

နိုင်ငံသားစိစစ်ရေးကတ် မရှိသည့်မဲဆန္ဒရှင်များနှင့်စပ်လျဉ်း၍ ယခင်ကော်မရှင်၏ ညွှန်ကြားချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

စာအမှတ်၊ ၄ / ရကပ ( ၁၇၀ ) / ကမရ
ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၁၉ ရက်

သို့

မန္တလေးတိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ

အကြောင်းအရာ။ **နိုင်ငံသားစိစစ်ရေးကတ်မရှိသည့် မဲဆန္ဒရှင်များ မဲပေးခွင့်ရရှိရေးကိစ္စ**

ရည်ညွှန်းချက်။ မန္တလေးတိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၏ ၇-၈-၂၀၂၀ ရက်စွဲပါစာအမှတ်၊ ၀၁၂ / ၁-၁၂ / တကရ (၅၇၈)

၁။ မဲဆန္ဒရှင်စာရင်းတွင် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်များ ဖြည့်သွင်းရန် ကျန်ရှိနေသူများ မဲပေးခွင့်ရရှိရေးအတွက် ဆောင်ရွက်ထားရှိမှု အခြေအနေကို ပြန်လည်တင်ပြရန် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးမှ အကြောင်းကြားလာမှုကို မန္တလေးတိုင်းဒေသကြီး ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲက အောက်ပါအတိုင်း ဆောင်ရွက်ပါက သင့်လျော်မည်ဟု ပြန်လည် တင်ပြခဲ့ပါကြောင်း ရည်ညွှန်းပါစာဖြင့် တင်ပြလာခဲ့ပါသည်-

(က) အသက် ၁၈ နှစ်ပြည့်ပြီး နိုင်ငံသား (တိုင်းရင်းသား) ဖြစ်ကြောင်း၊ ရပ်ကွက်/ ကျေးရွာအုပ်စုအတွင်း အမှန်တကယ်နေထိုင်ကြောင်း ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများမှ ထောက်ခံချက်ပေးရန်၊

(ခ) ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ထောက်ခံချက်အရ မြို့နယ် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲများမှ မဲစာရင်းနှင့် တိုက်ဆိုင်စစ်ဆေးပြီး ဆန္ဒမဲ ပေးခွင့်ထောက်ခံချက်ကို ထုတ်ပေးရန်၊

(ဂ) ဆန္ဒမဲပေးခွင့်ထောက်ခံချက်တွင် မဲဆန္ဒရှင်၏ ပတ်ပို့စ် ဓာတ်ပုံကပ်ပြီး ၎င်း ဓာတ်ပုံပေါ်တွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ရုံးတံဆိပ်ရိုက်နှိပ် ပေးရန်နှင့် "ဆန္ဒမဲပေးရန်အတွက်သာ" ဆိုသည့် စာသားအား ထင်ရှားစွာ ရေးသားရန်၊

(ဃ) ရွေးကောက်ပွဲနေ့တွင်ဆန္ဒမဲပေးပြီးပါက အဆိုပါဆန္ဒမဲပေးခွင့် ထောက်ခံချက်အား မဲရုံမှ တစ်ပါတည်း သိမ်းဆည်းသွားရန်။

၂။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၆ (ခ) တွင် "သက်ဆိုင်ရာမဲဆန္ဒနယ်၏ မဲစာရင်းတွင် ပါဝင်သူ" ဟူ၍ သတ်မှတ်ပြဋ္ဌာန်းထား သဖြင့် မဲစာရင်းတွင်ပါဝင်သူ မဲဆန္ဒရှင်တိုင်းသည် ဆန္ဒမဲပေးပိုင်ခွင့် ရှိပါသည်။

နိုင်ငံသားစိစစ်ရေးကတ် မရှိသည့် မဲဆန္ဒရှင်များနှင့်စပ်လျဉ်း၍ ယခင်ကော်မရှင်၏ ညွှန်ကြားချက်

၂

၃။ ယခင်ကျင်းပပြုလုပ်ခဲ့သည့် ရွေးကောက်ပွဲများတွင် မဲစာရင်းတွင် ပါဝင်ပြီး မဲရုံသို့ လာရောက်မဲပေးကြသူ မဲဆန္ဒရှင်များအနက် သဘာဝဘေးအန္တရာယ်ကြောင့် သော်လည်းကောင်း၊ အခြားအကြောင်းအမျိုးမျိုးကြောင့်သော်လည်းကောင်း မှတ်ပုံတင် အစရှိသည့် အထောက်အထားများ ပျောက်ဆုံး/ ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် မဲဆန္ဒရှင်များ ဆန္ဒမဲပေးပိုင်ခွင့် မဆုံးရှုံးစေရန်အတွက် အောက်ပါ အတိုင်း ဆောင်ရွက်ပေးခဲ့ပါသည်-

(က) မဲစာရင်းတွင် ပါဝင်သည့် မဲဆန္ဒရှင်အမှန်ဖြစ်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်ကို မဲရုံ၌ မဲရုံမှူးထံ တစ်ပါတည်းတင်ပြ၍ ဆန္ဒမဲပေးခွင့်ပြုခြင်း၊

(ခ) အကယ်၍ အထက်ပါအတိုင်း ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ မဲစာရင်းတွင် ပါဝင်ကြောင်း ထောက်ခံချက်ကို မတင်ပြနိုင်ပါက မဲရုံ၌ မဲစာရင်းတွင် ပါဝင်သည့် မဲဆန္ဒရှင်အမှန်ဖြစ်ကြောင်း တာဝန်ခံ၍ ပြောဆို နိုင်သူရှိလျှင်လည်း ဆန္ဒမဲပေးခွင့်ပြုခြင်း။

၄။ ၂၀၂၀ ပြည့်နှစ်၊ အထွေထွေရွေးကောက်ပွဲတွင်လည်း မဲဆန္ဒရှင်စာရင်းတွင် ပါဝင်ပြီး မှတ်ပုံတင်အစရှိသည့် အချက်အလက်များ မပြည့်စုံသည့် မဲဆန္ဒရှင်များ၏ မဲပေးပိုင်ခွင့် မဆုံးရှုံး စေရန်အတွက် အထက်အပိုဒ် ၃ ပါ ယခင်ရွေးကောက်ပွဲများတွင် ဆောင်ရွက်ခဲ့သည့် နည်းလမ်း များအတိုင်း ခွင့်ပြုဆောင်ရွက်ပေးသွားမည် ဖြစ်သည့်အပြင် မဲစာရင်းတွင် အမည်ပါသူ အမှန် ဖြစ်ကြောင်း သိသာစေနိုင်သည့် ယာဉ်မောင်းလိုင်စင်၊ ဝန်ထမ်းကတ်၊ ကျောင်းသားကတ်၊ ကြက်ခြေနီ အဖွဲ့ဝင်ကတ်၊ အရန်မီးသတ် အဖွဲ့ဝင်ကတ်၊ ပြည်သူ့စစ်အဖွဲ့ဝင်ကတ်၊ ပရဟိတ အဖွဲ့ဝင်ကတ် စသည့် ကတ်တစ်မျိုးမျိုး ပြသနိုင်လျှင် မဲပေးခွင့်ပြုသွားမည် ဖြစ်ပြီး ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေမှုအခြေအနေအရ လိုအပ်ပါက မဲဆန္ဒရှင်သက်သေခံလက်မှတ်များကို ကော်မရှင်၏ အစီအစဉ်ဖြင့် ထုတ်ပေးနိုင်ရန်ကိုလည်း လျာထားဆောင်ရွက်လျက်ရှိပါသဖြင့် အထက်အပိုဒ် ၁ ပါ တင်ပြချက်များကို ဆောင်ရွက်ရန် မလိုအပ်ပါကြောင်း အကြောင်းကြား ပါသည်။

ဥက္ကဋ္ဌ(ကိုယ်စား)
(ခင်မောင်ဦး၊ ညွှန်ကြားရေးမှူးချုပ်)

မိတ္တူကို

နိုင်ငံတော်သမ္မတရုံး
နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ရုံး

AMT/19-8-2020 / Pyithu

---

၁။ ၁၆-၆-၂၀၂၁၊ စာအမှတ်၊ ၁၃၀/၁၅-၆/ကမရ(ပြည်ထောင်စုနယ်မြေ)ဖြင့်တင်ပြထားသော ပြည်ထောင်စုနယ်မြေရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၏ **အစီရင်ခံစာ**၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးစာတွဲ၊ နေပြည်တော်။

## ရွေးကောက်ပွဲအနိုင်ရရှိရေးအတွက် အာဏာပိုင်အဖွဲ့အစည်းများ ဝင်ရောက်စွက်ဖက်ကြိုတင်ကြံစည် ဆောင်ရွက်ခြင်း

၂၁။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အနေဖြင့် အဓိကအလေးထားဆောင်ရွက်ရသည့်ကိစ္စများမှာ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ စာရင်းပြုစုရခြင်းဖြစ်ပါသည်။ အာဏာရအစိုးရသည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ အနိုင်ရရှိရေး အတွက် ပြည်ထောင်စုအဆင့်ဝန်ကြီးဌာနနှင့် ဦးစီးဌာနအချို့ကို ကြိုးကိုင်၍ ၂၀၂၀ ပြည့်နှစ် ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ မကျင်းပမီ ၂ နှစ်ခန့် အလိုကပင် ကြိုတင်ပြင်ဆင်ခဲ့ကြောင်း သုံးသပ်တွေ့ရှိရပါသည်။[၁]

၂၂။ မဲဆန္ဒရှင်စာရင်းပြုစုခြင်းနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေ ၅ (က) တွင် "ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင် အဖွဲ့ခွဲများသည် သက်ဆိုင်ရာ မဲဆန္ဒနယ်ရှိ မဲစာရင်းပြုစုရာတွင် ကော်မရှင်ကသတ်မှတ်သော လူဦးရေစာရင်း ပုံစံဇယားနှင့်အညီ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးက ပြုစုထားသည့် လူဦးရေစာရင်းနှင့် လူဝင်မှုကြီးကြပ်ရေး နှင့် ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူးရုံးကပြုစုထားသည့် လူဦးရေ (မသန်စွမ်းသူများ အပါအဝင်) စာရင်းတို့ကို ရယူအခြေခံပြီးပြုစုရမည်" ဟု သတ်မှတ်ပြဋ္ဌာန်းထားပါသည်။

၂၃။ သို့ဖြစ်၍ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများသည် မဲစာရင်းပြုစုနိုင်ရန် အတွက် နည်းဥပဒေပါပြဋ္ဌာန်းချက်အရ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးက ပြုစုထားသည့် လူဦးရေစာရင်းအား အခြေခံကောက်ယူပါသည်။ လူဦးရေစာရင်းပြုစုထားသည့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးမှူးများသည် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ခန့်အပ်တာဝန် ပေးထားသော အုပ်ချုပ်ရေးမှူးများဖြစ်ကြပါသည်။ ထို့ကြောင့် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲအသီးသီးတို့၏ မဲစာရင်းပြုစုရာတွင် အဓိကဦးစီးဌာနတစ်ရပ်အနေဖြင့် ပါဝင်နေပါသည်။ ၂၀၁၀ ပြည့်နှစ် ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၊ ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲ၊ ၂၀၁၅ ခုနှစ် ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၊ ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲ၊ ၂၀၁၈ ခုနှစ် ကြားဖြတ် ရွေးကောက်ပွဲများ ကျင်းပနိုင်ရန်အတွက် မဲစာရင်းများပြုစုခဲ့ချိန်တွင် အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာနသည် ပြည်ထဲရေးဝန်ကြီးဌာန လက်အောက်ရှိ ဦးစီးဌာနတစ်ရပ်အနေဖြင့် တည်ရှိပါသည်။ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင်ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂၃/၂၀၁၈)၏ သဘောတူညီချက်အရ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနကို ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့မှစ၍ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

၁။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ ၅(က)၊ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ ၅(က)၊တိုင်းဒေသကြီးလွှတ်တော်(သို့မဟုတ်)ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေ ၅(က)

ဝန်ကြီးဌာန လက်အောက်သို့ လွှဲပြောင်းဖွဲ့စည်းခဲ့ပါသည်။[၁] ထို့နောက် နိုင်ငံတော်သမ္မတရုံး၏ ၂၃-၁-၂၀၁၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၁၄/၂၀၁၉) ဖြင့် ဦးဝင်းမြင့် (နိုင်ငံတော်သမ္မတ)မှ ကြားဖြတ်လူဦးရေ သန်းခေါင်စာရင်းကောက်ယူရေးဗဟိုကော်မတီနှင့် နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် ကြားဖြတ်လူဦးရေစာရင်းကောက်ယူရေး ကော်မတီများ ဖွဲ့စည်းကြောင်း ထုတ်ပြန်ခဲ့ပါသည်။[၂]

၂၄။ ထို့ပြင် ယခင်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် မဲဆန္ဒရှင်စာရင်းများ ပြုစုဆောင်ရွက်နိုင်ရန် ၂၀၁၉ ခုနှစ်အား မဲစာရင်းပြုစုခြင်းနှစ်အဖြစ် သတ်မှတ်ခဲ့ပြီး လူဦးရေစာရင်းအချက်အလက်များ ကောက်ယူပြုစုခြင်း၊ အခြေခံမဲဆန္ဒရှင်စာရင်းပြုစုခြင်းဆိုင်ရာ လုပ်ငန်းစီမံချက်အား ၁၃-၆-၂၀၁၉ ရက်နေ့တွင် ထုတ်ပြန်ဆောင်ရွက်ခဲ့ပါသည်။ လူဦးရေစာရင်းအား ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန အောက်ရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ရွေးကောက်ပွဲလုပ်ငန်းစဉ်များတွင် ပါဝင်ပတ်သက်နေသော ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့်စာရေးများမှ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပါတီ အနိုင်ရရှိရေးအတွက် လူဦးရေစာရင်းများအား ကြိုတင်ပြင်ဆင်၍ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်က ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူစာရင်း ကောက်ယူခြင်း၊ ပြင်ဆင်ခြင်းနှင့် ဖြည့်စွက်ခြင်းလုပ်ငန်းများ ဆောင်ရွက်သည့်အခါတွင် ထည့်သွင်းနိုင်ရန်အတွက် စနစ်တကျ ကြိုတင်ပြင်ဆင်လုပ်ဆောင်ခဲ့ကြောင်း တွေ့ရှိရပါသည်။[၃]

၂၅။ လူဦးရေစာရင်းပြုစုခြင်းအပိုင်းသည် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်ရသည့်အပိုင်းဖြစ်ပြီး လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာနမှ အသေးစိတ် ပြန်လည်စိစစ်ပေးရမည့်အပိုင်းဖြစ်ပါသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီအစိုးရအနေဖြင့် ယင်းကဲ့သို့အရေးပါလှသော လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနအား ကြိုးကိုင်ခြယ်လှယ်နိုင်ရန် နိုင်ငံတော်သမ္မတရုံး၏အမိန့်ဖြင့် တိုင်းဒေသကြီး/ပြည်နယ်များရှိ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနကို ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မှလွဲ၍ လူဝင်မှုကြီးကြပ်ရေးနှင့်လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးဌာနအဖြစ် တိုးချဲ့ဖွဲ့စည်းကာ ဝန်ကြီးများ ထပ်မံခန့်ထားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ အနိုင်ရရှိရေးအတွက် စနစ်တကျ အဆင့်ဆင့် ဆောင်ရွက်ခဲ့သည်ကို အောက်ပါအတိုင်း တွေ့ရှိရပါသည်။[၄] ထိုသို့ဆောင်ရွက်ချက်များသည် ဖွဲ့စည်းပုံ အခြေခံဥပဒေ ဇယား ၂ ပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှုမရှိကြောင်း အငြင်းပွားဖွယ်ဖြစ်ခဲ့ရပါသည် ၅-

---

၁။ ၂၈-၁၂-၂၀၁၈၊ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၁၈) ဖြင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအားပြောင်းရွှေ့ဖွဲ့စည်းခြင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးစာတွဲ၊ နေပြည်တော်။

၂။ ၂၃-၁-၂၀၁၉၊ နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ်(၁၄/၂၀၁၉) ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးစာတွဲ၊ နေပြည်တော်။

၃။ ၂၀၂၀ပြည့်နှစ်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏စိစစ်ဆေးတွေ့ရှိချက်အစီရင်ခံစာ

၄။ တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် လူဝင်မှုကြီးကြပ်ရေးနှင့်လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးဌာနအဖြစ် တိုးချဲ့ဖွဲ့စည်းကာဝန်ကြီးများထပ်မံခန့်ထားခြင်း၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရုံးစာတွဲ၊ နေပြည်တော်။

၅။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)ခုနှစ်၊ဇယား(၂)၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်း

| စဉ် | အမည် | တိုင်းဒေသကြီး/ ပြည်နယ် | ရက်စွဲ | အမိန့်အမှတ် |
|---|---|---|---|---|
| ၁။ | ဦးဇော်ဝင်း | ကချင်ပြည်နယ် | ၁-၈-၂၀၁၉ | (၃၅/၂၀၁၉) |
| ၂။ | ဦးခင်မောင်ဖြူ | ကယားပြည်နယ် | ၁၇-၂-၂၀၂၀ | (၇/၂၀၂၀) |
| ၃။ | ဦးမင်းကိုခိုင် | ကရင်ပြည်နယ် | ၁၀-၇-၂၀၁၉ | (၂၇/၂၀၁၉) |
| ၄။ | ဦးဖွေအား | ချင်းပြည်နယ် | ၁-၇-၂၀၁၉ | (၂၃/၂၀၁၉) |
| ၅။ | ဦးမိုးကျော်သူ | စစ်ကိုင်းတိုင်းဒေသကြီး | ၂၈-၆-၂၀၁၉ | (၂၂/၂၀၁၉) |
| ၆။ | ဦးကျော်မင်း (ခ) ဦးဖိုးမင်း | တနင်္သာရီတိုင်းဒေသကြီး | ၁-၇-၂၀၁၉ | (၂၃/၂၀၁၉) |
| ၇။ | ဦးထွန်းထွန်းဦး | ပဲခူးတိုင်းဒေသကြီး | ၁၀-၇-၂၀၁၉ | (၂၇/၂၀၁၉) |
| ၈။ | ဦးမြင့်အောင် | မကွေးတိုင်းဒေသကြီး | ၅-၇-၂၀၁၉ | (၂၆/၂၀၁၉) |
| ၉။ | ဦးအောင်ကြည် | မန္တလေးတိုင်းဒေသကြီး | ၁၅-၇-၂၀၁၉ | (၂၈/၂၀၁၉) |
| ၁၀။ | ဦးထွန်းမင်းအောင် | မွန်ပြည်နယ် | ၁၅-၇-၂၀၁၉ | (၃၀/၂၀၁၉) |
| ၁၁။ | - | ရခိုင်ပြည်နယ် | - | - |
| ၁၂။ | ဒေါ်မိုးမိုးစုကြည် | ရန်ကုန်တိုင်းဒေသကြီး | ၂-၇-၂၀၁၉ | (၂၄/၂၀၁၉) |
| ၁၃။ | - | ရှမ်းပြည်နယ် | - | - |
| ၁၄။ | ဒေါက်တာစိုးဝင်း | ဧရာဝတီတိုင်းဒေသကြီး | ၂၀-၉-၂၀၁၉ | (၄၀/၂၀၁၉) |

၂၆။ ဝန်ကြီးဌာနအသစ်ဖွဲ့စည်းခဲ့သည့်အချိန်သည် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနတို့ဖြင့် ပူးပေါင်းပြီး မဲစာရင်းပြုစုမည့် အချိန်မတိုင်မီ ဖြစ်ကြောင်း တွေ့ရှိရပါသည်။

၂၇။ ကချင်ပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးဌာန ဝန်ကြီး ဦးဇော်ဝင်း သည် ဝန်ကြီးအဖြစ် စတင်တာဝန်ယူခဲ့ပြီးနောက် မြစ်ကြီးနားသတင်းဂျာနယ်နှင့် အင်တာဗျူးတွင် ဝန်ကြီးဌာနအသစ် ဖွဲ့စည်းလိုက်ရခြင်း၏ အဓိကအကြောင်းအရင်းအနေဖြင့် အရေးကြီးသည့်ကိစ္စအဖြစ် ရွေးကောက်ပွဲများတွင် မဲစာရင်းများမှန်မှန်ကန်ကန် ဖြစ်စေရန်အတွက် ဖြစ်ကြောင်း၊ မဲပေးပိုင်ခွင့်ရှိသူများ မဲပေးနိုင်ရန်အတွက် စာရင်းဇယားများ ပြုစုချိန်တွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရွေးကောက်ပွဲကော်မရှင်တို့သည် ပူးပေါင်း၍လုပ်ဆောင် မည်ဖြစ်ကြောင်း၊ ယင်းကဲ့သို့ လုပ်ဆောင်သည့်အချိန်တွင် ဝန်ကြီးဦးဇော်ဝင်းအနေဖြင့် ယင်းအဖွဲ့၏

နာယကအနေဖြင့် တာဝန်ယူရမည်ဖြစ်ကြောင်း ဖြေကြားခဲ့ပါသည်။[၁] သို့သော်လည်း မဲစာရင်းများ သိသိသာသာမြောက်မြားစွာ မှားယွင်းခဲ့သည်ကို စစ်ဆေးတွေ့ရှိခဲ့ရပါသည်။

၂၈။ တိုင်းဒေသကြီး/ ပြည်နယ်များအတွင်း မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်စေရေး အတွက် ပံ့ပိုးကူညီရေးအဖွဲ့အား ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၄-၈-၂၀၂၀ ရက်စွဲပါ စာအမှတ်၊ ၇/၄၆၄-အထွေထွေ/အဖရ(၂၀၂၀) ညွှန်ကြားချက်ဖြင့် တိုင်းဒေသကြီး/ ပြည်နယ် ဝန်ကြီးချုပ်များမှ အဖွဲ့ခေါင်းဆောင်အဖြစ်တာဝန်ယူကာ ပါဝင်ဖွဲ့စည်းခဲ့ကြောင်းတွေ့ရှိရပါသည်။[၂] ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှလည်း ၁၀-၈-၂၀၂၀ ရက်စွဲပါ စာအမှတ်၊ ၄ / ရကပ(၁၄၆) / ကမရ ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများ၏ မဲဆန္ဒရှင်စာရင်းများအား ပြည့်စုံမှန်ကန်စေရေးအတွက် ပံ့ပိုးကူညီရေးအဖွဲ့များကို ဖွဲ့စည်းခဲ့ပြီးဖြစ်ကြောင်းနှင့် ၎င်းအဖွဲ့မှ ပထမအကြိမ်ကပ်ထားကြေညာသည့် မဲဆန္ဒရှင်စာရင်းများကို တောင်းခံလာပါက Soft Copy CD ဖြင့် ပေးပို့နိုင်ရေးဆောင်ရွက်နိုင်ရန် တိုင်းဒေသကြီး/ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် ပြည်ထောင်စုနယ်မြေ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့အား ညွှန်ကြားခဲ့ကြောင်း တွေ့ရှိရပါသည်။[၃] ထို့နောက် တိုင်းဒေသကြီး/ ပြည်နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲအသီးသီးမှ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရများသို့ မဲဆန္ဒရှင်စာရင်းအား Soft Copy CD ဖြင့် ပေးပို့ခဲ့ကြကြောင်း တွေ့ရှိရပါသည်။ တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များ၏ လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးဌာန ဝန်ကြီးများအား တာဝန်ပေးအပ်ကာ ဝန်ကြီးများမှ ဦးဆောင်၍ Volunteer များဖြင့် မဲစာရင်းများ မြေပြင်ကွင်းဆင်း စစ်ဆေးခဲ့ပြီး ၎င်း Volunteer များကို အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ပါတီဝင်များနှင့် ပါတီအားပေးထောက်ခံသူ လူငယ်အများစုဖြင့် ဖွဲ့စည်းထားကြောင်း တွေ့ရှိရပါသည်။ ထိုကဲ့သို့ဆောင်ရွက်မှုများအား အဆင့်ဆင့်သော ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့ခြင်းမရှိကြောင်း တွေ့ရှိရပါသည်။

၂၉။ မဲစာရင်းများပြုစုရန်အတွက် လူဦးရေစာရင်းအချက်အလက်များ ကောက်ယူရာတွင် ရပ်/ကျေး အုပ်ချုပ်ရေးမှူးများက ဥက္ကဋ္ဌအဖြစ် ပါဝင်သည့် လူဦးရေစာရင်း ကောက်ယူရေးလုပ်ငန်းအဖွဲ့က အဓိက ဆောင်ရွက်ခဲ့ပါသည်။ မဲဆန္ဒရှင်စာရင်းများ မြေပြင်ကောက်ယူရာတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ အစိုးရကခန့်အပ်ထားသည့် ရပ်/ကျေး အုပ်ချုပ်ရေးမှူးများနှင့် အချို့နေရာများတွင် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၏ အောင်နိုင်ရေးအဖွဲ့များက ပူးပေါင်းကောက်ယူကြောင်း စိစစ်သိရှိရပါသည်။ ယင်းသို့စာရင်းများ ကောက်ယူရာတွင် ရပ်ကွက်/ကျေးရွာအုပ်စုအတွင်း အမှန်တကယ်နေထိုင်ခြင်း ရှိ/မရှိ၊ နိုင်ငံသားစိစစ်ရေးကတ် ရှိ/မရှိ၊ သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေအရ မဲပေးပိုင်ခွင့်ရှိသူ ဟုတ်/မဟုတ် စိစစ်ခဲ့ခြင်းမျိုးမပြုလုပ်ခဲ့ဘဲ မဲစာရင်းတွင် နိုင်ငံသား စိစစ်ရေးကတ်မရှိသူများ အစုလိုက် အပြုံလိုက် ပါဝင်နိုင်ရန်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ် တစ်ခုတည်းဖြင့် မဲစာရင်း ၂ ကြိမ်၊ ၃ ကြိမ်နှင့်အထက်

---

၁။ မြစ်ကြီးနားသတင်းဂျာနယ်၏ ၂၀၁၉ခုနှစ်၊ဩဂုတ်လ ၁၉ ရက်နေ့ ထုတ်ပြန်သည့်သတင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးစာတွဲ၊ နေပြည်တော်။

၂။ ၄-၈-၂၀၂၀၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ စာအမှတ်၊ ၇/၄၆၄-အထွေထွေ/အဖရ(၂၀၂၀)ညွှန်ကြားချက်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးစာတွဲ၊ နေပြည်တော်။

၃။ ၁၀-၈-၂၀၂၀၊ စာအမှတ်၊ ၄ / ရကပ(၁၄၆) / ကမရ၊ ရွေးကောက်ပွဲဌာန၏ ထွက်စာများဖိုင်တွဲ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊နေပြည်တော်။

ပါဝင်နိုင်ရန်လုပ်ဆောင်ခဲ့ကြောင်း စိစစ်တွေ့ရှိရပါသည်။ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ အခန်း(၆) မဲစာရင်း ပြုစုခြင်းပါ ပုဒ်မ ၁၅ (ဂ) တွင် "မဲဆန္ဒနယ်များရှိ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ မည်သူမဆို သက်ဆိုင်ရာမဲဆန္ဒနယ်၏ မဲစာရင်းတစ်ခုမှအပ အခြားမဲဆန္ဒနယ်၏ မဲစာရင်းများ၌ တစ်ချိန်တည်းတွင် အမည်စာရင်း ပါဝင်ခြင်းမရှိစေရ" ဟု ပြဋ္ဌာန်းထားသော်လည်း မဲစာရင်းများကောက်ယူရာတွင် ဥပဒေများကိုလျစ်လျူရှုလျက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ အနိုင်ရရှိရေးအတွက်ကိုသာ လုပ်ဆောင်ခဲ့ကြကြောင်း တွေ့ရှိရပါသည်။[၁]သက်ဆိုင်ရာ လွှတ်တော် ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၁၉ (ခ) အရ "မဲစာရင်းတွင် ပါဝင်ခွင့်မရှိဘဲ ပါဝင်ကြောင်းတွေ့ရှိလျှင် ထိုအမည်များကို မဲစာရင်းမှ ပယ်ဖျက်ရမည်" ဟု ပြဋ္ဌာန်းထားသော်လည်း ပယ်ဖျက်ခဲ့ခြင်းမရှိဘဲ ထည့်သွင်းပေးခဲ့ကြောင်း စိစစ်တွေ့ရှိရပါသည်။[၂]

၃၀။ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ယခင်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှကြေညာခဲ့သည့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူစာရင်းမှာ ၃၈၂၇၁၄၄၇ ဦး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၏စာရင်းမှာ ၃၁၇၇၅၃၃၀ ဦးဖြစ်သည်။ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလတွင်ရှိသည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ အသက် ၁၈ နှစ်ပြည့်ပြီးသူ စာရင်းမှာ ၃၅၄၇၆၈၃၃ ဦးဖြစ်သဖြင့် အခြေခံလူဦးရေစာရင်းများ ကွာခြားလျက်ရှိသည်မှာ မဲမသမာမှုများ ဖြစ်ပေါ်ရေးအတွက် ကြိုတင်ကြံစည်ဆောင်ရွက်ခဲ့ကြောင်း ပေါ်လွင်ထင်ရှားပါသည်။[၃]

၃၁။ အသက် ၆၀ နှစ်နှင့်အထက် မဲဆန္ဒရှင်များ ကြိုတင်မဲပေးရန်အတွက် ရွေးကောက်ပွဲနေ့ မတိုင်မီ ၂၉-၁၀-၂၀၂၀ ရက်နေ့မှစတင်၍ ဆောင်ရွက်နိုင်ကြောင်း ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၁၀-၁၀-၂၀၂၀ ရက်စွဲပါ ကြေညာချက်အမှတ် (၁၈၉/၂၀၂၀) ဖြင့် ကြေညာချက်ထုတ်ပြန်ဆောင်ရွက်ခဲ့သည့်အတွက် ကြိုတင်ဆန္ဒမဲများကောက်ခံရာတွင် အချို့နေရာများ၌ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ အောင်နိုင်ရေးအဖွဲ့များပါဝင်၍ နေအိမ်များသို့သွားရောက်ကာ ဆောင်ရွက်ခဲ့ကြသဖြင့် ဥပဒေနှင့်မညီသော မဲပေးမှုဖြစ်စဉ်များ ပေါ်ပေါက်ခဲ့ပါသည်။[၄] ကိုဗစ်- ၁၉ ရောဂါနှင့်စပ်လျဉ်း၍ ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်အရ မိမိမဲဆန္ဒနယ်သို့ ပြန်လည်ဆန္ဒမဲပေးခြင်း မပြုနိုင်သည့် မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးရန် အသိပေးကြေညာချက်ကို ၈ - ၁၀ - ၂၀၂၀ ရက်နေ့နှင့် ညွှန်ကြားချက်ကို ၁၁ -၁၀ -၂၀၂၀ ရက်နေ့တို့တွင် ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ကြေညာဆောင်ရွက်ခဲ့ပါသည်။ ယင်းညွှန်ကြားချက်များထုတ်ပြန်၍ နိုင်ငံသားစိစစ်ရေးကတ်မရှိသူများ အစုလိုက်အပြုံလိုက် မဲစာရင်းတွင်ထည့်သွင်းခြင်း၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ် တစ်ခုတည်းဖြင့် မဲစာရင်း ၂ ကြိမ်၊ ၃ ကြိမ်နှင့်အထက် မဲစာရင်းတွင်ထည့်သွင်း၍ မဲပေးခဲ့ခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း စိစစ်တွေ့ရှိရပါသည်။

---

၁။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ တိုင်းဒေသကြီးလွှတ်တော်(သို့မဟုတ်) ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေတို့၏ အခန်း(၆)မဲစာရင်း ပြုစုခြင်း၊ ပုဒ်မ ၁၅(ဂ)


၂။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ တိုင်းဒေသကြီးလွှတ်တော်(သို့မဟုတ်) ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေတို့၏ အခန်း(၆)မဲစာရင်း ပြုစုခြင်း၊ ပုဒ်မ ၁၉(ခ)

၃။ ၂၀၂၀ပြည့်နှစ်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏စစ်ဆေးတွေ့ရှိချက်အစီရင်ခံစာ၊အခန်း(၂)၊စာမျက်နှာ(၁၀)

၄။ ၁၀-၁၀-၂၀၂၀၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်အမှတ်(၁၈၉/၂၀၂၀)၊ရွေးကောက်ပွဲဌာနထွက်စာဖိုင်တွဲများ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ နေပြည်တော်။

၃၂။ မဲဆန္ဒရှင်များ ဆန္ဒမဲပေးသည့်အခါတွင် နိုင်ငံသားစိစစ်ရေးကတ် မရှိသူ မဲဆန္ဒရှင်များ မဲပေးခွင့်ရရှိရေးအတွက် ယခင်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ၁၉-၈-၂၀၂၀ ရက်စွဲပါ စာအမှတ်၊ ၄/ရကပ (၁၇၀)/ကမရ ဖြင့် ညွှန်ကြားချက် ထုတ်ပြန်ဆောင်ရွက်ခဲ့ကာ မဲရုံများတွင် နိုင်ငံသားစိစစ်ရေးကတ် စိစစ်မှုမပြုနိုင်သော မဲဆန္ဒရှင်သက်သေခံလက်မှတ်များဖြင့် မဲပေးခွင့်ပြုခဲ့ခြင်းကြောင့် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေများနှင့် ညီညွတ်မှုမရှိသော နိုင်ငံသားစိစစ်ရေးကတ်မရှိသူများ မဲပေးခဲ့ခြင်း၊ နိုင်ငံသားစိစစ်ရေးကတ် အမှတ်တစ်ခုတည်းဖြင့် ၂ ကြိမ်၊ ၃ ကြိမ်နှင့်အထက် မဲစာရင်းတွင် ပါဝင်သူများမဲပေးခွင့်ရရှိခဲ့ခြင်းများကြောင့် သက်ဆိုင်ရာ လွှတ်တော် ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၅၉ ပါ ပြဋ္ဌာန်းချက်များကို ကျူးလွန်ဖောက်ဖျက်မှုများရှိခဲ့ကြောင်း စိစစ်တွေ့ရှိရပါသည်။[၁] ရွေးကောက်ပွဲနေ့တွင် မဲရုံများ၌အသုံးပြုခဲ့သည့် ဆန္ဒပြုအမှန်ခြစ် တံဆိပ်တုံးများနှင့်စပ်လျဉ်း၍ဆောင်ရွက်ရာတွင် UEC အမှတ်တံဆိပ်မပါရှိသည့် အမှန်ခြစ်တံဆိပ်တုံး ရိုက်နှိပ်ထားသော မဲလက်မှတ်များကိုတွေ့ရှိပါကလည်း ခိုင်လုံမဲအဖြစ်သတ်မှတ်မည်ဖြစ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၆ ရက်နေ့ ရက်စွဲပါ စာအမှတ်၊ ၄/ရကပ (၄၂၀)/ကမရ ဖြင့် ညွှန်ကြားခဲ့ခြင်းသည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပါတီဝင်များအနေဖြင့် ဆန္ဒမဲပေးရာတွင် UEC အမှတ်တံဆိပ်မပါသည့် အမှန်ခြစ်တံဆိပ်တုံးများကို ရည်ရွယ်ချက်ရှိရှိ တရားမဝင်အသုံးပြုရန်ရှိသည်မှာ ပေါ်လွင်ထင်ရှားနေပါသည်။[၂]

နေပြည်တော်ကောင်စီဥက္ကဋ္ဌက ပြည်ထောင်စုနယ်မြေ ကော်မရှင် အဖွဲ့ခွဲ ဖွဲ့စည်းရန်အတွက် အမည်စာရင်းပေးပို့သည့်စာ



လျှို့ဝှက်
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နေပြည်တော်ကောင်စီ
စာအမှတ်၊ ၆ / ၁ - ၂ (၈၉၉ ) / ဦး ၁
ရက် စွဲ ၊ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၁၄ ရက်

သို့
ဦးလှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

အကြောင်းအရာ။ အမည်စာရင်းပေးပို့ခြင်း
ရည်ညွှန်းချက်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ နေပြည်တော်၏ (၇.၁၂.၂၀၁၇) ရက်စွဲပါ စာအမှတ်၊ ၄/ ရကပ (၅၅) / ကမရ

၁။ ပြည်ထောင်စုနယ်မြေရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများကို အသစ်ပြန်လည်ဖွဲ့စည်းရန်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေ အခန်း(၅)၊ ပုဒ်မ ၁၆ အရ ရွေးကောက်ပွဲကော်မရှင်အဆင့်ဆင့်ရှိ အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ်များသည် သတ်မှတ်အရည်အချင်းများနှင့်ပြည့်စုံရမည်ဖြစ်ပြီး အရည်အချင်းသတ်မှတ်ချက်များနှင့်ကိုက်ညီသည့် အများယုံကြည်လေးစားသောပုဂ္ဂိုလ်(၆)ဦး(အနည်းဆုံးအမျိုးသမီး(၁)ဦးပါဝင်ဖွဲ့စည်းရန်) အမည်စာရင်းကို အောလျင်စွာ ပြန်လည်ပေးပို့နိုင်ရန် ရည်ညွှန်းပါစာဖြင့် မေတ္တာရပ်ခံလာပါသည်။

၂။ သို့ဖြစ်ပါ၍ ပြည်ထောင်စုနယ်မြေရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲကို အသစ်ပြန်လည်ဖွဲ့စည်းရန်အတွက် နေပြည်တော်အတွင်းရှိ အများယုံကြည်လေးစားသောပုဂ္ဂိုလ်(၆)ဦး၏ အမည်စာရင်းကို ပေးပို့အပ်ပါသည်။

ပူးတွဲ - နေပြည်တော်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (၁)ရွက်
ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်(လျာထား)အမည်စာရင်း


ဒေါက်တာမျိုးအောင်
ဥက္ကဋ္ဌ
နေပြည်တော်ကောင်စီ

မိတ္တူကို
ရုံးလက်ခံစာတွဲ

လျှို့ဝှက်

Su 6 Admin(2) 447

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီး ကော်မရှင် အဖွဲ့ခွဲ ဖွဲ့စည်းရန်အတွက် အမည်စာရင်းပေးပို့သည့်စာ



လျှို့ဝှက်
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့
ပဲခူးမြို့
စာအမှတ်၊ ၅ / ၂ - ၈ / ဦး ၁ ( ၈၉၃၃ )
ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်

ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်

အကြောင်းအရာ။ အများယုံကြည်လေးစားသော ပုဂ္ဂိုလ်များ၏ အမည်စာရင်းပေးပို့ခြင်း
ရည် ညွှန်း ချက် ။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်(နေပြည်တော်)၏ (၂၇.၁၁.၂၀၁၇) ရက်စွဲပါ စာအမှတ်၊ ၄ / ရကပ(၄၇) / ကမရ

၁။ တိုင်းဒေသကြီး/ ပြည်နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများကို အသစ်ပြန်လည်ဖွဲ့စည်းရန်အတွက် အရည်အချင်း သတ်မှတ်ချက်များနှင့်ကိုက်ညီသည့် အများယုံကြည်လေးစားသော ပုဂ္ဂိုလ်(၆)ဦး၏ အမည်စာရင်းကို (လျှို့ဝှက်) အဆင့်ဖြင့် ဝန်ကြီးချုပ်ကိုယ်တိုင်လက်မှတ်ရေးထိုး၍ အောလျင်စွာ ပြန်လည်ပေးပို့ပါရန် ရည်ညွှန်းပါစာဖြင့် အကြောင်းကြားလာပါသည်။

၂။ သို့ဖြစ်ပါ၍ ပဲခူးတိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အသစ်ပြန်လည်ဖွဲ့စည်းရန်အတွက် အများယုံကြည်လေးစားသော ပုဂ္ဂိုလ်(၆)ဦး၏အမည်စာရင်းအား ပူးတွဲပါအတိုင်း ပေးပို့တင်ပြအပ်ပါသည်။

ပူးတွဲပါ - လျာထားအမည်စာရင်းဇယား(၁)ရွက်

ဝင်းသိန်း
ဝန်ကြီးချုပ်

မိတ္တူကို
လက်ခံစာတွဲ

လျှို့ဝှက်

---

၁။ ၁၉-၈-၂၀၂၀၊ စာအမှတ်၊ ၄/ရကပ (၁၇၀)/ ကမရ ဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ မဲရုံများတွင် နိုင်ငံသားစိစစ်ရေးကတ် စိစစ်မှုမပြုနိုင်သော မဲဆန္ဒရှင်သက်သေခံလက်မှတ်များဖြင့် မဲပေးခွင့်ပြုရန်ညွှန်ကြားချက်၊ ရွေးကောက်ပွဲဌာနထွက်စာဖိုင်တွဲများ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊နေပြည်တော်။

၂။ ၆-၁၁-၂၀၂၀၊စာအမှတ်၊ ၄/ရကပ(၄၂၀)/ကမရဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ညွှန်ကြားချက်၊ရွေးကောက်ပွဲဌာနထွက်စာဖိုင်တွဲများ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ နေပြည်တော်။

## မိမိပါတီအနိုင်ရရှိရေးအတွက် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများပြင်ဆင်ခြင်း

၃၃။ ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေများကို ပဉ္စမအကြိမ်ပြင်ဆင်သည့် နည်းဥပဒေများကို ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၃ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် (၅၅/၂၀၁၉)၊ (၅၆/၂၀၁၉) နှင့် (၅၇/၂၀၁၉) တို့ဖြင့် လည်းကောင်း၊ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေများကို ဆဋ္ဌမအကြိမ် ပြင်ဆင်သည့်နည်းဥပဒေများကို ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၅ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် (၉/၂၀၂၀)၊ (၁၀/၂၀၂၀) နှင့် (၁၁/၂၀၂၀) တို့ဖြင့်လည်းကောင်း ပြင်ဆင် ပြဋ္ဌာန်းခဲ့ပါသည်။[၁] ထိုသို့ ပြင်ဆင်ပြဋ္ဌာန်းရာတွင် ယခင်ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း၊ အဖွဲ့ဝင်များ ဖြစ်ကြသည့် ဦးမြင့်နိုင်နှင့် ဦးသန်းဌေး တို့သည် နိုင်ငံတော်သမ္မတနှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်တို့ထံ သွားရောက်၍ ယင်းတို့၏ လမ်းညွှန်မှု မူဝါဒများနှင့်အညီ အာဏာရပါတီဖြစ်သော NLD ပါတီကို အလေးသာစေမည့် နည်းဥပဒေ ပြင်ဆင်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရပါသည်။

၃၄။ အဆိုပါ ပြင်ဆင်ပြဋ္ဌာန်းချက်များတွင် သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေ ၁၀ ၌ မဲဆန္ဒနယ်ပြင်ပရောက်အခြားမဲဆန္ဒရှင်များအတွက် မိမိတို့ရောက်ရှိနေသော မဲဆန္ဒနယ်တွင် အနည်းဆုံးရောက်ရှိနေရမည့် ကာလသတ်မှတ်ချက်ကို ယခင် **"ရက်ပေါင်း ၁၈၀ ထက်မနည်း"** ဟူ၍ သတ်မှတ်ထားရာမှ **"ရက်ပေါင်း ၉၀ ထက် မနည်း"** ဟူ၍ ပြင်ဆင်သတ်မှတ်ပြဋ္ဌာန်းခဲ့ရာ ရွှေ့ပြောင်းလုပ်သားများ အများအပြားရှိသည့် အချို့မဲဆန္ဒနယ် (ဥပမာ– ဖားကန့်၊ မိုးကုတ်၊ သတ္တုရှာဖွေရေးလုပ်ငန်းနေရာများ၊ စက်မှုဇုန်နေရာများ စသည်) များမှ အဆိုပါ ရွှေ့ပြောင်းလုပ်သားများကို ရက်ပေါင်း ၉၀ ပြည့်ပါက မဲစာရင်းတွင် ထည့်သွင်းဆောင်ရွက်ခွင့်ပြုခြင်းအတွက် ယခင်ကတည်းက အခြေချနေထိုင်ခဲ့ကြသော နယ်မြေဒေသခံ တိုင်းရင်းသားများအနေဖြင့် နစ်နာမှုများရှိကြောင်း ဒေသခံ နိုင်ငံရေးပါတီများ၏ တင်ပြချက်များအရ သိရှိရပါသည်။[၂]

၃၅။ သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေ ၃၉ (က) တွင် မြို့နယ်ကော်မရှင် အဖွဲ့ခွဲသည် တပ်မတော်သားများနှင့် အတူနေ အိမ်ထောင်စုဝင်များအတွက် မဲရုံနေရာများသတ်မှတ်ရာ၌ သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်းရှိ မဲဆန္ဒရှင်များနှင့်အတူ ဆန္ဒမဲပေးနိုင်ရန်နှင့် ပွင့်လင်းမြင်သာမှုရှိစေရန် အများပြည်သူများ လွတ်လပ်စွာ ဝင်ထွက်သွားနိုင်မည့် ထိုတပ်ရင်းတပ်ဖွဲ့၏ပြင်ပ သင့်လျော်သည့်နေရာတွင် သတ်မှတ်ပေးရမည် ဟူ၍ ပြင်ဆင်သတ်မှတ် ပြဋ္ဌာန်းခဲ့ရာ အချို့ဧရိယာကျယ်ဝန်းသော တပ်ရင်းတပ်ဖွဲ့၊ တပ်ဌာနချုပ်များတွင်နေထိုင်သော မဲဆန္ဒရှင်များအနေဖြင့် မဲရုံသို့သွားရောက် မဲပေးရာတွင် ခရီးအကွာအဝေးအရအခက်အခဲများ ဖြစ်ပေါ် ခဲ့ကြောင်းနှင့် အချို့နယ်မြေအေးချမ်းမှုမရှိသောဒေသများတွင် မိမိတပ်၏ ပြင်ပသို့သွားရောက်၍ မဲပေးရသည့်အတွက် တပ်တွင်းလုံခြုံရေးကို အားနည်းစေနိုင်သည့် အခြေအနေများရှိကြောင်း သိရှိရပါသည်။

၁။ **အမိန့်ကြော်ငြာစာများ၊ ရွေးကောက်ပွဲခုံရုံးဌာနထွက်စာများဖိုင်တွဲ၊** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊နေပြည်တော်။

၂။ **ကချင်ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၏အစီရင်ခံစာ၊** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးစာတွဲ၊ နေပြည်တော်။

## အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ (NLD) အနိုင်ရရှိရေးအတွက် ဥပဒေပြင်ဆင်ခြင်းလုပ်ငန်းများတွင် နိုင်ငံတော်သမ္မတဟောင်း၏ ဝင်ရောက်စွက်ဖက်မှုနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၏ အကြံပေးချက်များရယူ၍ လုပ်ဆောင်ခဲ့ခြင်း

၃၆။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီအစိုးရ၏ နိုင်ငံတော်သမ္မတဟောင်း ဦးဝင်းမြင့်သည် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ အနိုင်ရရှိရေးအတွက် ဥပဒေ၊ နည်းဥပဒေများကို ယခင်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အား ပြင်ဆင်၊ ဖြည့်စွက်ခြင်းလုပ်ငန်းများ လုပ်ဆောင်ရန် စေခိုင်းခဲ့ကြောင်း တွေ့ရှိရပါသည်။ ထို့ပြင် နိုင်ငံတကာအဖွဲ့အစည်းများဖြစ်သော International Foundation for Electoral Systems ( IFES ) နှင့် International Institute for Democracy and Electoral Assistance (International IDEA) အဖွဲ့တို့၏ ဝင်ရောက်စွက်ဖက်အကြံပေးချက်များကို လိုက်နာလုပ်ဆောင်ခဲ့ကြောင်းတွေ့ရှိရပါသည်။ ယခင်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ဥပဒေ ပြင်ဆင်၊ ဖြည့်စွက်ခြင်းလုပ်ငန်းများအား အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ အစိုးရတာဝန်ယူပြီး ၃ လအကြာ ၂၀၁၆ ခုနှစ်၊ ဇွန်လ မှ စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲမတိုင်မီ ၂၀၂၀ ပြည့်နှစ်၊ ဇွန်လအထိ စီစဉ်ဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရပါသည်။

၃၇။ IFES အဖွဲ့၏ အကြံပြုတင်ပြချက်စာတမ်းအား စစ်ဆေးတွေ့ရှိချက်အရ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်နေ့နှင့် ၂၀၁၉ ခုနှစ် ဧပြီလ ၉ ရက်နေ့တို့တွင် ယခင်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့်တွေ့ဆုံခဲ့ပြီး ဆွေးနွေးချက်များအရဟုဆိုကာ ယခင်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏နည်းဥပဒေများကို ပြင်ဆင်ရန်ဦးစားပေးအချက်များအဖြစ် ပေးပို့ခဲ့ကြောင်း တွေ့ရှိရပါသည်။[၁] ထို့ပြင် ယခင်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ တောင်းဆိုချက်အရဟုဆိုကာ ၂၀၁၉ ခုနှစ် ဇန်နဝါရီလတွင်လည်း IFES နှင့် IDEA တို့မှ ပူးပေါင်း၍ စာတမ်းတစ်စောင်ပြုစုခဲ့ပြီး ထိုစာတမ်းတွင် ဥပဒေ၊ နည်းဥပဒေများ ပြင်ဆင်၊ ဖြည့်စွက်ရန် အကြံပြုချက်များပါဝင်ကြောင်း စိစစ်တွေ့ရှိရပါသည်။[၂]

၃၈။ ယခင်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် IFES နှင့် IDEA တို့၏ **၃၅၃** ချက်ပါ အကြံပြုတင်ပြချက်များအား လက်ခံရယူခဲ့ပြီး ယင်းအကြံပြုချက်များအား လွှတ်တော်သို့ပေးပို့ တင်သွင်းပြင်ဆင်နိုင်ရန်အတွက် ယခင်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များပါဝင်ကာ ဆွေးနွေးမှုများအကြိမ်ကြိမ်ပြုလုပ်ခဲ့ပြီး ဥပဒေ၊ နည်းဥပဒေ ပြင်ဆင်ခြင်းအတွက် အစည်းအဝေးပြုလုပ်ခဲ့သော ၂၄-၅-၂၀၁၉ ရက်နေ့၏ အစည်းအဝေးမှတ်တမ်း၊ ၇-၆-၂၀၁၉၊ ၁၇-၆-၂၀၁၉၊ ၂-၇-၂၀၁၉၊ ၂-၁၀-၂၀၁၉၊ ၁၉-၉-၂၀၁၉ ရက်နေ့တို့၏ အစည်းအဝေးမှတ်တမ်းများတွင် စိစစ်တွေ့ရှိ ရပါသည်။[၃] ယခင်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးလှသိန်းသည် ၂၀၁၉ ခုနှစ်၊

---

၁။ IFES မှ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ပေးပို့ထားသော နည်းဥပဒေများကို ပြင်ဆင်ရန် ဦးစားပေးအချက်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးစာတွဲ၊ နေပြည်တော်။

၂။ ၂၀၁၉ခုနှစ်၊ ဇန်နဝါရီလ၊IFES နှင့် IDEA တို့မှ ပူးပေါင်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ထံသို့ ဥပဒေဆိုင်ရာအကြံပြုတင်ပြချက်စာတမ်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး စာတွဲ၊ နေပြည်တော်။

၃။ ယခင်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင်များပါဝင်ကာ ဆွေးနွေးမှုများအကြိမ်ကြိမ်ပြုလုပ်ခဲ့ပြီး ဥပဒေ၊ နည်းဥပဒေ ပြင်ဆင်ခြင်း အတွက် အစည်းအဝေး ပြုလုပ်ခဲ့သော ၂၄-၅-၂၀၁၉ ရက်နေ့၏ အစည်းအဝေးမှတ်တမ်း၊ ၇-၆-၂၀၁၉၊ ၁၇-၆-၂၀၁၉၊ ၂-၇-၂၀၁၉၊ ၂-၁၀-၂၀၁၉၊ ၁၉-၉-၂၀၁၉ ရက်နေ့တို့၏ အစည်းအဝေးမှတ်တမ်းများ၊ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ရုံးစာတွဲ၊ နေပြည်တော်။

အောက်တိုဘာလ ၂ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော အစည်းအဝေးတွင် IFES နှင့် IDEA တို့၏ အကြံပြုချက်စာတမ်းပါ အကြံပြုတင်ပြချက်များထဲမှ အကြံပြုတင်ပြချက် အမှတ်စဉ် **၁၇၇** တွင် “ ANFREL 2015: တပ်မတော်သား/ သူများအတွက် မဲဆန္ဒနယ်ပြင်ပ ကြိုတင်မဲပေးခြင်းသည် စံသတ်မှတ်ထားသော မဲရုံများနှင့် လုပ်ငန်းစဉ်များအရ ဖြစ်နိုင်သမျှလုပ်ဆောင်ရမည်ဖြစ်သည်။ တပ်မတော် တပ်ရင်း၊ တပ်ဖွဲ့များအတွင်း ကြိုတင်မဲပေးခြင်းမျိုးကို ခွင့်မပြုသင့်ပါ။ ” ဟူ၍ လည်းကောင်း၊ အကြံပြုတင်ပြချက် **၁၇၈** တွင် “ ANFREL 2017: ထိန်းချုပ်ထားသည့် အနေအထားပတ်ဝန်းကျင်တွင် မဲပေးခြင်းသည် မဲဆန္ဒရှင်များ၏အခွင့်အရေးကို လွတ်လပ်စွာ ကျင့်သုံးခြင်းကို ထိခိုက်နိုင်ပါသည်။ ထိန်းချုပ်ထားသည့် အနေအထားပတ်ဝန်းကျင် (စစ်တပ်စခန်းများ) ထက် လွတ်လပ်သောကြားနေ နေရာတစ်ခုက ပိုမိုကောင်းမွန်ပါသည်။ ပွင့်လင်းမြင်သာမှုရှိခြင်းနှင့် လွတ်လပ်စွာရွေးချယ်ခြင်းတို့မှာ သက်သောင့်သက်သာရှိမှသာ ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ထို့ကြောင့်စစ်တပ်စခန်းများတွင် မဲရုံများထားရှိခြင်းမပြုသင့်ပါ။ သို့မဟုတ် မဲရုံကို စစ်စခန်း၏ဂိတ်ပေါက်ပြင်ပတွင် ထားရှိနိုင်ပါသည်။” ဟူ၍လည်းကောင်း၊ အကြံပြုချက် **၁၇၉** တွင် “ ANFREL 2018 : တပ်မတော်သားများ၏ မဲဆန္ဒနယ်ပြင်ပကြိုတင်မဲပေးခြင်း – ကြိုတင်မဲပေးရန် နေ့ရက်နှင့် နေရာများကို ကြိုတင်ကြေညာထားခြင်းဖြင့် ပွင့်လင်းမြင်သာမှုကို အားကောင်းစေမည်။ ယင်းသို့ ကြေညာထားခြင်းကြောင့် မီဒီယာနှင့် စောင့်ကြည့်လေ့လာသူများစသည့် ရွေးကောက်ပွဲနှင့် သက်ဆိုင်သူများလည်း ၎င်းတို့၏အခန်းကဏ္ဍတာဝန်ကို အသီးသီးထမ်းဆောင်နိုင်မည်ဖြစ်သည်။” ဟူ၍လည်းကောင်း စသည့်တပ်မတော်နှင့် ပြည်သူလူထုအပေါ် ယုံကြည်မှုပျက်ပြားစေသည့် အချက်များကို ဆောင်ရွက်သွားရန်အတွက် ဆွေးနွေးခဲ့ကြောင်း အစည်းအဝေးမှတ်တမ်းများအရ စိစစ်တွေ့ရှိရသည်။[၁]

၃၉။ ထိုကဲ့သို့ ဆွေးနွေးခဲ့ပြီး ယင်းအကြံပြုချက် ၁၇၇၊ ၁၇၈ နှင့် ၁၇၉ တို့ ပါဝင်သော နည်းဥပဒေ ၃၉၊ နည်းဥပဒေခွဲ (က) ပါ နည်းဥပဒေပြင်ဆင်ချက်နှင့် အခြားပြင်ဆင်ချက်များအား ယခင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ၃-၁၀-၂၀၁၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၅၅/ ၂၀၁၉)၊ (၅၆/၂၀၁၉)၊ (၅၇/၂၀၁၉)တို့ဖြင့် ထုတ်ပြန်၍ ပြင်ဆင်ခဲ့ကြောင်းနှင့် လွှတ်တော်သို့ ပေးပို့ဆောင်ရွက်ခဲ့ပြီး လွှတ်တော်မှ အတည်ပြုခဲ့ကြောင်း တွေ့ရှိရပါသည်။[၂]

၄၀။ ယခင်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံတကာအဖွဲ့အစည်း ၂၄ ခုနှင့် ဆက်သွယ်ဆောင်ရွက်ခဲ့ပြီး နိုင်ငံတကာအဖွဲ့အစည်း(၁၂)ခုဖြင့် MOU လက်မှတ်ရေးထိုးကာ ရွေးကောက်ပွဲ လုပ်ငန်းစဉ်များတွင် ပါဝင်ပတ်သက်ဆောင်ရွက်ခဲ့ကြောင်း စိစစ်တွေ့ရှိရပါသည်။ အထူးသဖြင့် International Republican Institute (IRI)၊ The Carter Center (TCC) စသည့်အဖွဲ့အစည်းများက ငွေကြေးထောက်ပံ့မှုများပြုခဲ့ပါသည်။ ထို့ကြောင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ယင်းအဖွဲ့အစည်းများအား ထောက်ပံ့ထားသောနိုင်ငံများ၏ ဩဇာသက်ရောက်မှုမှာ လွန်စွာကြီးမားခဲ့ပြီး လွှမ်းမိုးချုပ်ကိုင် ခြယ်လှယ်ခဲ့ကြောင်း သိသာထင်ရှားစွာ စိစစ်တွေ့ရှိရပါသည်။[၃]

---

၁။ ယခင်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌအပါအဝင်အဖွဲ့ဝင်များပါဝင်ကာ ဆွေးနွေးမှုများအကြိမ်ကြိမ်ပြုလုပ်ခဲ့ပြီး ဥပဒေ၊ နည်းဥပဒေ ပြင်ဆင်ခြင်း အတွက် အစည်းအဝေး ပြုလုပ်ခဲ့သော ၂၄-၅-၂၀၁၉ ရက်နေ့၏ အစည်းအဝေးမှတ်တမ်း၊ ၇-၆-၂၀၁၉၊ ၁၇-၆-၂၀၁၉၊ ၂-၇-၂၀၁၉၊ ၂-၁၀-၂၀၁၉၊ ၁၉-၉-၂၀၁၉ ရက်နေ့တို့၏ အစည်းအဝေးမှတ်တမ်းများ၊ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ရုံးစာတွဲ၊နေပြည်တော်။

၂။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၃-၁၀-၂၀၁၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၅၅/၂၀၁၉) ၊ (၅၆/၂၀၁၉) ၊ (၅၇/၂၀၁၉) အမိန့်ကြော်ငြာစာများ၊ ရွေးကောက်ပွဲခုံရုံးဌာနထွက်စာများဖိုင်တွဲ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ နေပြည်တော်။

၃။ ၂၄-၁၂-၂၀၂၀၊ ယခင်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ အစီရင်ခံစာ၊ စာမျက်နှာ(၆၀)

၄၁။ ယခင်နိုင်ငံတော်သမ္မတဟောင်း ဦးဝင်းမြင့်သည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ အနိုင်ရရှိရန်အတွက် ဥပဒေ၊ နည်းဥပဒေများပြင်ဆင်ရာတွင် ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အား ညွှန်ကြားခဲ့ကြောင်း စိစစ်တွေ့ရှိရပါသည်။ ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးလှသိန်းသည် ၂၀၁၉ ခုနှစ်၊ မေလ ၂၄ ရက်နေ့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တွင် ပြုလုပ်သော ဥပဒေ၊ နည်းဥပဒေများပြင်ဆင်နိုင်ရေးအစည်းအဝေးတွင် မိမိတို့သည် နိုင်ငံတော်သမ္မတကြီးနဲ့ ၂၁ ရက်နေ့ (၂၁-၅-၂၀၁၉ ကိုဆိုလိုသည်) တွင် တွေ့ရှိခဲ့ကြောင်း၊ "တက်ရောက်လာသည့် မိမိအပါအဝင်အဖွဲ့ဝင်အားလုံးသည် သမ္မတကြီး၏ နောက်ဆုံးမိန့်ခွန်း ညွှန်ကြားသည့်အဆင့်ထဲမှ ထည့်သွင်းဆွေးနွေးဖို့ ဒီအရာကိုပဲ ဆွေးနွေးနေကြောင်း သမ္မတကြီးဟာ မပါဘူး ဖြစ်နေမှာစိုးရိမ်ကြောင်း၊ သမ္မတကြီးပြောတဲ့ Update ဖြစ်သည့်အရာများ မပါဝင်ဘူး ဖြစ်နေမည်ကို စိုးရိမ်ကြောင်း" ပြောကြားခဲ့သည်။

၄၂။ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်နေ့တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၌ ပြုလုပ်သော ဥပဒေ၊ နည်းဥပဒေများပြင်ဆင်နိုင်ရေး အစည်းအဝေးတွင် ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲ နည်းဥပဒေများ၊ နည်းဥပဒေ ၁၀ တွင်ပါရှိသော "အနည်းဆုံးရက်ပေါင်း ၁၈၀ ထက်မနည်း" ဆိုသည့်စကားရပ်ကို **"အနည်းဆုံးရက်ပေါင်း ၉၀ ထက်မနည်း"** ဆိုသည့်စကားရပ်ဖြင့် အစားထိုးနိုင်ရေး ဆွေးနွေးရာတွင် ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးလှတင့်မှ " ဒါကတော့ ကျွန်တော်တို့ ဟို ၂၁ ရက် ၅ လ ( ၂၁-၅-၂၀၁၉ ကိုဆိုလိုသည် ) က သမ္မတကြီးနဲ့တွေ့တော့ အဲဒီကိစ္စကို သူကတိတိကျကျကာလပိုင်းခြားပေးလိုက်တာ။ ခင်ဗျားတို့ ၁၈၀ ထက် ၉၀ ဆိုမရဘူးလားဗျာ ဆိုတဲ့ အဲ့စကားလေးတော့ရှိတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့က ၉၀ ဆိုပြီးတော့ အစည်းအဝေးမှာ ဆုံးဖြတ်ပြီးညှိလိုက်တာ" စသည်ဖြင့် ပြောကြားခဲ့သည်။ ထို့ပြင် ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၂ ရက်နေ့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၌ ပြုလုပ်သော ဥပဒေ၊ နည်းဥပဒေများပြင်ဆင်နိုင်ရေး အစည်းအဝေးတွင် ယခင်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးလှတင့်မှ သမ္မတကြီးနှင့် တွေ့ဆုံစဉ်ကလည်း ယင်းတပ်တွင်း မဲကိစ္စ၊ မဲရုံကိစ္စ၊ ကြိုတင်မဲကိစ္စများအတွက် လမ်းညွှန်ခဲ့ကြောင်း ပြောကြားခဲ့သည်ကို အစည်းအဝေးမှတ်တမ်းများအရ စိစစ်တွေ့ရှိရပါသည်။[၁]

၄၃။ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေများ၊ နည်းဥပဒေ ၁၀ နှင့်ပတ်သက်၍ လွှတ်တော်သို့ တင်သွင်းစဉ်အချိန်အခါကပင် တိုင်းရင်းသားပါတီများနှင့် အခြားပါတီများမှ ကန့်ကွက်ဆန္ဒပြမှုများ ပြင်းပြင်းထန်ထန် ဖြစ်ပေါ်ခဲ့သည်။ ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် နိုင်ငံရေးပါတီ ၁၄

၁။ ယခင်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌအပါအဝင်အဖွဲ့ဝင်များပါဝင်ကာ ဆွေးနွေးမှုများအကြိမ်ကြိမ်ပြုလုပ်ခဲ့ပြီး ဥပဒေ၊ နည်းဥပဒေ ပြင်ဆင်ခြင်း အတွက် အစည်းအဝေး ပြုလုပ်ခဲ့သော ၂၄-၅-၂၀၁၉ ရက်နေ့၏ အစည်းအဝေးမှတ်တမ်း၊ ၇-၆-၂၀၁၉၊ ၁၇-၆-၂၀၁၉၊ ၂-၇-၂၀၁၉၊ ၂-၁၀-၂၀၁၉၊ ၁၉-၉-၂၀၁၉ ရက်နေ့တို့၏ အစည်းအဝေးမှတ်တမ်းများ၊ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ရုံးစာတွဲ၊နေပြည်တော်။

ပါတီမှ ကန့်ကွက်ကြောင်း သဘောထားထုတ်ပြန်ခဲ့ကြသည်။[၁] အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ အစိုးရ၏ နိုင်ငံတော်သမ္မတအနေဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီသည် မဲဆန္ဒရှင်နည်းပါးသော ပြည်နယ်များရှိမြို့နယ်များတွင် ရွေးကောက်ပွဲအနိုင်ရရှိရန်အတွက် စနစ်တကျ စီစဉ်ဆောင်ရွက်ခဲ့ကြောင်း စိစစ်တွေ့ရှိရပါသည်။ ထိုကဲ့သို့ နိုင်ငံတော်သမ္မတဟောင်း ဦးဝင်းမြင့်သည် နည်းဥပဒေ ၁၀ ပါ နည်းဥပဒေ ပြင်ဆင်ချက်နှင့် အခြားပြင်ဆင်ချက်များအား မိမိရယူထားသော ရာထူးအာဏာကို အသုံးပြုလျက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီအရေးသာနိုင်မည့် အခွင့်အရေးနည်းလမ်းများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အား လုပ်ဆောင်စေခဲ့ပြီး ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၃-၁၀-၂၀၁၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၅၅/၂၀၁၉)၊ (၅၆/၂၀၁၉)၊ (၅၇/၂၀၁၉) တို့ဖြင့် ထုတ်ပြန်၍ နည်းဥပဒေများ ပြင်ဆင်ခဲ့ကြောင်းနှင့် လွှတ်တော်သို့ ပေးပို့ဆောင်ရွက်ခဲ့ကာ လွှတ်တော်မှအတည်ပြုခဲ့ကြောင်း တွေ့ရှိရပါသည်။[၂] ထို့ကြောင့် ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ လုပ်ဆောင်ချက်များအပေါ် ယခင် နိုင်ငံတော်သမ္မတဟောင်း ဦးဝင်းမြင့်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၏ ဩဇာသက်ရောက်မှုမှာ လွန်စွာကြီးမားခဲ့ပြီး ယခုကဲ့သို့ လွှမ်းမိုးချုပ်ကိုင်ခြယ်လှယ်ခဲ့ကြောင်း သိသာထင်ရှားစွာ စိစစ်တွေ့ရှိရပါသည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည်လည်း တရားမျှတပြီး လွတ်လပ်၍ဘက်မလိုက်သော အဖွဲ့အစည်းတစ်ရပ်အဖြစ် ရပ်တည်ခြင်းမရှိဘဲ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ အနိုင်ရရှိရေးအတွက် ဥပဒေ၊ နည်းဥပဒေများကို ပြင်ဆင်ကာ ဆောင်ရွက်ခဲ့ကြောင်း စိစစ်တွေ့ရှိရပါသည်။

## ယခင် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်မှု မရှိသည့် ညွှန်ကြားချက်များ ထုတ်ပြန်ခြင်း

၄၄။ ယခင် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် မဲဆန္ဒရှင်စာရင်းပြုစုရာတွင် သက်ဆိုင်ရာလွှတ်တော် ရွေးကောက်ပွဲ ဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်ခြင်းမရှိသော အောက်ပါညွှန်ကြားချက်များကို ထုတ်ပြန်ဆောင်ရွက်ခဲ့ကြောင်း စိစစ်တွေ့ရှိရပါသည်-

(က) ပထမအကြိမ် မဲစာရင်းကပ်ထားကြေညာရာတွင် မှားယွင်းမှုကို အကြောင်းပြု၍ ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၄ ရက်နေ့တွင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် ဝန်ကြီးချုပ်ခေါင်းဆောင်သည့် လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးဌာနဝန်ကြီး၊ သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးဌာနတို့ပါဝင်သော မဲဆန္ဒရှင်စာရင်း ပြည့်စုံမှန်ကန်ရေးအတွက် ပံ့ပိုးကူညီရေးအဖွဲ့များ ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ကြောင်း တွေ့ရှိရပါသည်။[၃] ၎င်းအဖွဲ့၏လုပ်ပိုင်ခွင့်ကိုအခြေခံ၍ အဆင့်ဆင့်သော NLD ပါတီ

---

၁။ **၂၄-၂-၂၀၂၀၊ နိုင်ငံရေးပါတီ ၁၄ ပါတီမှ ကန့်ကွက်ကြောင်း သဘောထားထုတ်ပြန်ချက်၊** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးစာတွဲ၊ နေပြည်တော်။

၂။ **ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၃-၁၀-၂၀၁၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၅၅/၂၀၁၉)၊ (၅၆/၂၀၁၉)၊ (၅၇/၂၀၁၉) အမိန့်ကြော်ငြာစာများ၊ ရွေးကောက်ပွဲခုံရုံးဌာနထွက်စာများဖိုင်တွဲ၊** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ နေပြည်တော်။

၃။ **ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်များခေါင်းဆောင်သည့် မဲဆန္ဒရှင်စာရင်းများပြည့်စုံမှန်ကန်ရေးအတွက်ပံ့ပိုးကူညီရေးအဖွဲ့များဖွဲ့စည်းတာဝန်ပေးအပ်ခြင်း၊** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ နေပြည်တော်။

အောင်နိုင်ရေးအဖွဲ့များ၏ ဖိအားပေး၍ မဲစာရင်းထည့်သွင်းစေခြင်းကို ရွေးကောက်ပွဲနီးချိန်အထိ ဆောင်ရွက်ခြင်းများကြောင့်လည်း သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများက စိစစ်နိုင်ခြင်းမရှိဘဲ မဲစာရင်းပိုမိုဖောင်းပွ မှားယွင်းခဲ့ကြောင်း စိစစ်တွေ့ရှိရပါသည်။

( ခ ) သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၆ တွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ၏ အရည်အချင်းသတ်မှတ်ချက်များကို သတ်မှတ်ပြဋ္ဌာန်းထားရာ ပုဒ်မခွဲ (က) ၌ "ရွေးကောက်ပွဲ စတင် ကျင်းပသည့်နေ့တွင် အသက် ၁၈ နှစ် ပြည့်ပြီး ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သော နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသား ပြုခွင့်ရသူ" ဟူ၍လည်းကောင်း၊ ပုဒ်မခွဲ (ခ) ၌ "သက်ဆိုင်ရာ မဲဆန္ဒနယ်၏ မဲစာရင်းတွင်ပါဝင်သူ" ဟူ၍လည်းကောင်း သတ်မှတ်ပြဋ္ဌာန်းထားသော်လည်း ယခင်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က မှတ်ပုံတင် အစရှိသည့် အချက်အလက်များ မပြည့်စုံသည့် မဲဆန္ဒရှင်များ၏ မဲပေးပိုင်ခွင့် မဆုံးရှုံးစေရန်အတွက် မဲစာရင်းတွင် အမည်ပါသူ အမှန်ဖြစ်ကြောင်း သိသာစေနိုင်သည့် ယာဉ်မောင်းလိုင်စင်၊ ဝန်ထမ်းကတ်၊ ကျောင်းသားကတ်၊ ကြက်ခြေနီအဖွဲ့ဝင်ကတ်၊ အရန်မီးသတ် အဖွဲ့ဝင်ကတ်၊ ပြည်သူ့စစ်အဖွဲ့ဝင်ကတ်၊ ပရဟိတအဖွဲ့ဝင်ကတ် စသည့် ကတ်တစ်မျိုးမျိုး ပြသနိုင်လျှင် မဲပေးခွင့်ပြုသွားမည်ဖြစ်ကြောင်း ၁၉-၈-၂၀၂၀ ရက်နေ့တွင် ညွှန်ကြားချက်ထုတ်ပြန်၍ ဆောင်ရွက်ခဲ့သဖြင့်[၁] မဲရုံများတွင် နိုင်ငံသားစိစစ်ရေးကတ် စိစစ်မှုမပြုနိုင်သော မဲဆန္ဒရှင်သက်သေခံလက်မှတ်များဖြင့် မဲပေးခဲ့ခြင်း၊ နိုင်ငံသားစိစစ်ရေးကတ်မရှိသူများကို မဲပေးခွင့်ပြုခဲ့ခြင်း၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်တစ်ခုတည်းဖြင့် ၂ ကြိမ်၊ ၃ ကြိမ်နှင့်အထက် မဲစာရင်းတွင် ပါဝင်သူများ မဲပေးခွင့်ရရှိခဲ့ကြသဖြင့် သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၅၉ ပါ ပြဋ္ဌာန်းချက်များကို ကျူးလွန်ဖောက်ဖျက်မှုများရှိခဲ့ကြောင်း စိစစ်တွေ့ရှိရပါသည်။

( ဂ ) ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေမှုအခြေအနေအရ မဲဆန္ဒရှင်သက်သေခံလက်မှတ်များ ထုတ်ယူရမည့် လုပ်ငန်းအစီအစဉ်ကို ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၆ ရက်နေ့တွင်လည်းကောင်း၊[၂] အဆိုပါမဲဆန္ဒရှင်သက်သေခံလက်မှတ်များကို နိုဝင်ဘာလပထမပတ်အတွင်း ဖြန့်ဝေနိုင်ရေးစီစဉ်ဆောင်ရွက်သွားရန် ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၉ ရက်နေ့တွင် လည်းကောင်း[၃]

---


၁။ ယခင်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ မှတ်ပုံတင်အပါအဝင်အချက်အလက်များ မပြည့်စုံသည့် မဲဆန္ဒရှင်များကို ယာဉ်မောင်းလိုင်စင်၊ ဝန်ထမ်းကတ်၊ ကျောင်းသားကတ်၊ ကြက်ခြေနီအဖွဲ့ဝင်ကတ်၊ အရန်မီးသတ်အဖွဲ့ဝင်ကတ်၊ ပြည်သူ့စစ်အဖွဲ့ဝင်ကတ်၊ ပရဟိတအဖွဲ့ဝင်ကတ် စသည့် ကတ်တစ်မျိုးမျိုးပြသနိုင်လျှင် မဲပေးခွင့်ပြုရန်ညွှန်ကြားချက်၊ ရွေးကောက်ပွဲဌာနထွက်စာဖိုင်တွဲများ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ နေပြည်တော်။

၂။ ယခင်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှမဲဆန္ဒရှင်စာရင်း Microsoft Excel Fileများမှတစ်ဆင့် မဲဆန္ဒရှင်သက်သေခံလက်မှတ်များ ထုတ်ယူရမည့် လုပ်ငန်းအစီအစဉ်ပေးပို့အကြောင်းကြားခြင်း ၊ ရွေးကောက်ပွဲဌာနထွက်စာဖိုင်တွဲများ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ နေပြည်တော်။

၃။ မဲဆန္ဒရှင်သက်သေခံလက်မှတ်များကို နိုဝင်ဘာလ ပထမအပတ်အတွင်း ဖြန့်ဝေနိုင်ရေးစီစဉ်ဆောင်ရွက်သွားရန်ညွှန်ကြားခြင်း၊ ရွေးကောက်ပွဲဌာနထွက်စာဖိုင်တွဲများ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ နေပြည်တော်။

ညွှန်ကြားဆောင်ရွက်ခဲ့သဖြင့် မဲဆန္ဒရှင်သက်သေခံလက်မှတ်များ ဖောင်းပွခြင်း၊ မသက်ဆိုင်သူများထံသို့ မဲဆန္ဒရှင်သက်သေခံလက်မှတ်များ ရောက်ရှိခြင်း၊ မဲရုံတွင် မဲဆန္ဒရှင် မှန်/မမှန် စိစစ်ရန် ခက်ခဲသဖြင့် မဲဆန္ဒရှင်သက်သေခံလက်မှတ် ယူဆောင်လာသူကို မဲပေးခွင့်ပြုရခြင်း အစရှိသည့် ဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်မှုမရှိသော မဲပေးမှုများ ရှိခဲ့ကြောင်း စိစစ်တွေ့ရှိရပါသည်။မဲဆန္ဒရှင်သက်သေခံလက်မှတ်အတုများ ထုတ်ပေးမှုအနေဖြင့် ကရင်ပြည်နယ်၊ မြဝတီမြို့၊ အမှတ် (၃) ရပ်ကွက်မဲရုံတွင် ယခင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌဟောင်း မန်းဝင်းခိုင်သန်း၏ သားဖြစ်သူ ကိုစိုးသည် မဲဆန္ဒရှင်သက်သေခံလက်မှတ် (မဲစလစ်အတု) များ ပြုလုပ်၍ ထုတ်ပေးရာတွင် သွားရောက် ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း စစ်ဆေးတွေ့ရှိရပါသည်။

ယခင်ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်ရေးအတွက် ပံ့ပိုးကူညီရေးအဖွဲ့များ ဖွဲ့စည်းခြင်း



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
**ပြည်ထောင်စုအစိုးရအဖွဲ့ရုံး**

စာအမှတ်၊ ၇/၄၆၄-အထွေထွေ/အဖရ(၂၀၂၀)
ရက်စွဲ ၊ ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၄ ရက်

အကြောင်းအရာ။ **မဲဆန္ဒရှင်စာရင်းများပြည့်စုံမှန်ကန်ရေးအတွက် ပံ့ပိုးကူညီရေးအဖွဲ့ ဖွဲ့စည်းခြင်း**

၁။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများ၏ မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်ရေးအတွက် ပံ့ပိုးကူညီရေးအဖွဲ့များကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

(က) ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီ — အဖွဲ့ခေါင်းဆောင်

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးအပ်သည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီး — အဖွဲ့ဝင်
နေပြည်တော်ကောင်စီဥက္ကဋ္ဌက တာဝန်ပေးအပ်သည့် နေပြည်တော်ကောင်စီဝင်

(ဂ) ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ — အဖွဲ့ဝင်
ဥက္ကဋ္ဌ၊ ပြည်ထောင်စုနယ်မြေ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ


(ဃ) အတွင်းရေးမှူး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ နေပြည်တော်ကောင်စီ — အဖွဲ့ဝင်

(င) နေပြည်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးမှူး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန — အဖွဲ့ဝင်

၇၂၅၂
၅.၈.၂၀၂၀

PIIYO 2020 August - 11

ယခင်ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်ရေးအတွက် ပံ့ပိုးကူညီရေးအဖွဲ့များ ဖွဲ့စည်းခြင်း



၂

၂။ ပံ့ပိုးကူညီရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများ၏ မဲဆန္ဒရှင် စာရင်းပြုစုခြင်း၊ ပြင်ဆင်ခြင်းနှင့် ထိန်းသိမ်းခြင်းဆောင်ရွက်မှုများတွင် ပံ့ပိုးကူညီသည့် အစိုးရဌာနများ၏ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ အားနည်းချက်ဖြစ်ပေါ်ရသည့် အကြောင်းအရင်းများကို သိရှိနိုင်ရန်အတွက် စစ်ဆေးရေးအဖွဲ့များ ဖွဲ့စည်း၍ ကွင်းဆင်းစစ်ဆေးသွားရန်၊

(ခ) စစ်ဆေးတွေ့ရှိချက်အပေါ် လေ့လာသုံးသပ်၍ လိုအပ်ချက်များ ပြင်ဆင်ကာ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်ညှိနှိုင်းပြီး မဲဆန္ဒရှင်များ စာရင်းကို ပြည့်စုံမှန်ကန်စွာ ပြုစုရေးနှင့် မဲဆန္ဒရှင်များ သတ်မှတ်ရက်အတွင်း အချိန်မီ မဲပေးနိုင်ရေး ပံ့ပိုးကူညီမှုများ ဆောင်ရွက်ရန်၊

(ဂ) ပံ့ပိုးကူညီရေးအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ အချိန်နှင့်တစ်ပြေးညီ တင်ပြသွားရန်။

အမိန့်အရ

ဇော်သန်းသင်း
အမြဲတမ်းအတွင်းဝန်

**ဖြန့်ဝေခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ✓
ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့(အားလုံး)

မိတ္တူကို
နိုင်ငံတော်သမ္မတရုံး(စီမံရေးနှင့်ဘဏ္ဍာရေးဌာနကြီး)
သမ္မတဦးစီးရုံး
သမ္မတရုံးဝန်ကြီးဌာန
နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန
ရုံးလက်ခံ
မျှောစာတွဲ

PIIYO 2020 August - 12

## မဲဆန္ဒရှင်စာရင်းပြုစုခြင်းအပေါ် စစ်ဆေးတွေ့ရှိချက်

၄၅။ ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ၂၀၁၉ ခုနှစ်ကို အခြေခံမဲဆန္ဒရှင်စာရင်း ပြုစုရေး နှစ်အဖြစ် သတ်မှတ်ဆောင်ရွက်ခဲ့ပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် "လူဦးရေစာရင်း အချက်အလက် များ ကောက်ယူပြုစုခြင်း၊ အခြေခံမဲဆန္ဒရှင်စာရင်းပြုစုခြင်းဆိုင်ရာလုပ်ငန်းစီမံချက်"[၁] ကို ပြည်ထောင်စု အစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တို့နှင့် ပူးပေါင်းရေးဆွဲ၍ ၂၀၁၉ ခုနှစ်၊ ဇွန်လ တတိယပတ်မှစတင်၍ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။ထိုသို့ အခြေခံမဲဆန္ဒရှင်စာရင်းများပြုစုရန်အတွက် လူဦးရေစာရင်းအချက်အလက်များ ကောက်ယူရာတွင် ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများက ဥက္ကဋ္ဌအဖြစ်ပါဝင်သည့် လူဦးရေ စာရင်း ကောက်ယူရေးလုပ်ငန်းအဖွဲ့က အဓိကဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရပါသည်။ မဲဆန္ဒရှင်စာရင်း များ မြေပြင်ကောက်ယူရာတွင် NLD အစိုးရက ခန့်အပ်ထားသည့် ရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ် ရေးမှူးများနှင့် အချို့နေရာများတွင် NLD ပါတီ၏အောင်နိုင်ရေးအဖွဲ့များ ပူးပေါင်းကောက်ယူကြောင်း စိစစ်သိရှိရပါသည်။ ယင်းသို့ စာရင်းများကောက်ယူရာတွင် ရပ်ကွက်/ ကျေးရွာ အတွင်း အမှန်တကယ် နေထိုင်ခြင်း ရှိ/မရှိ၊ နိုင်ငံသားစိစစ်ရေးကတ် ရှိ/ မရှိ၊ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေအရ မဲပေးပိုင်ခွင့်ရှိသူ ဟုတ်/ မဟုတ် စိစစ်နိုင်ခြင်း မရှိခဲ့သည့်အတွက် မဲစာရင်းတွင် နိုင်ငံသားစိစစ်ရေးကတ် မရှိသူများ အစုလိုက်အပြုံလိုက်ပါဝင်ခြင်း၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်တစ်ခုတည်းဖြင့် မဲစာရင်း ၂ ကြိမ်၊ ၃ ကြိမ်နှင့်အထက် ဖောင်းပွပါဝင်နေခြင်းတို့ကို စိစစ်တွေ့ရှိရပါသည်။

၄၆။ ထို့အပြင် ပထမအကြိမ် မဲစာရင်းကပ်ထားကြေညာရာတွင် မှားယွင်းမှုကို အကြောင်းပြု၍ အဆင့်ဆင့်သော NLD ပါတီ အောင်နိုင်ရေးအဖွဲ့များက မဲစာရင်းထည့်သွင်းစေခြင်းကို ရွေးကောက်ပွဲ နီးချိန်အထိ ဖိအားပေး၍ဆောင်ရွက်ခြင်းများကြောင့်လည်း သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲများက စိစစ် နိုင်ခြင်းမရှိဘဲ မဲစာရင်းပိုမိုဖောင်းပွမှားယွင်းခဲ့ကြောင်း သုံးသပ်တွေ့ရှိရပါသည်။

၄၇။ သက်ဆိုင်ရာလွှတ်တော် ရွေးကောက်ပွဲဥပဒေ အခန်း (၆)၊ မဲစာရင်းပြုစုခြင်းပါ ပုဒ်မ ၁၅ (ဂ) တွင် "မဲဆန္ဒနယ်များရှိ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ မည်သူမဆို သက်ဆိုင်ရာမဲဆန္ဒနယ်၏ မဲစာရင်းတစ်ခုမှ အပ အခြားမဲဆန္ဒနယ်၏ မဲစာရင်းများ၌ တစ်ချိန်တည်းတွင် အမည်စာရင်း ပါဝင်ခြင်း မရှိစေရ" ဟု ပြဋ္ဌာန်းထားသော်လည်း မဲစာရင်းများကောက်ယူရာတွင် ဥပဒေနှင့် ညီညွတ်ခြင်း မရှိသော မှားယွင်းမှု များကိုတွေ့ရှိရပါသည်။ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၁၉ (ခ) အရ မဲစာရင်းတွင်

---

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ လူဦးရေစာရင်းအချက်အလက်များကောက်ယူပြုစုခြင်း၊ အခြေခံမဲဆန္ဒရှင်စာရင်း ပြုစုခြင်းဆိုင်ရာလုပ်ငန်း **စီမံချက်**၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးစာတွဲ၊နေပြည်တော်။

ပါဝင်ခွင့်မရှိဘဲ ပါဝင်ကြောင်းတွေ့ရှိလျှင် ထိုအမည်များကို မဲစာရင်းမှ ပယ်ဖျက်ရမည်ဟု ပြဋ္ဌာန်းထားသော်လည်း ပယ်ဖျက်ခြင်းမရှိခဲ့ကြောင်း စိစစ်တွေ့ရှိရပါသည်။[၁]

၄၈။ ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် မဲစာရင်းများပြုစုရာတွင် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများအတိုင်း ဆောင်ရွက်ခြင်းမရှိဘဲ လိုအပ်သလို ညွှန်ကြားချက်များ ထုတ်ပြန်ဆောင်ရွက်သဖြင့် မဲစာရင်းများ ဖောင်းပွခြင်း/ မှားယွင်းခြင်းများရှိခဲ့သည်ကို တွေ့ရှိရပါသည်။ အခြေခံမဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်ရေးအတွက် ပံ့ပိုးကူညီရေးအဖွဲ့များကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်ဝန်ကြီးချုပ်များ ဦးဆောင်ဖွဲ့စည်းခဲ့ပြီး မဲဆန္ဒရှင် အရည်အချင်း သတ်မှတ်ချက် ပြည့်စုံမှု ရှိ/ မရှိ မစိစစ်နိုင်သည့် မဲစာရင်းတွင် မပါဝင်သေးသူများ ထည့်သွင်းနိုင်ရေး ဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရပါသည်။

၁။ ၂၀၂၀ပြည့်နှစ်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာ၊ စာမျက်နှာ(၂၈၉)၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်၊ နေပြည်တော်။

## မဲဆန္ဒရှင်စာရင်းတွင် နိုင်ငံသားစိစစ်ရေးကတ်အမှတ် တစ်ခုတည်းဖြင့် ၃ ကြိမ်ပါဝင်နေခြင်း

| စဉ် | မဲအမှတ်စဉ် | ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအမည် | ကျား/မ | မွေးသက္ကရာဇ် | မှတ်ပုံတင်အမှတ် | အဘအမည် | အမိအမည် | နေရပ်လိပ်စာ | ရပ်ကွက်ကျေးရွာအုပ်စု | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၁၃၂၀ | ဒေါ်စန်းသီတာ | မ | ဝ၄-ဝ၂-၁၉၉၂ | ၁၀/ရမန(နိုင်)၂ဝ၄၉၈၈ | ဦးကုလား | ဒေါ်စန်းညွန့် | မရ-ဝ၆၊ချမ်းမြေ့သာယာကျေးရွာ၊/၄၅၆ | မဲရုံအမှတ်(၆)(အမက-၁၁၊ချမ်းမြေ့သာယာ)၊နံ့ကပ်ကျွန်းကျေးရွာအုပ်စု | |
| ၂ | ၁၅၃၃ | ဒေါ်စန်းသီတာ | မ | ဝ၄-ဝ၂-၁၉၉၂ | ၁၀/ရမန(နိုင်)၂ဝ၄၉၈၈ | ဦးကုလား | ဒေါ်စန်းညွန့် | မရ-ဝ၇၊ချမ်းမြေ့သာယာကျေးရွာ၊/၁၄၃၈ | မဲရုံအမှတ်(ဝ၇)(အမက-၁၁၊ချမ်းမြေ့သာယာ)၊နံ့ကပ်ကျွန်းကျေးရွာအုပ်စု | |
| ၃ | ၁၇၁ | ဒေါ်စန်းသီတာ | မ | ဝ၂-ဝ၄-၁၉၉၂ | ၁၀/ရမန(နိုင်)၂ဝ၄၉၈၈ | ဦးကုလား | ဒေါ်စန်းညွန့် | မရ-ဝ၃၊သာယာကုန်းကျေးရွာ၊/ဝ၅၉ | မဲရုံအမှတ်(ဝ၃)(အမက-၇၊သာယာကုန်း)၊နံ့ကပ်ကျွန်းကျေးရွာအုပ်စု | |
| ၄ | ၆၅ | ဦးချမ်းငြိမ်း | ကျား | ၂၄-ဝ၈-၁၉၉၅ | ၇/ပခတ(နိုင်)ဝ၈၉၅၆၉ | ဦးပေါက်စ | ဒေါ်ရီ | မရ-ဝ၄၊ကံသာကျေးရွာ၊/ဝ၁၉ | မဲရုံအမှတ်(၄)(အမက၊ကံသာ)၊အိုင်ကြီးကုန်းကျေးရွာအုပ်စု | |
| ၅ | ၁၄၁၈ | ဦးချမ်းငြိမ်း | ကျား | ၂၄-ဝ၈-၁၉၉၅ | ၇/ပခတ(နိုင်)ဝ၈၉၅၆၉ | ဦးပေါက်စ | ဒေါ်ရီ | မရ-ဝ၇၊ချမ်းမြေ့သာယာကျေးရွာ၊/၁၃၂၂ | မဲရုံအမှတ်(ဝ၇)(အမက-၁၁၊ချမ်းမြေ့သာယာ)၊နံ့ကပ်ကျွန်းကျေးရွာအုပ်စု | |
| ၆ | ၁၅၇၁ | ဦးချမ်းငြိမ်း | ကျား | ၂၄-ဝ၈-၁၉၉၅ | ၇/ပခတ(နိုင်)ဝ၈၉၅၆၉ | ဦးပေါက်စ | ဒေါ်ရီ | မရ-ဝ၇၊ချမ်းမြေ့သာယာကျေးရွာ၊/၁၄၇၆ | မဲရုံအမှတ်(ဝ၇)(အမက-၁၁၊ချမ်းမြေ့သာယာ)၊နံ့ကပ်ကျွန်းကျေးရွာအုပ်စု | |
| ၇ | ၄၂၃ | ဦးချမ်းငြိမ်း | ကျား | ၂၄-ဝ၈-၁၉၉၅ | ၇/ပခတ(နိုင်)ဝ၈၉၅၆၉ | ဦးပေါက်စ | ဒေါ်ရီ | မရ-ဝ၁၊(၁၀)လမ်း၊အောင်ဇေယျာရပ်၊/၁၃၉ | မဲရုံအမှတ်(၁)(အထက-၄၊ပတ္တမြားဆောင်)၊အောင်မင်္ဂလာရပ်ကွက်။ | |
| ၈ | ၆၄ | ဒေါ်ရီ | မ | ၂၃-ဝ၄-၁၉၅၄ | ၇/ပခတ(နိုင်)ဝ၈၉၆၃၂ | ဦးကျော်စိန် | ဒေါ်သန်းကြည် | မရ-ဝ၄၊ကံသာကျေးရွာ၊/ဝ၁၉ | မဲရုံအမှတ်(၄)(အမက၊ကံသာ)၊အိုင်ကြီးကုန်းကျေးရွာအုပ်စု | |
| ၉ | ၁၄၁၇ | ဒေါ်ရီ | မ | ဝ၅-ဝ၁-၁၉၅၄ | ၇/ပခတ(နိုင်)ဝ၈၉၆၃၂ | ဦးကျော်စိန် | ဒေါ်သန်းကြည် | မရ-ဝ၇၊ချမ်းမြေ့သာယာကျေးရွာ၊/၁၃၂၁ | မဲရုံအမှတ်(ဝ၇)(အမက-၁၁၊ချမ်းမြေ့သာယာ)၊နံ့ကပ်ကျွန်းကျေးရွာအုပ်စု | |
| ၁၀ | ၁၅၇၀ | ဒေါ်ရီ | မ | ဝ၅-ဝ၁-၁၉၅၄ | ၇/ပခတ(နိုင်)ဝ၈၉၆၃၂ | ဦးကျော်စိန် | ဒေါ်သန်းကြည် | မရ-ဝ၇၊ချမ်းမြေ့သာယာကျေးရွာ၊/၁၄၇၅ | မဲရုံအမှတ်(ဝ၇)(အမက-၁၁၊ချမ်းမြေ့သာယာ)၊နံ့ကပ်ကျွန်းကျေးရွာအုပ်စု | |

## မဲဆန္ဒရှင်စာရင်းတွင် နိုင်ငံသားစိစစ်ရေးကတ်အမှတ် တစ်ခုတည်းဖြင့် ၂ ကြိမ်ပါဝင်နေခြင်း

| စဉ် | မဲအမှတ်စဉ် | ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအမည် | ကျား/မ | မွေးသက္ကရာဇ် | မှတ်ပုံတင်အမှတ် | အဘအမည် | အမိအမည် | နေရပ်လိပ်စာ | ရပ်ကွက်ကျေးရွာအုပ်စု | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| ၁၅ | ၉၀၁ | ဦးမိုးဝေ | ကျား | ၃၀-ဝ၇-၁၉၉၆ | ၅/ခတန(နိုင်)ဝ၂၅၈၃၉ | ဦးချစ်စန်း | ဒေါ်ကြည်ကြည်ဝင်း | ၂၃၁၊မရ-ဝ၃၊ရွာသစ်ကျေးရွာ | မရ-ထ၃၊(အထက-မအူအောက်ဆိပ်)(ရွာသစ်ရွာ)(ပြည်သာယာရွာ)၊မအူအောက်ဆိပ်ကျေးရွာအုပ်စု | |
| ၁၆ | ၉၀၀ | ဦးမိုးဆွေ | ကျား | ၂၅-ဝ၆-၁၉၉၅ | ၅/ခတန(နိုင်)ဝ၂၅၈၃၉ | ဦးချစ်စန်း | ဒေါ်ကြည်ကြည်ဝင်း | ၂၃၁၊မရ-ဝ၃၊ရွာသစ်ကျေးရွာ | မရ-ထ၃၊(အထက-မအူအောက်ဆိပ်)(ရွာသစ်ရွာ)(ပြည်သာယာရွာ)၊မအူအောက်ဆိပ်ကျေးရွာအုပ်စု | |
| ၁၇ | ၆၁၄ | ဒေါ်အေးနန်း | မ | ၁၃-ဝ၉-၁၉၈၃ | ၅/ဆဥတ(နိုင်)ဝ၈၉၃၃၉ | ဦးကျော်အေး | ဒေါ်ခင်ညို | ၁၆၃၊မရ-ဝ၂၊ချစ်သူရွာ | မရ-ဝ၂၊အ.ထ.က-ပခန်းငယ်(ချစ်သူ၊တောရကုန်း)ပခန်းငယ်ကျေးရွာအုပ်စု | |
| ၁၈ | ၂၃၀ | ဒေါ်အေးနန်း | မ | ၁၄-ဝ၆-၁၉၈၁ | ၅/ဆဥတ(နိုင်)ဝ၈၉၃၃၉ | ဦးကျော်ဝင်း | ဒေါ်စန်း | ဝ၆၉၊မရ-ဝ၂၊ချစ်သူရွာ | မရ-ဝ၂၊အ.ထ.က-ပခန်းငယ်(ချစ်သူ၊တောရကုန်း)ပခန်းငယ်ကျေးရွာအုပ်စု | |
| ၁၉ | ၉၂၅ | ဦးပုလဲအောင် | ကျား | ၁၇-ဝ၂-၁၉၉၀ | ၅/ပလန(နိုင်)ဝ၆၉၂၉၉ | ဦးမြဆောင် | ဒေါ်စန်းရွှေ | ၃၃၉၊မရ-ထ၃၊ ကုတုတ်ရွာ | မရ-ထ၃၊အမက(ရှစ်အိမ်တန်း)ရှစ်အိမ်တန်း၊ကုတုတ်၊ညောင်တောကျေးရွာအုပ်စု | |
| ၂၀ | ၁၃၅၀ | ဦးပုလဲအောင် | ကျား | ၁၇-ဝ၂-၁၉၉၀ | ၅/ပလန(နိုင်)ဝ၆၉၂၉၉ | ဦးမြဆောင် | ဒေါ်စန်းရွှေ | ၄၀၃၊မရ-ဝ၂၊ အောင်ချမ်းသာရပ် | အမှတ်(၆)ရပ်ကွက် | |
| ၂၀ | ၇၀၈ | ဦးတင် | ကျား | ဝ၇-ဝ၇-၁၉၃၂ | ၅/မကန(နိုင်)ဝဝ၁ဝ၄ဝ | ဦးစံလှဘော် | ဒေါ်ရွှေယု | ၂၂၈၊မရ-ဝ၃၊ ကျောက်လှေခါးရွာ | မဲရုံအမှတ်(၃)(အ.မ.ကကျောက်လှေခါး)(ကျောက်လှေခါးရွာ)ထန်းငယ်တောရွာအုပ်စု | |
| ၂၂ | ၆၂၃ | ဦးတင် | ကျား | ဝ၇-ဝ၇-၁၉၃၂ | ၅/မကန(နိုင်)ဝဝ၁ဝ၄ဝ | ဦးစံလှသော် | ဒေါ်ရွှေယု | ၁၉၆၊မရ-ဝ၃၊ ကျောက်လှေခါးရွာ | မဲရုံအမှတ်(၃)(အ.မ.ကကျောက်လှေခါး)(ကျောက်လှေခါးရွာ)ထန်းငယ်တောရွာအုပ်စု | |
| ၂၃ | ၁၅၁၆ | ဦးမောင်မြင့် | ကျား | ၁၁-ဝ၅-၁၉၆၇ | ၅/မမန(နိုင်)ဝ၃၅၅၅၁ | ဦးချစ်တင် | ဒေါ်ခင်အေး | ၄၆၀၊မရ-ဝ၃၊ စိတ္တသုခရပ် | အမှတ်(၈)ရပ်ကွက် | |
| ၂၄ | ၇၅၇ | ဦးမောင်မြင့် | ကျား | ၁၆-ဝ၅-၁၉၆၇ | ၅/မမန(နိုင်)ဝ၃၅၅၅၁ | ဦးချစ်တင် | ဒေါ်ခင်အေး | ၂၁၃၊မရ-ဝ၃၊ စိတ္တသုခရပ် | အမှတ်(၈)ရပ်ကွက် | |

# အခန်း (၂)
# ရွေးကောက်ပွဲကာလတွင် ဆောင်ရွက်ခဲ့မှုများ

- ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရန် မဲဆန္ဒနယ်များ သတ်မှတ်ကြေညာခြင်း၊
- ရွေးကောက်ပွဲရွှေ့ဆိုင်းမှုအခြေအနေများအပေါ်တွေ့ရှိချက်၊
- မဲဆွယ်စည်းရုံးခြင်း/ရွေးကောက်ပွဲစောင့်ကြည့်လေ့လာခြင်းအပေါ် တွေ့ရှိချက်၊
- ကြိုတင်မဲပေးခြင်းနှင့် ရွေးကောက်ပွဲနေ့ မဲပေးမှုအပေါ် တွေ့ရှိချက်များ၊
- ရွေးကောက်ပွဲလုပ်ငန်းစဉ်တွင် ဝင်ရောက်စွက်ဖက်မှုများနှင့် မဲမသမာမှု ဖြစ်စဉ်များအပေါ် စစ်ဆေးတွေ့ရှိချက်များ၊

## ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရန် မဲဆန္ဒနယ်များ သတ်မှတ်ကြေညာခြင်း

၄၉။ ယခင်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၂၉ ရက်နေ့တွင် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် ၃၃၀၊ အမျိုးသားလွှတ်တော်မဲဆန္ဒနယ် ၁၆၈ နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ် ၆၇၃ တို့ကို သတ်မှတ်ကြေညာခဲ့သည်။ ထို့နောက် ၂၀၂၀ ပြည့်နှစ် ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား နိုဝင်ဘာလ ၈ ရက်နေ့တွင်ကျင်းပပြုလုပ်သွားမည်ကို ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၁ ရက်နေ့တွင် သတ်မှတ်ကြေညာခဲ့ပါသည်။ ရွေးကောက်ပွဲကျင်းပရန် ကြေညာသည့်အချိန်၌ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ စတင်ကူးစက်ဖြစ်ပွားနေခဲ့ပါသည်။ ဩဂုတ်လ တွင် နိုင်ငံရေးပါတီများက ပြည်သူလူထုအား ကပ်ရောဂါဘေးမှကာကွယ်နိုင်ရန် ယခင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ထံသို့ ရွေးကောက်ပွဲရွှေ့ဆိုင်းပေးရန် တောင်းဆိုခဲ့ကြပါသည်။ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ အပါအဝင် ပါတီ၂၄ ခုက နိုဝင်ဘာလ ၈ ရက် အထွေထွေရွေးကောက်ပွဲ ကျင်းပမည့်နေ့ကို ကပ်ရောဂါ ကူးစက်မှုအန္တရာယ်မှ လွတ်မြောက်နိုင်ရန် ပြန်လည်စဉ်းစားပေးစေလို ကြောင်းတောင်းဆိုခဲ့ကြပါသည်။ ပြည်သူ့ရှေ့ဆောင်ပါတီနှင့် လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီတို့က လည်း တောင်းဆိုခဲ့ပါသည်။ ထိုသို့တောင်းဆိုမှုများအပေါ် ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၁၉ ရက်နေ့ တွင် ယခင်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်က ရွေးကောက်ပွဲကော်မရှင်အနေဖြင့် ကိုဗစ်-၁၉ ရောဂါ အကြောင်းပြချက်ဖြင့် ရွေးကောက်ပွဲရွှေ့ဆိုင်းရန် အစီအစဉ်မရှိဟု သတင်းထောက် များအား ပြောကြားခဲ့ပါသည်။ ယခင်ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အနေဖြင့် နိုင်ငံရေးပါတီ များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ဆေးပညာရှင်များ၏ သဘောထားရယူခဲ့ခြင်းမရှိဘဲ ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားစဉ်အတွင်း ရွေးကောက်ပွဲကျင်းပရန် ဆုံးဖြတ်ခဲ့ခြင်းသည် လက်ရှိအာဏာရပါတီ အသာစီးရရန် ရည်ရွယ်ချက်ဖြင့်ဆောင်ရွက်ခြင်းဖြစ်သည်ဟု ဝေဖန်ပြောကြားခဲ့ခြင်းများ ဖြစ်ပွားခဲ့ ပါသည်။[၁]

## ရွေးကောက်ပွဲရွှေ့ဆိုင်းမှုအခြေအနေများအပေါ် တွေ့ရှိချက်

၅၀။ ယခင်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၂၉ ရက်နေ့တွင် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် ၃၃၀၊ အမျိုးသားလွှတ်တော်မဲဆန္ဒနယ် ၁၆၈ နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ် ၆၇၃ တို့ကို သတ်မှတ်ကြေညာခဲ့သော်လည်း မြို့နယ် ၃၁၅ မြို့နယ်တွင်သာ အထွေထွေရွေးကောက်ပွဲများ ပြုလုပ်နိုင်ခဲ့ပါသည်။ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၁၆ ရက်နေ့တွင် ရခိုင်ပြည်နယ်ရှိ ပေါက်တောမြို့နယ်၊ ပုဏ္ဏားကျွန်းမြို့နယ်၊ ရသေ့တောင်မြို့နယ်၊ ဘူးသီးတောင်မြို့နယ်၊ မောင်တောမြို့နယ်၊ ကျောက်တော်မြို့နယ်၊ မင်းပြားမြို့နယ်၊ မြေပုံမြို့နယ်၊ မြောက်ဦးမြို့နယ် မြို့နယ် ၉ ခုနှင့် ရှမ်းပြည်နယ်ရှိ မိုင်းလားမြို့နယ်၊ ပန်ဆန်း(ပန်ခမ်း) မြို့နယ်၊

၁။ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲနှင့် စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာ (၂၀၂၁ ခုနှစ်)၊ စာမျက်နှာ ၂၉၉

နားဖန်းမြို့နယ်၊ မိုင်းမောမြို့နယ်၊ ပန်ဝိုင်မြို့နယ်၊ မိုင်းကိုင်မြို့နယ် မြို့နယ် ၆ ခု၊ စုစုပေါင်းမြို့နယ် ၁၅ ခု တို့တွင် လုံခြုံရေးအကြောင်းပြချက်ဖြင့် ရွေးကောက်ပွဲမကျင်းပနိုင်ကြောင်း ကြေညာခဲ့ပါသည်။ ထို့အပြင် ရခိုင်ပြည်နယ်ရှိမြို့နယ် ၄ မြို့နယ်မှ ရပ်ကွက် ၈ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၁၃၆ စု၊ ရှမ်းပြည်နယ်ရှိ မြို့နယ်၁၈ မြို့နယ်မှ ရပ်ကွက် ၁၀ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၁၆၅ စု၊ ကချင်ပြည်နယ်ရှိ မြို့နယ် ၁၁ မြို့နယ်မှ ကျေးရွာအုပ်စု ၁၉၂ စု၊ ကရင်ပြည်နယ်ရှိ မြို့နယ် ၆ မြို့နယ်မှ ကျေးရွာအုပ်စု ၅၃ စု၊ မွန်ပြည်နယ်ရှိ မြို့နယ် ၁ မြို့နယ်မှ ကျေးရွာအုပ်စု ၁ စု နှင့် ပဲခူးတိုင်းဒေသကြီးရှိမြို့နယ် ၂ မြို့နယ်မှ ကျေးရွာအုပ်စု ၄၂ စု၊ စုစုပေါင်း မြို့နယ် ၄၂ မြို့နယ်မှ ရပ်ကွက် ၁၈ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၅၈၉ စု တို့ကို ရွေးကောက်ပွဲ ကျင်းပခြင်းမပြုလုပ်မည့် နယ်မြေများအဖြစ် သတ်မှတ်ထုတ်ပြန်ကြေညာခဲ့ပါသည်။

၅၁။ ရွေးကောက်ပွဲမကျင်းပခဲ့သည့် မဲဆန္ဒနယ်အချို့မှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ အနိုင်မရနိုင်သည့် မဲဆန္ဒနယ်များဖြစ်ကြပြီး နိုင်ငံရေးအရဘက်လိုက်ပြုလုပ်ခဲ့ခြင်းဖြစ်သည်ဟု နိုင်ငံရေးပါတီများက စွပ်စွဲခဲ့ကြသည်။ ကချင်ပြည်နယ်ပြည်သူ့ပါတီ၊ ကယားပြည်နယ်ဒီမိုကရက်တစ်ပါတီ၊ ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ၊ ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီနှင့် မွန်ညီညွတ်ရေးပါတီ စသည့်တိုင်းရင်းသားနိုင်ငံရေးပါတီ ၅ ခုက ပူးတွဲကြေညာချက်ထုတ်ပြန်၍ ရွေးကောက်ပွဲကျင်းပပြုလုပ်ပေးရေးအတွက် စဉ်းစားပေးရန်တောင်းဆိုခဲ့ကြပါသည်။ ရှမ်းပြည်နယ် (တောင်ပိုင်း) တွင် နိုင်ငံရေးပါတီ ၄ ခုမှ မိုင်းကိုင်မြို့နယ်သည် တည်ငြိမ်အေးချမ်းမှုရှိသည့်အတွက် ရွေးကောက်ပွဲကျင်းပပြုလုပ်ခွင့်ရရှိရန် ပြည်သူလူထုတစ်သောင်းကျော် လက်မှတ်ရေးထိုး၍ တောင်းဆိုခဲ့ကြပါသည်။ အလားတူ မူဆယ်၊ လားရှိုးနှင့် ကျောက်မဲခရိုင်တို့ရှိ ရွေးကောက်ပွဲကျင်းပခွင့်မရသည့် မြို့နယ်များ၏ မဲဆန္ဒနယ်များကလည်း ရွေးကောက်ပွဲကျင်းပပြုလုပ်ခွင့်ရရှိရန် တောင်းဆိုခဲ့ကြပါသည်။ ကာကွယ်ရေးဝန်ကြီးဌာနမှလည်း အချို့မြို့နယ်များသည် ရွေးကောက်ပွဲကျင်းပပြုလုပ်ရန် လုံခြုံရေးအရ စိတ်ချရသည့်နေရာများဖြစ်ကြောင်း ယခင်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ပြန်လည်အကြောင်းပြန်ကြားမှုများရှိခဲ့ပါသည်။ ထို့နောက် ကျောက်ဖြူမြို့နယ်မှ ကျေးရွာအုပ်စု ၃ ခု၊ အမ်းမြို့နယ်မှ ကျေးရွာအုပ်စု ၄ ခု၊ မူဆယ်မြို့နယ်မှ ရပ်ကွက် ၁ ခု၊ လားရှိုးမြို့နယ်မှ ရပ်ကွက် ၁ ခု၊ ကွမ်းလုံမြို့နယ်မှ ရပ်ကွက် ၁ ခုတို့ကို ရွေးကောက်ပွဲမပြုလုပ်မည့်နယ်မြေများစာရင်းမှ ပယ်ဖျက်ကြောင်း ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၂၇ ရက်နေ့တွင်ကြေညာချက်ထုတ်ပြန်ခဲ့ပါသည်။[၁] သို့သော်လည်း ယခင် ရွေးကောက်ပွဲကျင်းပရန် သတ်မှတ်ထားသည့် ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၉၄ အုပ်စုအား ရွေးကောက်ပွဲ ကျင်းပပြုလုပ်မည်မဟုတ်ကြောင်း ထုတ်ပြန်ကြေညာခဲ့ပါသည်။[၂] ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ရွေးကောက်ပွဲရွှေ့ဆိုင်းခြင်း ဆောင်ရွက်ချက်များ အပေါ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီအတွက် ဘက်လိုက်ဆောင်ရွက်မှုများရှိခဲ့ကြောင်း၊ NLD ပါတီအနေဖြင့် ရွေးကောက်ပွဲတိုင်းတွင် မဲရှုံးခဲ့ရခြင်းကို အကြောင်းပြု၍ ရန်ကုန်တိုင်းဒေသကြီး

၁။ ၂၇-၁၀-၂၀၂၀၊ ကြေညာချက်အမှတ် (၂၀၁/၂၀၂၀)နှင့် ကြေညာချက်အမှတ် (၂၀၂/၂၀၂၀)တို့ဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်၊ ရွေးကောက်ပွဲဌာန ထွက်စာဖိုင်တွဲများ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ နေပြည်တော်။

၂။ ၂၇-၁၀-၂၀၂၀၊ ကြေညာချက်အမှတ် (၂၀၀/၂၀၂၀)ဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်၊ ရွေးကောက်ပွဲဌာန ထွက်စာဖိုင်တွဲများ၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင် ရုံး၊ နေပြည်တော်။

ဆိပ်ကမ်းမြို့နယ်အား ဖျက်သိမ်းခဲ့ခြင်းသည်လည်း ပါဝင်ကြောင်း၊ ရခိုင်လက်နက်ကိုင်အဖွဲ့အစည်း(AA) မှ ကြေညာချက်ထုတ်ပြန်၍ ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလမတိုင်မီ ရွေးကောက်ပွဲကျင်းပခြင်း မပြုခဲ့သည့် ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ၉ မြို့နယ်တွင် ရွေးကောက်ပွဲကျင်းပပေးရန်တောင်းဆိုခဲ့ကြောင်း၊ ထို့နောက် (AA) ဘက်မှ ရခိုင်ပြည်နယ်တွင် တစ်ဖက်သတ် အပစ်အခတ်ရပ်စဲရေးကို သတ်မှတ်ကြေညာခဲ့ကြောင်း၊ ရွေးကောက်ပွဲကျင်းပရန် ရွှေ့ဆိုင်းပယ်ဖျက်ခဲ့ခြင်းများသည် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရာတွင် ပွင့်လင်းမြင်သာမှု မရှိကြောင်းနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ အနိုင်မရနိုင်သည့် နေရာများကို လုံခြုံရေးအကြောင်းပြ ပယ်ဖျက်ခဲ့ခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။

## မဲဆွယ်စည်းရုံးခြင်း/ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာခြင်းအပေါ် တွေ့ရှိချက်

၅၂။ ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးရေးကာလကို ၈-၉-၂၀၂၀ ရက်နေ့ နံနက် ၀၆:၀၀ နာရီမှ ၆-၁၁-၂၀၂၀ ရက်နေ့ ည ၁၂:၀၀ နာရီအထိ ခွင့်ပြုကြောင်း ၆-၉-၂၀၂၀ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ပါသည်။[၁] ထိုသို့ထုတ်ပြန်ရာတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီအနေဖြင့် စတင်ခွင့်ပြုသည့် ၈-၉-၂၀၂၀ ရက်နေ့မှစတင်၍ အချိန်ကိုက် စတင်ဆောင်ရွက်နိုင်ခြင်းကို တွေ့ရှိရသဖြင့် အခြားပါတီများထက် ကြိုတင်၍သတင်းရရှိကာ ပိုမိုအခွင့်အရေးအသာရရှိ ဆောင်ရွက်ခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။ နိုင်ငံရေးပါတီများမှ မိမိတို့ပါတီ၏ မူဝါဒ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို နိုင်ငံပိုင်ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြချက်များအား ၈-၉-၂၀၂၀ ရက်နေ့မှ ၆-၁၁-၂၀၂၀ ရက်နေ့အထိ ထုတ်လွှင့်ပေးမည်ဖြစ်ကြောင်း ကြေညာချက်ထုတ်ပြန်ခဲ့ပါသည်။[၂] နိုင်ငံရေးပါတီ ၉၂ ပါတီ အနက် ဟောပြောရန် တင်ပြလာသည့် နိုင်ငံရေးပါတီ ၈၅ ပါတီရှိပြီး၊ ဟောပြောခြင်း မပြုလိုကြောင်း တင်ပြလာသည့် နိုင်ငံရေးပါတီ ၇ ပါတီ ရှိခဲ့ပါသည်။

၅၃။ ဟောပြောရန်တင်ပြလာသည့် နိုင်ငံရေးပါတီ ၈၅ ပါတီအနက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီအပါအဝင် နိုင်ငံရေးပါတီ ၆၄ ပါတီ၏ စာမူများကို သတ်မှတ်ထားသည့် တားမြစ်ချက်များနှင့် ငြိစွန်းသည်ဟု အကြောင်းပြလျက် ပြန်လည်ပြင်ဆင်၍ တင်ပြစေခဲ့ကြောင်း စိစစ်တွေ့ရှိရပါသည်။ ထို့ကြောင့် အချို့ပါတီများက ရုပ်မြင်သံကြားမှ ဟောပြောတင်ပြမည့် အစီအစဉ်များကို ဆောင်ရွက်ခြင်းမပြုလိုသဖြင့် ပယ်ဖျက်ပေးရန် တင်ပြခဲ့ကြပါသည်။ NLD ပါတီ အပါအဝင် နိုင်ငံရေးပါတီ ၂၁ ပါတီကိုမူ မူလတင်ပြသည့် စာမူအတိုင်း ဟောပြောခွင့်ပြုခဲ့ကြောင်း စိစစ်တွေ့ရှိရပါသည်။

၅၄။ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများအနေဖြင့် သက်ဆိုင်ရာမဲဆန္ဒနယ်များတွင် မဲဆွယ်စည်းရုံးရေးများ ဆောင်ရွက်ရန်အတွက် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ခွင့်ပြုချက်

၁။ ယခင်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ၂၀၂၀ ပြည့်နှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးရေးကာလသတ်မှတ်ထုတ်ပြန်ခြင်း၊ ရွေးကောက်ပွဲဌာန **ထွက်စာဖိုင်တွဲများ၊** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ နေပြည်တော်။

၂။ ၂၃-၇-၂၀၂၀၊ ကြေညာချက်အမှတ် (၁၃၈/၂၀၂၀)ဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်၊ နိုင်ငံရေးပါတီဌာန ထွက်စာဖိုင်တွဲများ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ နေပြည်တော်။

တောင်းခံရာတွင်လည်းကောင်း၊ စုဝေးရာတွင်လည်းကောင်း၊ ဟောပြောရာတွင်လည်းကောင်း အုပ်ချုပ်ရေးဆိုင်ရာ အဖွဲ့အစည်းများ/ မြို့နယ် ကျန်းမာရေးအထောက်အကူပြုအဖွဲ့များက ကိုဗစ်-၁၉ ရောဂါကိုအကြောင်းပြု၍ NLD ပါတီအပေါ် အလေးသာစေသည့် ဘက်လိုက်ဆောင်ရွက်မှုများ ဖြစ်ပေါ်ခဲ့ကြောင်း သိရှိရပါသည်။ ထို့အပြင် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး ၁၆/၂၀၁၇ ၏ ခွင့်ပြုချက်ဖြင့် Facebook နှင့် အခြား Social Media များကို စောင့်ကြည့်ဖြတ်တောက်ရန် Social Media Monitoring Team ကို နိုင်ငံတော်သမ္မတ၏ အထူးရန်ပုံငွေမှ ကျပ်ငွေ ၆၄၂၆ သန်း သုံးစွဲဖွဲ့စည်းပြီး နိုင်ငံရေးပါတီများ၏ မဲဆွယ်စည်းရုံးဆောင်ရွက်မှုနှင့် လှုပ်ရှားမှုများကို ဖျက်ချ၍ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီတစ်ခုတည်းသာ စည်းရုံးဆောင်ရွက်နိုင်ရန် ရည်ရွယ်ချက်ရှိရှိပြုလုပ်ခြင်းသည် တစ်ဖက်သတ်ဆန်ပြီး လွတ်လပ်၍ တရားမျှတမှုမရှိကြောင်း ပေါ်လွင်ထင်ရှားပါသည်။

၅၅။ ရွေးကောက်ပွဲဆိုင်ရာ မဲဆွယ်စည်းရုံးဟောပြောခြင်းနှင့် ပတ်သက်၍ ထုတ်ပြန်ထားသော စံလုပ်ငန်းလမ်းညွှန် ( Standard Operating Procedures – SOP ) တွင် ပါဝင်သည့် လူဦးရေ ၅၀ ဦး ထက်ပို၍ စုဝေးခြင်းမပြုရဆိုသည့် သတ်မှတ်တားမြစ်ချက်အား ဖောက်ဖျက်ကျူးလွန်၍ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ၁၉-၉-၂၀၂၀ ရက်နေ့တွင် ပြုလုပ်သော ကားစတစ်ကာကမ်ပိန်း ( Car Sticker Campaign ) ပြုလုပ်မဲဆွယ်မှုကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဦးဝင်းထိန်တို့သည် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ အိမ်ရှေ့မှထွက်၍ ကြည့်ရှုထောက်ခံအားပေးခဲ့ပါသည်။ နိုင်ငံတော်သမ္မတဟောင်း ဦးဝင်းမြင့်နှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဟောင်း ဒေါ်အောင်ဆန်းစုကြည်တို့သည် နိုင်ငံရေးရာထူးကိုအသုံးပြု၍ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၁၉ ရက်နေ့တွင် NLD ပါတီမှ မော်တော်ကားအစီးရေ ၂၂၀ စီး၊ မော်တော်ဆိုင်ကယ် အစီးရေ ၃၂ စီး၊ လူဦးရေ ၇၆၀ ဦးခန့်ဖြင့် ကိုဗစ်-၁၉ ဆိုင်ရာ ဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များကို ဖောက်ဖျက်၍ မဲဆွယ်စည်းရုံးသည့် Car Campaign ပြုလုပ်ရာ၌ ကိုယ်တိုင်အားပေးကြိုဆိုခဲ့ပါသည်။ ထို့အပြင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဟောင်း ဒေါ်အောင်ဆန်းစုကြည်သည် ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၈ ရက်နေ့တွင် ကိုဗစ်-၁၉ ဆိုင်ရာ ဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များကို ဖောက်ဖျက်ပြီး ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်အတွင်း၌ တစ်အိမ်တက် တစ်အိမ်ဆင်း မဲဆွယ်စည်းရုံးခဲ့ခြင်းများပြုလုပ်ခဲ့ပါသည်။

၅၆။ မဲဆွယ်စည်းရုံးခြင်းများဆောင်ရွက်ရာတွင် အချို့ NLD ပါတီ လွှတ်တော်ကိုယ်စားလှယ်များက လွှတ်တော်ကိုယ်စားလှယ်တစ်ယောက်၏ အာဏာကိုအသုံးချ၍ ငွေကြေးထောက်ပံ့ခြင်း၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုအခြေအနေအရ အစိုးရမှထောက်ပံ့သည့်ငွေကြေးများကိုပါတီမှ ထောက်ပံ့သယောင် ပြည်သူလူထုအား လိမ်လည်လှည့်ဖြား၍ မဲဆွယ်စည်းရုံးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း စိစစ်တွေ့ရှိရသဖြင့် NLD ပါတီအနေဖြင့် ရွေးကောက်ပွဲမဲဆွယ်စည်းရုံးရာတွင် အခြားနိုင်ငံရေးပါတီများထက် အခွင့်အရေးပိုမိုရယူခဲ့ကြောင်း သုံးသပ်တွေ့ရှိရပါသည်။

၅၇။ ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ရွေးကောက်ပွဲကျင်းပမည့်နေ့ရက်ကို ထုတ်ပြန်ကြေညာပြီးနောက် ပြည်တွင်းရွေးကောက်ပွဲလေ့လာသူများဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် နိုင်ငံတကာရွေးကောက်ပွဲလေ့လာသူများဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ၂၀၂၀ ပြည့်နှစ်၊

ဇူလိုင်လ ၇ ရက်နေ့တွင် အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်ကြေညာခဲ့ပါသည်။[၁] ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် စောင့်ကြည့်လေ့လာခွင့်ပြုခဲ့သည့် အကြောင်းအရာ ၁၃ မျိုးရှိသော်လည်း ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် အဆိုပါ အကြောင်းအရာ ၁၃ မျိုးအနက် အောက်ပါအကြောင်းအရာများကို စောင့်ကြည့်လေ့လာရန် ခွင့်မပြုခဲ့ကြောင်း စိစစ်တွေ့ရှိရပါသည်-

(က) ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့် ၊ ညွှန်ကြားချက်များ၊

( ခ ) မဲဆန္ဒရှင်သတင်းအချက်အလက်၊

( ဂ ) မဲလက်မှတ်များရိုက်နှိပ်ခြင်း၊

(ဃ) ရွေးကောက်ပွဲကန့်ကွက်လွှာအမှုများ စစ်ဆေးခြင်းနှင့် ဆုံးဖြတ်ခြင်း။

၅၈။ သို့ဖြစ်၍ ရွေးကောက်ပွဲလေ့လာသူများအနေဖြင့် ရွေးကောက်ပွဲဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ ပြင်ဆင်ရာတွင် လိုအပ်သည့်အကြံပြုချက်များ မပေးနိုင်ခြင်း၊ မဲလက်မှတ်များ မှာယူရိုက်နှိပ်ရာတွင် လွှတ်တော်အလိုက်မှာယူသည့် မဲလက်မှတ်အရေအတွက်၊ ပျက်စီး မဲလက်မှတ်အရေအတွက်၊ သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ ထုတ်ပေးခဲ့သည့် မဲလက်မှတ်အရေအတွက်၊ မဲဆန္ဒရှင်အင်အားစာရင်းအရ ထပ်မံမှာယူသည့် မဲလက်မှတ်အရေအတွက်များကို လေ့လာခွင့်မရှိခဲ့သည့်အပြင် မဲလက်မှတ် ရိုက်နှိပ်မှုနှင့်စပ်လျဉ်း၍ သတင်းထုတ်ပြန်ခြင်းများ ဆောင်ရွက်ခဲ့ခြင်းမရှိသောကြောင့် ပွင့်လင်းမြင်သာမှုအားနည်းခဲ့ကြောင်း သုံးသပ်တွေ့ရှိရပါသည်။[၂]

## ကြိုတင်မဲပေးခြင်းနှင့် ရွေးကောက်ပွဲနေ့ မဲပေးမှုအပေါ် တွေ့ရှိချက်များ

၅၉။ ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ကြိုတင်ဆန္ဒမဲပေးရာတွင် လည်းကောင်း၊ ရွေးကောက်ပွဲနေ့ မဲပေးရာတွင်လည်းကောင်း သက်ဆိုင်ရာလွှတ်တော် ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်ခြင်းမရှိသော အောက်ပါညွှန်ကြားချက်များကို ထုတ်ပြန်ဆောင်ရွက်ခဲ့ကြောင်း စိစစ်တွေ့ရှိရပါသည်-

(က) သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၅(ဂ)(၃)တွင် မဲဆန္ဒနယ်အတွင်း ရှိနေသော်လည်း မဲရုံသို့ ကိုယ်တိုင်လာရောက် ဆန္ဒမဲမပေးနိုင်သည့် ပုဂ္ဂိုလ်များကို အသေးစိတ်ဖော်ပြထားပြီး အဆိုပါပုဂ္ဂိုလ်များ ဆန္ဒမဲပေးလိုလျှင်ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးနိုင်ရန် သတ်မှတ်ထားသည့်အတိုင်း သက်ဆိုင်ရာ

---

၁။ ၇-၇-၂၀၂၀၊ အမိန့်ကြော်ငြာစာအမှတ်(၂၀/၂၀၂၀)ဖြင့် ပြည်တွင်းရွေးကောက်ပွဲလေ့လာသူများ ဆောင်ရွက်ရမည့်လုပ်ငန်းများ ထုတ်ပြန်ခြင်းနှင့် အမိန့်ကြော်ငြာစာအမှတ် (၂၁/၂၀၂၀) ဖြင့် နိုင်ငံတကာရွေးကောက်ပွဲလေ့လာသူများ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ ထုတ်ပြန်ခြင်း၊ ရွေးကောက်ပွဲဆိုင်ရာခုံရုံးဌာန ထွက်စာဖိုင်တွဲများ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ နေပြည်တော်။

၂။ ၂၀၂၀ပြည့်နှစ်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာ (၂၀၂၁ ခုနှစ်)၊ စာမျက်နှာ (၂၉၅)၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ နေပြည်တော်။

ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲက စီစဉ်ပေးရမည်ဟူ၍ ပြဋ္ဌာန်းထားသော်လည်း ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေမှုကို အကြောင်းပြု၍ အသက် ၆၀ နှစ်နှင့်အထက် မဲဆန္ဒရှင်များ ကြိုတင်မဲပေးရန်အတွက် ရွေးကောက်ပွဲနေ့ မတိုင်မီ ၂၉-၁၀-၂၀၂၀ ရက်နေ့မှ စတင်၍ ၅-၁၁-၂၀၂၀ ရက်နေ့အထိ ဆောင်ရွက်နိုင်ကြောင်းကို ၁၀-၁၀-၂၀၂၀ ရက်နေ့တွင် လည်းကောင်း၊[၁] အဆိုပါ ကြိုတင်မဲပေးခြင်းနှင့်စပ်လျဉ်း၍ လိုက်နာဆောင်ရွက်ရန် အချက်များကို ၁၆-၁၀-၂၀၂၀ ရက်နေ့နှင့် ၂၄-၁၀-၂၀၂၀ ရက်နေ့များတွင် လည်းကောင်း ညွှန်ကြားချက်များ ထုတ်ပြန်ဆောင်ရွက်ခဲ့ပါသည်။[၂] ထိုသို့ ကြိုတင်ဆန္ဒမဲများ ကောက်ခံရာတွင် အချို့နေရာများ၌ NLD ပါတီ အောင်နိုင်ရေးအဖွဲ့များပါဝင်၍ နေအိမ်များသို့သွားရောက်ကာ ဆောင်ရွက်ခဲ့ကြသဖြင့် ဥပဒေနှင့် မညီသော မဲပေးမှုဖြစ်စဉ်များ ပေါ်ပေါက်ခဲ့ကြောင်း စိစစ်တွေ့ရှိရပါသည်။

အသက် ၆၀ နှစ်နှင့်အထက် မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲ ပေးနိုင်ကြောင်း ယခင်ကော်မရှင်ကထုတ်ပြန်ကြေညာခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် (၁၈၉/၂၀၂၀)
၁၃၈၂ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၉ ရက်
( ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၁၀ ရက် )

**အသက်အရွယ်ကြီးရင့်သူများ ကြိုတင်ဆန္ဒမဲပေးခွင့်ပြုကြောင်း အသိပေးထုတ်ပြန်ကြေညာခြင်း**

၁။ သက်ဆိုင်ရာလွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၅ (ဂ) (၃) နှင့် သက်ဆိုင်ရာလွှတ်တော် ရွေးကောက်ပွဲ နည်းဥပဒေ ၅၁ (ခ) တို့အရ မဲဆန္ဒနယ်အတွင်းရှိနေသော်လည်း မဲရုံသို့ ကိုယ်တိုင်လာရောက် ဆန္ဒမဲမပေးနိုင်သော အသက်အရွယ်ကြီးရင့်နေသူများသည် ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးခွင့်ရှိပြီး အဆိုပါပုဂ္ဂိုလ်များ ကြိုတင်ဆန္ဒမဲပေးနိုင်ရန်အတွက် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက စီစဉ်ဆောင်ရွက်ပေးရမည် ဖြစ်ပါသည်။

၂။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ယခုကာလတွင် COVID-19 ရောဂါကူးစက်ဖြစ်ပွားနေမှုအခြေအနေများအရ Stay at Home မြို့နယ်အဖြစ် သတ်မှတ်ထားသည့် မြို့နယ်များနှင့် လူဦးရေထူထပ်သောမြို့နယ်များ **(၁ စတုရန်းကီလိုမီတာတွင် ပျမ်းမျှလူဦးရေ ၅၀၀၀ ဦးနှင့်အထက်)** တွင် နေထိုင်သော ရောဂါကူးစက်ခံရမှု လွယ်ကူနိုင်သည့် အသက် ၆၀ နှစ် နှင့်အထက်ရှိသူ **(၁၉၆၀ ပြည့်နှစ် နှင့် ယင်းနှစ်၏ ရှေ့ပိုင်းမွေးဖွားသူ)** များကို **၂၉-၁၀-၂၀၂၀ ရက်နေ့မှ ၅-၁၁-၂၀၂၀ ရက်နေ့အထိ** နေအိမ်တွင် ကြိုတင်ဆန္ဒမဲပေးနိုင်ရေးအတွက် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများကစီစဉ်ဆောင်ရွက် ပေးမည် ဖြစ်ပါသည်။

၃။ အပိုဒ် (၂) ပါ သတ်မှတ်ထားသောမြို့နယ်များမှအပ ကျန်မြို့နယ်များတွင် နေထိုင်ကြသည့် အသက် ၆၀ နှစ် နှင့်အထက် မဲဆန္ဒရှင်များအနေဖြင့် မဲရုံသို့ ကိုယ်တိုင်လာရောက် ဆန္ဒမဲမပေးနိုင်သောအခြေအနေရှိပါက ရပ်ကွက်/ ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးသို့ သွားရောက်၍ ကြိုတင်ဆန္ဒမဲပေးရန် ဖြစ်ပါသည်။ ကျန်းမာရေးအခြေအနေအရ ကိုယ်တိုင်သွားရောက်ရန် အခက်အခဲရှိပါက သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ သတင်းပေးပို့လျှင် နေအိမ်တွင် ကြိုတင်ဆန္ဒမဲပေးနိုင်ရေးကို သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများက စီစဉ်ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။

AMT/8-10-2020 / Pyithu

အသက် ၆၀ နှစ်နှင့်အထက် မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲ ပေးနိုင်ကြောင်း ယခင်ကော်မရှင်ကထုတ်ပြန်ကြေညာခြင်း

၂

၄။ သို့ဖြစ်ပါ၍ ၂၀၂၀ ပြည့်နှစ်၊ အထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများအနက် အသက် ၆၀ နှစ် နှင့်အထက်ရှိသူ မဲဆန္ဒရှင်များအနေဖြင့် **၂၉-၁၀-၂၀၂၀ ရက်နေ့မှ ၅-၁၁-၂၀၂၀ ရက်နေ့အထိ** အထက်အပိုဒ် (၂) နှင့် (၃) ပါအတိုင်း သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများတွင် ကြိုတင်ဆန္ဒမဲပေးနိုင်ပါကြောင်း အသိပေးထုတ်ပြန်ကြေညာအပ်ပါသည်။

**ပူးတွဲ-** ၁ စတုရန်းကီလိုမီတာတွင် ပျမ်းမျှလူဦးရေ ၅၀၀၀ ဦးနှင့်အထက်ရှိသော မြို့နယ်များစာရင်း

(လှသိန်း)
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

စာအမှတ်၊ ၄ / ရကပ (၂၈၀) / ကမရ
ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၁၀ ရက်

**ဖြန့်ဝေခြင်း**

နိုင်ငံတော်သမ္မတရုံး
နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ရုံး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်ထောင်စုလွှတ်တော်ရုံး
ပြည်သူ့လွှတ်တော်ရုံး
အမျိုးသားလွှတ်တော်ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
နိုင်ငံခြားရေးဝန်ကြီးဌာန
ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန
ပြည်ထဲရေးဝန်ကြီးဌာန
ကာကွယ်ရေးဝန်ကြီးဌာန
နယ်စပ်ရေးရာဝန်ကြီးဌာန
ပြန်ကြားရေးဝန်ကြီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

AMT/8-10-2020 / Pyithu

---

၁။ ၁၀-၁၀-၂၀၂၀၊ ကြေညာချက်အမှတ်(၁၈၉/၂၀၂၀)ဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်၊ ရွေးကောက်ပွဲဌာနထွက်စာဖိုင်တွဲများ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ နေပြည်တော်။

၂။ ၁၆-၁၀-၂၀၂၀၊ စာအမှတ်၊ ၄/ရကပ(၂၉၉)/ကမရ နှင့် ၂၄-၁၀-၂၀၂၀၊ စာအမှတ်၊ ၄/ရကပ(၃၃၂)/ကမရ တို့ဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ အကြောင်းကြားစာ၊ ရွေးကောက်ပွဲဌာန ထွက်စာဖိုင်တွဲများ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ နေပြည်တော်။

(ခ) သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၄၅၊ သက်ဆိုင်ရာလွှတ်တော် ရွေးကောက်ပွဲ နည်းဥပဒေ ၅၄ တို့တွင် သက်ဆိုင်ရာ မဲဆန္ဒနယ်၏ ပြင်ပသို့ ရောက်ရှိနေ၍ ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ကြိုတင်၍ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများကို ပြဋ္ဌာန်းထားပါသည်။ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေများပါ သတ်မှတ်ပြဋ္ဌာန်းချက်များအရ ပုံစံ (၁၅) ဖြင့် လျှောက်ထား၍ ကြိုတင်မဲပေးပိုင်ခွင့်ရှိသူများမှာ သက်ဆိုင်ရာ မဲဆန္ဒနယ်၏ပြင်ပသို့ ရောက်ရှိနေသော ကျောင်းသားများ၊ သင်တန်းသားများ၊ အချုပ်ခံနေရသူများ၊ ဆေးရုံ တက်ရောက်နေရသော အတွင်းလူနာများနှင့် အစိုးရ၏ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပတွင် ရောက်ရှိနေသူများ ဖြစ်ပါသည်။ ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ကိုဗစ်-၁၉ ရောဂါနှင့်စပ်လျဉ်း၍ ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များအရ မိမိမဲဆန္ဒနယ်သို့ ပြန်လည်ဆန္ဒမဲပေးခြင်း မပြုနိုင်သည့် မဲဆန္ဒနယ် ပြင်ပရောက် မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးနိုင်ရန် မိမိတို့ ရောက်ရှိနေသော မြို့နယ်ကော်မရှင်အဖွဲ့ခွဲတွင် ပုံစံ (၁၅) များ ရယူ၍လျှောက်ထားနိုင်ကြောင်း အသိပေးကြေညာချက်ကို ၈-၁၀-၂၀၂၀ ရက်နေ့တွင်လည်းကောင်း၊[၁] အဆိုပါ မဲဆန္ဒရှင်များ ကြိုတင်မဲပေးခြင်းဆိုင်ရာ လုပ်ငန်းစဉ်ကို ၁၁-၁၀-၂၀၂၀ ရက်နေ့တွင် လည်းကောင်း ထုတ်ပြန်ညွှန်ကြား ဆောင်ရွက်ခဲ့ပါသည်။[၂] ယင်းသို့ အချိန်နီးကပ်မှ ညွှန်ကြားသော ညွှန်ကြားချက်များကြောင့် မဲစာရင်းများ ထပ်ခြင်း၊ နိုင်ငံသားစိစစ်ရေး ကတ်မရှိသူများ အစုလိုက် အပြုံလိုက်မဲစာရင်းတွင် ထည့်သွင်း၍ မဲပေးခဲ့ခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း စိစစ်တွေ့ရှိရပါသည်။

(ဂ) သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေ ၅၈ (ဂ) တွင် ကြိုတင်ဆန္ဒမဲလက်မှတ်များကို ပေးပို့သည့်အခါ သက်ဆိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် ကြိုတင်ဆန္ဒမဲလက်မှတ်၏ လက်ခံဖြတ်ပိုင်းပေါ်တွင်လည်းကောင်း၊ ကြိုတင်ဆန္ဒမဲလက်မှတ်၏ ကျောဘက်တွင်လည်းကောင်း မိမိကော်မရှင်အဖွဲ့ခွဲ၏တံဆိပ်ကို ရိုက်နှိပ်ပေးရမည်ဖြစ်ပြီး ကြိုတင်ဆန္ဒမဲလက်မှတ်၏ ကျောဘက်တွင် ကြိုတင်ဆန္ဒမဲလက်မှတ်ကို တာဝန်ခံထုတ်ပေးသူက အမည်ဖော်ပြ၍ လက်မှတ်ရေးထိုးရမည် ဟူ၍ပြဋ္ဌာန်းထားပါသည်။[၃] ပယ်မဲအဖြစ် သတ်မှတ်ရမည့် ကြိုတင်ဆန္ဒမဲ လက်မှတ်များကို သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေ ၆၆ (ဃ) တွင် သတ်မှတ်ပြဋ္ဌာန်းထားပြီး နည်းဥပဒေခွဲငယ် (၂) တွင် ကော်မရှင်အဖွဲ့ခွဲ၏ တံဆိပ်မပါရှိသော

၁။ ၈-၁၀-၂၀၂၀၊ ကိုဗစ်-၁၉ ရောဂါနှင့်စပ်လျဉ်း၍ ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များအရ မိမိမဲဆန္ဒနယ်သို့ ပြန်လည်ဆန္ဒမဲပေးခြင်း မပြုနိုင်သည့် မဲဆန္ဒနယ် ပြင်ပရောက် မဲဆန္ဒရှင်များအတွက် အသိပေးကြေညာချက်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး စာတွဲ၊ နေပြည်တော်။

၂။ ၁၁-၁၀-၂၀၂၀၊ စာအမှတ်၊ ၄/ရကပ(၂၈၂)/ကမရ ဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ အကြောင်းကြားစာ၊ ရွေးကောက်ပွဲဌာန ထွက်စာဖိုင်တွဲများ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ နေပြည်တော်။

၃။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ၊ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေ၊ တိုင်းဒေသကြီးလွှတ်တော် (သို့မဟုတ်) ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲ နည်းဥပဒေ။

ကြိုတင်ဆန္ဒမဲလက်မှတ်နှင့် နည်းဥပဒေခွဲငယ် (၃) တွင် တာဝန်ခံထုတ်ပေးသူ၏ အမည်နှင့် လက်မှတ်မပါသည့် ကြိုတင်ဆန္ဒမဲ လက်မှတ်များကို ပယ်မဲအဖြစ် သတ်မှတ်ရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားပါသည်။ ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် အစိုးရခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပရောက်ရှိနေသူများအတွက် ကြိုတင်ဆန္ဒမဲလက်မှတ်များ ပေးပို့ရာတွင် ကြိုတင်ဆန္ဒမဲလက်မှတ်၏ကျောဘက်၌ သက်ဆိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ၏ ရုံးတံဆိပ်တုံး မပါရှိခြင်း၊ အမည်ဖော်ပြ၍ လက်မှတ်ရေးထိုးထားမှု မရှိခြင်းများရှိပါက အဆိုပါ ကြိုတင်ဆန္ဒမဲလက်မှတ်၏ ကျောဘက်၌ သက်ဆိုင်ရာ သံရုံး၊ အမြဲတမ်း ကိုယ်စားလှယ်ရုံး၊ ကောင်စစ်ဝန်ချုပ်ရုံးများ၏ ရုံးတံဆိပ်တုံး ရိုက်နှိပ်ရန်နှင့် သံရုံး အကြီးအမှူး သို့မဟုတ် အဆိုပါ ပုဂ္ဂိုလ်က တာဝန်ပေးအပ်ခြင်းခံရသူက အမည်ဖော်ပြ လက်မှတ်ရေးထိုးခြင်းများ ဆောင်ရွက်နိုင်ရေး နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းထားရှိပြီးဖြစ်သဖြင့် အဆိုပါ ကြိုတင်ဆန္ဒမဲလက်မှတ်များကို ခိုင်လုံမဲအဖြစ် သတ်မှတ်ရေတွက်သွားရန် ၉-၁၀-၂၀၂၀ ရက်နေ့တွင် ညွှန်ကြားဆောင်ရွက်ခဲ့ပါသည်။[1] ထို့အပြင် နိုင်ငံပြင်ပရောက်မဲဆန္ဒရှင်အရေအတွက် များပြားခြင်းကြောင့် ကြိုတင်ဆန္ဒမဲလက်မှတ်၏ ကျောဘက်၌ သက်ဆိုင်ရာ မြို့နယ်မှ မဟုတ်ဘဲ ခရိုင်/အခြားမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၏ ရုံးတံဆိပ် ရိုက်နှိပ်ခြင်း၊ အမည်ဖော်ပြ လက်မှတ်ရေးထိုးထားခြင်းများ ရှိပါကလည်း တိုင်းဒေသကြီး/ ပြည်နယ်တစ်ခုအတွင်းရှိ ခရိုင် သို့မဟုတ် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ တစ်ခုခုမှ ဆောင်ရွက်ထားခြင်းဖြစ်ပါက အဆိုပါ ကြိုတင်ဆန္ဒမဲလက်မှတ်များကို ခိုင်လုံမဲအဖြစ် သတ်မှတ်ရေတွက်သွားရန် ၂၁-၁၀-၂၀၂၀ ရက်နေ့တွင် ညွှန်ကြားဆောင်ရွက်ခဲ့ပါသည်။[2] ထို့ကြောင့် ရွေးကောက်ပွဲနေ့ မဲရေတွက်ရာတွင် မြို့နယ်ကော်မရှင်အဖွဲ့ခွဲများအနေဖြင့် ခိုင်လုံမဲ/ပယ်မဲ သတ်မှတ်ရာ၌ ရှုပ်ထွေးမှုများ ဖြစ်ပေါ်စေခဲ့ကြောင်း စိစစ်တွေ့ရှိရပါသည်။

(ဃ) သက်ဆိုင်ရာလွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေ ၄၄ (က) ပါ သတ်မှတ်ပြဋ္ဌာန်းချက်အရ ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် ကြိုတင်ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများသည် တံဆိပ်တုံးနှိပ်၍ ဆန္ဒပြုရမည်ဖြစ်ပြီး နည်းဥပဒေ ၄၄ (ခ) ပါ သတ်မှတ်ပြဋ္ဌာန်းချက်အရ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် ကြိုတင်ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများသည် အမှန်ခြစ် ခြစ်၍ ဆန္ဒပြုရမည်ဖြစ်ပါသည်။ ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေမှုအခြေအနေအရ အသက် ၆၀ နှစ်နှင့်အထက် မဲဆန္ဒရှင်များကို ကြိုတင်ဆန္ဒမဲ ကောက်ယူရာတွင် မဲဆန္ဒရှင် အရေအတွက်များပြားခြင်းကြောင့်

[1] ၉-၁၀-၂၀၂၀၊ စာအမှတ်၊ ၃၉/ရကပ-၃(၆၈)/ကမရ ဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ တိုင်းဒေသကြီး/ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် ပြည်ထောင်စုနယ်မြေ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့အား အကြောင်းကြားစာ၊ ရွေးကောက်ပွဲဌာန ထွက်စာဖိုင်တွဲများ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ နေပြည်တော်။

[2] ၂၁-၁၀-၂၀၂၀၊ စာအမှတ်၊ ၄/ရကပ(၃၉၃)/ကမရ ဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ တိုင်းဒေသကြီး/ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် ပြည်ထောင်စုနယ်မြေ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့အား အကြောင်းကြားစာ၊ ရွေးကောက်ပွဲဌာန ထွက်စာဖိုင်တွဲများ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ နေပြည်တော်။

တံဆိပ်တုံးဖြင့် ဆန္ဒပြုရမည့်အစား အမှန်ခြစ်၍ဆန္ဒပြုထားသော ကြိုတင်ဆန္ဒမဲလက်မှတ်များကိုလည်းကောင်း၊ ကြိုတင်မဲစာအိတ်များကို ကော်သုတ်၍ပိတ်ရာ၌ ဆန္ဒမဲလက်မှတ်ကို အစွန်းအထင်း ဖြစ်ပေါ်စေနိုင်သဖြင့် အဆိုပါ အစွန်းအထင်းပါသော ကြိုတင်ဆန္ဒမဲလက်မှတ်များကိုလည်းကောင်း၊ တာဝန်ရှိသူက စာအိတ်များကို ဖွင့်ဖောက်သည့်အခါ ဆန္ဒမဲလက်မှတ် စုတ်ပြဲမှုဖြစ်ပေါ်နိုင်သဖြင့် အဆိုပါ စုတ်ပြဲနေသည့် ကြိုတင်ဆန္ဒမဲလက်မှတ်များကိုလည်းကောင်း၊ လွှတ်တော်အလိုက် ထည့်သွင်းရမည့် ကြိုတင်မဲလက်မှတ်နှင့် စာအိတ် လွဲမှားသော်လည်း မဲဆန္ဒရှင်က မှန်ကန်စွာ ဆန္ဒပြုထားသည့် ကြိုတင်ဆန္ဒမဲလက်မှတ်များကိုလည်းကောင်း ခိုင်လုံမဲအဖြစ် သတ်မှတ်ရေတွက်သွားရန် ၃၀-၁၀-၂၀၂၀ ရက်နေ့တွင် ညွှန်ကြားဆောင်ရွက်ခဲ့ပါသည်။[၁] ထို့ကြောင့် သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် မဲရုံမှူးများအနေဖြင့် ရွေးကောက်ပွဲနေ့ မဲရေတွက်ရာတွင် ခိုင်လုံမဲ/ပယ်မဲ သတ်မှတ်ရာ၌ ရှုပ်ထွေးမှုများ ဖြစ်ပေါ်စေခဲ့ကြောင်း စိစစ်တွေ့ရှိရပါသည်။

( င ) ယခင်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ရွေးကောက်ပွဲနေ့တွင် မဲရုံများ၌ အသုံးပြုခဲ့သည့် ဆန္ဒပြုအမှန်ခြစ်တံဆိပ်တုံးများနှင့်စပ်လျဉ်း၍ မဲရေတွက်ရာတွင် UEC တံဆိပ်မပါရှိသည့် အမှန်ခြစ်တံဆိပ်တုံး ရိုက်နှိပ်ထားသော မဲလက်မှတ်များကို တွေ့ရှိပါကလည်း မည်သည့်ပါတီ/တစ်သီးပုဂ္ဂလကို ဆန္ဒပြုထားသည်ဖြစ်စေ ခိုင်လုံမဲအဖြစ် သတ်မှတ်မည်ဖြစ်ကြောင်း ရွေးကောက်ပွဲကျင်းပရန် နှစ်ရက်အလို ဖြစ်သည့် ၆-၁၁-၂၀၂၀ ရက်နေ့တွင်မှ ညွှန်ကြားခဲ့ခြင်း[၂] သည်လည်း မဲမသမာမှုများ ဖြစ်ပေါ်စေသည့်အပြင် မဲရုံ၌ မဲရေတွက်မှုများတွင် ရှုပ်ထွေးမှုများကို ဖြစ်ပေါ် စေခဲ့ကြောင်း စိစစ်တွေ့ရှိရပါသည်။

---

၁။ ၃၀-၁၀-၂၀၂၀၊ စာအမှတ်၊ ၄/ရကပ(၃၉၁)/ကမရ ဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ တိုင်းဒေသကြီး/ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် ပြည်ထောင်စုနယ်မြေ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့အား အကြောင်းကြားစာ၊ ရွေးကောက်ပွဲဌာန ထွက်စာဖိုင်တွဲများ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ နေပြည်တော်။

၂။ ၆-၁၁-၂၀၂၀၊ စာအမှတ်၊ ၄/ရကပ(၄၂၈)/ကမရ ဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ တိုင်းဒေသကြီး/ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် ပြည်ထောင်စုနယ်မြေ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့အား အကြောင်းကြားစာ၊ ရွေးကောက်ပွဲဌာန ထွက်စာဖိုင်တွဲများ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ နေပြည်တော်။

## ရွေးကောက်ပွဲနေ့တွင် မဲရုံ၌အသုံးပြုမည့် ဆန္ဒပြုအမှန်ခြစ်တံဆိပ်တုံးများနှင့်စပ်လျဉ်းသည့် ယခင်ကော်မရှင်၏ ညွှန်ကြားချက်

လျှို့ဝှက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

စာအမှတ်၊ ၄ / ရကပ (၄၂၈) / ကမရ
ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၆ ရက်

သို့

--------------------------------တိုင်းဒေသကြီး/ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ
ပြည်ထောင်စုနယ်မြေရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ

**အကြောင်းအရာ။ ရွေးကောက်ပွဲနေ့တွင် မဲရုံများ၌ အသုံးပြုမည့် ဆန္ဒပြုအမှန်ခြစ်တံဆိပ်တုံးများနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရန်ကိစ္စ**

၁။ ယခုကာလတွင် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် ကြိုတင်ဆန္ဒမဲပေးခြင်း လုပ်ငန်းများကိုဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီး/ပြည်နယ် အချို့၌ UEC စာလုံးသုံးလုံး မပါဝင်သော ပုံစံတူတံဆိပ်တုံးအတုများ ပေါ်ထွက်နေကြောင်း တွေ့ရှိရပါသည်။

၂။ ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် မဲရုံမှူးများနှင့် မဲရုံကိုယ်စားလှယ်များသည် မဲရုံမဖွင့်မီ ကြိုတင်၍ ဆန္ဒပြုတံဆိပ်တုံးများကို အလွယ်တကူ လဲလှယ်ခြင်း မပြုနိုင်ရန်အတွက် ကြိုးဖြင့်နိုင်မြဲသေချာစွာ ချည်နှောင်ရန် ဖြစ်ပါသည်။ ထိုသို့ချည်နှောင်ရာတွင် ခိုင်ခံ့သော ကြိုးအသေးကိုအသုံးပြု၍ ကြိုးတစ်စကို ဆန္ဒပြုတံဆိပ်တုံး၏ လက်ကိုင်တွင် ခိုင်မြဲစွာ ချည်နှောင်ရန်နှင့် ကျန်တစ်စကို လျှို့ဝှက်ဆန္ဒပြုခန်းထားရှိမည့် စားပွဲ/ စင်တွင် သံမှိုဖြင့်ရိုက်၍ သေချာစွာ ချည်နှောင်ပြီး အလွယ်တကူ လဲလှယ်ယူဆောင်မသွားနိုင်ရေး ဆောင်ရွက်ရန် ဖြစ်ပါသည်။

၃။ မဲရုံမှူးနှင့် မဲရုံကိုယ်စားလှယ်များသည် ၁၅ မိနစ် လျှင်တစ်ကြိမ် ဆန္ဒပြုခန်းများသို့ သွားရောက်၍ သတ်မှတ်ထားသည့် ဆန္ဒပြုတံဆိပ်တုံး မှန်ကန်မှု ရှိ/မရှိ စိစစ်ဆောင်ရွက်ရန် ဖြစ်ပါသည်။

၄။ မဲမရေတွက်မီ မဲရုံမှူးသည် UEC စာလုံး မပါရှိသည့် အမှန်ခြစ်တံဆိပ်တုံး ရိုက်နှိပ်ထားသော မဲလက်မှတ်များကို တွေ့ရှိပါက မည်သည့် ပါတီ/တစ်သီးပုဂ္ဂလကို ဆန္ဒပြုထားသည်ဖြစ်စေ နိုင်လုံမဲအဖြစ် သတ်မှတ်မည် ဖြစ်ကြောင်းကို သက်ဆိုင်ရာ လွှတ်တော် ကိုယ်စားလှယ်လောင်းများ၊ ရွေးကောက်ပွဲ ကိုယ်စားလှယ်များ၊ မဲရုံကိုယ်စားလှယ်များ၊ အကူကိုယ်စားလှယ်များနှင့် အများပြည်သူအသိသက်သေ များသို့ ကြိုတင်ရှင်းလင်း တင်ပြထားရန်ဖြစ်ပါသည်။

လျှို့ဝှက်

## ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များအရ မိမိမဲဆန္ဒနယ်သို့ ပြန်လည် မဲပေးခြင်း မပြုနိုင်သော မဲဆန္ဒရှင်များ ကြိုတင်မဲပေးနိုင်ကြောင်း အသိပေးကြေညာချက်

**ကိုဗစ်-၁၉ ရောဂါနှင့်စပ်လျဉ်းသည့် ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များအရ မိမိမဲဆန္ဒနယ်သို့ ပြန်လည်ဆန္ဒမဲပေးခြင်းမပြုနိုင်သည့် မဲဆန္ဒနယ်ပြင်ပရောက် မဲဆန္ဒရှင်များအတွက် အသိပေးကြေညာချက်**

ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၈ ရက်

၁။ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကို နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည်ဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံနေရချိန်ဖြစ်သောကြောင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို နိုင်ငံတော်က အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ဤကဲ့သို့သောအချိန်အခါတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီက ချမှတ်သော မူဝါဒများ၊ လုပ်ငန်းလမ်းညွှန်ချက်များနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက အခါအားလျော်စွာ ထုတ်ပြန်သော ကျန်းမာရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ၊ ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက် နေထိုင်ကြရသဖြင့် မိမိ၏မဲစာရင်းပါရှိရာ မဲဆန္ဒနယ်သို့ပြန်လည်၍ ဆန္ဒမဲပေးနိုင်ခြင်းမရှိသော မဲဆန္ဒနယ်ပြင်ပရောက် မဲဆန္ဒရှင်များရှိနေသည်ကို တွေ့ရှိရပါသည်။ ထိုသူများ ဆန္ဒမဲပေးမှု မဆုံးရှုံးစေရန် အထူးလိုအပ်လျက်ရှိပါသည်။

၃။ သို့ဖြစ်ပါ၍ အဆိုပါမဲဆန္ဒရှင်များသည် မိမိတို့၏ ဆန္ဒမဲပေးပိုင်ခွင့် မဆုံးရှုံးစေရန်အလို့ငှာ မိမိတို့ရောက်ရှိနေသော မြို့နယ်ကော်မရှင်အဖွဲ့ခွဲများသို့ဆက်သွယ်၍ ကြိုတင်ဆန္ဒမဲဖြင့် ဆန္ဒမဲပေးနိုင်ရန် ပုံစံ ၁၅ များရယူ၍ လျှောက်ထားနိုင်ကြပါသည်။ ယင်းသို့လျှောက်ထားချက်ရရှိသည့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် အဆိုပါမဲဆန္ဒရှင်၏မဲစာရင်းပါရှိရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲနှင့် အမြန်ဆုံးဆက်သွယ်၍ ကြိုတင်ဆန္ဒမဲပေးနိုင်ရေး အထူးကိစ္စတစ်ရပ်အဖြစ် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## မဲဆန္ဒရှင်စာရင်းတွင် နိုင်ငံသားစိစစ်ရေးကတ်မရှိသူ မဲဆန္ဒရှင်များ အစုလိုက် အပြုံလိုက် ပါဝင်နေပြီး ဆန္ဒမဲပေးထားခြင်း

ပုံစံ(၁)

လွှတ်တော်ရွေးကောက်ပွဲမဲဆန္ဒရှင်စာရင်း
၂၀၂၀ ပြည့်နှစ်၊ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် မဲဆန္ဒရှင်စာရင်း
[ နည်းဥပဒေ ၄ ]
ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် (ကွမ်းခြံကုန်းမြို့နယ်)

မြို့နယ်အမည် - ကွမ်းခြံကုန်းမြို့နယ်
ရပ်ကွက်/ကျေးရွာအုပ်စုအမည် - တော်ခရမ်းလေးကျေးရွာအုပ်စု
မဲရုံအမှတ် - မရ-၀၃၊ ယာယီမဲရုံ

မဲဆန္ဒရှင်ပေါင်း (၉၇၁ )ဦး - ကျား (၄၅၆ )ဦး - မ (၅၁၅ )ဦး

| စဉ် | ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအမည် | ကျား/မ | မွေးသက္ကရာဇ် | မှတ်ပုံတင်အမှတ် | အဘအမည် | အမိအမည် | နေရပ်လိပ်စာ | ထိုးမြဲလက်မှတ် သို့ လက်ဝဲလက်မ လက်ဗွေ |
|---|---|---|---|---|---|---|---|---|
| ၈၆၁ | ဦးမျိုးမင်းထိုက် | ကျား | ၁၀-၀၂-၁၉၈၉ | ၁၂/ဒလန(နိုင်)၀၉၄၁၀၃ | ဦးမာမက်ဆလင်း | ဒေါ်ဟာမီဒါ | မရ-၀၃၊ အမှတ်(၃)၊ ၀၀၇၁၃၊ ၀၀၇၁၃ | |
| ၈၆၂ | ဒေါ်နီနီဝင်း | မ | ၁၅-၀၅-၁၉၉၆ | မရှိ | ဦးအာဘာဆလီ | ဒေါ်အမာစိန် | မရ-၀၃၊ အမှတ်(၃)၊ ၀၀၇၁၃၊ ၀၀၇၁၃ | |
| ၈၆၃ | ဒေါ်ငွေငွေမိုး | မ | ၁၂-၁၁-၁၉၇၈ | မရှိ | ဦးအာလီ | ဒေါ်ရီ | မရ-၀၃၊ အမှတ်(၃)၊ ၀၀၇၁၄၊ ၀၀၇၁၄ | |
| ၈၆၄ | ဦးနိုင်ဝင်း | ကျား | ၀၇-၀၅-၂၀၀၁ | မရှိ | ဦးဟာရှင် | ဒေါ်ငွေငွေမိုး | မရ-၀၃၊ အမှတ်(၃)၊ ၀၀၇၁၄၊ ၀၀၇၁၄ | |
| ၈၆၅ | ဦးဟာရှင် | ကျား | ၀၇-၀၈-၁၉၇၈ | မရှိ | ဦးကာဆင် | ဒေါ်ရီမြင့် | မရ-၀၃၊ အမှတ်(၃)၊ ၀၀၇၁၄၊ ၀၀၇၁၄ | |
| ၈၆၆ | ဦးနိုင်လင်း | ကျား | ၀၈-၀၇-၁၉၉၇ | မရှိ | ဦးဟာရှင် | ဒေါ်ငွေငွေမိုး | မရ-၀၃၊ အမှတ်(၃)၊ ၀၀၇၁၄၊ ၀၀၇၁၄ | |
| ၈၆၇ | ဦးမိုးတုတ် | ကျား | ၃၀-၀၆-၁၉၉၄ | မရှိ | ဦးအီလီ | ဒေါ်နိုင်စာဘီ | မရ-၀၃၊ အမှတ်(၃)၊ ၀၀၇၁၅၊ ၀၀၇၁၅ | |
| ၈၆၈ | ဒေါ်သန္တာအေး | မ | ၃၀-၀၆-၁၉၉၉ | မရှိ | ဦးအဒူစောဘ် | ဒေါ်သီတာ | မရ-၀၃၊ အမှတ်(၃)၊ ၀၀၇၁၅၊ ၀၀၇၁၅ | |
| ၈၆၉ | ဦးမျိုးဝင်း | ကျား | ၃၀-၀၆-၁၉၇၆ | မရှိ | ဦးတင်ဝင်း | ဒေါ်မြို | မရ-၀၃၊ အမှတ်(၃)၊ ၀၀၇၁၆၊ ၀၀၇၁၆ | |
| ၈၇၀ | ဦးဝေယံမျိုး | ကျား | ၀၇-၀၅-၁၉၉၈ | မရှိ | ဦးမျိုးဝင်း | ဒေါ်နီနီဝင်း | မရ-၀၃၊ အမှတ်(၃)၊ ၀၀၇၁၆၊ ၀၀၇၁၆ | |

ဥက္ကဋ္ဌ
ရပ်ကွက်/ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ

စာမျက်နှာ - ၈၇/၉၈

အတွင်းရေးမှူး
ရပ်ကွက်/ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ

## ရွေးကောက်ပွဲလုပ်ငန်းစဉ်တွင် ဝင်ရောက်စွက်ဖက်မှုများနှင့် မဲမသမာမှုဖြစ်စဉ်များအပေါ် စစ်ဆေးတွေ့ရှိချက်များ

၆၀။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၏ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အချို့နှင့် အုပ်ချုပ်ရေးအာဏာပိုင်အချို့တို့သည် ရွေးကောက်ပွဲလုပ်ငန်းစဉ်များတွင် ဝင်ရောက်လွှမ်းမိုးဆောင်ရွက်ခဲ့သဖြင့် မဲမသမာမှုများ ပေါ်ပေါက်ခဲ့ရသည်ကိုတွေ့ရှိခဲ့ရပါသည်။ ဖားကန့်မြို့နယ်အတွင်း ရောက်ရှိနေထိုင်လျက်ရှိသော ရွှေ့ပြောင်းလုပ်သားများ၊ ရေမဆေးကျောက်ကောက်သူများမှ ပုံစံ (၃-က) များဖြင့် မဲစာရင်းတွင် ထည့်သွင်းပေးရန် လျှောက်ထားမှုများတွင် လိုအပ်သော အထောက်အထားစာရွက်စာတမ်းများ တင်ပြနိုင်မှုမရှိခြင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ညွှန်ကြားချက်ဖြစ်သော နေရပ်ရင်းရှိ မူလမဲစာရင်းအမှတ်စဉ်အား ဖော်ပြနိုင်မှု မရှိခြင်းများကြောင့် မဲစာရင်းတွင် ထည့်သွင်းပေးရန်အတွက် သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက ငြင်းဆိုခဲ့ပါသည်။ ဖားကန့်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်း (ဖားကန့်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်) ဦးတင့်စိုးက အဆိုပါ ရွှေ့ပြောင်းလုပ်သားများကို မဲစာရင်းတွင် ထည့်သွင်းပေးရန် ဝင်ရောက်စွက်ဖက်ပြောကြားခဲ့ရာ လိုအပ်သော အထောက်အထား စာရွက်စာတမ်းများနှင့် မူလနေရပ်ရှိ မဲစာရင်းအမှတ်စဉ်များ ဖော်ပြနိုင်မှု မရှိသဖြင့် အဆိုပါကိစ္စအား ဆောင်ရွက်ပေးနိုင်ခြင်းမရှိကြောင်း ပြောကြားခဲ့သော်လည်း ၎င်းက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ဖုန်းဆက်မည် ဖြစ်ကြောင်း ဖိအားပေး ပြောဆိုခဲ့ပြီးနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က နိုင်ငံသားစိစစ်ရေးကတ်မူရင်းအား ပြသနိုင်ပါက မဲစာရင်းတွင် ထည့်သွင်းပေးရန် ဖြေလျှော့ပြင်ဆင်ညွှန်ကြားခဲ့သဖြင့် အထောက်အထား တင်ပြနိုင်သည့် လျှောက်ထားသူများကို မဲစာရင်းတွင် ထည့်သွင်းပေးခဲ့ရကြောင်း တွေ့ရှိရပါသည်။[၁]

၆၁။ ဖားကန့်မြို့နယ်အား ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုအခြေအနေအရ Stay at Home မြို့နယ် အဖြစ်သတ်မှတ်ထားရှိရာ ၂၆- ၁၀- ၂၀၂၀ ရက်နေ့တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ဖားကန့်မြို့နယ်မဲဆန္ဒနယ် အမှတ် (၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်း (ဖားကန့်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်) ဦးတင့်စိုး ဦးဆောင်၍ ကထန်ယန် ကျေးရွာအုပ်စုရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တာဝန်ခံ ဦးနော်လီ၏ နေအိမ်တွင် ရပ်မိ/ရပ်ဖများ၊ မဲဆန္ဒရှင် ပြည်သူများနှင့် တွေ့ဆုံခဲ့သဖြင့် Stay at Home သတ်မှတ်ထားသည့် ကာလအတွင်း မဲဆွယ်စည်းရုံးခြင်းကြောင့်လည်းကောင်း၊ ၂၇-၁၀-၂၀၂၀ ရက်နေ့တွင်လည်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ဖားကန့်မြို့နယ်မဲဆန္ဒနယ် အမှတ် (၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်း ဦးတင့်စိုးနှင့် ဖားကန့်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း ဦးအောင်ဟိန်းမင်းတို့သည် ဒေသဖွံ့ဖြိုးရေး ညှိနှိုင်းဆောင်ရွက်ရန် ခေါင်းစဉ်ဖြင့် နန့်စီးအောင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး နေအိမ်တွင် ကွင်းဆင်းမဲဆွယ်စည်းရုံးလျက်ရှိသဖြင့်

၁။ ၂၀၂၀ပြည့်နှစ်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာ (၂၀၂၁ ခုနှစ်)၊ အခန်း(၂)၊ ၂၀၂၀ ပြည့်နှစ်၊ အထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ မဲစာရင်းများ၊ မဲလက်မှတ်များနှင့် မဲပေးခဲ့မှုအခြေအနေများ မြေပြင်စစ်ဆေးဆောင်ရွက်ခြင်း၊ ဥပဒေ၊ နည်းဥပဒေ၊ အမိန့်နှင့်ညွှန်ကြားချက်များအား ကျော်လွန်စွက်ဖက်လုပ်ဆောင်ခဲ့မှုများ၊ (ခ) ရွေးကောက်ပွဲလုပ်ငန်းစဉ်တွင် ဝင်ရောက်စွက်ဖက်ခြင်း။

Stay at Home ကာလသတ်မှတ်ချက် ဖောက်ဖျက်ကျူးလွန်နေခြင်းကြောင့်လည်းကောင်း အရေးယူဆောင်ရွက်ပေးပါရန် တင်ပြလာခဲ့သဖြင့် သက်ဆိုင်ရာ ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ စစ်ဆေးခဲ့ရာ ဖြစ်စဉ် မှန်ကန်မှုရှိသဖြင့် ဦးတင့်စိုးနှင့် ဦးအောင်ဟိန်းမင်းတို့ အပါအဝင် ပါတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများကို ဝန်ခံကတိ လက်မှတ်ရေးထိုးစေခြင်း ဆောင်ရွက်ခဲ့ရကြောင်း စိစစ်တွေ့ရှိရပါသည်။[၁]

၆၂။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ အမျိုးသားလွှတ်တော်မဲဆန္ဒနယ် အမှတ် (၆) ကိုယ်စားလှယ်လောင်း ဒေါက်တာဒေါ်ခင်မကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများသည် မိုးကောင်းမြို့နယ်အတွင်း မဲဆွယ်စည်းရုံးခြင်းလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ကြောင်း တင်ပြခဲ့သဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ကျန်းမာရေးစံလုပ်ငန်းလမ်းညွှန်နှင့်အညီ လိုက်နာဆောင်ရွက်သွားရန် ထည့်သွင်းညွှန်ကြားခွင့်ပြုခဲ့ရာ စတင်ထွက်ခွာသည့် အချိန်၌ပင် သတ်မှတ်အင်အား ၅၀ ဦး (ဝန်းရံသူများမပါ) ထက်ကျော်လွန်နေသဖြင့် စာဖြင့် သတိပေး ဆောင်ရွက်ခဲ့ရကြောင်း တွေ့ရှိရပါသည်။[၂]

၆၃။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ကချင်ပြည်နယ်အစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဦးနေဝင်း သည် မြစ်ကြီးနားမြို့နယ်၊ တာလောကြီးကျေးရွာအုပ်စုသို့ သွားရောက်၍ အစိုးရအဖွဲ့ကိုယ်စား ထောက်ပံ့ကြေးထုတ်ပေးခဲ့ရာတွင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးအောင်ဆန်းထူးမှ အဆိုပါဝန်ကြီး၏ ရှေ့မှောက်၌ ကျေးဇူးတင်စကား ပြန်လည်ပြောကြားရာ၌ “အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အစိုးရ လက်ထက်မှသာ ဤကဲ့သို့ထောက်ပံ့ကြေးရရှိခြင်းဖြစ်ကြောင်း၊ ပါတီ၏ ကျေးဇူးကိုတုံ့ပြန်သောအားဖြင့် ရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကိုသာ မဲပေးခြင်းဖြင့် ကျေးဇူးဆပ်သင့်ကြောင်း” ပြောဆိုခြင်းဖြင့် မဲဆွယ်စည်းရုံးခွင့်မရှိသည့်အချိန်တွင် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးတစ်ဦးအနေဖြင့် မဲဆွယ်စည်းရုံး ဆောင်ရွက်ပေးခဲ့ကြောင်း တွေ့ရှိရပါသည်။[၃]

၆၄။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ကချင်ပြည်နယ် အစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဦးနေဝင်း က နိုင်ငံသားစိစစ်ရေးကတ် မပါရှိဘဲ ရက်ပေါင်း ၉၀ သတ်မှတ်ချက်နှင့် မကိုက်ညီသော ရွှေ့ပြောင်းလုပ်သားများ မဲစာရင်းတွင် ပါဝင်စေရေးအတွက် မြစ်ကြီးနားမြို့၊ လယ်ကုန်းရပ်ကွက်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌအား ဖိအားပေးခိုင်းစေရာ ဆောင်ရွက်ပေးမှုမရှိသဖြင့် မြစ်ကြီးနားမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းဝင်းအား လယ်ကုန်းရပ်ကွက်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌကို အစားထိုးလဲလှယ်ရန် ဖိအားပေးပြောကြားခဲ့ကြောင်း တွေ့ရှိရပါသည်။[၄]

---

၁။ ၂၀၂၀ပြည့်နှစ်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာ (၂၀၂၁ ခုနှစ်)၊ အခန်း(၂)၊ ၂၀၂၀ ပြည့်နှစ်၊ အထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ မဲစာရင်းများ၊ မဲလက်မှတ်များနှင့် မဲပေးခဲ့မှုအခြေအနေများ မြေပြင်စစ်ဆေးဆောင်ရွက်ခြင်း၊ ဥပဒေ၊ နည်းဥပဒေ၊ အမိန့်နှင့်ညွှန်ကြားချက်များအား ကျော်လွန်စွက်ဖက်လုပ်ဆောင်ခဲ့မှုများ၊ (ခ) ရွေးကောက်ပွဲလုပ်ငန်းစဉ်တွင် ဝင်ရောက်စွက်ဖက်ခြင်း။

၂။ - ၎င်း -

၃။ - ၎င်း -

၄။ - ၎င်း -

၆၅။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ကချင်ပြည်နယ်အစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဦးနေဝင်း သည် ပါတီဝင်တစ်ဦးဖြစ်သော မြစ်ကြီးနားမြို့နယ်၊ ရမ်ပူရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်မှတစ်ဆင့် ရပ်/ကျေး စာရေးအား ဥပဒေနှင့်မညီသော မဲဆန္ဒရှင်များ မဲစာရင်းတွင်ပါရှိအောင် မဖြစ်မနေ လုပ်ဆောင်ပေးရန်နှင့် ကျန်ခဲ့ပါက တာဝန်ရှိမည်ဖြစ်ကြောင်း အကျပ်ကိုင်စေခိုင်းသဖြင့် ရပ်/ကျေး စာရေး ဦးဟန်ဇင်ဦး သည် ၎င်း၏ အစီအစဉ်ဖြင့် နောက်ဆက်တွဲစာရင်းများအား ကွန်ပျူတာစာစီ၍ လည်းကောင်း၊ လက်ရေးဖြင့်လည်းကောင်း ဖြည့်သွင်း၍ မဲစာရင်း တရားမဝင်တိုးခဲ့ခြင်းအပြင် ၎င်း တရားမဝင်တိုးယူခဲ့သော မဲစာရင်းအတွက် လိုအပ်သော မဲလက်မှတ်စာအုပ်များကို မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ ခိုးယူအသုံးပြုခဲ့ကြောင်း တွေ့ရှိရပါသည်။[၁]

၆၆။ ဝိုင်းမော်မြို့နယ်၊ စန်းကားကျေးရွာအုပ်စု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ အောင်နိုင်ရေးအဖွဲ့များသည် ငှက်ပျောခြံလုပ်သားများအနေဖြင့် ပုံစံ (၃-က) ဖြင့် မဲစာရင်းတွင်ထည့်သွင်းပေးရန် လျှောက်ထားစေရေးအတွက် ခြံလုပ်ငန်းရှင်များအား ဖိအားပေးအကျပ်ကိုင်ခြင်း၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးအား ဖိအားပေးအကျပ်ကိုင်ခြင်း၊ ကိုယ်စားလှယ်ဖြင့် အစုအဝေးလိုက် လျှောက်ထားမှုများအား မဲစာရင်းတွင် ထည့်သွင်းပေးရေးအတွက် ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအား ဖိအားပေးခြင်းများ လုပ်ဆောင်ခဲ့ကြောင်း တွေ့ရှိရပါသည်။[၂]

၆၇။ တနိုင်းမြို့နယ် မိုင်းခွန်ကျေးရွာအုပ်စုအတွင်း နယ်မြေလုံခြုံရေး အခြေအနေအရ မိုင်းခွန်ကျေးရွာအုပ်စုမှ အုပ်ချုပ်မှုစိုးမိုးခြင်းမရှိသော၊ ဒေသအခေါ် မိုင်းခွန်ပေါက်ဝ ဟုခေါ်သည့်နေရာတွင် ယာယီနေထိုင်လျက် လုပ်ကိုင်စားသောက်နေသော ရွှေ့ပြောင်းလုပ်သားများအား အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ပုံစံ (၃-က) မဲစာရင်း ထည့်သွင်းပေးရေး လျှောက်ထားဆောင်ရွက်ရန် စည်းရုံးပြောဆိုခဲ့သဖြင့် အဆိုပါ ၄၀ ဦးအား မဲစာရင်းထည့်သွင်းပေးရန် ကိုယ်စားလှယ် ၁ ဦးဖြင့် လာရောက်လျှောက်ထားခဲ့ပါသည်။ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးမှ ယင်း၏အုပ်ချုပ်မှု လက်လှမ်းမမီသော နေရာတွင် နေထိုင်သော ယင်းအနေဖြင့် သိရှိခြင်းမရှိသည့်သူများ ဖြစ်ခြင်းကြောင့် ထောက်ခံချက်ပေးရန်ငြင်းဆိုခဲ့သဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ တနိုင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလင်းလင်းဦးမှ တနိုင်းမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ လာရောက်ပြီး အဆိုပါပုဂ္ဂိုလ်များသည် မဲပေးခွင့်ရှိသော နိုင်ငံသားများဖြစ်သဖြင့် မဲပေးခွင့်မဆုံးရှုံးစေရေးအတွက် ဆောင်ရွက်ပေးရန်လိုကြောင်း ဖိအားပေးသည့်ပုံစံဖြင့် ဝင်ရောက် စွက်ဖက် ပြောကြားခဲ့ကြောင်း တွေ့ရှိရပါသည်။[၃]

၆၈။ အင်ဂျန်းယန်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ကိုယ်စားလှယ်လောင်းဖြစ်သူ ဒေါက်တာဇော်ဂျပ်သည် မြစ်ကြီးနားမြို့နယ်အတွင်း အိမ်ထောင်စု ၁၇ စု မှ၊ မဲဆန္ဒရှင်အင်အား ၁၃၃ ဦးအား လဝက ပုံစံ (၁၀) ဖြင့် အင်ဂျန်းယန်မြို့နယ်အတွင်းရှိ ယင်း၏မိတ်ဆွေဖြစ်သူ မိသားစုများတွင်

၁။ ၂၀၂၀ပြည့်နှစ်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာ (၂၀၂၁ ခုနှစ်)၊ အခန်း(၂)၊ ၂၀၂၀ ပြည့်နှစ်၊ အထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ မဲစာရင်းများ၊ မဲလက်မှတ်များနှင့် မဲပေးခဲ့မှုအခြေအနေများ မြေပြင်စစ်ဆေးဆောင်ရွက်ခြင်း၊ ဥပဒေ၊ နည်းဥပဒေ၊ အမိန့်နှင့်ညွှန်ကြားချက်များအား ကျော်လွန်စွက်ဖက်လုပ်ဆောင်ခဲ့မှုများ၊ (ခ) ရွေးကောက်ပွဲလုပ်ငန်းစဉ်တွင် ဝင်ရောက်စွက်ဖက်ခြင်း။

၂။ - ၎င်း -

၃။ - ၎င်း -

အိမ်ထောင်စုအဝင်စာရင်းပြုလုပ်၍ မဲစာရင်း ထည့်သွင်းပေးရန် ပုံစံ (၃)၊ ပုံစံ (၄-ခ) ဖြင့် လျှောက်ထား ဆောင်ရွက်ခဲ့ပါသည်။ ထို့ကြောင့် ကချင်ပြည်နယ်ပြည်သူ့ပါတီမှ ကိုယ်စားလှယ်လောင်းဖြစ်သူ ဦးလမာနော်အောင်ကလည်း မြစ်ကြီးနားမြို့နယ်အတွင်း နေထိုင်လျက်ရှိသော အိမ်ထောင်စု ၂၉ စု မဲဆန္ဒရှင်အင်အား ၁၆၂ ဦးအား လဝက ပုံစံ (၁၀) ဖြင့် အင်ဂျန်းယန်မြို့နယ်အတွင်းရှိ ယင်း၏ မိတ်ဆွေဖြစ်သူ မိသားစုများတွင် အိမ်ထောင်စုအဝင်စာရင်း ပြုလုပ်၍ မဲစာရင်း ထည့်သွင်းပေးရန် ပုံစံ(၃)၊ ပုံစံ (၄-ခ) ဖြင့် ထပ်မံလျှောက်ထား ဆောင်ရွက်ခဲ့ပါသည်။ ယင်းနောက် အင်ဂျန်းယန်မြို့နယ်အတွင်း အခြေချနေထိုင်လျက်ရှိသောဒေသခံများက အမှန်တကယ်နေထိုင်မှုမရှိသူများအား ထိုသို့မဲစာရင်းတွင်ထည့်သွင်းပေးရန်ဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ လက်မှတ်ရေးထိုး၍ အင်ဂျန်းယန်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ ကန့်ကွက်လာခဲ့သဖြင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအနေဖြင့် အဆိုပါကိစ္စသည် နေထိုင်ခွင့်မရှိသူများအတွက် ဆောင်ရွက်လာခြင်းဖြစ်ပြီး ဒေသမှလည်းလက်မခံဘဲ ကန့်ကွက်လာသည့်ကိစ္စဖြစ်သဖြင့် တရားမဲ့ပြုကျင့်မှုများ ဖြစ်လာနိုင်ကြောင်း သတိပေးပြောဆိုခဲ့သဖြင့် ပုံစံ (၃) ဖြင့် လျှောက်ထားမှုများအား ပြန်လည်ရုပ်သိမ်းသွားခဲ့ကြပါသည်။ သို့ရာတွင် မြစ်ကြီးနား မြို့နယ်မှ ပုံစံ (၁၀) ဖြင့် အထွက်ပြုလုပ်ခဲ့ကြသော မဲဆန္ဒရှင်များမှာ အချိန်ကန့်သတ်ချက်အရ မည်သည့်နေရာတွင်မှ မဲစာရင်း ထည့်သွင်း၍ မရတော့ဘဲ မဲပေးပိုင်ခွင့်ဆုံးရှုံးသွားသည့် အခြေအနေများ ဖြစ်ပေါ်ခဲ့ကြောင်း တွေ့ရှိရပါသည်။[၁]

၆၉။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၄- ၈- ၂၀၂၀ ရက်စွဲပါစာအမှတ်၊ ၇ / ၄၆၄- အထွေထွေ/ အဖရ (၂၀၂၀) ဖြင့် ညွှန်ကြားချက်အရ ကယားပြည်နယ်အစိုးရအဖွဲ့မှ ၅- ၈- ၂၀၂၀ ရက်နေ့တွင် ပြည်နယ်ဝန်ကြီးချုပ် ဦးဆောင်သည့် မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်ရေးအတွက် ပံ့ပိုးကူညီရေးအဖွဲ့ကို ဖွဲ့စည်းခဲ့ရာ ယင်းအဖွဲ့ကြောင့်ပင် လူဦးရေစာရင်းများ ထပ်ကာ မဲဆန္ဒရှင်စာရင်းများ ၂ ကြိမ်၊ ၃ ကြိမ်နှင့်အထက် ပါဝင်မှုများ ဖြစ်ပွားခဲ့ရကြောင်း စိစစ်တွေ့ရှိရပါသည်။ ယင်းအဖွဲ့၏ ညွှန်ကြားချက်အရ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ လူဦးရေစာရင်းများကျန်ရှိသေးကြောင်း ထပ်မံပေးပို့လာသည့် စာရင်းများကို မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများအနေဖြင့် မဲဆန္ဒရှင်စာရင်းများတွင် ထပ်မံထည့်သွင်းခဲ့ရကြောင်း တွေ့ရှိရပါသည်။ သက်ဆိုင်ရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (ရပ်ကွက်/ကျေးရွာအုပ်စု) တို့မှ အောက်ခြေတွင် သေချာစွာ စိစစ်ခြင်းမရှိဘဲ ထပ်မံပေးပို့လာသည့် လူဦးရေစာရင်းများကြောင့် မဲဆန္ဒရှင်စာရင်းတွင် ပါဝင်ပြီးသူများ ထပ်မံ ပါဝင်လာသဖြင့် မဲစာရင်းများ ဖောင်းပွခြင်း၊ ထပ်ခြင်းများ ဖြစ်ပေါ်ခဲ့ကြောင်း စိစစ်တွေ့ရှိရပါသည်။[၂]

၇၀။ ကရင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်သည် လွှတ်တော်ကိုယ်စားလှယ်တစ်ဦး၏ လုပ်ပိုင်ခွင့်ထက် ကျော်လွန်ဖောက်ဖျက်ပြီး လှိုင်းဘွဲ့မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၇ အုပ်စုကို ရွေးကောက်ပွဲ ကျင်းပပြုလုပ်မည့် နယ်မြေစာရင်းမှ ပယ်ဖျက်ပေးရန် ပြည်နယ်လွှတ်တော်အနေဖြင့် အကြောင်းကြားစာပေးပို့ခြင်းဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်ကို

၁။ ၂၀၂၀ပြည့်နှစ်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာ (၂၀၂၁ ခုနှစ်)၊ အခန်း(၂)၊ ၂၀၂၀ ပြည့်နှစ်၊ အထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ မဲစာရင်းများ၊ မဲလက်မှတ်များနှင့် မဲပေးခဲ့မှုအခြေအနေများ မြေပြင်စစ်ဆေးဆောင်ရွက်ခြင်း၊ ဥပဒေ၊ နည်းဥပဒေ၊ အမိန့်နှင့်ညွှန်ကြားချက်များအား ကျော်လွန်စွက်ဖက်လုပ်ဆောင်ခဲ့မှုများ၊ (ခ) ရွေးကောက်ပွဲလုပ်ငန်းစဉ်တွင် ဝင်ရောက်စွက်ဖက်ခြင်း။

၂။ - ၎င်း -

ဝင်ရောက်စွက်ဖက်ခဲ့ပြီး နိုင်ငံရေးရည်ရွယ်ချက်တစ်ခုခုဖြင့် ပြည်နယ်လွှတ်တော်၏ အရှိန်အဝါကိုယူ၍ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။[၁]

၇၁။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ ဖာပွန်မြို့နယ် အောင်နိုင်ရေးအဖွဲ့ခေါင်းဆောင် ဦးညီညီကျော်က ဖာပွန်မြို့နယ်အတွင်းရှိ မဲဆန္ဒရှင် ၅၄ ဦး ကို မဲစာရင်းတွင် ထည့်သွင်းပေးရန် ကရင်ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌသို့ လည်းကောင်း၊ ဘားအံမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ အောင်နိုင်ရေး စည်းရုံးရေးမှူး ဒေါ်ငြိမ်းငြိမ်းအောင်က လှိုင်းဘွဲ့မြို့နယ်အတွင်းရှိ မဲဆန္ဒရှင် ၇၇၅ ဦး ကို မဲစာရင်းတွင် ထည့်သွင်းပေးရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌသို့ လည်းကောင်း တင်ပြတောင်းဆိုခဲ့ကြောင်း တွေ့ရှိရပါသည်။[၂]

၇၂။ ဖာပွန်မြို့နယ်အတွင်းရှိ ပုံစံ (၄) ဖြင့် ကန့်ကွက်ခြင်းခံထားရသူ မဲဆန္ဒရှင် ၄၇၁ ဦးနှင့် စပ်လျဉ်း၍ စိစစ်ခဲ့ရာ ကရင်ပြည်နယ်အစိုးရအဖွဲ့၊ လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးဌာနက အဆိုပါ အမျိုးသားမှတ်ပုံတင်ကတ်နံပါတ် ဖော်ပြထားသူ၊ ယာယီသက်သေခံလက်မှတ်ဖော်ပြထားသူ၊ NVC နံပါတ် ဖော်ပြထားသူ၊ မည်သည့်လက်မှတ်မျှ ဖော်ပြမထားသူများသည် အိန္ဒိယနွယ်ဖွားများ ဖြစ်ပြီး ကိုင်ဆောင်လက်မှတ်နှင့် ရုံးမှတ်တမ်းများအရ နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားအဖြစ် ခံယူထားသူများ မဟုတ်ကြောင်းနှင့် လိုအပ်သလို ဆက်လက်ဆောင်ရွက်သွားရန် ပြန်ကြားခဲ့သဖြင့် သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအနေဖြင့် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ မဲစာရင်းတွင်ပါဝင်၍ မဲပေးခွင့်ရရှိခဲ့ပြီးသူ ၁၅၈ ဦးအား မဲစာရင်းတွင် ထည့်သွင်းပေးခဲ့ရပြီး ကျန် ၃၁၃ ဦးသည် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်မှုမရှိသဖြင့် မဲစာရင်းမှ စိစစ်ပယ်ဖျက်ခဲ့ရကြောင်း တွေ့ရှိရပါသည်။[၃]

၇၃။ ယခင် ကရင်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဟောင်း နန်းခင်ထွေးမြင့်အနေဖြင့် ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအတွင်းရေးမှူးအား ခေါ်ယူတွေ့ဆုံပြီး မဲစာရင်းတွင်ပါဝင်ခြင်း မရှိသေးသော NLD ပါတီကို ထောက်ခံသည့် နိုင်ငံသားစိစစ်ရေးကတ်မရှိသော သွေးနှောများကို သက်ဆိုင်ရာ မဲဆန္ဒရှင်စာရင်းများတွင် ထည့်သွင်းပေးရန်နှင့် ဆောင်ရွက်ပေးခြင်းမရှိပါက ရွေးကောက်ပွဲပြီးလျှင် သက်ဆိုင်ရာ မြို့နယ်နှင့် ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများကို လူ့အခွင့်အရေး ကော်မရှင်သို့တင်ပြ၍ တရားစွဲဆိုအရေးယူဆောင်ရွက်သွားမည်ဟု ခြိမ်းခြောက်ဖိအားပေး အကျပ်ကိုင် စွက်ဖက်ခဲ့ကြောင်းနှင့် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေနှင့် ညီညွတ်မှုမရှိသူများအား မဲစာရင်းတွင် ထည့်သွင်းနိုင်ခြင်းမရှိကြောင်း ပြန်လည်တင်ပြခဲ့ရသည်ကို တွေ့ရှိရပါသည်။[၄]

၁။ ၂၀၂၀ပြည့်နှစ်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာ (၂၀၂၁ ခုနှစ်)၊ အခန်း(၂)၊ ၂၀၂၀ ပြည့်နှစ်၊ အထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ မဲစာရင်းများ၊ မဲလက်မှတ်များနှင့် မဲပေးခဲ့မှုအခြေအနေများ မြေပြင်စစ်ဆေးဆောင်ရွက်ခြင်း၊ ဥပဒေ၊ နည်းဥပဒေ၊ အမိန့်နှင့်ညွှန်ကြားချက်များအား ကျော်လွန်စွက်ဖက်လုပ်ဆောင်ခဲ့မှုများ၊ (ခ) ရွေးကောက်ပွဲလုပ်ငန်းစဉ်တွင် ဝင်ရောက်စွက်ဖက်ခြင်း။

၂။ - ၎င်း -

၃။ - ၎င်း -

၄။ - ၎င်း -

၇၄။ ကရင်ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအနေဖြင့် မဲဆန္ဒရှင်တစ်ဦးတည်းမှ မဲ ၂ ကြိမ်ပေးခြင်း၊ မဲမသမာမှုများ မဖြစ်စေရန်အတွက် ကြိုတင်ဆန္ဒမဲပေးသူများကိုလည်း ရွေးကောက်ပွဲနေ့တွင် လက်သန်းမင်တို့သကဲ့သို့ ဆောင်ရွက်ခွင့် ရှိ/မရှိ လမ်းညွှန်မှုပြုပါရန် ယခင်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့တင်ပြခဲ့ရာ ခွင့်ပြုခဲ့ခြင်းမရှိကြောင်း တွေ့ရှိရပါသည်။[၁]

၇၅။ ကရင်ပြည်နယ်တွင် NLD ပါတီဝင်များသည် ကြိုတင်မဲရုံနှင့် ကိုက် ၅၀ အကွာတွင် ၅-၁၁-၂၀၂၀ ရက်နေ့၌ NLD အလံနှင့်တံဆိပ်များ တပ်ဆင်ထားသည့် မော်တော်ယာဉ်ပေါ်မှ NLD အောင်နိုင်ရေး သီချင်းများ ဖွင့်၍မဲဆွယ်စည်းရုံးခြင်း၊ ကြိုတင်မဲပုံးများကို တရားမဲ့ ချိပ်ပိတ်ခြင်း/ သော့ခတ်ခြင်း၊ ကြိုတင်ဆန္ဒမဲများ ကောက်ယူစဉ် NLD ပါတီအား ဆန္ဒပြုရန် ပြောဆိုစည်းရုံးခြင်း၊ မဲဆန္ဒရှင် ကိုယ်စားဆန္ဒပြုတံဆိပ်တုံးများ ရိုက်နှိပ်ပေးခြင်း စသည်ဖြင့် တရားမဲ့ ပြုကျင့်မှုများ ဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရ ပါသည်။[၂]

၇၆။ ကရင်ပြည်နယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ်တွင် NLD ပါတီမှ အင်အားပြ မဲဆွယ်စည်းရုံးစဉ် ကရင်ပြည်နယ် အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ် (၃) လွှတ်တော်ကိုယ်စားလှယ်လောင်း ဦးစောယှားဖောင်အွာက ပါတီဝန်းရံသူများကို တစ်ဦးလျှင် ၅၀၀၀ ကျပ်နှုန်း ပေးဝေစည်းရုံးသဖြင့် ကန့်ကွက်တိုင်ကြားမှုများ ရှိခဲ့ကြောင်းတွေ့ရှိရပါသည်။[၃]

၇၇။ ယခင် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် NLD ပါတီ တို့သည် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ ဖွဲ့စည်းရာတွင် ယင်းတို့၏ အမာခံ ပါတီဝင်များ ပါဝင်စေရေးအတွက် ဝင်ရောက်စွက်ဖက်ဖိအားပေးဆောင်ရွက်ခြင်း၊ ကြိုတင်မဲပေးစဉ်နှင့် ရွေးကောက်ပွဲနေ့ ဆန္ဒမဲပေးမှုများအတွက် မဲဆန္ဒရှင်စာရင်း ပုံစံ (၁) များတွင် လက်ရေးဖြင့် ဖြည့်သွင်း၍ နောက်တိုး မဲဆန္ဒရှင်များကို ဆန္ဒမဲပေးခွင့်ပြုခြင်း၊ အသက် ၆၀နှစ်နှင့် အထက် မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးစဉ် ရပ်/ကျေးအများစု၌ ပါတီဝင်များဖြင့် အင်အားပြစုစည်း၍ ရွေးကောက်ပွဲတာဝန်ရှိသူများနှင့် မဲဆန္ဒရှင်များအား ဖိအားပေး ဆောင်ရွက်စေခြင်း၊ အချို့နေရာများ၌ မဲဆန္ဒရှင်များသို့ ထုတ်ပေးသည့် Mask များအတွင်းသို့ စက္ကူဖြင့် ပြုလုပ်ထားသည့် NLD logo များညှပ်သွင်း၍ လျှို့ဝှက်ဆန္ဒပြုခန်းအတွင်း ရောက်ရှိပါက ၎င်း logo ပါ ကိုယ်စားလှယ်လောင်းကို ဆန္ဒမဲပေးစေရေး မသမာမှု ပြုလုပ်မှုများရှိခဲ့ခြင်း၊ မဲဆွယ်စည်းရုံးစဉ်ကာလအတွင်း မဲဆွယ်စည်းရုံးစဉ် ညွှန်ကြားချက်များကို လိုက်နာမှု မရှိဘဲ ဝန်းရံသူများဟု အကြောင်းပြသုံးနှုန်း၍ အင်အားပြ လှည့်လည်ခြင်းများကို ကြိုတင်ဆန္ဒမဲပေးသည့် နေ့ရက်များအထိ ဆောင်ရွက်မှုများ ရှိခဲ့ခြင်း၊ ကြိုတင်မဲပေးစဉ်ကာလအတွင်း တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ အဆင့်ရှိ လွှတ်တော်ကိုယ်စားလှယ်လောင်းက ကြိုတင်မဲပေးနေသည့် ရပ်/ကျေး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးအတွင်း ဝင်ရောက်၍ ၎င်းတို့ပါတီဝင်များအား ကြိုတင်မဲပေးနေသည့် ဖြစ်စဉ်များကို သေချာစွာ စောင့်ကြပ်ကြည့်ရှုရန် မလျော်ညြဇာသုံး ဆောင်ရွက်မှု

၁။ ၂၀၂၀ပြည့်နှစ်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာ (၂၀၂၁ ခုနှစ်)၊ အခန်း(၂)၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ မဲစာရင်းများ၊ မဲလက်မှတ်များနှင့် မဲပေးခဲ့မှုအခြေအနေများ မြေပြင်စစ်ဆေးဆောင်ရွက်ခြင်း၊ ဥပဒေ၊ နည်းဥပဒေ၊ အမိန့်နှင့်ညွှန်ကြားချက်များအား ကျော်လွန်စွက်ဖက်လုပ်ဆောင်ခဲ့မှုများ၊ (ခ) ရွေးကောက်ပွဲလုပ်ငန်းစဉ်တွင် ဝင်ရောက်စွက်ဖက်ခြင်း။

၂။ - ၎င်း -

၃။ - ၎င်း -

များရှိခဲ့ခြင်း၊ ကြိုတင်မဲပေးစဉ် ဆန္ဒမဲလက်မှတ် မှားယွင်းထုတ်ပေးမှုများအပေါ် ပြန်လည်မဲပေးနိုင်ရန် ဥပဒေကျော်လွန် ဆောင်ရွက်ခြင်း စသည်ဖြင့် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများတွင် ဝင်ရောက်စွက်ဖက်မှုများရှိခဲ့ပြီး မသမာမှုများ ဆောင်ရွက်ခဲ့ကြောင်း စိစစ်တွေ့ရှိရပါသည်။[၁]

၇၈။ ယခင်ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်ဟောင်း ဦးဝင်းသိန်းက ပဲခူးတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌထံ တယ်လီဖုန်းဖြင့်ဆက်သွယ်၍ ၎င်း၏ မဲဆန္ဒနယ်တွင် နိုင်ငံခြားမှ ပြန်မလာနိုင်သူများအတွက် ၎င်း၏လူများမှ အစားထိုးမဲပေးမည်ဟု ပြောဆိုခဲ့ကြောင်း စိစစ်တွေ့ရှိရပါသည်။ NLD ပါတီမှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာဒေါ်ရွှေပုံက ဒုတိယအကြိမ်မဲစာရင်းကပ်ထားပြီးနောက်ပိုင်းမှ ပဲခူးခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ ဆက်သွယ်လာပြီး ၎င်း၏ မဲဆန္ဒနယ်မြေအတွင်း ဝါးမရမ်းကျေးရွာ ရော်ဘာခြံများတွင်နေထိုင်သည့် ရွှေ့ပြောင်းလုပ်သားများ မဲစာရင်းတွင် ပါဝင်ရေးဆောင်ရွက်ပေးရန် ဖြစ်ကြောင်း၊ NLD နယ်မြေစည်းရုံးရေးမှူးနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးတို့ကို ပုံစံ (၃) များနှင့်အတူ စေလွှတ်ပေးမည် ဖြစ်ကြောင်းနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့လည်း ဖုန်းဖြင့် ဆက်သွယ်ထားပြီးဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ ၁-၁၁-၂၀၂၀ ရက်နေ့တွင် ဝါးမရမ်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးချစ်ရွှေ၊ ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးကျော်အောင်နှင့် NLD ရပ်ကွက်/ကျေးရွာအုပ်စု စည်းရုံးရေးမှူးတို့ ရောက်ရှိလာပြီး ပုံစံ (၃) ၇၈၀ စောင်ကို မဲစာရင်းတွင် ထည့်သွင်းပေးရန်နှင့် NLD လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ရွှေပုံမှ ပေးအပ်ခိုင်းခြင်းဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများအရ ရွေးကောက်ပွဲမကျင်းပမီ ၇ ရက်အလို အစုလိုက်အပြုံလိုက် ကျန်ရှိခဲ့ကြောင်း တွေ့ရှိမှသာ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက စိစစ်၍ မဲစာရင်းတွင် ထည့်သွင်းခွင့်ပြုနိုင်သည် ဖြစ်၍ စိစစ်ရန် အချိန်မလုံလောက်ပါက မဲစာရင်းတွင် မပါဝင်နိုင်ကြောင်း ပြောကြားခဲ့ရာ ယခင်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ပဲခူးတိုင်းဒေသကြီး တာဝန်ခံ ဦးထွန်းခင်က မဲစာရင်းတွင် ထည့်သွင်းပေးရန်ဖြစ်ကြောင်း၊ မည်သည့်ပုံစံကို အသုံးပြုသည်ဖြစ်စေ ခွင့်ပြုကြောင်းနှင့် တာဝန်ယူမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်ကို စိစစ်တွေ့ရှိရပါသည်။ ထို့ပြင် NLD ပါတီမှ ကရင်တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်လောင်း ဒေါ်နော်ပွယ်စေး အနေဖြင့်လည်း ရွှေကျင်မြို့နယ်တွင် ကရင်တိုင်းရင်းသားလူမျိုး မဲဆန္ဒရှင်အရေအတွက် လျော့နည်းသွားကြောင်းနှင့် ယခင် ၂၀၁၅ ခုနှစ်အထွေထွေရွေးကောက်ပွဲတွင် ကရင်တိုင်းရင်းသားလူမျိုး မဲစာရင်း၌ ပါဝင်ခဲ့သူ ၇၀ ဦးအား ပြန်လည်ထည့်သွင်းပေးရန် ပဲခူးခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ ဖုန်းဖြင့် ဆက်သွယ်အကြောင်းကြားခဲ့ကြောင်း စိစစ်တွေ့ရှိရပါသည်။[၂]

၇၉။ ယခင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဟောင်း ဦးဝင်းသိန်း နှင့် NLD ပါတီ လွှတ်တော်ကိုယ်စားလှယ်များသည် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ ဖွဲ့စည်းခြင်း၊ မဲဆွယ်စည်းရုံး

၁။ ၂၀၂၀ပြည့်နှစ်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာ (၂၀၂၁ ခုနှစ်)၊ အခန်း(၂)၊ ၂၀၂၀ ပြည့်နှစ်၊ အထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ မဲစာရင်းများ၊ မဲလက်မှတ်များနှင့် မဲပေးခဲ့မှုအခြေအနေများ မြေပြင်စစ်ဆေးဆောင်ရွက်ခြင်း၊ ဥပဒေ၊ နည်းဥပဒေ၊ အမိန့်နှင့်ညွှန်ကြားချက်များအား ကျော်လွန်စွက်ဖက်လုပ်ဆောင်ခဲ့မှုများ၊ (ခ) ရွေးကောက်ပွဲလုပ်ငန်းစဉ်တွင် ဝင်ရောက်စွက်ဖက်ခြင်း။

၂။ - ၎င်း -

ခြင်းဆိုင်ရာ ကိစ္စရပ်များ၊ ကြိုတင်မဲပေးခြင်းဆိုင်ရာ ကိစ္စရပ်များ၊ ရွေးကောက်ပွဲနေ့ ဆန္ဒမဲပေးမှုကိစ္စရပ်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ ဝင်ရောက်စွက်ဖက် ညွှန်ကြားခဲ့ပြီး မဲမသမာမှုများ ဆောင်ရွက်ခဲ့ကြောင်း စိစစ်တွေ့ရှိရပါသည်။[၁]

၈၀။ ဆန္ဒမဲပေးမှုအခြေအနေများတွင် ထူးခြားချက်အနေဖြင့် ကြို့ပင်ကောက်မြို့နယ်၊ စစ်ကုန်း(၁) ကျေးရွာအုပ်စု၊ မဲရုံအမှတ် (၁) တွင် ကရင်တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် ဆန္ဒမဲလက်မှတ်များ ရေတွက်ခဲ့ရာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ် ဒေါ်နော်ပွယ်စေး၏ ခိုင်လုံမဲများတွင် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ၌ အသုံးပြုခဲ့သည့် ဆန္ဒမဲလက်မှတ် (ခိုင်လုံမဲ) ၇၃ စောင် ပါဝင်နေကြောင်း စိစစ်တွေ့ရှိရပါသည်။[၂]

၈၁။ သဲကုန်းမြို့နယ်ရှိ လက်ကျန်ဆန္ဒမဲလက်မှတ် ၉ အုပ်တွင် စာအုပ်နံပါတ်စဉ် မပါရှိသည့် မဲလက်မှတ် ၉ အုပ်ကို စိစစ်တွေ့ရှိရပါသည်။[၃]

၈၂။ ရေစကြိုမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ၂၆-၁၀-၂၀၂၀ ရက်နေ့၊ ၂၇-၁၀-၂၀၂၀ ရက်နေ့နှင့် ၂၈-၁၀-၂၀၂၀ ရက်နေ့တို့တွင် ကြိုတင်ဆန္ဒမဲပေးရန် ထုတ်ပေးခဲ့သော ပြည်သူ့လွှတ်တော် ဆန္ဒမဲလက်မှတ်များတွင် ရေစကြိုမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်လောင်းများ ဖြစ်ကြသည့် ဦးကျော်နိုင်ဦး (ပြည်ထောင်စုကောင်းကျိုးဆောင်ပါတီ)၊ ဦးချမ်းမင်း (ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ)၊ သရေစည်သူဦးစိုးမောင် (အမျိုးသားနိုင်ငံရေးဒီမိုကရက်တစ်ပါတီ)၊ ဦးတင်အောင် (ပြည်သူ့ရှေ့ဆောင်ပါတီ)၊ ဦးပိုက်ဒွေး (ညီညွတ်သောဒီမိုကရက်တစ်ပါတီ)၊ ဦးလွင်မြင့်ဦး (အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ)နှင့် ဦးအောင်မြင့်ကြည် (တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ) တို့၏ အမည်များ ပါဝင်သည့်ဆန္ဒမဲလက်မှတ်များမဟုတ်ဘဲ ရေစကြိုမြို့နယ်ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်နှင့် သက်ဆိုင်ခြင်းမရှိသော မကွေးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းများဖြစ်ကြသည့် ဒေါ်တင်မိုးခိုင် (ပြည်ထောင်စုကောင်းကျိုးဆောင်ပါတီ)၊ ဦးမြင့်ဦး (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ)၊ ဦးဝင်းကိုကို (ပြည်သူ့ရှေ့ဆောင်ပါတီ)၊ ဦးသန်းထွေး (တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ)၊ ဦးအောင်ဆန်းဦး (ညီညွတ်သောဒီမိုကရက်တစ်ပါတီ) နှင့် ဦးအောင်သိန်းကျော် (ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ) တို့၏ အမည်များပါဝင်သည့် ဆန္ဒမဲလက်မှတ်များကို မှားယွင်းစွာ ထုတ်ပေးခဲ့ကြောင်း စစ်ဆေးတွေ့ရှိရပါသည်။[၄]

၈၃။ ထိုကဲ့သို့ မှားယွင်းထုတ်ပေးခဲ့သော မကွေးမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်လောင်းများ၏ အမည်များသာ ပါရှိနေသည့် ဆန္ဒမဲလက်မှတ်များကို ၃၁-၁၀-၂၀၂၀ ရက်နေ့တွင် ဝါယာကျေးရွာအုပ်စု မဲရုံအမှတ်(၅)၊ ငွေးဂုဏ်ကျေးရွာအုပ်စု မဲရုံအမှတ်(၁)၊ ပေကုန်းကျေးရွာအုပ်စု၊ ပညင်း

၁။ ၂၀၂၀ပြည့်နှစ်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာ (၂၀၂၁ ခုနှစ်)၊ အခန်း(၂)၊ ၂၀၂၀ ပြည့်နှစ်၊ အထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ မဲစာရင်းများ၊ မဲလက်မှတ်များနှင့် မဲပေးခဲ့မှုအခြေအနေများ မြေပြင်စစ်ဆေးဆောင်ရွက်ခြင်း၊ ဥပဒေ၊ နည်းဥပဒေ၊ အမိန့်နှင့်ညွှန်ကြားချက်များအား ကျော်လွန်စွက်ဖက်လုပ်ဆောင်ခဲ့မှုများ၊ (ခ) ရွေးကောက်ပွဲလုပ်ငန်းစဉ်တွင် ဝင်ရောက်စွက်ဖက်ခြင်း။

၂။ - ၎င်း -

၃။ - ၎င်း -

၄။ - ၎င်း -

ကျေးရွာ မဲရုံအမှတ် (၃)၊ မောက္ကလန်ကျေးရွာအုပ်စု မဲရုံအမှတ် (၁)၊ ခင်မွန် (ခေါ်) ခွေးမြုပ် ကျေးရွာအုပ်စု မဲရုံအမှတ် (၁) တို့တွင်လည်းကောင်း၊ ၁-၁၁-၂၀၂၀ ရက်နေ့တွင် ခင်မွန် (ခေါ်) ခွေးမြုပ် ကျေးရွာအုပ်စု မဲရုံအမှတ် (၂) တွင်လည်းကောင်း၊ ၂-၁၁-၂၀၂၀ ရက်နေ့တွင် မြေဖြူမုံညှင်းကျေးရွာအုပ်စု မဲရုံအမှတ် (၂) တွင်လည်းကောင်း၊ ၃-၁၁-၂၀၂၀ ရက်နေ့တွင် မအူအောက်ဆိပ်ကျေးရွာအုပ်စု မဲရုံအမှတ် (၃) တွင် လည်းကောင်း မှားယွင်းထုတ်ပေးခဲ့သဖြင့် မဲလက်မှတ်မှားယွင်းသူ ၂၇၈ ဦးနှင့် ဆန္ဒမဲပေးပြီးသူ ၆၆၇ ဦး၊ စုစုပေါင်းမဲဆန္ဒရှင် ၉၄၅ ဦးတို့ ဆန္ဒမဲပေးထားကြောင်း မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ စစ်ဆေးတွေ့ရှိခဲ့ပါသည်။ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ဆန္ဒမဲလက်မှတ် မှားယွင်းပေးထားသော ဆန္ဒမဲလက်မှတ် ၉၄၅ စောင်နှင့် လက်ကျန် ၅ စောင်ကို ရေစကြိုမြို့မရဲစခန်းဝန်း အတွင်းရှိ ငွေတိုက်တွင် သိမ်းဆည်းထားရှိခဲ့ပါသည်။ ထို့ကြောင့် မဲဆန္ဒရှင် ၉၄၅ ဦးတို့အား မဲပေးခွင့်မဆုံးရှုံး စေရေး အသစ်တစ်ဖန် ပြန်လည်မဲပေးနိုင်ရန်အတွက် ဆန္ဒမဲလက်မှတ် ၉၅၀ စောင် (အုပ်ရေအားဖြင့် ၁၉ အုပ်) ကို ပြန်လည် အစားပေးခဲ့ပြီး အသစ်တစ်ဖန် ပြန်လည်မဲပေးခြင်းများ ဆောင်ရွက်စေခဲ့ပါသည်။ ထို့နောက် ရေစကြိုမြို့မရဲစခန်းဝန်းအတွင်းရှိ ငွေတိုက်တွင် သိမ်းဆည်းထားသည့် ဆန္ဒပြုထားခြင်းမရှိသေးသော ဆန္ဒမဲလက်မှတ်စာအုပ်အသစ်များကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ သယ်ယူကာ မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊ ဌာနဆိုင်ရာ အဖွဲ့ဝင်များ၊ ပညာရေးဝန်ထမ်းများ၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ရပ်/ကျေးစာရေးများမှ ပြည်သူ့လွှတ်တော် ဆန္ဒမဲလက်မှတ်စာအုပ်များ၊ အမျိုးသားလွှတ်တော် ဆန္ဒမဲလက်မှတ်စာအုပ်များ၊ တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော် ဆန္ဒမဲလက်မှတ်စာအုပ်များ စုစုပေါင်း ၁၀၈၇၀ အုပ်နှင့် တိုင်းရင်းသားလူမျိုးဆန္ဒမဲလက်မှတ် ၄၉ စောင် တို့ကို စစ်ဆေးဆောင်ရွက်ခဲ့ရာ ရေစကြိုမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ အမည်များ ပါဝင်ခြင်းမရှိဘဲ သက်ဆိုင် ခြင်းမရှိသည့် မကွေးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ အမည်များသာ ပါရှိနေသည့် ဆန္ဒမဲလက်မှတ် စုစုပေါင်း ၂၀၅၀ စောင် (အုပ်ရေအားဖြင့် ၄၁ အုပ်) ကို စစ်ဆေးတွေ့ရှိခဲ့ပြီး ချိပ်ပိတ်ကာ ရေစကြို မြို့မရဲစခန်းဝန်းအတွင်းရှိ ငွေတိုက်တွင် သိမ်းဆည်းထားရှိပါသည်။ ယင်းသို့ ချိပ်ပိတ်သိမ်းဆည်းထားသော ဆန္ဒမဲလက်မှတ် စုစုပေါင်း ၂၀၅၀ စောင် (အုပ်ရေအားဖြင့် ၄၁ အုပ်) ကို ဖွင့်ဖောက်စစ်ဆေးခဲ့ပါသည်။[၁]

၈၄။ ရေစကြိုမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရှိ ချိပ်ပိတ်ထားသော ဆန္ဒမဲလက်မှတ်အိတ် ၅ အိတ်တွင် NLD အမှတ်တံဆိပ်ပါ Label ကတ်ပြားအား သံကွင်းဖြင့် ဖောက်ကာ ဆန္ဒမဲလက်မှတ် အိတ်ချည်သောကြိုးဖြင့် တစ်ပါတည်းတွဲလျက်ချည်ထားပြီး ချိပ်ပိတ်ထားသည်ကို တွေ့ရှိရပါသည်။ NLD အမှတ်တံဆိပ်ပါ Label ကတ်ပြားများ ချိတ်ဆွဲ ချိပ်ပိတ်ထားခြင်းဖြင့် NLD ရုံးမှ ပေးပို့သည့် မဲလက်မှတ်များဖြစ်နိုင်ပြီး မဲပေးရာတွင် မသမာမှုများပြုလုပ်ထားကြောင်းတွေ့ရှိရပါသည်။[၂]

၈၅။ မဲစာရင်းများကောက်ယူရာတွင် မန္တလေးတိုင်းဒေသကြီး NLD ပါတီမှ ပြင်ဦးလွင်မြို့နယ် မဲစာရင်းကိစ္စ တင်ပြချက်နှင့်စပ်လျဉ်း၍ လည်းကောင်း၊ ယခင် မန္တလေးတိုင်းဒေသကြီးလွှတ်တော်

၁။ ၂၀၂၀ပြည့်နှစ်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာ (၂၀၂၁ ခုနှစ်)၊ အခန်း(၂)၊ ၂၀၂၀ ပြည့်နှစ်၊ အထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ မဲစာရင်းများ၊ မဲလက်မှတ်များနှင့် မဲပေးခဲ့မှုအခြေအနေများ မြေပြင်စစ်ဆေးဆောင်ရွက်ခြင်း၊ ဥပဒေ၊ နည်းဥပဒေ၊ အမိန့်နှင့်ညွှန်ကြားချက်များအား ကျော်လွန်စွက်ဖက်လုပ်ဆောင်ခဲ့မှုများ၊ (ခ) ရွေးကောက်ပွဲလုပ်ငန်းစဉ်တွင် ဝင်ရောက်စွက်ဖက်ခြင်း။

၂။ - ၎င်း -

ဥက္ကဋ္ဌ ဦးအောင်ကျော်ဦး၏ တင်ပြည့်နိုင်းချက်အရဟုဆိုကာ မဲစာရင်းတွင် ထည့်သွင်းပေးရန်အတွက် လည်းကောင်း၊ အမရပူရမြို့နယ်အတွင်းရှိ ကျေးရွာများမှ မဲစာရင်းတွင် မပါဝင်သူများ မဲပေးခွင့်ရရှိရေး ဆောင်ရွက်ပေးရန်အတွက် လည်းကောင်း ယခင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဝန်ကြီးဌာန ဝန်ကြီးတို့ လက်မှတ် ရေးထိုး၍ မန္တလေးတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ အကြောင်းကြားခဲ့ခြင်းတို့သည် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်မှုမရှိဘဲ အုပ်ချုပ်ရေးအာဏာ ကိုအသုံးပြု၍ ဝင်ရောက်စွက်ဖက်ကာ မလျော်သြဇာကျင့်သုံးဆောင်ရွက်ခဲ့ကြောင်းစိစစ်တွေ့ရှိရ ပါသည်။[၁]

၈၆။ ယခင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်သည် South–East Asia Gas Pipeline Company Limited (Great Ocean Branch) နှင့် South East Asia Crude Oil Pipeline Company Limited (Great Ocean Branch) တို့မှ မြန်မာနိုင်ငံသား ဝန်ထမ်းများအား ယင်းတို့၏ ရုံးခန်းများမှနေ၍ ကြိုတင်မဲပေးခွင့်ပြုပါရန် တင်ပြလာခြင်းနှင့်စပ်လျဉ်း၍ ညှိနှိုင်းဆောင်ရွက်ပေးရန် တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ ညွှန်ကြားခဲ့ခြင်းဖြင့် ကြိုတင်မဲပေးခြင်းဆိုင်ရာ ရွေးကောက်ပွဲ လုပ်ငန်းစဉ်များတွင် ဝင်ရောက်စွက်ဖက် ဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရပါသည်။[၂]

၈၇။ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် NLD ပါတီနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်း များ၏ မဲဆွယ်စည်းရုံးခြင်းဆိုင်ရာကိစ္စရပ်များ၊ ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကိစ္စရပ်များ၊ ကြိုတင်မဲပေးခြင်းဆိုင်ရာကိစ္စရပ်များ၊ ရွေးကောက်ပွဲနေ့ ဆန္ဒမဲပေးမှုကိစ္စရပ်များနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊ သက်ဆိုင်ရာ ခရိုင်နှင့် မြို့နယ်စီမံခန့်ခွဲရေးကော်မတီ များသို့ ဝင်ရောက်စွက်ဖက် ညွှန်ကြားခြင်းများ ဆောင်ရွက်ခဲ့ကြောင်း စိစစ်တွေ့ရှိရပါသည်။[၃]

၈၈။ မော်လမြိုင်ကျွန်းမြို့နယ်၊ ရေတွင်းကုန်းကျေးရွာအုပ်စု၌ တာဝန်ကျသည့် အလယ်တန်းပြ ဆရာမ (မဲရုံအဖွဲ့ဝင်) ဒေါ်မိုးမြတ်သူဇာသည် ၎င်း၏မိဘများရှိရာ မယ်တလိုင်းကျေးရွာအုပ်စုတွင် လည်းကောင်း၊ ၎င်း၏ခင်ပွန်းရှိရာ ကျေးရွာ ဖြစ်သည့် စီးပွားချောင်ကျေးရွာအုပ်စုတွင် လည်းကောင်း မဲ ၂ ကြိမ်ပေးခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၅၉ (ဆ) ဖြင့် အမှုဖွင့်အရေးယူထားကြောင်း တွေ့ရှိရပါသည်။ အခြားမြို့နယ်များတွင်လည်း မဲစာရင်း ၂ ကြိမ်/ ၃ ကြိမ်ပါဝင်နေပြီး တစ်ကြိမ်ထက်ပိုမို ဆန္ဒပြုထားသူများကို အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိရာ မဲစာရင်းများတွင် အကြိမ်ကြိမ်ပါဝင်နေခြင်းသည် ရွေးကောက်ပွဲဆိုင်ရာ မဲမသမာမှု ပြုရန် အခွင့်အလမ်းတစ်ရပ်သဖွယ်ဖြစ်ခဲ့ကြောင်း စိစစ်တွေ့ရှိရပါသည်။[၄]

---

၁။ ၂၀၂၀ပြည့်နှစ်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာ (၂၀၂၁ ခုနှစ်)၊ အခန်း(၂)၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ မဲစာရင်းများ၊ မဲလက်မှတ်များနှင့် မဲပေးခဲ့မှုအခြေအနေများ မြေပြင်စစ်ဆေးဆောင်ရွက်ခြင်း၊ ဥပဒေ၊ နည်းဥပဒေ၊ အမိန့်နှင့်ညွှန်ကြားချက်များအား ကျော်လွန်စွက်ဖက်လုပ်ဆောင်ခဲ့မှုများ၊ (ခ) ရွေးကောက်ပွဲလုပ်ငန်းစဉ်တွင် ဝင်ရောက်စွက်ဖက်ခြင်း။

၂။ – ၎င်း –

၃။ – ၎င်း –

၄။ – ၎င်း –

၈၉။ ပြည်ထောင်စုနယ်မြေ မြို့နယ် ၈ မြို့နယ်တွင် တပ်ပြင်ပ မဲရုံသတ်မှတ်သည့်ကိစ္စနှင့် ပတ်သက်၍ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ပြည်ထောင်စုနယ်မြေ အတွင်း တပ်သီးသန့်ပြင်ပမဲရုံ ၂၄ ရုံ အပါအဝင် မဲရုံပေါင်း ၆၄၆ ရုံ ဖွင့်လှစ်ဆောင်ရွက်ခဲ့ပါသည်။ ရွေးကောက်ပွဲမတိုင်မီ တစ်လအလိုခန့်တွင် NLD ပါတီမှ လွှတ်တော်ကိုယ်စားလှယ်များဖြစ်သည့် ပုဗ္ဗသီရိမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးရည်မွန်၊ ဥတ္တရသီရိမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးကျော်မင်းလှိုင်၊ လယ်ဝေးမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမျိုးဇော်ဦး၊ တပ်ကုန်းမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးကျော်တင့်နှင့် အမျိုးသားလွှတ်တော်မဲဆန္ဒနယ် အမှတ် (၉) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဆွေ တို့သည် ပြည်ထောင်စုနယ်မြေ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးသို့ ရောက်ရှိလာပြီး ဥက္ကဋ္ဌနှင့်အတွင်းရေးမှူးဖြစ်သူတို့ထံ တပ်ပြင်ပမဲရုံ သတ်မှတ်သည့်ကိစ္စနှင့် ပတ်သက်၍ မကျေနပ်ကြောင်း၊ လွှတ်တော်ရွေးကောက်ပွဲဥပဒေနှင့်အညီ မဆောင်ရွက်သဖြင့် မကျေနပ်ကြောင်း၊ တပ်မဲရုံများကို ဥပဒေအတိုင်း အပြင်ထုတ်ပေးရမည်ဖြစ်ကြောင်း လာရောက် ခြိမ်းခြောက်ပြောဆိုခဲ့သည်ကို တွေ့ရှိရပါသည်။[၁]

၉၀။ ပျဉ်းမနားမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ ဒုတိယဥက္ကဋ္ဌ ဦးသန့်ဇင်ပါ ၃ ဦးသည် ၂၅-၁၀-၂၀၂၀ ရက်နေ့ ၁၀:၀၀ နာရီအချိန်တွင် ပျဉ်းမနားမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးသို့ ရောက်ရှိလာပြီး အသက် ၆၀ နှစ်နှင့်အထက် အသက်အရွယ်ကြီးရင့်သူများ ကြိုတင်မဲပေးခြင်းကိစ္စနှင့် ပတ်သက်၍ Stay at home မြို့နယ်များတွင်သာ ဆောင်ရွက်ရမည်ဖြစ်သော်လည်း ပျဉ်းမနားမြို့နယ် အတွင်း ၎င်းကိစ္စရပ်များအား စီမံဆောင်ရွက်နေကြောင်း တွေ့ရှိရသဖြင့် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်သို့ တိုင်ကြားမည်ဟု ပြောဆိုကြိမ်းမောင်းခဲ့ကြောင်း စိစစ်တွေ့ရှိရပါသည်။[၂]

၉၁။ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် လူဦးရေစာရင်းကို ပျဉ်းမနား မြို့နယ် အုပ်ချုပ်ရေးမှူးရုံးမှ ကောက်ယူရေးအဖွဲ့ ဖွဲ့စည်း၍ ကောက်ယူခဲ့ရာ အသက်မပြည့်သူ၊ သေဆုံး သူများလည်း ပါဝင်ခဲ့ကြောင်း၊ မဲရုံတစ်ရုံတွင် လူ ၃၀၀၀ သတ်မှတ်သည့်အတွက် အခက်အခဲဖြစ်ကြောင်း၊ ကြိုတင်မဲကောက်ယူရာတွင် ဆရာ/ဆရာမများကိုတာဝန်ပေးခဲ့ခြင်းဖြစ်ပြီး ရွေးကောက်ပွဲအောင်နိုင်ရေး အဖွဲ့အနေဖြင့် မှတ်ပုံတင်မရှိသူများကို ၎င်းသိကျွမ်းကြောင်းပြောဆိုကာ မဲစာရင်းတွင် ထည့်သွင်းစေ ခဲ့ခြင်းများ ရှိကြောင်း၊ မှတ်ပုံတင်မရှိသူများကို မဲထည့်စေခြင်း၊ ရက်ပေါင်း ၉၀ ကျော် နေထိုင်သည်ဟု ဆိုကာ မဲထည့်စေခြင်းတို့ဖြင့် ဥပဒေကို လက်တစ်လုံးခြားလုပ်ဆောင်မှုများ ရှိခဲ့ကြောင်း၊ အောင်နိုင်ရေး အဖွဲ့များက မဲရုံမှူး၏လုပ်ငန်းများကို ဝင်ရောက်စွက်ဖက်ခဲ့ကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များ၏ မဲရုံကိုယ်စားလှယ်များမှလည်း ဝင်ရောက်စွက်ဖက်ခြင်းများ ရှိခဲ့ကြောင်း စိစစ်တွေ့ရှိရပါသည်။[၃]

၁။ ၂၀၂၀ပြည့်နှစ်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာ (၂၀၂၁ ခုနှစ်)၊ အခန်း(၂)၊ ၂၀၂၀ ပြည့်နှစ်၊ အထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ မဲစာရင်းများ၊ မဲလက်မှတ်များနှင့် မဲပေးခဲ့မှုအခြေအနေများ မြေပြင်စစ်ဆေးဆောင်ရွက်ခြင်း၊ ဥပဒေ၊ နည်းဥပဒေ၊ အမိန့်နှင့်ညွှန်ကြားချက်များအား ကျော်လွန်စွက်ဖက်လုပ်ဆောင်ခဲ့မှုများ၊ (ခ) ရွေးကောက်ပွဲလုပ်ငန်းစဉ်တွင် ဝင်ရောက်စွက်ဖက်ခြင်း။

၂။ - ၎င်း -

၃။ - ၎င်း -

၆၂။ တပ်ကုန်းမြို့နယ်တွင် မဲရုံကိုယ်စားလှယ်များသည် ဖုန်းများဖြင့် ဓာတ်ပုံရိုက်ယူ၍ ၎င်းတို့၏ လွှတ်တော်ကိုယ်စားလှယ်များသို့ သတင်းပေးပို့ခဲ့မှုကြောင့် ဦးမောင်မောင်ဆွေ (အမျိုးသားလွှတ်တော် ကိုယ်စားလှယ်လောင်း) သည် မဲရုံသို့ ရောက်ရှိလာပြီး မဲရုံမှူးတာဝန်ထမ်းဆောင်မှုကို ဝင်ရောက် စွက်ဖက်သဖြင့် အချေအတင် ပြောဆိုခဲ့ရခြင်းများ ဖြစ်ပွားခဲ့ကြောင်း၊ ပြည်ပသတင်းဌာနများမှလည်း မဲရုံသို့ လာရောက်၍ ဗီဒီယိုရိုက်ကူးရာ မဲရုံမှူးမှ တားမြစ်ပြီး ပြန်လည်စေလွှတ်ခဲ့ရကြောင်း၊ ရပ်ကွက်/ ကျေးရွာအုပ်စု NLD ပါတီဝင် အများစုအနေဖြင့် မဲရုံ အသီးသီးတွင် လွှမ်းမိုးမှုရှိကြောင်း၊ အချို့မဲရုံများတွင် ယင်းတို့ ကိုယ်တိုင်မဲဆန္ဒရှင်များကိုယ်စား ဆန္ဒပြုတံဆိပ်တုံး ရိုက်နှိပ်ပေးခြင်းများလည်းရှိကြောင်း၊ ရွေးကောက်ပွဲကာလအတွင်း NLD ပါတီဝင် လူငယ်များ ဆိုင်ကယ်ဖြင့် ကင်းပတ်သည်ဟုဆိုကာ ကျေးရွာအတွင်းသွားလာမဲဆွယ်ခြင်းများရှိကြောင်း၊ ရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနေအိမ် များကိုလည်း ခဲနှင့်ထုကြကြောင်း၊ ပြည်ခိုင်ဖြိုးပါတီ အားပေးသူ ၅၀ ခန့်ကိုလည်း သတ်ဖြတ်မည်ဟု လူမှုကွန်ရက်ပေါ်တွင် ဦးစားပေးအလိုက် တင်ခဲ့ကြောင်း စိစစ်တွေ့ရှိရပါသည်။[၁]

၆၃။ ပုဗ္ဗသီရိမြို့နယ် တပ်မဲစာရင်းများနှင့်ပတ်သက်၍ NLD ပါတီ လွှတ်တော်ကိုယ်စားလှယ်များ ဖြစ်သည့် ဦးရည်မွန်နှင့် ဦးမောင်မောင်ဆွေ  တို့သည် အခိကဝင်ရောက် စွက်ဖက်ကြကြောင်းနှင့် မဲစာရင်းကောက်ယူရာတွင် မလျော်သြဇာသုံး၍ မသမာမှုပြုလုပ်ခဲ့ကြောင်း၊ လွှတ်တော်မှ တပ်မဲရုံ များ တပ်ပြင်ပသို့ထုတ်မည်ဟု ပြောကြားချိန်မှစ၍ ရောက်ရှိလာခဲ့ပြီး တပ်မဲစာရင်းအရေအတွက်များ မေးမြန်းခြင်း၊ ဘဲကုန်းကျေးရွာအုပ်စုနှင့်ကပ်လျက်ရှိသည့် အမှတ် (၉၄၈) ဆောက်လုပ်ရေးအင်ဂျင်နီယာ တပ်အား ဘဲကုန်းကျေးရွာအုပ်စုအပိုင်ထဲသို့ ထည့်သွင်းစေရန် မဲရုံခွဲဝေသတ်မှတ်မှုနှင့်စပ်လျဉ်း၍ ဝင်ရောက်စွက်ဖက် ဖိအားပေးခဲ့ကြောင်း၊ ဦးမောင်မောင်ဆွေ က ဖြုတ်ခွဲကျေးရွာအုပ်စုမှ လမ်းလုပ်သား ၄၀ ခန့်ကို မဲစာရင်းတွင် ထည့်သွင်းပေးရန် တောင်းဆိုခဲ့ရာ အုပ်ချုပ်ရေးမှူး ထောက်ခံချက်မပါဘဲ ထည့်သွင်း၍မရကြောင်း ပြောကြားခဲ့သော်လည်း ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးအား ဖိအားပေး လက်မှတ်ရေးထိုးစေခဲ့ခြင်းကြောင့် မဲစာရင်းတွင် ထည့်သွင်းပေးခဲ့ရကြောင်း၊ ကြိုတင်မဲပေးချိန်တွင် အိမ်ထောင်စုစာရင်း မရှိသူ၊ မှတ်ပုံတင်မရှိသူများ ရပ်ကွက်အတွင်း စိမ့်ဝင်ခဲ့ကြောင်း၊ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်လောင်း ဦးမောင်မောင်ဆွေ သည် ကြိုတင်မဲကောက်ယူချိန်တွင် ရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအား ဖိအားပေး ခြိမ်းခြောက်မှုများ ရှိခဲ့ကြောင်း စိစစ်တွေ့ရှိရပါသည်။[၂]

၆၄။ ဒက္ခိဏသီရိမြို့နယ်တွင် ကျူးကျော်ရပ်ကွက်များ၌ နေထိုင်သူများနှင့် ဆောက်လုပ်ရေး လုပ်ငန်း/ ဟိုတယ်လုပ်ငန်းများမှ ဝန်ထမ်းနှင့် ဝန်ထမ်းမိသားစုများအနေဖြင့် ရွေးကောက်ပွဲနီးမှ ပြောင်းရွှေ့မှုများရှိခဲ့ပြီး ကျူးကျော်/ ပုံကျများပြားသဖြင့် မဲစာရင်းကောက်ရာတွင် အခက်အခဲရှိကြောင်း စိစစ်တွေ့ရှိရပါသည်။ ဒက္ခိဏခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးတင်မြင့်၊ အဖွဲ့ဝင် ဦးသန်းဝေ၊ မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးအောင်နှင့် အဖွဲ့ဝင် ဒေါ်အေးအေးထက်တို့သည်

---

၁။ ၂၀၂၀ပြည့်နှစ်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာ (၂၀၂၁ ခုနှစ်)၊ အခန်း(၂)၊ ၂၀၂၀ ပြည့်နှစ်၊ အထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ မဲစာရင်းများ၊ မဲလက်မှတ်များနှင့် မဲပေးခဲ့မှုအခြေအနေများ မြေပြင်စစ်ဆေးဆောင်ရွက်ခြင်း၊ ဥပဒေ၊ နည်းဥပဒေ၊ အမိန့်နှင့်ညွှန်ကြားချက်များအား ကျော်လွန်စွက်ဖက်လုပ်ဆောင်ခဲ့မှုများ၊ (ခ) ရွေးကောက်ပွဲလုပ်ငန်းစဉ်တွင် ဝင်ရောက်စွက်ဖက်ခြင်း။

၂။ - ၎င်း -

NLD ပါတီ အမာခံများဖြစ်ပြီး ရွေးကောက်ပွဲဆိုင်ရာ သတင်းအချက်အလက်များကို NLD ပါတီသို့ သတင်းပေးဆောင်ရွက်ခြင်း၊ ရွေးကောက်ပွဲလုပ်ငန်းများတွင် ဝင်ရောက်စွက်ဖက်ခြင်း၊ NLD ပါတီ၏ စည်းရုံးရေးမှူးများဖြစ်သည့် ဒေါ်သန်းသန်းစိုး၊ ဦးနေလင်း၊ ဦးမျိုးမင်းထိုက်၊ ဦးဇော်လင်းတို့သည် NLD ပါတီ အနိုင်ရရှိရေးအတွက် ရွေးကောက်ပွဲလုပ်ငန်းများတွင်ဝင်ရောက်စွက်ဖက်ခဲ့ခြင်းများကို ပြုလုပ်ခဲ့ကြကြောင်း စိစစ်တွေ့ရှိရပါသည်။[၁]

၉၅။ လယ်ဝေးမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ ဖြစ်သည့် ဦးလှဝင်းနှင့် ဦးမြင့်ဟန် တို့သည် NLD ပါတီဝင်များ ဖြစ်ကြပြီး ယင်းတို့သည် ပါတီအောင်နိုင်ရေးအဖွဲ့ဝင်များ ဖြစ်သော ဦးစောလှထွန်း၊ ဦးကျော်မြင့်ဦး၊ ဦးမျိုးဇော်ဦး၊ ဦးမောင်မောင်သွင်၊ ဦးစံထွန်းကျော် တို့ ၅ ဦးနှင့် ချိတ်ဆက်ဆောင်ရွက်လေ့ရှိကြောင်း၊ ဒက္ခိဏခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးတင်မြင့်က ရွေးကောက်ပွဲနေ့အထိ ရပ်ကွက်/ ကျေးရွာအုပ်စု ထောက်ခံချက်ဖြင့် မဲစာရင်းပေး၍ရကြောင်းကို ရွေးကောက်ပွဲသင်တန်းနေ့တွင် ပြောဆိုဆွေးနွေးခဲ့ကြောင်း၊ ဇမ္ဗူသီရိမြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးကျော်ငြိမ်းသည် မဲစာရင်းတွင် ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့အထိ အမည်စာရင်း ထည့်သွင်းရန် စေခိုင်းမှုများရှိကြောင်း၊ ရွေးကောက်ပွဲနီးချိန်မှ မဲစာရင်းတွင် ပါဝင်လိုခြင်းနှင့်စပ်လျဉ်း၍ စိစစ်ရာ မဲဝယ်သည့် စနစ်ကြောင့် မက်လုံးအရ လာရောက်ဆောင်ရွက်ချက်များရှိသည်ကို တွေ့ရှိရကြောင်း၊ အသက်အရွယ်ကြီးရင့်သူ အချို့ ကိုယ်စား သားသမီးများက ကြိုတင်မဲပေးခဲ့ကြကြောင်း၊ မဲပေးရာတွင် NLD ပါတီ တံဆိပ်ကို ဆန္ဒပြုခိုင်းခဲ့ကြောင်း စိစစ်တွေ့ရှိရပါသည်။[၂]

၉၆။ မဲစာရင်းများ အရေအတွက်များပြားစွာ မဲရုံများ၌ အမှားအယွင်းဖြစ်ပေါ် ရခြင်းသည် မတော်တဆ ဖြစ်ပွားမှားယွင်းမှုမျိုးမဟုတ်ဘဲ NLD ပါတီမှ လွှတ်တော်ကိုယ်စားလှယ်များဖြစ်သည့် ဦးရည်မွန်၊ ဦးကျော်မင်းလှိုင်၊ ဦးမျိုးဇော်ဦး၊ ဦးကျော်တင့်၊ ဦးမောင်မောင်ဆွေ၊ ပျဉ်းမနားမြို့နယ် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ ဒုတိယဥက္ကဋ္ဌ ဦးသန့်ဇင်၊ နေပြည်တော်ကောင်စီဝင် ဦးအောင်မြင်ထွန်းနှင့် ဦးညီထွန်း၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင် ဦးမင်းသူ၊ ဒက္ခိဏခရိုင် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးတင်မြင့်၊ အဖွဲ့ဝင် ဦးသန်းဝေ၊ ဇမ္ဗူသီရိ မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကျော်ငြိမ်းနှင့် ပါတီအောင်နိုင်ရေးအဖွဲ့များဖြင့် မဲစာရင်းကောက်ယူခြင်း၊ မဲဆွယ်စည်းရုံး ခြင်း၊ ဆန္ဒမဲပေးခြင်းဆိုင်ရာလုပ်ငန်းများတွင် ဝင်ရောက်စွက်ဖက်၍ မလျော်သြဇာအသုံးပြု ဆောင်ရွက် ခဲ့ကြောင်း စိစစ်တွေ့ရှိရပါသည်။[၃]

၁။ ၂၀၂၀ပြည့်နှစ်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာ (၂၀၂၁ ခုနှစ်)၊ အခန်း(၂)၊ ၂၀၂၀ ပြည့်နှစ်၊ အထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ မဲစာရင်းများ၊ မဲလက်မှတ်များနှင့် မဲပေးခဲ့မှုအခြေအနေများ မြေပြင်စစ်ဆေးဆောင်ရွက်ခြင်း၊ ဥပဒေ၊ နည်းဥပဒေ၊ အမိန့်နှင့်ညွှန်ကြားချက်များအား ကျော်လွန်စွက်ဖက်လုပ်ဆောင်ခဲ့မှုများ၊ (ခ) ရွေးကောက်ပွဲလုပ်ငန်းစဉ်တွင် ဝင်ရောက်စွက်ဖက်ခြင်း။

၂။ - ၎င်း -

၃ - ၎င်း -

# အခန်း (၃)

# ရွေးကောက်ပွဲအလွန်ကာလ ဖြစ်စဉ်များ

- ရွေးကောက်ပွဲဆိုင်ရာ ဖြစ်မှုများနှင့် တရားမဲ့ပြုကျင့်မှုဆိုင်ရာ ကန့်ကွက်မှုများ၊

## ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုများနှင့် တရားမဲ့ပြုကျင့်မှုဆိုင်ရာ ကန့်ကွက်မှုများ

၉၇။ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဖြစ်ပွားခဲ့သော ရွေးကောက်ပွဲဆိုင်ရာပြစ်မှုများနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနမှရရှိသော စာရင်းဇယားများအရ ၃၁-၇-၂၀၂၁ ရက်နေ့အထိ သက်ဆိုင်ရာ ရဲစခန်းများသို့ အမှုဖွင့်တိုင်ကြားထားသည့် အမှုပေါင်း ၅၄၆ မှု ရှိပြီး တရားစွဲတင် ၃၃၆ မှု၊ ပိတ်သိမ်း ၁၉၂ မှု နှင့် လက်ကျန် ၁၈ မှု ဖြစ်ပါသည်။ အလားတူ ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုများ၊ တရားမဲ့ပြုကျင့်မှုများနှင့်စပ်လျဉ်း၍ နိုင်ငံရေးပါတီများက သက်ဆိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသကော်မရှင်အဖွဲ့ခွဲ၊ ခရိုင်ကော်မရှင်အဖွဲ့ခွဲ၊ တိုင်းဒေသကြီး/ပြည်နယ်ကော်မရှင်အဖွဲ့ခွဲနှင့် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်သို့တင်ပြလာသည့် အမှုတွဲများစွာ ရှိခဲ့သော်လည်း ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့်အရေးယူဆောင်ရွက်ပေးမှု မရှိခဲ့ကြောင်းတွေ့ရှိရပါသည်။ ယခင် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တို့၏ ဘက်လိုက်မှု၊ တရားမျှတမှုနှင့် ဥပဒေနှင့် ညီညွတ်မှုမရှိသော လုပ်ဆောင်မှုများကြောင့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပပြီးနောက်ပိုင်း တရားမဲ့ပြုကျင့်မှုများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ တရားဝင် ကန့်ကွက်လွှာ တင်သွင်းသည့်အမှုပေါင်း ၂၈၇ မှု ရှိခဲ့ပြီး ယခင် ၂၀၁၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ၂၉ မှု၊ ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ၄၅ မှုများနှင့် နှိုင်းယှဉ်ပါက လွန်စွာများပြားလျက်ရှိကြောင်း စိစစ်တွေ့ရှိရပါသည်။

၉၈။ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဖြစ်ပွားခဲ့သော မဲမသမာမှုဖြစ်စဉ်များကို သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေ အခန်း (၁၃) ပါ ရွေးကောက်ပွဲပြစ်မှုများဖြင့် ရဲစခန်းသို့ တိုင်ကြားရာတွင်လည်းကောင်း၊ သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေ အခန်း (၁၄) ပါ တရားမဲ့ပြုကျင့်မှုများကို ကန့်ကွက်လွှာတင်သွင်းရာတွင်လည်းကောင်း လိုအပ်သော နောက်ဆုံးမဲစာရင်း မိတ္တူများကို ကူးယူခွင့်ပြုပါရန် သက်ဆိုင်ရာ ပါတီ၊ ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများက လွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ တောင်းခံခဲ့သော်လည်း ယခင်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကူးယူခွင့်မပြုခဲ့ကြောင်း တွေ့ရှိရပါသည်။ ကန့်ကွက်လွှာတင်သွင်းသူ လွှတ်တော်ကိုယ်စားလှယ်လောင်း/မဲဆန္ဒရှင်များ၏ ရှေ့နေများက သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲ များသို့ စာဖြင့် တရားဝင်တောင်းခံသော်လည်း နို့တစ်စာ ထုတ်ပြန်ခြင်းနှင့်စပ်လျဉ်း၍ တရားလွှတ်တော်ရှေ့နေ ၃ ဦး နှင့် အထက်တန်းရှေ့နေ ၁ ဦး ပေါင်း ၄ ဦးတို့အား တရားလွှတ်တော်ရှေ့နေများကောင်စီအက်ဥပဒေပုဒ်မ ၁၀ နှင့် The Legal Practitioners Act ပုဒ်မ ၁၃ အရ အရေးယူဆောင်ရွက်ရန် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ တိုင်တန်းတင်ပြ၍ ဖိအားပေးဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရပါသည်။

၉၉။ ရွေးကောက်ပွဲအလွန်ကာလတွင် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ နိုင်ငံတစ်ဝန်း မဲမသမာမှုများ ဖြစ်ပေါ်ခဲ့သဖြင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ၊ အမျိုးသားနိုင်ငံရေး ဒီမိုကရက်တစ်ပါတီတို့က သမ္မတ ဦးဝင်းမြင့်နှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ တို့အား ပြည်ထောင်စုတရားလွှတ်တော်ချုပ်ထံ စာချွန်တော် လျှောက်ထားခဲ့ရာ တရားလွှတ်တော်ချုပ်က

လက်ခံစစ်ဆေးကြားနာရန် ဆောင်ရွက်မှုရှိခဲ့ပါသည်။ အမျိုးသားနိုင်ငံရေးဒီမိုကရက်တစ်ပါတီ ဥက္ကဋ္ဌ ဦးစိုးမောင်နှင့် ရှေ့နေ ဦးဇော်ဝိတ်တို့က သမ္မတအပါအဝင် ၄ ဦးနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင် ၁၄ ဦးတို့အား အာဏာပိုင်မေး စာချွန်တော်အမိန့် လျှောက်ထားမှုရှိခဲ့ပြီး ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ ဗဟိုအလုပ်အမှုဆောင် ဦးလှသိန်းက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင် ၁၄ ဦး တို့အား အာဏာပေးစာချွန်တော် သို့မဟုတ် အာဏာပိုင်မေး စာချွန်တော်အမိန့် ထုတ်ဆင့်ပေးရန် လျှောက်ထားမှု ရှိခဲ့ပါသည်။[၁]

၁။ ၂၀၂၀ပြည့်နှစ်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာ၊ ရွေးကောက်ပွဲဆိုင်ရာပြစ်မှုများနှင့် တရားမဲ့ ပြုကျင့်မှုဆိုင်ရာကန့်ကွက်မှုများ၊ စာမျက်နှာ(၃၀၄)၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ နေပြည်တော်။

# အခန်း (၄)


## မြန်မာနိုင်ငံတစ်ဝန်းလုံး ရွေးကောက်ပွဲကျင်းပခဲ့သည့် မြို့နယ် ၃၁၅ မြို့နယ်၏ မဲစာရင်း စိစစ်ခြင်းနှင့် မြေပြင်ကွင်းဆင်း စစ်ဆေးဆောင်ရွက်ခြင်း

- မြို့နယ် ၃၁၅ မြို့နယ်၏ မဲဆန္ဒရှင်စာရင်းများ စစ်ဆေးတွေ့ရှိချက်များ၊
- မြို့နယ် ၃၁၅ မြို့နယ်၏ ဆန္ဒမဲလက်မှတ်များ မြေပြင်ကွင်းဆင်း စစ်ဆေးတွေ့ရှိချက်များ၊
- ဆန္ဒမဲပေးမှုအခြေအနေ စစ်ဆေးတွေ့ရှိချက်များ၊

## မြန်မာနိုင်ငံတစ်ဝန်းလုံး ရွေးကောက်ပွဲကျင်းပခဲ့သည့် မြို့နယ် ၃၁၅ မြို့နယ်၏ မဲစာရင်းစိစစ်ခြင်းနှင့် မြေပြင်ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခြင်း

၁၀၀။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ လွှတ်တော် ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၅၃ အရ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ ရွေးကောက်ပွဲကျင်းပခဲ့သည့် မြို့နယ် ၃၁၅ မြို့နယ်၏ မဲဆန္ဒရှင်စာရင်းများကို မြို့နယ်အလိုက် အသေးစိတ်စိစစ်ခဲ့ပြီး မြို့နယ် အသီးသီးရှိ မဲရုံတစ်ခုချင်းအလိုက် မဲပေးခဲ့မှုအခြေအနေများနှင့် ဆန္ဒမဲလက်မှတ်များကို ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များက သက်ဆိုင်ရာ မြို့နယ်အလိုက် ယခင် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးများ၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဦးစီးမှူးများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ သက်ဆိုင်ရာနိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနှင့် အတူ မြေပြင် ဖွင့်ဖောက်စစ်ဆေးမှုများကို ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်နေ့မှ ဇူလိုင်လ ၄ ရက် နေ့အတွင်း သွားရောက်ဆောင်ရွက်ခဲ့ပြီး သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၊ မဲရုံမှူး၊ မဲရုံ အဖွဲ့ဝင်များနှင့်လည်း တွေ့ဆုံ၍ ရွေးကောက်ပွဲဆိုင်ရာ မဲမသမာမှုများနှင့် တရားမဲ့ပြုကျင့်မှုများကို စုံစမ်းမေးမြန်းဆောင်ရွက်ခဲ့ပါသည်။

၁၀၁။ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် တိုင်းဒေသကြီး/ ပြည်နယ် အသီးသီးရှိ မြို့နယ် ၃၁၅ မြို့နယ်၌ မဲရုံပေါင်း ၃၉၉၆၃ ရုံ၊ မဲဆန္ဒရှင်စုစုပေါင်း ၃၈၂၇၁၄၄၇ ဦး ရှိသည့်အနက် ၂၇၅၁၂၈၅၅ ဦး မဲပေးခဲ့ကြသဖြင့် မဲပေးမှုရာခိုင်နှုန်း ၇၁.၈၉ ရာခိုင်နှုန်းရှိခဲ့ပြီး နိုင်ငံရေးပါတီ ၈၇ ပါတီ ကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်း ၅၆၁၉ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြပါသည်။[၁]




၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် မဲပေးပိုင်ခွင့်ရှိသူအရေအတွက်နှင့် မဲပေးသူအရေအတွက် အခြေပြဇယား

၁။ ၂၀၂၀ပြည့်နှစ်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာ၊ တိုင်းဒေသကြီး/ပြည်နယ်များရှိ ရွေးကောက်ပွဲ ကျင်းပခဲ့သည့် မြို့နယ်(၃၁၅)မြို့နယ်၏ မဲစာရင်းများနှင့် မြေပြင်စစ်ဆေးမှု ဆောင်ရွက်ခြင်း၊ မဲဆန္ဒရှင်စာရင်းများ စစ်ဆေးတွေ့ရှိချက်၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရုံး၊ နေပြည်တော်။

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ပြည်သူ့လွှတ်တော် | | အမျိုးသားလွှတ်တော် | | တိုင်း/ပြည်နယ် လွှတ်တော် | | တိုင်းရင်းသား လူမျိုး | | စုစုပေါင်း | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | မဲဆန္ဒနယ် | ယှဉ်ပြိုင် ဦးရေ | မဲဆန္ဒနယ် | ယှဉ်ပြိုင် ဦးရေ | မဲဆန္ဒနယ် | ယှဉ်ပြိုင် ဦးရေ | မဲဆန္ဒနယ် | ယှဉ်ပြိုင် ဦးရေ | မဲဆန္ဒနယ် | ယှဉ်ပြိုင် ဦးရေ |
| ၁ | ကချင် | ၁၈ | ၁၀၁ | ၁၂ | ၇၅ | ၃၆ | ၂၀၉ | ၄ | ၂၅ | ၇၀ | ၄၁၀ |
| ၂ | ကယား | ၇ | ၄၈ | ၁၂ | ၈၃ | ၁၄ | ၉၉ | ၁ | ၇ | ၃၄ | ၂၃၇ |
| ၃ | ကရင် | ၇ | ၃၄ | ၁၂ | ၆၁ | ၁၄ | ၈၀ | ၃ | ၂၄ | ၃၆ | ၁၉၉ |
| ၄ | ချင်း | ၉ | ၄၀ | ၁၂ | ၅၂ | ၁၈ | ၈၀ | - | - | ၃၉ | ၁၇၂ |
| ၅ | စစ်ကိုင်း | ၃၇ | ၁၆၂ | ၁၂ | ၄၉ | ၇၄ | ၃၃၂ | ၂ | ၁၆ | ၁၂၅ | ၅၅၉ |
| ၆ | တနင်္သာရီ | ၁၀ | ၄၅ | ၁၂ | ၅၆ | ၂၀ | ၁၁၉ | ၁ | ၆ | ၄၃ | ၂၂၆ |
| ၇ | ပဲခူး | ၂၈ | ၁၂၄ | ၁၂ | ၄၂ | ၅၆ | ၂၆၂ | ၁ | ၇ | ၉၇ | ၄၃၅ |
| ၈ | မကွေး | ၂၅ | ၁၁၀ | ၁၂ | ၄၉ | ၅၀ | ၂၂၂ | ၁ | ၁၀ | ၈၈ | ၃၉၁ |
| ၉ | မန္တလေး | ၂၈ | ၁၃၈ | ၁၀ | ၄၁ | ၅၆ | ၂၆၃ | ၁ | ၄ | ၉၅ | ၄၄၆ |
| ၁၀ | မွန် | ၁၀ | ၅၅ | ၁၂ | ၆၆ | ၂၀ | ၁၁၆ | ၃ | ၂၀ | ၄၅ | ၂၅၇ |
| ၁၁ | ရခိုင် | ၈ | ၄၃ | ၅ | ၂၄ | ၁၄ | ၇၉ | ၁ | ၈ | ၂၈ | ၁၅၄ |
| ၁၂ | ရန်ကုန် | ၄၅ | ၂၄၉ | ၁၂ | ၅၈ | ၉၀ | ၄၈၁ | ၂ | ၁၁ | ၁၄၉ | ၇၉၉ |
| ၁၃ | ရှမ်း | ၄၉ | ၂၃၅ | ၁၂ | ၆၈ | ၉၈ | ၄၉၈ | ၇ | ၃၆ | ၁၆၆ | ၈၃၇ |
| ၁၄ | ဧရာဝတီ | ၂၆ | ၁၂၆ | ၁၂ | ၄၄ | ၅၂ | ၂၇၂ | ၂ | ၉ | ၉၂ | ၄၅၁ |
| ၁၅ | ပြည်ထောင်စုနယ်မြေ | ၈ | ၅၅ | ၂ | ၁၁ | - | - | - | - | ၁၀ | ၆၆ |
| | စုစုပေါင်း | ၃၁၅ | ၁၅၆၅ | ၁၆၁ | ၇၇၉ | ၆၁၂ | ၃၁၁၂ | ၂၉ | ၁၈၃ | ၁၁၁၇ | ၅၆၃၉ |


၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် မဲဆန္ဒနယ်အလိုက် လွှတ်တော်ကိုယ်စားလှယ်လောင်းများဝင်ရောက်ယှဉ်ပြိုင်မှု အခြေပြဇယား

## မြို့နယ် ၃၁၅ မြို့နယ်၏ မဲဆန္ဒရှင်စာရင်းများ စစ်ဆေးတွေ့ရှိချက်များ

၁၀၂။ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် တိုင်းဒေသကြီး/ ပြည်နယ် အသီးသီးရှိ မြို့နယ်ပေါင်း ၃၁၅ မြို့နယ်၏ မဲစာရင်းစစ်ဆေးချက်များအရ ယခင် ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ခဲ့သည့် မဲဆန္ဒရှင်စာရင်းမှာ ၃၈၂၇၁၄၄၇ ဦး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ စာရင်းအရ အသက် ၁၈ နှစ်ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၃၁၇၇၅၃၃၀ ဦး ဖြစ်သဖြင့် ကွာခြားချက် ၆၄၉၆၁၁၇ ဦး ဖြစ်ပါသည်။ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ တွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ အသက် ၁၈ နှစ်ပြည့်ပြီး လူဦးရေစာရင်းမှာ ၃၅၄၇၆၈၃၃ ဦး ဖြစ်ကြောင်း ထုတ်ပြန်ထားရှိသဖြင့် ကွာခြားချက် ၂၇၉၄၆၁၄ ဦး ဖြစ်ပါသည်။ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်သည် ၃၀-၁၂-၂၀၂၀ ရက်နေ့တွင် မဲစာရင်းများကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ရွေးကောက်ပွဲကော်မရှင်တို့ စုပေါင်းပြုစုထားသည့် မဲစာရင်းဖြစ်ကြောင်း ကြေညာခဲ့ပါသည်။ သို့ရာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၂၀၂၀ ပြည့်နှစ်အထွေထွေရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် မဲစာရင်းနှင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနတို့မှ ပြုစုထားသည့် လူဦးရေစာရင်းများ ကွာဟနေမှုကို တစ်ဖက်ပါအတိုင်း စိစစ်တွေ့ရှိ ရပါသည်[၁]-

၁။ ၂၀၂၀ပြည့်နှစ်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာ၊ တိုင်းဒေသကြီး/ပြည်နယ်များရှိ ရွေးကောက်ပွဲ ကျင်းပခဲ့သည့် မြို့နယ်(၃၁၅)မြို့နယ်၏ မဲစာရင်းများနှင့် မြေပြင်စစ်ဆေးမှု ဆောင်ရွက်ခြင်း၊ မဲဆန္ဒရှင်စာရင်းများ စစ်ဆေးတွေ့ရှိချက်၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရုံး၊ နေပြည်တော်။

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | မြို့နယ် အရေအတွက် | မဲရုံ ပေါင်း | ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင် စာရင်း | အလုပ်သမား၊လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန စာရင်း | အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန စာရင်း |
|---|---|---|---|---|---|---|
| ၁ | ကချင် | ၁၈ | ၉၁၉ | ၁၁၅၀၄၀၇ | ၇၅၅၈၀၇ | ၈၉၂၅၇၄ |
| ၂ | ကယား | ၇ | ၂၃၃ | ၂၁၂၉၁၆ | ၂၁၄၀၇၄ | ၁၂၂၆၀၇ |
| ၃ | ကရင် | ၇ | ၈၅၂ | ၁၂၃၆၈၃၈ | ၁၀၄၇၈၆၅ | ၁၀၄၁၅၂၉ |
| ၄ | ချင်း | ၉ | ၉၅၇ | ၂၈၆၃၀၈ | ၂၉၇၇၈၅ | ၃၁၆၈၉၉ |
| ၅ | စစ်ကိုင်း | ၃၇ | ၄၁၀၇ | ၄၃၀၅၄၀၃ | ၃၄၅၆၄၂၉ | ၃၉၆၂၀၇၄ |
| ၆ | တနင်္သာရီ | ၁၀ | ၁၂၀၅ | ၁၁၉၁၈၉၀ | ၇၇၈၅၀၆ | ၉၇၁၈၁၈ |
| ၇ | ပဲခူး | ၂၈ | ၄၁၄၄ | ၃၉၅၁၆၃၇ | ၃၅၀၅၉၆၅ | ၃၄၉၃၈၀၅ |
| ၈ | မကွေး | ၂၅ | ၄၅၄၈ | ၃၃၁၀၁၃၂ | ၃၀၄၂၆၇၄ | ၂၉၆၃၄၈၀ |
| ၉ | မန္တလေး | ၂၈ | ၅၄၄၇ | ၄၉၄၁၄၇၁ | ၄၂၈၇၆၀၉ | ၄၂၂၅၁၃၀ |
| ၁၀ | မွန် | ၁၀ | ၉၇၃ | ၁၈၄၇၇၈၀ | ၁၆၀၂၉၆၀ | ၁၅၃၈၃၃၄ |
| ၁၁ | ရခိုင် | ၈ | ၇၈၄ | ၄၇၇၉၅၇ | ၆၃၀၀၅၂ | ၁၈၃၇၆၀၉ |
| ၁၂ | ရန်ကုန် | ၄၅ | ၅၈၀၉ | ၆၁၃၇၀၄၇ | ၃၉၇၉၆၉၅ | ၅၂၉၄၉၂၃ |
| ၁၃ | ရှမ်း | ၄၉ | ၃၅၉၁ | ၃၆၃၄၂၈၃ | ၃၀၅၅၅၉၇ | ၃၇၁၂၈၄၆ |
| ၁၄ | ဧရာဝတီ | ၂၆ | ၅၇၄၈ | ၄၆၈၁၁၅၂ | ၄၄၁၆၇၆၆ | ၄၃၀၅၁၇၀ |
| ၁၅ | ပြည်ထောင်စု နယ်မြေ | ၈ | ၆၄၆ | ၉၀၆၂၂၆ | ၇၀၃၅၄၆ | ၇၉၈၀၃၅ |
| စုစုပေါင်း | | ၃၁၅ | ၃၉၉၆၃ | ၃၈၂၇၁၄၄၇ | ၃၁၇၇၅၃၃၀ | ၃၅၄၇၆၈၃၃ |





၁၀၃။ မဲစာရင်းများတွင် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ၊ လက်မှတ်မရှိဘဲ ပါဝင်နေသူများမှာ ၄၈၆၉၄၂၇ ဦး၊ နိုင်ငံသား စိစစ်ရေးကတ်ပြားအမှတ် တစ်ခုတည်းဖြင့် မဲစာရင်းတွင် ၃ ကြိမ်နှင့်အထက် ပါဝင်နေသူများမှာ ၂၉၅၄၀၅ ဦး၊ ၂ ကြိမ် ပါဝင်နေသူများမှာ ၃၅၉၆၂၀၆ ဦး၊ တိုင်းဒေသကြီး/ပြည်နယ်အတွင်းရှိ မြို့နယ်အချင်းချင်း မဲစာရင်းထပ်မှု (Cross Check) ၁၀၉၁၇၇၆ ဦး၊ အသက် ၁၀၀ နှစ်အထက် ၂၀၅၆၆ ဦး၊ အသက် ၁၈ နှစ် မပြည့်ဘဲ မဲစာရင်းတွင် ပါဝင်နေသူ ၁၄၄၁၂ ဦး၊ တစ်နိုင်ငံလုံးအတိုင်းအတာအရ တိုင်းဒေသကြီး/ ပြည်နယ်အချင်းချင်း မဲစာရင်းထပ်မှု (Cross Check) ၁၄၁၇၅၉၈ ဦး ဖြစ်သဖြင့် မဲမသမာမှုဖြစ်ပွားခဲ့သည့် မဲစာရင်းအရေအတွက် ၁၁၃၀၅၃၉၀ ဦး ဖြစ်ပါသည်။ တပ်မတော်၏ မဲစာရင်းစိစစ်ချက်အရ မဲမသမာမှုဖြစ်နိုင်သည့် မဲစာရင်းမှာ ၁၀၄၈၂၁၁၆ ဦး ဖြစ်ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ စိစစ်တွေ့ရှိချက်အရ မဲမသမာမှုဖြစ်ပွားခဲ့သည့် မဲဆန္ဒရှင် အရေအတွက်မှာ ၁၁၃၀၅၃၉၀ ဦး ဖြစ်ကြောင်းတွေ့ရှိရပါသည်။

၁၀၄။ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် မဲဆန္ဒရှင်စာရင်းများ စစ်ဆေးတွေ့ရှိချက်မှာ တစ်ဖက်ပါ အတိုင်းဖြစ်သည်[၁]–


[၁]။ ၂၀၂၀ပြည့်နှစ်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာ၊ တိုင်းဒေသကြီး/ပြည်နယ်များရှိ ရွေးကောက်ပွဲကျင်းပခဲ့သည့် မြို့နယ်(၃၁၅)မြို့နယ်၏ မဲစာရင်းများနှင့် မြေပြင်စစ်ဆေးမှု ဆောင်ရွက်ခြင်း၊ မဲဆန္ဒရှင်စာရင်းများ စစ်ဆေးတွေ့ရှိချက်၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရုံး၊ နေပြည်တော်။

## တိုင်းဒေသကြီး/ ပြည်နယ်အလိုက် မဲမသမာမှု ဖြစ်ပွားခဲ့သော မဲစာရင်းစစ်ဆေးတွေ့ရှိချက်

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | UEC မဲစာရင်းစစ်ဆေးတွေ့ရှိချက် | | | | | | |
|---|---|---|---|---|---|---|---|---|
| | | နိုင်ကတ် မရှိ | (၃) ကြိမ် အထက် | (၂) ကြိမ် | တိုင်း/ ပြည်နယ် Cross Check | ၁၀၀ နှစ် အထက် | ၁၈ နှစ် အောက် | စုစုပေါင်း |
| ၁ | ကချင် | ၉၂၄၅၂ | ၇၆၃၃ | ၁၀၂၈၇၆ | ၆၀၅၉၀ | ၆၇၉ | ၄၉၇ | ၂၆၄၇၂၇ |
| ၂ | ကယား | ၅၅၅၂ | ၉၃၀ | ၁၆၆၈၀ | ၅၉၁၂ | ၂၃၈ | ၄၄ | ၂၉၃၅၆ |
| ၃ | ကရင် | ၂၄၁၉၅၃ | ၁၅၂၅၈ | ၁၂၈၂၃၀ | ၁၅၂၉၄ | ၉၁၇ | ၈၂၂ | ၄၀၂၄၇၄ |
| ၄ | ချင်း | ၁၅၅၈၀ | ၂၉၈၁ | ၃၄၂၄၈ | ၁၉၅၄ | ၃၆၆ | ၁၈၅ | ၅၅၃၁၄ |
| ၅ | စစ်ကိုင်း | ၃၃၇၄၈၄ | ၃၉၂၂၀ | ၄၆၀၉၁၆ | ၇၁၈၇၂ | ၁၈၉၇ | ၁၄၆၆ | ၉၁၂၈၅၅ |
| ၆ | တနင်္သာရီ | ၁၉၃၉၉၁ | ၈၁၂၀ | ၁၁၂၇၅၆ | ၂၈၉၅၈ | ၇၀၈ | ၃၆၆ | ၃၄၄၈၉၉ |
| ၇ | ပဲခူး | ၈၅၈၆၁၁ | ၃၇၁၆၂ | ၃၈၂၀၅၈ | ၆၁၀၀၈ | ၁၉၈၅ | ၈၇၇ | ၁၃၄၁၇၀၁ |
| ၈ | မကွေး | ၁၇၂၉၇၆ | ၃၃၉၅၆ | ၃၉၇၅၀၄ | ၄၅၂၄၂ | ၁၅၆၇ | ၆၅၀ | ၆၅၁၈၉၅ |
| ၉ | မန္တလေး | ၃၈၈၂၈၂ | ၃၈၀၉၀ | ၅၁၆၇၇၆ | ၂၁၇၆၆၈ | ၃၁၅၁ | ၁၂၃၉ | ၁၁၆၅၂၀၆ |
| ၁၀ | မွန် | ၃၀၅၉၈၇ | ၁၃၀၀၂ | ၁၇၄၂၆၈ | ၂၆၈၂၈ | ၉၀၂ | ၄၈၅ | ၅၂၁၄၇၂ |
| ၁၁ | ရခိုင် | ၇၇၅၇၃ | ၄၁၀၁ | ၄၇၇၁၂ | ၃၅၉၈ | ၃၄၁ | ၂၂၃ | ၁၃၃၅၄၈ |
| ၁၂ | ရန်ကုန် | ၇၄၇၁၃၈ | ၁၁၀၇၀ | ၂၆၉၄၁၂ | ၄၀၅၃၆၆ | ၂၂၂၂ | ၁၉၀၉ | ၁၄၃၇၁၁၇ |
| ၁၃ | ရှမ်း | ၆၁၆၅၃၁ | ၂၂၆၉၇ | ၃၀၉၂၄၈ | ၆၉၀၅၄ | ၂၅၉၇ | ၁၉၉၆ | ၁၀၂၂၁၂၃ |
| ၁၄ | ဧရာဝတီ | ၇၀၆၉၈၄ | ၅၄၂၈၅ | ၅၆၇၃၀၀ | ၃၉၇၄၂ | ၂၇၀၇ | ၃၃၃၉ | ၁၃၇၄၃၅၇ |
| ၁၅ | ပြည်ထောင်စု နယ်မြေ | ၁၀၈၃၃၃ | ၆၉၀၀ | ၇၆၂၂၂ | ၃၈၆၉၀ | ၂၈၉ | ၃၁၄ | ၂၃၀၇၄၈ |
| | ပေါင်း | ၄၈၆၉၄၂၇ | ၂၉၅၄၀၅ | ၃၅၉၆၂၀၆ | ၁၀၉၁၇၇၆ | ၂၀၅၆၆ | ၁၄၄၁၂ | ၉၈၈၇၇၉၂ |
| | တစ်နိုင်ငံလုံး Cross Check | | | | ၁၄၁၇၅၉၈ | | | ၁၄၁၇၅၉၈ |
| | စုစုပေါင်း | ၄၈၆၉၄၂၇ | ၂၉၅၄၀၅ | ၃၅၉၆၂၀၆ | ၂၅၀၉၃၇၄ | ၂၀၅၆၆ | ၁၄၄၁၂ | ၁၁၃၀၅၃၉၀ |




တိုင်းဒေသကြီး/ ပြည်နယ်အလိုက် မဲမသမာမှု ဖြစ်ပွားခဲ့သော မဲစာရင်းစစ်ဆေးတွေ့ရှိချက်
(နိုင်ကတ်မရှိ၊ ၃ ကြိမ်အထက်၊ နှစ်ကြိမ်၊ တိုင်း/ပြည်နယ် Cross Check၊ ၁၀၀ နှစ်အထက်၊ ၁၈ နှစ်အောက် စုစုပေါင်း)




ပြည်ထောင်စုတစ်ဝန်းလုံးတွင် မဲမသမာမှု ဖြစ်ပွားခဲ့သော မဲစာရင်းစစ်ဆေးတွေ့ရှိချက်

## မြို့နယ် ၃၁၅ မြို့နယ်၏ ဆန္ဒမဲလက်မှတ်များ မြေပြင်ကွင်းဆင်းစစ်ဆေးတွေ့ရှိချက်များ

၁၀၅။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၅၃ အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ သက်ဆိုင်ရာမြို့နယ်အလိုက် ယခင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ သက်ဆိုင်ရာနိုင်ငံရေးပါတီများမှကိုယ်စားလှယ်များနှင့်အတူ ရွေးကောက်ပွဲတွင်အသုံးပြုခဲ့သည့်မဲစာရင်းများ၊ ဆန္ဒမဲလက်မှတ်များ၊ ရွေးကောက်ပွဲဆိုင်ရာစာရွက်စာတမ်းများကို မြေပြင်ဖွင့်ဖောက်စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်များအရ မဲရုံပေါင်း ၃၉၉၆၃ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၄၃၀၀၄၃၈၂ ဖြစ်ပြီး၊ မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၂၇၀၉၈၀၅၈၊ ကျန်ရှိရမည့်အရေအတွက်မှာ ၁၅၉၀၆၃၂၄၊ မြေပြင်လက်ကျန် ၁၄၉၂၀၇၈၃ ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။ ကျန်ရှိရမည့်အရေအတွက်ထက်လျော့နည်းသောမဲလက်မှတ်အရေအတွက် ၁၄၂၄၃၉၁၊ အပိုတွေ့ရှိရသောမဲလက်မှတ် အရေအတွက်မှာ ၄၃၈၈၅၀ ဖြစ်ပြီး မဲရုံများအလိုက် ဆန္ဒမဲလက်မှတ်များ လျော့နည်းပျောက်ဆုံးခြင်း၊ တရားမဝင် အပိုရှိနေခြင်း တို့ကို တွေ့ရှိရပါသည်။ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်[၁]-





**တိုင်းဒေသကြီး/ပြည်နယ်အလိုက် ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးမှုစာရင်းချုပ်**

---

၁။ ၂၀၂၀ပြည့်နှစ်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာ၊ တိုင်းဒေသကြီး/ပြည်နယ်များရှိ ရွေးကောက်ပွဲကျင်းပခဲ့သည့် မြို့နယ်(၃၁၅)မြို့နယ်၏ မဲစာရင်းများနှင့် မြေပြင်စစ်ဆေးမှု ဆောင်ရွက်ခြင်း၊ ဆန္ဒမဲလက်မှတ်များ စစ်ဆေးတွေ့ရှိချက်၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံး၊ နေပြည်တော်။

## တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးမှု စာရင်းချုပ်

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | မြို့နယ် ပေါင်း | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|---|
| | | | | | | | | ပျောက်ဆုံး | ပို |
| ၁ | ကချင် | ၁၈ | ၉၁၉ | ၁၃၀၁၀၉၄ | ၇၆၁၃၂၄ | ၅၃၉၇၇၀ | ၅၃၆၈၈၉ | ၉၄၄၉ | ၆၅၆၈ |
| ၂ | ကယား | ၇ | ၂၃၃ | ၂၃၈၈၀၅ | ၁၆၂၈၄၉ | ၇၅၉၅၆ | ၇၅၂၇၆ | ၂၄၆၈ | ၁၇၈၈ |
| ၃ | ကရင် | ၇ | ၈၅၂ | ၁၃၆၆၂၂၂ | ၆၄၁၈၄၈ | ၇၂၄၃၇၄ | ၆၅၄၀၂၉ | ၇၂၂၇၂ | ၁၉၂၇ |
| ၄ | ချင်း | ၉ | ၉၅၇ | ၄၂၇၄၅၅ | ၂၁၈၅၉၅ | ၂၀၈၈၆၀ | ၁၉၆၆၇၃ | ၁၆၇၄၆ | ၄၅၅၉ |
| ၅ | စစ်ကိုင်း | ၃၇ | ၄၁၀၇ | ၄၈၃၄၀၅၂ | ၃၃၅၈၆၅၉ | ၁၄၇၅၃၉၃ | ၁၄၁၀၂၂၀ | ၁၂၉၅၄၅ | ၆၄၃၇၂ |
| ၆ | တနင်္သာရီ | ၁၀ | ၁၂၀၅ | ၁၂၉၉၉၇၂ | ၇၈၇၉၇၆ | ၅၁၁၉၉၆ | ၄၉၅၂၁၉ | ၂၄၀၉၈ | ၇၃၂၁ |
| ၇ | ပဲခူး | ၂၈ | ၄၁၄၄ | ၄၄၂၁၈၂၀ | ၂၈၀၁၈၈၃ | ၁၆၁၉၉၃၇ | ၁၅၃၆၁၃၂ | ၁၅၁၈၆၇ | ၆၈၀၆၂ |
| ၈ | မကွေး | ၂၅ | ၄၅၄၈ | ၃၈၂၀၅၆၁ | ၂၅၅၁၆၈၁ | ၁၂၆၈၈၈၀ | ၁၁၉၀၅၃၃ | ၈၆၈၇၂ | ၈၅၂၅ |
| ၉ | မန္တလေး | ၂၈ | ၅၄၄၇ | ၅၄၆၇၈၈၄ | ၃၇၉၂၃၄၇ | ၁၆၇၅၅၃၇ | ၁၅၀၇၇၇၈ | ၂၂၁၅၄၆ | ၅၃၇၈၇ |
| ၁၀ | မွန် | ၁၀ | ၉၇၃ | ၂၀၂၃၇၇၆ | ၁၀၃၉၂၉၅ | ၉၈၄၄၈၁ | ၉၅၀၆၂၅ | ၄၅၅၆၈ | ၁၁၇၁၂ |
| ၁၁ | ရခိုင် | ၈ | ၇၈၄ | ၈၅၇၃၂၁ | ၃၂၈၉၁၈ | ၅၂၈၄၀၃ | ၅၂၂၅၀၂ | ၉၇၃၈ | ၃၈၃၇ |
| ၁၂ | ရန်ကုန် | ၄၅ | ၅၈၀၉ | ၆၆၈၉၂၇၀ | ၄၀၈၅၆၈၆ | ၂၆၀၃၅၈၄ | ၂၃၃၇၁၅၀ | ၃၅၇၉၃၇ | ၉၁၅၀၃ |
| ၁၃ | ရှမ်း | ၄၉ | ၃၅၉၁ | ၄၀၂၃၁၉၄ | ၂၃၉၉၂၂၅ | ၁၆၂၃၉၆၉ | ၁၅၇၄၉၀၇ | ၉၆၆၆၆ | ၄၇၆၀၄ |
| ၁၄ | ဧရာဝတီ | ၂၆ | ၅၇၄၈ | ၅၂၃၈၂၀၅ | ၃၄၇၉၈၆၉ | ၁၇၅၈၃၃၆ | ၁၆၄၁၃၄၁ | ၁၈၂၇၁၉ | ၆၅၇၂၄ |
| ၁၅ | ပြည်ထောင်စု နယ်မြေ | ၈ | ၆၄၆ | ၉၉၄၇၅၁ | ၆၈၇၉၀၃ | ၃၀၆၈၄၈ | ၂၉၁၅၀၉ | ၁၆၉၀၀ | ၁၅၆၁ |
| | စုစုပေါင်း | ၃၁၅ | ၃၉၉၆၃ | ၄၃၀၀၄၃၈၂ | ၂၇၀၉၈၀၅၈ | ၁၅၉၀၆၃၂၄ | ၁၄၉၂၀၇၈၃ | ၁၄၂၄၃၉၁ | ၄၃၈၈၅၀ |



တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက်


၁၀၆။ မြေပြင်ဖွင့်ဖောက်စစ်ဆေးချက်အရ အသုံးပြုဆန္ဒမဲလက်မှတ် ၂၇၀၉၈၀၅၈ ဖြစ်ကြောင်း တွေ့ရှိရသော်လည်း ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကြေညာချက်အရ ဆန္ဒမဲပေးသူ (မဲလက်မှတ်အသုံးပြုအရေအတွက်) ၂၇၅၁၂၈၅၅ ဖြစ်သဖြင့် ဆန္ဒမဲလက်မှတ် ကွာခြားချက် မဲဆန္ဒရှင်အရေအတွက်ထက် လျော့နည်းသုံးစွဲမှုမှာ ၄၁၄၇၉၇ စောင် ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။

၁၀၇။ ဆန္ဒမဲလက်မှတ် ရိုက်နှိပ်၊ ဖြန့်ခွဲ၊ သုံးစွဲမှုများအနေဖြင့် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် အရေအတွက် ၄၄၁၆၉၃၃၄ စောင် ရိုက်နှိပ်ခဲ့ပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်များသို့ ထုတ်ပေးသည့် မဲလက်မှတ်အရေအတွက်မှာ ၄၃၀၀၄၃၈၂ စောင် ဖြစ်သဖြင့် မဲလက်မှတ်စောင်ရေ ၁၁၆၄၉၅၂ ကွာခြားချက်ရှိနေခဲ့ပါသည်။ ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်အရ ဆန္ဒမဲပေးသူဦးရေမှာ ၂၇၅၁၂၈၅၅ ဦး ဖြစ်သဖြင့် မဲလက်မှတ်စောင်ရေ ၁၆၆၅၆၄၇၉ ပိုမိုနေခဲ့ပါသည်။ ဆန္ဒမဲပေးသူဦးရေမှာ ၂၇၅၁၂၈၅၅ ဦး ဖြစ်သော်လည်း မဲလက်မှတ်များစစ်ဆေးချက်အရ ရွေးကောက်ပွဲတွင် အသုံးပြုခဲ့သောမဲလက်မှတ်မှာ ၂၆၆၅၉၂၀၈ ဖြစ်သဖြင့် မဲလက်မှတ်စောင်ရေ ၈၅၃၆၄၇ လျော့နည်းသုံးစွဲခဲ့ကြောင်း စိစစ်တွေ့ရှိရပါသည်။ သို့ဖြစ်၍ ဆန္ဒမဲများရေတွက်ရာတွင် အဆိုပါ မဲလက်မှတ်စောင်ရေ ၈၅၃၆၄၇ မှာ မဲမသမာမှုဖြစ်ပွားခဲ့သော ဆန္ဒမဲလက်မှတ်များဖြစ်ကြောင်း တစ်ဖက်ပါအတိုင်း စိစစ်တွေ့ရှိရသည်[၁]-

၁။ ၂၀၂၀ပြည့်နှစ်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာ၊ တိုင်းဒေသကြီး/ပြည်နယ်များရှိ ရွေးကောက်ပွဲကျင်းပခဲ့သည့် မြို့နယ်(၃၁၅)မြို့နယ်၏ မဲစာရင်းများနှင့် မြေပြင်စစ်ဆေးမှု ဆောင်ရွက်ခြင်း၊ ဆန္ဒမဲလက်မှတ်များ စစ်ဆေးတွေ့ရှိချက်၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရုံး၊ နေပြည်တော်။

## တိုင်းဒေသကြီး/ ပြည်နယ်အလိုက် စာရင်းပိုနေသော ဆန္ဒမဲလက်မှတ်များ စိစစ်ချက်

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | မဲရုံ ပေါင်း | မဲဆန္ဒရှင် ဦးရေ | မဲပေးသူဦးရေ | | | ဆန္ဒပြုခဲ့သည့် ဆန္ဒမဲလက်မှတ် | စာရင်း ပိုနေသော မဲပေးသူဦးရေ |
|---|---|---|---|---|---|---|---|---|
| | | | | မဲရုံမဲ | ကြိုတင်မဲ | ပေါင်း | | |
| ၁ | ကချင် | ၉၁၉ | ၁၁၅၀၄၀၇ | ၅၉၇၈၅၆ | ၁၆၃၉၉၄ | ၇၆၁၈၅၀ | ၇၅၄၇၅၆ | ၇၀၉၄ |
| ၂ | ကယား | ၂၃၃ | ၂၁၂၉၁၆ | ၁၂၈၇၀၀ | ၃၄၁၅၇ | ၁၆၂၈၅၇ | ၁၆၁၀၆၁ | ၁၇၉၆ |
| ၃ | ကရင် | ၈၅၂ | ၁၂၃၆၈၃၈ | ၄၇၅၉၂၈ | ၁၈၅၇၇၀ | ၆၆၁၆၉၈ | ၆၃၉၉၂၁ | ၂၁၇၇၇ |
| ၄ | ချင်း | ၉၅၇ | ၂၈၆၃၀၈ | ၁၇၉၅၁၁ | ၄၃၃၉၄ | ၂၂၂၉၀၅ | ၂၁၄၀၃၆ | ၈၈၆၉ |
| ၅ | စစ်ကိုင်း | ၄၁၀၇ | ၄၃၀၅၄၀၃ | ၂၆၅၀၀၉၄ | ၇၃၃၀၈၉ | ၃၃၈၃၁၈၃ | ၃၂၉၄၂၈၇ | ၈၈၈၉၆ |
| ၆ | တနင်္သာရီ | ၁၂၀၅ | ၁၁၉၁၈၉၀ | ၆၂၄၆၄၆ | ၁၆၈၀၇၉ | ၇၉၂၇၂၅ | ၇၈၀၆၅၅ | ၁၂၀၇၀ |
| ၇ | ပဲခူး | ၄၁၄၄ | ၃၉၅၁၆၃၇ | ၂၁၈၀၅၁၃ | ၆၅၈၈၅၇ | ၂၈၃၉၃၇၀ | ၂၇၃၃၈၂၁ | ၁၀၅၅၄၉ |
| ၈ | မကွေး | ၄၅၄၈ | ၃၃၁၀၀၃၂ | ၂၀၅၀၆၈၉ | ၅၂၆၈၇၁ | ၂၅၇၇၅၆၀ | ၂၅၄၃၁၅၆ | ၃၄၄၀၄ |
| ၉ | မန္တလေး | ၅၄၄၇ | ၄၉၄၁၄၇၁ | ၃၁၅၈၀၅၃ | ၇၁၂၂၈၁ | ၃၈၇၀၃၃၄ | ၃၇၃၈၅၆၀ | ၁၃၁၇၇၄ |
| ၁၀ | မွန် | ၉၇၃ | ၁၈၄၇၇၈၀ | ၇၈၆၁၉၂ | ၂၈၂၃၃၃ | ၁၀၆၈၅၂၅ | ၁၀၂၇၅၈၃ | ၄၀၉၄၂ |
| ၁၁ | ရခိုင် | ၇၈၄ | ၄၇၇၉၅၇ | ၂၅၀၉၂၉ | ၇၈၃၃၅ | ၃၂၉၂၆၄ | ၃၂၅၀၈၁ | ၄၁၈၃ |
| ၁၂ | ရန်ကုန် | ၅၈၀၉ | ၆၁၃၇၀၄၇ | ၃၃၂၅၆၂၂ | ၈၆၂၆၂၇ | ၄၁၈၈၂၄၉ | ၃၉၉၄၁၈၃ | ၁၉၄၀၆၆ |
| ၁၃ | ရှမ်း | ၃၅၉၁ | ၃၆၃၄၂၈၃ | ၁၉၄၈၃၁၄ | ၄၇၃၀၃၄ | ၂၄၂၁၃၄၈ | ၂၃၅၁၆၂၁ | ၆၉၇၂၇ |
| ၁၄ | ဧရာဝတီ | ၅၇၄၈ | ၄၆၈၁၁၅၂ | ၂၇၄၀၅၈၁ | ၈၀၁၃၅၂ | ၃၅၄၁၉၃၃ | ၃၄၁၄၁၄၅ | ၁၂၇၇၈၈ |
| ၁၅ | ပြည်ထောင်စု နယ်မြေ | ၆၄၆ | ၉၀၆၂၂၆ | ၅၃၀၈၀၇ | ၁၆၀၂၄၇ | ၆၉၁၀၅၄ | ၆၈၆၃၄၂ | ၄၇၁၂ |
| | စုစုပေါင်း | ၃၉၉၆၃ | ၃၈၂၇၁၄၄၇ | ၂၁၆၂၈၄၃၅ | ၅၈၈၄၄၂၀ | ၂၇၅၁၂၈၅၅ | ၂၆၆၅၉၂၀၈ | ၈၅၃၆၄၇ |




တိုင်းဒေသကြီး/ ပြည်နယ်အလိုက် စာရင်းပိုနေသော ဆန္ဒမဲလက်မှတ်များ စိစစ်တွေ့ရှိချက်

**ဆန္ဒမဲပေးမှုအခြေအနေစစ်ဆေးတွေ့ရှိချက်များ**

၁၀၈။ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပခဲ့သည့် မြို့နယ် ၃၁၅ မြို့နယ်၏ ဆန္ဒမဲပေးမှုအခြေအနေများစစ်ဆေးရာ အောက်ပါအတိုင်းတွေ့ရှိရပါသည်[၁]–

(က) ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် တိုင်းဒေသကြီး/ ပြည်နယ် အသီးသီးရှိ မြို့နယ်ပေါင်း ၃၁၅ မြို့နယ်၏ မဲစာရင်းစစ်ဆေးချက်များအရ ယခင် ရွေးကောက်ပွဲကော်မရှင်ကထုတ်ပြန်ခဲ့သည့် မဲဆန္ဒရှင်စာရင်းမှာ ၃၈၂၇၁၄၄၇ ဦး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ စာရင်းအရ အသက် ၁၈ နှစ်ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၃၁၇၇၅၃၃၀ ဦး ဖြစ်သဖြင့် ကွာခြားချက် ၆၄၉၆၁၁၇ ဦး ဖြစ်ပါသည်။ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ အသက် ၁၈ နှစ်ပြည့်ပြီး လူဦးရေစာရင်းမှာ ၃၅၄၇၆၈၃၃ ဦးဖြစ်ကြောင်း ထုတ်ပြန်ထားရှိသဖြင့် ကွာခြားချက် ၂၇၉၄၆၁၄ ဦး ဖြစ်ပါသည်။

၁။ ၂၀၂၀ပြည့်နှစ်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာ၊ တိုင်းဒေသကြီး/ပြည်နယ်များရှိ ရွေးကောက်ပွဲ ကျင်းပခဲ့သည့် မြို့နယ်(၃၁၅)မြို့နယ်၏ မဲစာရင်းများနှင့် မြေပြင်စစ်ဆေးမှု ဆောင်ရွက်ခြင်း၊ ဆန္ဒမဲပေးမှုအခြေအနေ စစ်ဆေးတွေ့ရှိချက်၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရုံး၊ နေပြည်တော်။

( ခ ) သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၆ (က) အရ ရွေးကောက်ပွဲ ကျင်းပသည့်နေ့တွင် အသက် ၁၈ နှစ်ပြည့်ပြီး ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သော နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူများသာ မဲစာရင်းတွင် ပါဝင်ခွင့်ရှိပါသည်။ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပခဲ့သည့် တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ မြို့နယ် ၃၁၅ မြို့နယ်၏ မဲဆန္ဒရှင်စာရင်းများတွင် နိုင်ငံသားစိစစ်ရေးကတ်မရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူ ၄၈၆၉၄၂၇ ဦး ၊ ၃ ကြိမ်နှင့်အထက် ပါဝင်နေသူ ၂၉၅၄၀၅ ဦး၊ ၂ ကြိမ် ပါဝင်နေသူ ၃၅၉၆၂၀၆ ဦး၊ တိုင်းဒေသကြီး/ ပြည်နယ်အတွင်းရှိ မြို့နယ် အချင်းချင်း မဲစာရင်းထပ်မှု (Cross Check) ၁၀၉၁၇၇၆ ဦး၊ အသက် ၁၀၀ နှစ်အထက် ၂၀၅၆၆ ဦး၊ အသက် ၁၈ နှစ် မပြည့်ဘဲ မဲစာရင်းတွင် ပါဝင်နေသူ ၁၄၄၁၂ ဦး၊ တစ်နိုင်ငံလုံး အတိုင်းအတာအရ တိုင်းဒေသကြီး/ ပြည်နယ် အချင်းချင်း မဲစာရင်းထပ်မှု (Cross Check) ၁၄၁၇၅၉၈ ဦး ဖြစ်ရာ မဲမသမာမှုဖြစ်ပွားခဲ့သည့် မဲစာရင်းအရေအတွက် စုစုပေါင်း ၁၁၃၀၅၃၉၀ ဦး ဖြစ်ကြောင်း စိစစ်တွေ့ရှိရသဖြင့် တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့နယ်အလိုက် မဲစာရင်းများကောက်ယူရာတွင် ဥပဒေနှင့် ညီညွတ်ခြင်းမရှိသော မှားယွင်းမှုများကို တွေ့ရှိရပါသည်။

( ဂ ) မဲရုံပေါင်း ၃၉၉၆၃ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ် အရေအတွက်မှာ ၄၃၀၀၄၃၈၂ ဖြစ်ပြီး၊ မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၂၇၀၉၈၀၅၈၊ ကျန်ရှိရမည့်အရေအတွက်မှာ ၁၅၉၀၆၃၂၄ ၊ မြေပြင်လက်ကျန် ၁၄၉၂၀၇၈၃ ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။ ကျန်ရှိရမည့် အရေအတွက်ထက် လျော့နည်းသော မဲလက်မှတ်အရေအတွက် ၁၄၂၄၃၉၁ ၊ အပိုတွေ့ရှိရသော မဲလက်မှတ် အရေအတွက်မှာ ၄၃၈၈၅၀ ဖြစ်ပါသည်။ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ မြို့နယ်များတွင် မဲရုံများအလိုက် ဆန္ဒမဲလက်မှတ်များ လျော့နည်းပျောက်ဆုံးခြင်း၊ တရားမဝင် အပိုရှိနေခြင်းတို့ကို တွေ့ရှိရပါသည်။ မဲရုံများသို့ မဲလက်မှတ်များ သတ်မှတ်အရေအတွက်ဖြင့် ထုတ်ပေးခဲ့ခြင်းဖြစ်ရာ အပိုတွေ့ရှိမှုများနှင့် မဲလက်မှတ် ပျောက်ဆုံးခြင်းများသည် တရားမဝင် ဆောင်ရွက်မှုများကြောင့်ဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့ပါသည်။

(ဃ) ဆန္ဒမဲလက်မှတ် ရိုက်နှိပ်၊ ဖြန့်ခွဲ၊ သုံးစွဲမှုများအနေဖြင့် ပြည်သူ့လွှတ်တော် ဆန္ဒမဲလက်မှတ် အရေအတွက် ၄၄၁၆၉၃၃၄ စောင်ရိုက်နှိပ်ခဲ့ပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်များသို့ ထုတ်ပေးသည့် မဲလက်မှတ်အရေအတွက်မှာ ၄၃၀၀၄၃၈၂ စောင်ဖြစ်သဖြင့် မဲလက်မှတ်စောင်ရေ ၁၁၆၄၉၅၂ ကွာခြားချက် ရှိနေခဲ့ပါသည်။ ယခင်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်အရ ဆန္ဒမဲပေးသူဦးရေမှာ ၂၇၅၁၂၈၅၅ ဦး ဖြစ်သဖြင့် မဲလက်မှတ်စောင်ရေ ၁၆၆၅၆၄၇၉ ပိုမိုနေခဲ့ပါသည်။ ဆန္ဒ

မဲပေးသူ ဦးရေမှာ ၂၇၅၁၂၈၅၅ ဦး ဖြစ်သော်လည်း မဲလက်မှတ်များစစ်ဆေးချက်အရ ရွေးကောက်ပွဲတွင် အသုံးပြုခဲ့သော မဲလက်မှတ်မှာ ၂၆၆၅၉၂၀၈ ဖြစ်သဖြင့် မဲလက်မှတ် စောင်ရေ ၈၅၃၆၄၇ လျော့နည်းသုံးစွဲခဲ့သဖြင့် မဲမသမာမှုများဖြစ်ပွားခဲ့ကြောင်း စိစစ်တွေ့ရှိရပါသည်။

( င ) ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ပြည်သူ့လွှတ်တော်အတွက် ဆန္ဒမဲပေးခဲ့သူဦးရေမှာ ၂၇၅၁၂၈၅၅ ဦး၊ မြေပြင်ဖွင့်ဖောက် စစ်ဆေးချက်အရ မဲပေးအသုံးပြုခဲ့သည့် ပြည်သူ့ လွှတ်တော် ဆန္ဒမဲလက်မှတ် ၂၇၀၉၈၀၅၈ စောင် ဖြစ်သဖြင့် ဆန္ဒမဲပေးကြောင်း ထုတ်ပြန်ကြေညာထားသည့် အရေအတွက်ထက် မဲလက်မှတ်သုံးစွဲမှု ၄၁၄၇၉၇ စောင် လျော့နည်းနေသည်ကို စိစစ်တွေ့ရှိရပါသည်။

( စ ) ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ပြည်သူ့လွှတ်တော်အတွက် မဲပေးသူဦးရေမှာ ၂၇၅၁၂၈၅၅ ဦး ဖြစ်ပြီး မဲရုံမဲပေးသူ ၂၁၆၂၈၄၃၅ ဦး၊ ကြိုတင်မဲပေးသူ ၅၈၈၄၄၂၀ ဦး ဖြစ်သဖြင့် မဲရုံမဲပေးသူ ၇၈.၆၁ ရာခိုင်နှုန်း ၊ ကြိုတင်မဲပေးသူ ၂၁.၃၉ ရာခိုင်နှုန်း ဖြစ်ပါသည်။ ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတွင် မဲရုံမဲပေးသူ ၉၃.၉၉ ရာခိုင်နှုန်း ၊ ကြိုတင်မဲပေးသူ ၆.၀၁ ရာခိုင်နှုန်း ဖြစ်ပါသည်။ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ကြိုတင်မဲပေးမှု များပြားခြင်းအပေါ် ဥပဒေနှင့်မညီသော ကြိုတင်မဲ ကောက်ခံမှုများရှိခဲ့ကြောင်း စိစစ်တွေ့ရှိရပါသည်။

(ဆ) မူလမဲဆန္ဒရှင်စာရင်း ပုံစံ (၁) ပါ မဲဆန္ဒရှင်အမည်နှင့် အချက်အလက်များကိုဖျက်၍ အခြား မဲဆန္ဒရှင်အမည်နှင့် အချက်အလက်များကို လက်ရေးဖြင့် ဖြည့်သွင်းပြီး ဆန္ဒမဲ ပေးခွင့်ပြုထားကြောင်း တွေ့ရှိရပါသည်။

( ဇ ) အချို့မဲရုံများ၏ မဲဆန္ဒရှင်စာရင်း ပုံစံ (၁) စာအုပ်များတွင် သက်ဆိုင်ရာမဲဆန္ဒရှင်၏ ထိုးမြဲလက်မှတ် သို့မဟုတ် လက်ဝဲလက်မ လက်ဗွေရေးထိုး ရိုက်နှိပ်ခြင်းမရှိဘဲ ဆန္ဒမဲ လက်မှတ်များ ထုတ်ပေး၍ ဆန္ဒမဲပေးခွင့်ပြုထားကြောင်း တွေ့ရှိရပါသည်။

(ဈ) သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ တင်ပြခြင်းမရှိဘဲ မဲဆန္ဒရှင် စာရင်း ပုံစံ (၁) စာအုပ်များတွင် ထပ်တိုးမဲဆန္ဒရှင်များကို လက်ရေးဖြင့် လည်းကောင်း၊ ကွန်ပျူတာစာစီ၍လည်းကောင်း ဖြည့်သွင်းထားပြီး အဆိုပါ တရားမဝင်ဖြည့်သွင်း ခဲ့သည့် မဲဆန္ဒရှင်များအတွက် ဆန္ဒမဲလက်မှတ်များကို မြို့နယ်ရွေးကောက်ပွဲ ကော်မရှင် အဖွဲ့ခွဲရုံးမှ ခိုးယူ၍ ဆန္ဒမဲပေးနိုင်ရေး ဆောင်ရွက်ခဲ့သည့် ဖြစ်စဉ်ဖြစ်ပွားခဲ့သဖြင့် အရေးယူဆောင်ရွက်ခဲ့ရကြောင်း တွေ့ရှိရပါသည်။

( ည ) အသက် ၁၈ နှစ် မပြည့်သူများကို မဲစာရင်းတွင် ထည့်သွင်း၍ မဲပေးခွင့်ပြုခဲ့ကြောင်း စိစစ်တွေ့ရှိရပါသည်။

( ဋ ) သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ ၁၅ (က) ပါအတိုင်း မဲဆန္ဒရှင်စာရင်း ပုံစံ (၁) ၏ စာမျက်နှာတိုင်းတွင် ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့်အတွင်းရေးမှူးတို့ လက်မှတ်ရေးထိုးခြင်းမရှိသည်ကို စိစစ်တွေ့ရှိရပါသည်။

( ဌ ) ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများအနေဖြင့် ကြိုတင်ဆန္ဒမဲလက်မှတ်များ ကောက်ခံရာတွင် ကြိုတင်ဆန္ဒမဲ လက်ခံဖြတ်ပိုင်းများနှင့် ဆန္ဒမဲလက်မှတ်အပိုများကို ဥပဒေနှင့်အညီအပ်နှံရန် ပျက်ကွက်ခဲ့ကြောင်း စိစစ်တွေ့ရှိရပါသည်။

( ဍ ) ဆန္ဒမဲလက်မှတ် လက်ခံဖြတ်ပိုင်းများ၌ ဆန္ဒမဲပေးသူ၏ အမည်၊ မဲစာရင်း အမှတ်စဉ်၊ မဲရုံအမှတ်၊ ရပ်ကွက်/ကျေးရွာအမည်၊ လက်မှတ် သို့မဟုတ် လက်ဗွေတို့ကို ဖြည့်သွင်းရေးသားထားမှုမရှိဘဲ မဲပေးသုံးစွဲထားမှုများ စိစစ်တွေ့ရှိရပါသည်။

( ဎ ) နိုင်ငံသားစိစစ်ရေးကတ်မရှိသူများ မဲစာရင်းတွင် အစုလိုက်အပြုံလိုက် ပါဝင်ပြီး မဲဆန္ဒရှင် သက်သေခံလက်မှတ်များဖြင့်သာ နိုင်ငံသားစိစစ်ရေးကတ်မပါဘဲ မဲပေးမှုကို လက်ခံဆောင်ရွက်ခဲ့ကြောင်း စိစစ်တွေ့ရှိရပါသည်။

(ဏ) ကြိုတင်မဲများကောက်ခံရာတွင်လည်း ဥပဒေနှင့် ညီညွတ်မှုမရှိသော ဆန္ဒမဲပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း စိစစ်တွေ့ရှိရပါသည်။

(တ) ကိုဗစ်-၁၉ ရောဂါနှင့်စပ်လျဉ်း၍ ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များကို အကြောင်းပြကာ ရွေးကောက်ပွဲကျင်းပရန် အချိန်နီးကပ်မှသာ ဥပဒေနှင့် ညီညွတ်မှုမရှိသော ညွှန်ကြားချက်များထုတ်ပြန်၍ မဲစာရင်းများ ကောက်ခံမဲပေးစေခြင်း၊ ကြိုတင်မဲပေးစေခြင်းများကိုဆောင်ရွက်ခဲ့ကြောင်း စိစစ်တွေ့ရှိရပါသည်။

(ထ) ကြိုတင်မဲများ၏ ဆန္ဒမဲလက်မှတ် လက်ခံဖြတ်ပိုင်းများ၌ ဆန္ဒမဲပေးသူ၏ အမည်၊ မဲစာရင်း အမှတ်စဉ်၊ မဲရုံအမှတ်၊ ရပ်ကွက်/ကျေးရွာအမည်၊ လက်မှတ် သို့မဟုတ် လက်ဗွေတို့ကို ဖြည့်သွင်းရေးသားမှု မရှိဘဲ မဲပေးသုံးစွဲထားမှုများ တွေ့ရှိရပါသည်။

( ဒ ) အချို့မဲရုံများတွင် မဲရုံအလိုက် ဆန္ဒမဲလက်မှတ်/ လက်ခံဖြတ်ပိုင်းများ၊ မဲဆန္ဒရှင်စာရင်း ပုံစံ (၁) စာအုပ်များထည့်သွင်းထားသည့်မဲရုံအိတ်များ အစစ်ဆေးခံနိုင်ခြင်း မရှိဘဲ ပျောက်ဆုံးနေကြောင်း စိစစ်တွေ့ရှိရပါသည်။

( ဓ ) မဲလက်မှတ်လက်ခံဖြတ်ပိုင်းပါ မဲရုံအိတ်အချို့ ပျောက်ဆုံးနေကြောင်းတွေ့ရှိရပြီး မြေပြင်ဖွင့်ဖောက်စစ်ဆေးမှု ပြုလုပ်သည့်အချိန်မှသာ သက်ဆိုင်ရာမဲရုံမှူးတာဝန်ထမ်းဆောင်ခဲ့သူမှ လာရောက်အပ်နှံခဲ့သည်ကို စိစစ်တွေ့ရှိရပါသည်။


( န ) မဲစာရင်းပုံစံ (၁) များကိုစိစစ်ခဲ့ရာ မဲဆန္ဒရှင်အမည်သာပါရှိပြီး အသက်၊ နိုင်ငံသား စိစစ်ရေး ကတ်အမှတ်၊ အဘအမည်၊ အမိအမည် စသည့်အချက်များ မပါရှိသူများနှင့် အချက်အလက် ပြည့်စုံစွာ မပါရှိသူများကို မဲစာရင်းတွင် ထည့်သွင်း၍ ဆန္ဒမဲပေးခွင့် ပြုထားကြောင်း တွေ့ရှိရပါသည်။

( ပ ) ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် မဲရုံအချို့တွင် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ခဲ့ခြင်းမရှိဘဲ ရွေးကောက်ပွဲကျင်းပပြီး နောက်ပိုင်းမှသာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ ဆန္ဒမဲလက်မှတ် လက်ခံဖြတ်ပိုင်းများနှင့် လက်ကျန်ဆန္ဒမဲလက်မှတ်များကို သီးခြား ပြန်လည်အပ်နှံထားရှိကြောင်း စစ်ဆေးတွေ့ရှိရပါသည်။

( ဖ ) မဲလက်မှတ်စာအုပ်တစ်အုပ်လျှင် စောင်ရေ ၅၀ သာ ပါဝင်ရမည်ဖြစ်သော်လည်း မဲလက်မှတ်များကို ရိုက်နှိပ်ဖြန့်ဝေခဲ့စဉ်က မဲလက်မှတ်စာအုပ်များတွင် စောင်ရေ အပိုများ/ လျော့နည်းမှုများ ပါဝင်နေကြောင်း စိစစ်တွေ့ရှိရပါသည်။

( ဗ ) ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ လက်ဝယ်တွင် ဆန္ဒမဲ လက်မှတ်နှင့် အသုံးပြုပြီး လက်ခံဖြတ်ပိုင်းများ ကျန်ရှိနေကြောင်း စိစစ်တွေ့ရှိ ရပါသည်။

( ဘ ) သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ ၆၆ (ဇ) ကို လိုက်နာခြင်းမရှိဘဲ ဆန္ဒမဲလက်မှတ်လက်ခံဖြတ်ပိုင်း / လက်ကျန်ဆန္ဒမဲလက်မှတ်များကို ရွေးကောက်ပွဲ ကျင်းပပြီးစီးသည့် နောက်ပိုင်းမှသာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ သီးခြား လာရောက်အပ်နှံမှုများရှိကြောင်း စိစစ်တွေ့ရှိရပါသည်။




ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူစာရင်း၊ လဝက၏ ကိုင်ဆောင်လက်မှတ် ထုတ်ပေးသူစာရင်းနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ အသက် ၁၈ နှစ် ပြည့်ပြီး လူဦးရေစာရင်း နှိုင်းယှဉ်ချက် အခြေပြဇယား

| စဉ် | မဲအမှတ်စဉ် | ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအမည် | ကျား/မ | မွေးသက္ကရာဇ် | မှတ်ပုံတင်အမှတ် | အဘအမည် | အမိအမည် | နေရပ်လိပ်စာ | ရပ်ကွက်ကျေးရွာအုပ်စု | မြို့နယ်အမည်များ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၂၁၂ | ဒေါ်မာလာမြင့် | မ | ၁၂-၀၁-၁၉၇၇ | ၁/မညန(နိုင်)၀၀၄၁၁၃ | ဦးမောင်မြင့် | ဒေါ်ခင်မေမြင့် | မရ-၀၉၊သမာဓိလမ်း၊၁၁၆၆၊၄လွှာ ယာ၊ | မေတ္တာညွန့်ရပ်ကွက် | တာမွေ | |
| ၂ | ၈၁ | ဒေါ်မာလာမြင့် | မ | ၁၂-၀၁-၁၉၇၇ | ၁/မညန(နိုင်)၀၀၄၁၁၃ | ဦးမောင်မြင့် | ဒေါ်ခင်မေမြင့် | မရ-၀၅၊ကြောင်မျက်ရှင်လမ်း၊၀၀၆၊မြေညီ၊ဝဲ၊ | မရ-၀၅၊ကျိုက္ကဆံရပ်ကွက် | ဗဟန်း | |
| ၃ | ၄၄၂ | ဒေါ်နန်းမြသက်ခိုင် | မ | ၂၇-၀၄-၁၉၈၉ | ၁/မညန(နိုင်)၁၃၃၃၀၀ | ဦးအောင်ရွှေ | ဒေါ်လှကြည် | မရ-၀၂၊ဦးဘကျော်လမ်း၊၀၄၅၊ | တာမွေလေးရပ်ကွက် | တာမွေ | |
| ၄ | ၃၆၇ | ဒေါ်မြသက်ခိုင် | မ | ၂၇-၀၄-၁၉၈၉ | ၁/မညန(နိုင်)၁၃၃၃၀၀ | ဦးအောင်ရွှေ | ဒေါ်လှကြည် | မရ-၀၁၊ရွှေတောင်ကြားလမ်း၊၀၁၄၊အေ၊ | မရ-၀၁၊ရွှေတောင်ကြား(၂)ရပ်ကွက် | ဗဟန်း | |
| ၅ | ၂၈၂ | ဦးခင်မောင်ကျော် | ကျား | ၂၇-၀၉-၁၉၆၄ | ၁၀/မဒန(နိုင်)၀၇၃၆၁၆ | ဦးထွန်းအောင်ကျော် | ဒေါ်ကြည်ကြည်အေး | မရ-၀၃၊၁၆၅လမ်း၊၁၉၊၅လွှာ(အေ)၊ | တာမွေကြီး(ခ)ရပ်ကွက် | တာမွေ | |
| ၆ | ၂ | ဦးခင်မောင်ကျော် | ကျား | ၂၇-၁၀-၁၉၆၄ | ၁၀/မဒန(နိုင်)၀၇၃၆၁၆ | ဦးထွန်းအောင်ကျော် | ဒေါ်ကြည်အေး | မရ-၀၃၊ဓမ္မပါလလမ်း၊၀၃၃၊ | မရ-၀၃၊ဆရာစံတောင်ရပ်ကွက် | ဗဟန်း | |
| ၇ | ၁၈၃ | ဒေါ်သီသီဇင် | မ | ၁၃-၀၅-၁၉၉၄ | ၁၀/မလမ(နိုင်)၂၄၄၈၀၈ | ဦးစိုးဝင်း | ဒေါ်ခင်မော်သန်း | မရ-၀၁၊ရွှေဂုံတိုင်လမ်း၊၁၃၇/၀၀၄၊ | မရ-၀၁၊အနောက်ရွှေဂုံတိုင်ရပ်ကွက် | ဗဟန်း | |
| ၈ | ၁၀၈၄ | ဒေါ်သီသီဇင် | မ | ၁၃-၀၅-၁၉၉၄ | ၁၀/မလမ(နိုင်)၂၄၄၈၀၈ | ဦးစိုးဝင်း | ဒေါ်ခင်မော်သန်း | မရ-၀၆၊သုဒဿနလမ်း၊၀၃၊၆လွှာ၊ယာ၊ | မလွကုန်းဌေးကြွယ်(က)ရပ်ကွက် | တာမွေ | |
| ၉ | ၉၀ | ဒေါ်ဝေရည်ကို | မ | ၀၄-၀၃-၁၉၈၇ | ၁၀/သထန(နိုင်)၁၅၀၀၈၀ | ဦးမြင့်ဝေ | ဒေါ်မြင့်မြင့်နွယ် | မရ-၀၈၊ဓမ္မစိန္တာလမ်း၊၅၉၊၇လွှာယာ၊ | ပုသိမ်ညွန့်ရပ်ကွက် | တာမွေ | |
| ၁၀ | ၃၃၆ | ဒေါ်ဝေရည်ကို | မ | ၀၄-၀၃-၁၉၈၇ | ၁၀/သထန(နိုင်)၁၅၀၀၈၀ | ဦးမြင့်ဝေ | ဒေါ်မြင့်မြင့်နွယ် | မရ-၀၁၊စိန်ချယ်လမ်း၊၀၃၅၊မြေညီ၊ | မရ-၀၁၊ကျိုက္ကဆံရပ်ကွက် | ဗဟန်း | |

တိုင်းဒေသကြီး/ ပြည်နယ်အတွင်းရှိ မြို့နယ်များတွင် အပြန်အလှန်ပါဝင်နေသည့် မဲဆန္ဒရှင်စာရင်း

( တာမွေမြို့နယ် နှင့် ဗဟန်းမြို့နယ် )

| စဉ် | မဲအမှတ်စဉ် | ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအမည် | ကျား/မ | မွေးသက္ကရာဇ် | မှတ်ပုံတင် အမှတ် | အဘ အမည် | အမိ အမည် | နေရပ်လိပ်စာ | ရပ်ကွက် ကျေးရွာအုပ်စု | မြို့နယ် အမည်များ | မှတ် ချက် |
|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၁၇၁၄ | ဦးချစ်မင်းသူ | ကျား | ၁၁-၀၁-၁၉၉၄ | ၃/မဝတ(နိုင်)၀၅၄၁၀၉ | ဦးကျင်ဝင်း | ဒေါ်မြင့်မြင့်ဦး | မရ-၀၂၊မြကန်သာ(၁)လမ်း၊ | မဲရုံအမှတ် ( ၀၂ ) ( အလက(ခွဲ)၊ ပိန်းဇလုပ် ) ၊ မြို့မ(၂)ရပ်ကွက် ပိန်းဇလုပ်မြို့ | ညောင်လေးပင်မြို့နယ် | |
| ၂ | ၂၀၇၃ | ဦးချစ်မင်းသူ | ကျား | ၀၁-၁၁-၁၉၉၄ | ၃/မဝတ(နိုင်)၀၅၄၁၀၉ | ဦးကျင်ဝင်း | ဒေါ်မြင့်ဦး | မရ-၀၁၊ဥပဒေရုံး | ဒရယ်မီးကျေးရွာအုပ်စု | ဒိုက်ဦးမြို့နယ် | |
| ၃ | ၉၇၃ | ဦးခွဲလျှံမြိုး | ကျား | ၀၃-၀၂-၁၉၉၄ | ၇/ဇကန(နိုင်)၀၅၇၈၂၃ | ဦးတင်ဦး | ဒေါ်အေးမြင့် | မဲရုံ-၂၊ဇလုပ်ကြီး | မှော်အင်းကျေးရွာအုပ်စု | ဒိုက်ဦးမြို့နယ် | |
| ၄ | ၇၄၁ | ဦးခွဲလျှံမြိုး | ကျား | ၀၂-၀၃-၁၉၉၄ | ၇/ဇကန(နိုင်)၀၅၇၈၂၃ | ဦးတင်ဦး | ဒေါ်အေးမြင့် | မရ-၀၂၊အနောက်စု၊ | မဲရုံအမှတ် ( ၂ ) ( အမက(မူလွန်) အနောက်စု ) မြို့မ(၃)ရပ်ကွက် ပြွန်တန်ဆာမြို့ | ညောင်လေးပင်မြို့နယ် | |
| ၅ | ၁၄၂၇ | ဦးလှရွှေ | ကျား | ၀၁-၀၈-၁၉၆၃ | ၇/ညလပ(နိုင်)၀၀၀၃၃၃ | ဦးတင်ရွှေ | ဒေါ်လှ | မရ-၀၁၊မြရည်နန္ဒာလမ်း | မဲရုံအမှတ် ( ၀၁ ) ( အလက(ခွဲ) တောင်စက်ရုံလမ်း ) ၊ မြို့မရပ်ကွက်အမှတ်(၄)ညောင်လေးပင်မြို့ | ညောင်လေးပင်မြို့နယ် | |
| ၆ | ၃၁၈ | ဒေါ်သင်းစန္ဒာနိုင် | မ | ၀၃-၀၉-၁၉၇၃ | ၇/ညလပ(နိုင်)၀၀၀၃၃၃ | ဦးသန်းနိုင် | ဒေါ်စန်းကြည် | မရ-၀၁၊မြသီရိလမ်း၊၈၇ | ကျောင်းစုရပ်ကွက် | ဒိုက်ဦးမြို့နယ် | |
| ၇ | ၃၁၉ | ဒေါ်စေးသန္တာနိုင် | မ | ၂၉-၄-၁၉၇၅ | ၇/ညလပ(နိုင်)၀၀၀၃၃၄ | ဦးသန်းနိုင် | ဒေါ်စန်းကြည် | မရ-၀၁၊မြသီရိလမ်း၊၈၇ | ကျောင်းစုရပ်ကွက် | ဒိုက်ဦးမြို့နယ် | |
| ၈ | ၆၁၃ | ဦးကျော်စွာလင်း | ကျား | ၁၅-၀၆-၁၉၇၇ | ၇/ညလပ(နိုင်)၀၀၀၃၃၄ | ဦးသန်းလင်း | ဒေါ်အေးမော် | မရ-၀၂၊ကျောင်းကြီးပိုင်း(၂)၊ | မဲရုံအမှတ် ( ၀၂ ) ( အထက(ခွဲ)၊ မဒေါက်မြို့ )၊ မြို့မ(၁)ရပ်ကွက် မဒေါက်မြို့ | ညောင်လေးပင်မြို့နယ် | |
| ၉ | ၁၁၃၉ | ဦးသောင်းစိုး | ကျား | ၁၅-၀၆-၁၉၆၁ | ၇/ညလပ(နိုင်)၀၀၅၅၅၉ | ဦးဝင်းမောင် | ဒေါ်သန်းရီ | မရ-၀၂၊အောင်ကြီး(၂)လမ်း၊ | မဲရုံအမှတ် ( ၂ ) ( အထက (ခွဲ) အောင်းကြီး ) ၊ လှည်းဆိပ်ကျေးရွာအုပ်စု | ညောင်လေးပင်မြို့နယ် | |
| ၁၀ | ၉၆၅ | ဦးသောင်းစိုး | ကျား | ၀၃-၀၂-၁၉၆၀ | ၇/ညလပ(နိုင်)၀၀၅၅၅၉ | ဦးဝင်းမောင် | ဒေါ်သန်းရီ | မရ-၀၂၊မြို့သစ်(ခ)၊ | ဒရယ်မီးကျေးရွာအုပ်စု | ဒိုက်ဦးမြို့နယ် | |

တိုင်းဒေသကြီး/ ပြည်နယ်အတွင်းရှိ မြို့နယ်များတွင် အပြန်အလှန်ပါဝင်နေသည့် မဲဆန္ဒရှင်စာရင်း

( ညောင်လေးပင်မြို့နယ် နှင့် ဒိုက်ဦးမြို့နယ် )

| စဉ် | မဲအမှတ်စဉ် | ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအမည် | ကျား/မ | မွေးသက္ကရာဇ် | မှတ်ပုံတင်အမှတ် | အဘအမည် | အမိအမည် | နေရပ်လိပ်စာ | ရပ်ကွက်ကျေးရွာအုပ်စု | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၁၆၂၇ | ဒေါ်မယဉ်နု | မ | ၀၁-၀၅-၁၉၀၅ | ပျောက်ထားဆဲ | ဦးဦးစိန်ထွန်း | ဒေါ်နှင်းဆီ | မ၇-၀၂၊ ပြည်တော်သာ၊ အကျဉ်းဦးစီး | မဲရုံအမှတ် (၂)၊ ပြည်တော်သာရပ်ကွက် | |
| ၂ | ၈၉၃ | ဒေါ်လှအေးနု | မ | ၁၄-၀၆-၁၉၂၀ | ၁၁/ကကန(နိုင်)၀၀၀၃၀၇ | ဦးထွန်းသာစိန် | ဒေါ်ငယ်နုစိန် | မရ-၀၃၊ မြောက်စံပြ၊ ၁၉၄ | မဲရုံအမှတ် (၃)၊ ပြည်တော်သာရပ်ကွက် | |
| ၃ | ၁၆၂၆ | မနိုင်နိုင်စိုး | မ | ၁၀-၀၆-၁၉၀၅ | ၁၁/ကတန(နိုင်)၀၉၆၂၆၀ | ဦးရွှေသာဦး | ဒေါ်မယဉ်နု | မ၇-၀၂၊ ပြည်တော်သာ၊ အကျဉ်းဦးစီး | မဲရုံအမှတ် (၂)၊ ပြည်တော်သာရပ်ကွက် | |
| ၄ | ၁၆၂၅ | လှသိန်းမောင် | ကျား | ၀၉-၀၆-၁၉၀၅ | ၁၁/ကတန(နိုင်)၁၁၇၁၃၀ | ဦးယဉ်သာကွ | ဒေါ်ဦးကျော့စိန် | မ၇-၀၂၊ ပြည်တော်သာ၊ အကျဉ်းဦးစီး | မဲရုံအမှတ် (၂)၊ ပြည်တော်သာရပ်ကွက် | |
| ၅ | ၂၉၄ | ဒေါ်ဝေဝေဖြိုး | မ | ၀၂-၀၄-၁၉၀၄ | ၁၁/စတန(နိုင်) | ဦးတင်မောင်ထွန်း | ဒေါ်မစောလှ | မရ-၀၃၊ မင်းဂံရပ်ကွက် (၃)၊ ၀၇၄ | မဲရုံအမှတ် (၃)၊ မင်းဂံရပ်ကွက် | |
| ၆ | ၃၀၄ | ဒေါ်သိန်းချေ | မ | ၁၃-၀၅-၁၉၁၈ | ၁၁/စတန(နိုင်)၀၀၀၃၉၁ | ဦးမောင်စော | ဒေါ်စိန်လှမေ | မရ-၀၁၊ စစ်ကဲလမ်း၊ ၀၇၅ | မဲရုံအမှတ် (၁)၊ ရွာကြီးတောင်ရပ်ကွက် | |
| ၇ | ၉၄၉ | ဒေါ်မနှင်းဝေ | မ | ၀၄-၀၉-၁၉၀၆ | ၁၁/စတန(နိုင်)၀၀၈၁၁၃၅ | ဦးအောင်နုထွန်း | ဒေါ်အစောဖြူ | မရ-၀၁၊ လမ်းမတော်တောင်၊ အကွက်(၂)၊ ၂၂၆ | မဲရုံအမှတ် (၁)၊ လမ္ဘတော်တောင်ရပ်ကွက် | |
| ၈ | ၁၅၈၃ | ဒေါ်အုန်းစိန်ညွန့် | မ | ၁၉-၀၈-၁၉၀၃ | ၁၁/စတန(နိုင်)၀၀၈၉၁၅ | ဦးစံကျော်အောင် | ဒေါ်မအေးနု | မ၇-၀၂၊ ပြည်တော်သာ၊ အကျဉ်းဦးစီး | မဲရုံအမှတ် (၂)၊ ပြည်တော်သာရပ်ကွက် | |
| ၉ | ၁၅၈၈ | ဦးအောင်သန်း | ကျား | ၁၅-၀၅-၁၉၀၅ | ၁၁/စတန(နိုင်)၀၁၀၂၅၇ | ဦးဦးရွှေစာ | ဒေါ်စံဝင်းဖြူ | မ၇-၀၂၊ ပြည်တော်သာ၊ အကျဉ်းဦးစီး | မဲရုံအမှတ် (၂)၊ ပြည်တော်သာရပ်ကွက် | |
| ၁၀ | ၉၂၂ | ဒေါ်စောပု | မ | ၀၃-၀၄-၁၉၂၀ | ၁၁/စတန(နိုင်)၀၁၂၂၄၂ | ဦးမောင်ရွှေဖြူ | ဒေါ်ပန်းမြဦး | မရ-၀၁၊ လမ်းမတော်တောင်၊ အကွက်(၂)၊ ၂၂၂ | မဲရုံအမှတ် (၁)၊ လမ္ဘတော်တောင်ရပ်ကွက် | |

မဲဆန္ဒရှင်စာရင်းများတွင် အသက် ၁၀၀ နှစ် အထက် ပါဝင်နေမှု အခြေအနေ ( စစ်တွေမြို့နယ် )

| စဉ် | မဲအမှတ်စဉ် | ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအမည် | ကျား/မ | မွေးသက္ကရာဇ် | မှတ်ပုံတင်အမှတ် | အဘအမည် | အမိအမည် | နေရပ်လိပ်စာ | ရပ်ကွက်ကျေးရွာအုပ်စု | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၈၂၃ | ဦးကောင်းမြတ်စံ | ကျား | ၃၀-၆-၂၀၀၃ | - | ဦးဟန်ညွန့် | ဒေါ်သန်းဆင့် | မရ-၀၁၊ အမှတ်(၁)၊ ၀၂၄၄(ခ) | မဲရုံအမှတ် ( ၀၁ ) ( မူလွန်၊ အောက်ရွာ ) ၊အောက်ရွာကျေးရွာအုပ်စု | |
| ၂ | ၁၂၁၇ | ဒေါ်မာမာငွေ | မ | ၃၀-၆-၂၀၀၄ | - | ဦးသန်းစိန် | ဒေါ်မချေ | မရ-၀၁၊ ဆီဆိုင်ကုန်းလမ်း၊ ၀၃၆၃ | မဲရုံအမှတ် ( ၀၁ ) ( မူလွန်၊ အောက်ရွာ ) ၊အောက်ရွာကျေးရွာအုပ်စု | |
| ၃ | ၁၃၅၃ | ဦးအောင်ဝင်းဖြိုး | ကျား | ၃၀-၆-၂၀၀၅ | - | ဦးရွှေသီး | ဒေါ်လှကြည် | မရ-၀၁၊ ဆီဆိုင်ကုန်းလမ်း၊ ၀၄၀၈ | မဲရုံအမှတ် ( ၀၁ ) ( မူလွန်၊ အောက်ရွာ ) ၊အောက်ရွာကျေးရွာအုပ်စု | |
| ၄ | ၁၃၅၄ | ဒေါ်ခင်စမ်းထွေး | မ | ၃၀-၆-၂၀၀၅ | - | ဦးရွှေသီး | ဒေါ်လှကြည် | မရ-၀၁၊ ဆီဆိုင်ကုန်းလမ်း၊ ၀၄၀၈ | မဲရုံအမှတ် ( ၀၁ ) ( မူလွန်၊ အောက်ရွာ ) ၊အောက်ရွာကျေးရွာအုပ်စု | |
| ၅ | ၃၄ | ဦးခင်မောင်ငွေ | ကျား | ၃၀-၆-၂၀၀၇ | - | ဦးလှတင် | ဒေါ်သိန်းကြည် | မရ-၀၂၊ လင်းခုံကျေးရွာလမ်း၊ ၀၀၀၉ | မဲရုံအမှတ် (၀၂) (မူ(ခွဲ)၊ ကျားမောင်း) ၊ အောက်ရွာကျေးရွာအုပ်စု | |
| ၆ | ၁၆၆ | ဦးခင်မောင်ထွေး | ကျား | ၃၀-၆-၂၀၀၈ | - | ဦးမောင်ဖြူ | ဒေါ်တင်ကြည် | မရ-၀၂၊ ကျားမောင်းကျေးရွာလမ်း၊ ၀၀၃၀ | မဲရုံအမှတ် (၀၂) (မူ(ခွဲ)၊ ကျားမောင်း) ၊ အောက်ရွာကျေးရွာအုပ်စု | |

မဲဆန္ဒရှင်စာရင်းများတွင် အသက် ၁၈ နှစ်အောက် ပါဝင်နေမှု အခြေအနေ ( အမ်းမြို့နယ် )

ပုံစံ(၁)

လွှတ်တော်ရွေးကောက်ပွဲမဲဆန္ဒရှင်စာရင်း
၂၀၂၀ ပြည့်နှစ်၊ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် မဲဆန္ဒရှင်စာရင်း
[ နည်းဥပဒေ ၄ ]
ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် (ကွမ်းခြံကုန်းမြို့နယ်)

မြို့နယ်အမည် - ကွမ်းခြံကုန်းမြို့နယ်
ရပ်ကွက်/ကျေးရွာအုပ်စုအမည် - တော်ခရမ်းလေးကျေးရွာအုပ်စု
မဲရုံအမှတ် - မရ-၀၃၊ ယာယီမဲရုံ

မဲဆန္ဒရှင်ပေါင်း (၉၇၁ )ဦး - ကျား (၄၅၆ )ဦး - မ (၅၁၅ )ဦး

| စဉ် | ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအမည် | ကျား/မ | မွေးသက္ကရာဇ် | မှတ်ပုံတင်အမှတ် | အဘအမည် | အမိအမည် | နေရပ်လိပ်စာ | ထိုးမြဲလက်မှတ် သို့ လက်ဝဲလက်မ လက်ဗွေ |
|---|---|---|---|---|---|---|---|---|
| ၇၉၁ | ဒေါ်အရှာတီ | မ | ၁၀-၁၁-၁၉၇၉ | မရှိ | ဦးခွေးပု | ဒေါ်နီလဖားဘီ | မရ-၀၃၊ အမှတ်(၃)၊ ၀၀၆၉၄၊ ၀၀၆၉၄ | |
| ၇၉၂ | ဦးဇော်မျိုး | ကျား | ၃၀-၀၆-၁၉၈၀ | မရှိ | ဦးချိတူး | ဒေါ်လှနွယ် | မရ-၀၃၊ အမှတ်(၃)၊ ၀၀၆၉၄၊ ၀၀၆၉၄ | |
| ၇၉၃ | ဦးမောင်မောင်ဦး | ကျား | ၃၀-၀၆-၁၉၈၇ | မရှိ | ဦးဝါဆိုဒင်(ခ)လှဝင်း | ဒေါ်စန်းမြင့် | မရ-၀၃၊ အမှတ်(၃)၊ ၀၀၆၉၅၊ ၀၀၆၉၅ | |
| ၇၉၄ | ဦးမျိုးဝင်း | ကျား | ၃၀-၀၆-၂၀၀၀ | မရှိ | ဦးဝါဆိုဒင်(ခ)လှဝင်း | ဒေါ်စန်းမြင့် | မရ-၀၃၊ အမှတ်(၃)၊ ၀၀၆၉၅၊ ၀၀၆၉၅ | |
| ၇၉၅ | ဒေါ်စုလှိုင်ဝင်း | မ | ၃၀-၀၆-၁၉၉၉ | မရှိ | ဦးဝါဆိုဒင်(ခ)လှဝင်း | ဒေါ်စန်းမြင့် | မရ-၀၃၊ အမှတ်(၃)၊ ၀၀၆၉၅၊ ၀၀၆၉၅ | |
| ၇၉၆ | ဦးနိုင်လှဦး | ကျား | ၃၀-၀၆-၁၉၈၉ | မရှိ | ဦးဝါဆိုဒင်(ခ)လှဝင်း | ဒေါ်စန်းမြင့် | မရ-၀၃၊ အမှတ်(၃)၊ ၀၀၆၉၅၊ ၀၀၆၉၅ | |
| ၇၉၇ | ဦးဝါဆိုဒင်(ခ)လှဝင်း | ကျား | ၃၀-၀၆-၁၉၆၃ | မရှိ | ဦးအုမော်ကြီး | ဒေါ်အုန်းမြင့် | မရ-၀၃၊ အမှတ်(၃)၊ ၀၀၆၉၅၊ ၀၀၆၉၅ | |
| ၇၉၈ | ဒေါ်စန်းမြင့် | မ | ၃၀-၀၆-၁၉၆၃ | မရှိ | ဦးပုတင် | ဒေါ်နိုင်းနွတ် | မရ-၀၃၊ အမှတ်(၃)၊ ၀၀၆၉၅၊ ၀၀၆၉၅ | |
| ၇၉၉ | ဦးသူရနိုင် | ကျား | ၃၀-၀၆-၁၉၉၃ | မရှိ | ဦးအေး | ဒေါ်အေးကျင် | မရ-၀၃၊ အမှတ်(၃)၊ ၀၀၆၉၆၊ ၀၀၆၉၆ | |
| ၈၀၀ | ဒေါ်ညီညီ | မ | ၀၉-၀၉-၁၉၇၉ | ၇/သနပ(နိုင်)၁၂၃၃၄၁ | ဦးသံခဲ | ဒေါ်စန်း | မရ-၀၃၊ အမှတ်(၃)၊ ၀၀၆၉၆၊ ၀၀၆၉၆ | |

ဥက္ကဋ္ဌ
ရပ်ကွက်/ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ

စာမျက်နှာ - ၈၁/၉၈

အတွင်းရေးမှူး
ရပ်ကွက်/ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ

မဲဆန္ဒရှင်စာရင်းများတွင် နိုင်ငံသားစိစစ်ရေးကတ်မရှိသူများ အစုလိုက်အပြုံလိုက်ပါဝင်နေပြီး မဲပေးထားမှုအခြေအနေ

( ကွမ်းခြံကုန်းမြို့နယ် )

# အခန်း (၅)
# ရွေးကောက်ပွဲဖြစ်စဉ်တစ်ခုလုံးအပေါ် ခြုံငုံစစ်ဆေးတွေ့ရှိချက်

## ရွေးကောက်ပွဲဖြစ်စဉ်တစ်ခုလုံးအပေါ် ခြုံငုံစစ်ဆေးတွေ့ရှိချက်

၁၀၉။ ပြည်ထောင်စုတစ်ဝန်းလုံး၌ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဥပဒေနှင့်ညီညွတ်မှု မရှိသော မှားယွင်းမှုများ ဖြစ်ပေါ်ခဲ့ကြောင်း စိစစ်တွေ့ရှိရပါသည်-

(က) ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်များမှ ခန့်အပ်လိုသူများအား ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအဖြစ် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ကြောင်း စိစစ်တွေ့ရှိရပါသည်။

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ညွှန်ကြားချက်အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်များ ဦးဆောင်သည့် မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်ရေးအတွက် ပံ့ပိုးကူညီရေးအဖွဲ့ကိုဖွဲ့စည်းခဲ့ရာ ယင်းအဖွဲ့ကြောင့်ပင် လူဦးရေစာရင်းများထပ်ကာ မဲဆန္ဒရှင်စာရင်းများ ၂ ကြိမ်၊ ၃ ကြိမ်နှင့်အထက် ပါဝင်မှုများဖြစ်ပွားခဲ့ပါသည်။

(ဂ) မဲစာရင်းများပြုစုရန်အတွက် လူဦးရေစာရင်းအချက်အလက်များ ကောက်ယူရာတွင် ရပ်/ကျေးအုပ်ချုပ်ရေးမှူးများက ဥက္ကဋ္ဌ အဖြစ်ပါဝင်သည့် လူဦးရေစာရင်း ကောက်ယူရေးလုပ်ငန်းအဖွဲ့က အဓိကဆောင်ရွက်ခဲ့ပါသည်။ မဲဆန္ဒရှင်စာရင်းများ မြေပြင်ကောက်ယူရာတွင် NLD အစိုးရက ခန့်အပ်ထားသည့် ရပ်/ကျေးအုပ်ချုပ်ရေးမှူးများနှင့် အချို့နေရာများတွင် NLD ပါတီ၏ အောင်နိုင်ရေးအဖွဲ့များ ပူးပေါင်းကောက်ယူကြောင်း စိစစ်သိရှိရပါသည်။ ယင်းသို့ စာရင်းများ ကောက်ယူရာတွင် ရပ်ကွက်/ ကျေးရွာအတွင်း အမှန်တကယ်နေထိုင်ခြင်း ရှိ/မရှိ၊ နိုင်ငံသားစိစစ်ရေးကတ် ရှိ/ မရှိ၊ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေအရ မဲပေးပိုင်ခွင့်ရှိသူ ဟုတ်/ မဟုတ် စိစစ်နိုင်ခြင်း မရှိခဲ့သည့်အတွက် မဲစာရင်းတွင် နိုင်ငံသားစိစစ်ရေးကတ် မရှိသူများ အစုလိုက်အပြုံလိုက်ပါဝင်ခြင်း၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်တစ်ခုတည်းဖြင့် မဲစာရင်း ၂ ကြိမ်၊ ၃ ကြိမ်နှင့်အထက် ပါဝင်နေခြင်းတို့ကို စိစစ်တွေ့ရှိရပါသည်။ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ ဥပဒေ အခန်း (၆) မဲစာရင်းပြုစုခြင်းပါ ပုဒ်မ ၁၅ (ဂ) တွင် “မဲဆန္ဒနယ်များရှိ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ မည်သူမဆို သက်ဆိုင်ရာ မဲဆန္ဒနယ်၏ မဲစာရင်းတစ်ခုမှအပ အခြားမဲဆန္ဒနယ်၏ မဲစာရင်းများ၌ တစ်ချိန်တည်းတွင် အမည်စာရင်း ပါဝင်ခြင်းမရှိစေရ” ဟု ပြဋ္ဌာန်းထားသော်လည်း မဲစာရင်းများ ကောက်ယူရာတွင် ဥပဒေနှင့်ညီညွတ်ခြင်းမရှိသော မှားယွင်းမှုများကို တွေ့ရှိရပါသည်။ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၁၉ (ခ) အရ မဲစာရင်းတွင် ပါဝင်ခွင့်မရှိဘဲ ပါဝင်ကြောင်းတွေ့ရှိလျှင် ထိုအမည်များကို မဲစာရင်းမှ ပယ်ဖျက်ရမည်ဟု ပြဋ္ဌာန်းထားသော်လည်း ပယ်ဖျက်ခြင်းမရှိဘဲ ထည့်သွင်းမဲပေးခဲ့ကြောင်း စိစစ်တွေ့ရှိရပါသည်။

(ဃ) အသက် ၆၀ နှစ်နှင့်အထက် မဲဆန္ဒရှင်များ ကြိုတင်မဲပေးရန်အတွက် ရွေးကောက်ပွဲနေ့မတိုင်မီ ၂၉-၁၀-၂၀၂၀ ရက်နေ့မှစတင်၍ ဆောင်ရွက်နိုင်ကြောင်း ယခင်ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ညွှန်ကြားချက် ထုတ်ပြန်ဆောင်ရွက်ခဲ့သည့်အတွက် ကြိုတင်ဆန္ဒမဲများ ကောက်ခံရာတွင် အချို့နေရာများ၌ NLD ပါတီအောင်နိုင်ရေးအဖွဲ့များပါဝင်၍ နေအိမ်များသို့ သွားရောက်ကာ ဆောင်ရွက်ခဲ့ကြသဖြင့် ဥပဒေနှင့်မညီသော မဲပေးမှုဖြစ်စဉ်များ ပေါ်ပေါက်ခဲ့သည်။ ကိုဗစ်-၁၉ ရောဂါနှင့်စပ်လျဉ်း၍ ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်အရ မိမိမဲဆန္ဒနယ်သို့ ပြန်လည်ဆန္ဒမဲပေးခြင်း မပြုနိုင်သည့် မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးရန် အသိပေးကြေညာချက်ကို ၈-၁၀-၂၀၂၀ ရက်နေ့နှင့် ညွှန်ကြားချက်ကို ၁၁-၁၀-၂၀၂၀ ရက်နေ့တို့တွင် ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ကြေညာဆောင်ရွက်ခဲ့ပါသည်။ ယင်း ညွှန်ကြားချက်များကြောင့် မဲစာရင်းများထပ်ခြင်း၊ နိုင်ငံသားစိစစ်ရေးကတ်မရှိသူများ အစုလိုက်အပြုံလိုက်မဲစာရင်းတွင် ထည့်သွင်း၍ မဲပေးခဲ့ခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း စိစစ်တွေ့ရှိရပါသည်။

( င ) ဆန္ဒမဲပေးသည့်အခါတွင် နိုင်ငံသားစိစစ်ရေးကတ်မရှိသူ မဲဆန္ဒရှင်များ မဲပေးခွင့် ရရှိရေးအတွက် ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၉-၈-၂၀၂၀ ရက်နေ့တွင် ညွှန်ကြားချက်ထုတ်ပြန်၍ ဆောင်ရွက်ခဲ့သဖြင့် မဲရုံများတွင် နိုင်ငံသားစိစစ်ရေးကတ် စိစစ်မှု မပြုနိုင်သော မဲဆန္ဒရှင်သက်သေခံလက်မှတ်များဖြင့် မဲပေးခဲ့ခြင်းကြောင့် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ ဥပဒေများနှင့် ညီညွတ်မှုမရှိသော နိုင်ငံသားစိစစ်ရေးကတ် မရှိသူများ မဲပေးခွင့်ပြုခဲ့ခြင်း၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ် တစ်ခုတည်းဖြင့် ၂ ကြိမ်၊ ၃ ကြိမ်နှင့်အထက် မဲစာရင်းတွင် ပါဝင်သူများမဲပေးခွင့်ရရှိခဲ့ကြသဖြင့် သက်ဆိုင်ရာ လွှတ်တော် ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၅၉ ပါ ပြဋ္ဌာန်းချက်များကို ကျူးလွန်ဖောက်ဖျက်မှုများရှိခဲ့ကြောင်း စိစစ်တွေ့ရှိရပါသည်။ ရွေးကောက်ပွဲနေ့တွင် မဲရုံများ၌ အသုံးပြုခဲ့သည့် ဆန္ဒပြုအမှန်ခြစ်တံဆိပ်တုံးများနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရာတွင် UEC တံဆိပ် မပါရှိသည့် အမှန်ခြစ်တံဆိပ်တုံးရိုက်နှိပ်ထားသော မဲလက်မှတ်များကို တွေ့ရှိပါကလည်း ခိုင်လုံမဲအဖြစ်သတ်မှတ်မည်ဖြစ်ကြောင်းညွှန်ကြားခဲ့ခြင်းသည် မဲရေတွက်မှုများတွင် ရှုပ်ထွေးမှုများ ဖြစ်ပေါ်စေခဲ့သဖြင့် မဲရလဒ်များ မှန်ကန်မျှတမှု မရှိကြောင်း စိစစ်တွေ့ရှိရပါသည်။

( စ ) ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ မဲဆွယ်စည်းရုံးခွင့်ကာလ၊ ကြိုတင်ဆန္ဒမဲနှင့် ဆန္ဒမဲပေးသည့်နေ့ရက်များတွင် NLD ပါတီ ကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် ရွေးကောက်ပွဲ အောင်နိုင်ရေးအဖွဲ့များအနေဖြင့် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ ဥပဒေ၊ နည်းဥပဒေ၊ အမိန့်နှင့် ညွှန်ကြားချက်များ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ညွှန်ကြားချက်များ၊ ဒေသန္တရအမိန့်များကို ဖောက်ဖျက်ကျူးလွန်ခဲ့ကြောင်း တွေ့ရှိရပြီး ယခင် ပြည်ထောင်စု

ရွေးကောက်ပွဲကော်မရှင်အနေဖြင့် သီးခြားလွတ်လပ်သော အဖွဲ့အစည်းတစ်ခု အဖြစ် မရပ်တည်ဘဲ အာဏာရ NLD ပါတီ၏ ဖိအားပေး လွှမ်းမိုးထိန်းချုပ်ခံရသဖြင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်များတွင် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်နိုင်ခဲ့ခြင်း မရှိကြောင်း စိစစ်တွေ့ရှိရပါသည်။

(ဆ) မဲစာရင်းများတွင် အကြိမ်ကြိမ် ပါဝင်နေခြင်းသည် ရွေးကောက်ပွဲဆိုင်ရာ မဲမသမာမှုပြုရန် အခွင့်အလမ်းတစ်ရပ်သဖွယ်ဖြစ်နေပြီး မဲစာရင်း ၂ ကြိမ်/ ၃ ကြိမ် ပါဝင်နေသူများ အနက် တစ်ကြိမ်ထက် ပိုမိုဆန္ဒပြုထားသူများကို တွေ့ရှိရသဖြင့် စိစစ်ဖော်ထုတ် အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိပါသည်။ ဆန္ဒမဲ ၂ ကြိမ်/ ၃ ကြိမ်ပေးမှုများကို အောက်ပါ အခြေအနေများတွင်ပြုလုပ်နိုင်ပြီး သက်ဆိုင်ရာမဲစာရင်းပုံစံ (၁) တွင် လက်မှတ်ရေးထိုး ထားသည့် အထောက်အထားများအရ အသေးစိတ် စိစစ်လျက်ရှိပါသည်-

( ၁ ) သက်ဆိုင်ရာ မဲဆန္ဒရှင်အနေဖြင့် မြို့တစ်မြို့တည်းရှိ ရပ်ကွက်/ ကျေးရွာ အုပ်စုများ၌ ကြိုတင်ဆန္ဒမဲပေးခြင်းကို ၎င်းအမည်စာရင်းပါ မဲရုံများတွင် ကြိုတင်ဆန္ဒမဲပေးမည့်နေ့ရက်များတွင် ၁ ကြိမ်နှင့်အထက် မဲပေးနိုင်ပြီး ရွေးကောက်ပွဲ ကျင်းပသည့်နေ့ မဲရုံတွင် ၁ ကြိမ် ဆန္ဒမဲပေးနိုင်ကြောင်း တွေ့ရှိရပါသည်။

( ၂ ) မဲမသမာမှုပြုလုပ်သူအနေဖြင့် ၎င်းမဲဆန္ဒရှင် အမည်စာရင်းပါ မြို့နယ်နှင့် အခြား မဲစာရင်းပါရှိသည့်မြို့နယ်တို့ နီးကပ်ခြင်း၊ ကျေးရွာအုပ်စု ကပ်လျက် ရှိခြင်း စသည့် အခြေအနေများတွင်လည်း ကြိုတင်ဆန္ဒမဲပေးနိုင်ကြောင်း တွေ့ရှိရပါသည်။

( ၃ ) ရွေးကောက်ပွဲကျင်းပသည့်နေ့တွင်လည်း မဲရုံတွင် လက်သန်း မင်မတို့ဘဲ ရှောင်လွှဲကာ အခြား မဲစာရင်းပါရှိသည့် မဲရုံများတွင် ဆန္ဒမဲပေးနိုင်ကြောင်း တွေ့ရှိရပါသည်။

၁၁၀။ သို့ဖြစ်၍ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် မြို့နယ်ပေါင်း ၃၁၅ မြို့နယ်၏ မဲစာရင်းများနှင့် မဲပေးခဲ့မှုအခြေအနေများကို စစ်ဆေးခဲ့ရာတွင် NLD ပါတီသည် ရွေးကောက်ပွဲတွင် ယင်းတို့ ပါတီတစ်ခုတည်းသာ အနိုင်ရရှိပြီး အစိုးရအဖွဲ့ ဖွဲ့စည်းနိုင်ရေးအတွက် ပြိုင်ဘက်ပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ မဲဆွယ်စည်းရုံးရေး အပါအဝင် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုများ အားလုံးကို COVID-19 ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ကန့်သတ်ချက်/ တားမြစ်ချက်ကို အလွဲသုံး၍လည်းကောင်း၊ အုပ်ချုပ်ရေးအာဏာကိုအလွဲသုံး၍လည်းကောင်း ကန့်သတ် ထိန်းချုပ်ခဲ့ပြီး နိုင်ငံတော်အာဏာကို မတရားရယူနိုင်ရန် ကြိုတင်ကြံစည်ဆောင်ရွက်ခဲ့ကြောင်း စိစစ် တွေ့ရှိရပါသည်။

# အခန်း (၆)

# ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ရလဒ်များကို ပယ်ဖျက်ခြင်း

## ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲရလဒ်များကို ပယ်ဖျက်ခြင်း

၁၁၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အမိန့်အမှတ် ၇/၂၀၂၁ ဖြင့် ခန့်အပ်တာဝန်ပေးအပ်ခြင်းခံရသည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်နှင့်အညီ မဲစာရင်းများစစ်ဆေးခြင်းအပါအဝင် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၀၂၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥပဒေ ပုဒ်မ ၁၁ နှင့် သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၃ တို့နှင့်အညီ ဆက်လက်လုပ်ဆောင်နိုင်ရန် ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ရွေးကောက်ပွဲကျင်းပခဲ့သည့် မြို့နယ် ၃၁၅ မြို့နယ်၏ မဲစာရင်းများကို မြို့နယ်အလိုက် အသေးစိတ်စိစစ်ခဲ့ပါသည်။ ထို့ပြင် မြို့နယ်အသီးသီးရှိ မဲရုံတစ်ခုချင်းအလိုက် မဲပေးခဲ့မှုအခြေအနေများနှင့် ဆန္ဒမဲလက်မှတ်များကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ သက်ဆိုင်ရာ မြို့နယ်အလိုက် ယခင်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးများ၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား ဦးစီးဌာနဦးစီးမှူးများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ သက်ဆိုင်ရာနိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနှင့်အတူ မြေပြင်ဖွင့်ဖောက်စစ်ဆေးခြင်း၊ သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၊ မဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များနှင့် တွေ့ဆုံမေးမြန်းစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ပါသည်။[၁]

၁၁၂။ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများစစ်ဆေးတွေ့ရှိချက်အရ မဲမသမာမှုဖြစ်ပွားခဲ့သော မှားယွင်းခဲ့သည့် တစ်နိုင်ငံလုံးမဲဆန္ဒရှင်အရေအတွက်စုစုပေါင်းမှာ ၁၁၃၀၅၃၉၀ ဦး ဖြစ်ကြောင်း တွေ့ရှိရပါသည်။ ဆန္ဒမဲလက်မှတ်များကို မြေပြင်ဖွင့်ဖောက်စစ်ဆေးရာတွင် မဲရုံတိုင်း၌ ဆန္ဒမဲ လက်မှတ်များ လျော့နည်းပျောက်ဆုံးခြင်း၊ တရားမဝင်အပိုရှိနေခြင်းတို့ကို တွေ့ရှိရပြီး မဲရုံများသို့ မဲလက်မှတ်များ သတ်မှတ်အရေအတွက်ဖြင့် ထုတ်ပေးခဲ့ခြင်းဖြစ်ရာ ယင်းမဲလက်မှတ် လျော့နည်း ပျောက်ဆုံးခြင်းနှင့် အပိုတွေ့ရှိမှုများသည် တရားမဝင်ဆောင်ရွက်မှုကြောင့်ဖြစ်ကြောင်း စစ်ဆေး ပေါ်ပေါက်ခဲ့သည်။[၂]

၁၁၃။ ထို့ပြင် သက်ဆိုင်ရာ မြို့နယ်အလိုက်မဲစာရင်းများ၊ ဆန္ဒမဲလက်မှတ် မြေပြင်ဖွင့်ဖောက် စစ်ဆေးမှု များနှင့် ဆန္ဒမဲပေးမှုအခြေအနေများကို စိစစ်ရာတွင် အောက်ဖော်ပြပါအတိုင်း စိစစ်တွေ့ရှိရပါသည်[၃]–

(က) ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်များမှ ခန့်အပ်လိုသူများအား ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ နှင့် အဖွဲ့ဝင်များအဖြစ် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ခြင်း၊

( ခ ) ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ညွှန်ကြားချက်အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်

၁။ ၂၀၂၀ပြည့်နှစ်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာ (၂၀၂၁ ခုနှစ်)၊ အခန်း(၅)၊ ၂၀၂၀ ပြည့်နှစ်၊ အထွေထွေရွေးကောက်ပွဲ ရလဒ်များကို ပယ်ဖျက်ခြင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ နေပြည်တော်။

၂။ – ၎င်း –

၃။ – ၎င်း –

ဝန်ကြီးချုပ်များ ဦးဆောင်သည့် မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်ရေးအတွက် ပံ့ပိုး ကူညီရေးအဖွဲ့ကို ဖွဲ့စည်းခဲ့ရာ ယင်းအဖွဲ့ကြောင့်ပင် လူဦးရေ စာရင်းများထပ်ကာ မဲဆန္ဒရှင်စာရင်းများ ၂ ကြိမ်၊ ၃ ကြိမ်နှင့်အထက် ပါဝင်မှုများ ဖြစ်ပွားခဲ့ခြင်း၊

( ဂ ) မဲစာရင်းများတွင် နိုင်ငံသားစိစစ်ရေးကတ်မရှိသူများ အစုလိုက်အပြုံလိုက် ပါဝင်ခြင်း၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ် တစ်ခုတည်းဖြင့် မဲစာရင်း ၂ ကြိမ်၊ ၃ ကြိမ်နှင့် အထက် ပါဝင်နေခြင်း၊

(ဃ) အသက် ၆၀ နှစ်နှင့်အထက် မဲဆန္ဒရှင်များ ကြိုတင်မဲပေးရန် ရွေးကောက်ပွဲနေ့ မတိုင်မီ ၂၉-၁၀-၂၀၂၀ ရက်နေ့မှစတင်၍ ဆောင်ရွက်နိုင်ကြောင်း ယခင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ညွှန်ကြားချက် ထုတ်ပြန်ဆောင်ရွက်ခဲ့သည့်အတွက် ကြိုတင်ဆန္ဒမဲများကောက်ခံရာတွင် အချို့နေရာများ၌ NLD ပါတီ အောင်နိုင်ရေး အဖွဲ့ဝင်များပါဝင်၍ နေအိမ်များသို့ သွားရောက်ကာ ဆောင်ရွက်ခဲ့ခြင်း၊

( င ) ကိုဗစ်-၁၉ ရောဂါနှင့်စပ်လျဉ်း၍ ကျန်းမာရေးဆိုင်ရာညွှန်ကြားချက်အရ မိမိ မဲဆန္ဒနယ်သို့ ပြန်လည်မဲဆန္ဒပေးခြင်းမပြုနိုင်သည့် မဲဆန္ဒရှင်များ ကြိုတင် ဆန္ဒမဲပေးရန် အသိပေးကြေညာချက်ကို ၈-၁၀-၂၀၂၀ ရက်နေ့တွင် လည်းကောင်း၊ ညွှန်ကြားချက်ကို ၁၁-၁၀-၂၀၂၀ ရက်နေ့တွင်လည်းကောင်း ယခင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ကြေညာခြင်းကြောင့် မဲစာရင်းများ ထပ်ခြင်း၊ နိုင်ငံသားစိစစ်ရေးကတ်မရှိသူများ အစုလိုက်အပြုံလိုက် မဲစာရင်းတွင်ထည့်သွင်း၍ မဲပေးခဲ့ခြင်းများ ဖြစ်ပေါ်ခဲ့ခြင်း၊

( စ ) မဲဆန္ဒရှင်များဆန္ဒမဲပေးသည့်အခါတွင် နိုင်ငံသားစိစစ်ရေးကတ်မရှိသူ မဲဆန္ဒရှင်များ မဲပေးခွင့်ရရှိရေးအတွက် ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၉-၈-၂၀၂၀ ရက်နေ့တွင် ညွှန်ကြားချက် ထုတ်ပြန်ဆောင်ရွက်ခဲ့သဖြင့် မဲရုံများတွင် နိုင်ငံသားစိစစ် ရေးကတ် စိစစ်မှုမပြုနိုင်သော မဲဆန္ဒရှင် သက်သေခံလက်မှတ်များဖြင့် မဲပေးခဲ့ခြင်း ကြောင့် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေများနှင့် ညီညွတ်မှုမရှိသော နိုင်ငံသားစိစစ်ရေးကတ် မရှိသူများကို မဲပေးခွင့်ပြုခဲ့ခြင်း၊

(ဆ) ရွေးကောက်ပွဲနေ့တွင် မဲရုံများ၌ အသုံးပြုခဲ့သည့်ဆန္ဒပြုအမှန်ခြစ် တံဆိပ်တုံး များနှင့်စပ်လျဉ်း၍ UEC တံဆိပ်မပါရှိသည့် အမှန်ခြစ်တံဆိပ်တုံး ရိုက်နှိပ်ထားသော မဲလက်မှတ်များကိုတွေ့ရှိပါက ခိုင်လုံမဲအဖြစ်သတ်မှတ်မည်ဖြစ်ကြောင်း ညွှန်ကြား ခဲ့ခြင်း၊

( ဇ ) မဲရုံတိုင်း၌ မဲစာရင်းများအရေအတွက်များစွာ မှားယွင်းမှုဖြစ်ပေါ်ခြင်းသည် မတော်တဆ ဖြစ်ပေါ်ခဲ့ခြင်းမဟုတ်ဘဲ တမင်ကြိုတင်ကြံစည်ဆောင်ရွက်ခဲ့ခြင်း၊

( ဈ ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ဖွဲ့စည်းခြင်း၊ မဲစာရင်းကောက်ယူခြင်း၊

မဲဆွယ်စည်းရုံးခြင်း၊ ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီများ ဖွဲ့စည်းခြင်း၊ ကြိုတင်ဆန္ဒမဲပေးခြင်း၊ ရွေးကောက်ပွဲနေ့ဆန္ဒမဲပေးခြင်းစသည့် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တွင် NLD ပါတီ အနေဖြင့် အုပ်ချုပ်ရေးအာဏာကို အလွဲသုံးစားပြု၍ ဝင်ရောက်စွက်ဖက် မလျော်သြဇာသုံးကာ မသမာမှုများဆောင်ရွက်ခဲ့ခြင်း၊

(ည) NLD ပါတီမဟုတ်သည့် အခြားနိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ မဲဆွယ်စည်းရုံးရေးအပါအဝင် ရွေးကောက်ပွဲဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုများအားလုံးအား အုပ်ချုပ်ရေးအာဏာကိုလည်းကောင်း၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ကန့်သတ်ချက်၊ တားမြစ်ချက်များကိုလည်းကောင်း အလွဲသုံးခြင်းဖြင့် ကန့်သတ်ထိန်းချုပ်၍ နိုင်ငံတော်အာဏာကို မတရားရယူရန် ကြိုတင်ကြံစည်ဆောင်ရွက်ခဲ့ခြင်း၊

( ဋ ) ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ယင်းအား တရားဝင်အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြု၍ ဥပဒေ၊ နည်းဥပဒေများကို ကျော်လွန်ဖောက်ဖျက်ဆောင်ရွက်ခဲ့ခြင်း။

၁၁၄။ သို့ဖြစ်၍ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥပဒေ၊ သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်မှုမရှိသည့်အပြင် လွတ်လပ်၍ တရားမျှတမှုမရှိသော ရွေးကောက်ပွဲဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ရွေးကောက်ပွဲ ရလဒ်များကို ပယ်ဖျက်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက်နေ့တွင် ကြေညာချက်အမှတ် (၂/၂၀၂၁) ဖြင့် ထုတ်ပြန်ကြေညာခဲ့ပါသည်။[၁]

၁။ ၂၀၂၀ပြည့်နှစ်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာ (၂၀၂၁ ခုနှစ်)၊ အခန်း(၅)၊ ၂၀၂၀ ပြည့်နှစ်၊ အထွေထွေရွေးကောက်ပွဲ ရလဒ်များကို ပယ်ဖျက်ခြင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ နေပြည်တော်။

# အခန်း (၇)
# ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပေါ် သုံးသပ်ချက်

## ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပေါ် သုံးသပ်ချက်

၁၁၅။ ရွေးကောက်ပွဲတစ်ခု၏ စံနှုန်းကို လွတ်လပ်ပြီး တရားမျှတမှု ရှိ/မရှိ၊ Free and Fair ဖြစ်/မဖြစ် ဟူသည့်ပေတံဖြင့် တိုင်းတာလေ့ရှိပါသည်။ ယင်းသို့ တိုင်းတာသုံးသပ်ရာတွင် ရွေးကောက်ပွဲကျင်းပသောနေ့တစ်နေ့တည်း၏ဖြစ်စဉ်ကို လေ့လာသုံးသပ်ရုံမျှဖြင့် လုံလောက်မှုမရှိကြောင်း တွေ့ရှိရပါသည်။ ရွေးကောက်ပွဲစက်ဝန်း (Election Circle) ပါ ကာလများဖြစ်သည့် ရွေးကောက်ပွဲအကြိုကာလ၊ ရွေးကောက်ပွဲကာလနှင့် ရွေးကောက်ပွဲနောက်ပိုင်းကာလများတွင် ဖြစ်ပေါ်ဆောင်ရွက်ခဲ့မှု အခြေအနေများကိုပါ ထည့်သွင်းလေ့လာသုံးသပ်ရမည် ဖြစ်ပါသည်။

၁၁၆။ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၏ ရွေးကောက်ပွဲအကြိုကာလ လုပ်ငန်းစဉ်များဖြစ်သည့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ဖွဲ့စည်းရာတွင် NLD ပါတီ ခေါင်းဆောင်များဖြစ်သော သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် ဝန်ကြီးချုပ်များ၏ အတည်ပြုစွက်ဖက်မှုများဖြင့် NLD ပါတီဝင်များ၊ အမာခံများ ထည့်သွင်းဖွဲ့စည်းဆောင်ရွက်ခြင်း၊ သက်ဆိုင်ရာ လွှတ်တော် ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများ ပြင်ဆင်ရာတွင် အာဏာရ NLD ပါတီကို ပိုမိုအခွင့်သာမည့် ပြင်ဆင်ချက်များ ထည့်သွင်းပြဋ္ဌာန်းခြင်း၊ မဲဆန္ဒရှင်စာရင်းပြုစုရာတွင် တိုင်းဒေသကြီး/ပြည်နယ် ဝန်ကြီးချုပ်များခေါင်းဆောင်သည့် မဲစာရင်းပြည့်စုံမှန်ကန်ရေးအဖွဲ့များ၊ NLD ပါတီအစိုးရကခန့်အပ်သည့် ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများက ဖိအားပေးစွက်ဖက်ဆောင်ရွက်ခြင်းများကြောင့် မဲစာရင်းများ ပိုမိုဖောင်းပွမှားယွင်းခြင်းများ ဖြစ်ပေါ်ခဲ့ကြောင်း သုံးသပ်တွေ့ရှိရပါသည်။

၁၁၇။ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၏ ရွေးကောက်ပွဲကာလ လုပ်ငန်းစဉ်များဖြစ်သည့် မဲဆွယ်စည်းရုံးရေးများ ဆောင်ရွက်ရာတွင်လည်း အာဏာရပါတီ NLD သည် အုပ်ချုပ်ရေးအာဏာနှင့် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်၊ တားမြစ်ချက်များကို အသုံးချ၍ အသာစီးရယူဆောင်ရွက်ခြင်း၊ ပြိုင်ဘက်နိုင်ငံရေးပါတီများက နိုင်ငံပိုင်မီဒီယာများဖြစ်သည့် ရုပ်မြင်သံကြားနှင့် သတင်းစာမှ ထုတ်လွှင့်ဖော်ပြမည့် ဟောပြောချက်များကို ဖြတ်တောက်ဆင်ဆာပြုလုပ်ခြင်း၊ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးအဖွဲ့များ ဆောင်ရွက်နိုင်သည့် လုပ်ငန်း ၁၃ မျိုးမှ ၄ မျိုးကို လျှော့ချခွင့်ပြုခြင်း၊ နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများ လိုက်နာရမည့်ကျင့်ဝတ် Code of Conduct for Policical Partyand Candidates (CoC) ရေးဆွဲရာတွင် ဝင်ရောက်စွက်ဖက်လွှမ်းမိုးဆောင်ရွက်ခြင်း၊ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်မှုမရှိသောညွှန်ကြားချက်အမျိုးမျိုးထုတ်ပြန်ခြင်းဖြင့် အာဏာရပါတီ NLDအတွက် ဘက်လိုက်ဆောင်ရွက်ခြင်း၊ ကြိုတင်မဲများကောက်ခံရာတွင်လည်း ဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်မှုမရှိသော၊ မှန်ကန်မျှတမှုမရှိသော ကြိုတင်ဆန္ဒမဲကောက်ခံခြင်းများ ဖြစ်ပေါ်ဆောင်ရွက်ခဲ့ကြောင်း သုံးသပ်တွေ့ရှိရပါသည်။

၁၁၈။ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၏ ရွေးကောက်ပွဲနောက်ပိုင်းကာလတွင် ဖြစ်ပေါ် လာသော ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုများ၊ တရားမဲ့ပြုကျင့်မှုများနှင့် စပ်လျဉ်း၍ ပြိုင်ဘက်ပါတီများ၊ ကိုယ်စားလှယ်လောင်းများ၏ တင်ပြချက်များကို ဖြေရှင်းဆောင်ရွက်မှုမရှိခြင်း၊ တပ်မတော်အပါအဝင် နိုင်ငံရေးပါတီများ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများက မဲစာရင်း မှားယွင်းမှုများကို စိစစ်ပေးရန်နှင့် နောက်ဆုံးမဲစာရင်း မိတ္တူများကို ဥပဒေနှင့်အညီတောင်းခံခဲ့သော်လည်း ငြင်းပယ်ခဲ့ခြင်း၊ တပ်မတော်က စိစစ်တွေ့ရှိရသည့် မဲမသမာမှု ဖြစ်နိုင်၊ ပြုနိုင်သည့် မဲစာရင်း ၁၀၄၈၂၁၀၆ ဦး (မဲဆန္ဒရှင်ပေါင်း၏ ၂၈.၁၇%) နှင့်စပ်လျဉ်းသည့် ထုတ်ပြန်ချက်အပေါ် ပြန်လည်စိစစ်ဖြေရှင်း ဆောင်ရွက်မှုမရှိခြင်း၊ ယခင် အထွေထွေရွေးကောက်ပွဲများထက် အလွန်ပိုမိုများပြားသည့် ကန့်ကွက်လွှာ ၂၈၇ မှုကို လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ မဲဆန္ဒရှင်ပြည်သူများက တင်သွင်းလာခြင်း၊ တပ်မတော်၊ နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ ဥပဒေနှင့်အညီ တောင်းဆိုတင်ပြချက်များကို ညှိနှိုင်းဖြေရှင်း ဆောင်ရွက်ရန် ပျက်ကွက်ခဲ့ကြောင်း သုံးသပ်တွေ့ရှိရပါသည်။

၁၁၉။ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၏ ရွေးကောက်ပွဲ အကြိုကာလ၊ ရွေးကောက်ပွဲကာလနှင့် ရွေးကောက်ပွဲ နောက်ပိုင်းကာလများတွင်ဖြစ်ပွားခဲ့သည့် မဲစာရင်းဆိုင်ရာ၊ မဲဆွယ်စည်းရုံးရေးဆိုင်ရာ၊ ကြိုတင်မဲပေးခြင်းနှင့် ရွေးကောက်ပွဲနေ့မဲပေးခြင်းဆိုင်ရာ အပါအဝင် ဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်မှုမရှိသော ဖြစ်စဉ်များနှင့်စပ်လျဉ်းပြီး တပ်မတော်မှ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကိုရှေးရှု၍ ပြည်ထောင်စုလွှတ်တော်ကသော်လည်းကောင်း၊ နိုင်ငံတော်အစိုးရကသော်လည်းကောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကသော်လည်းကောင်း နည်းလမ်းရှာ၍ ဖြေရှင်းပေးရန် သဘောထားထုတ်ပြန်ခဲ့သော်လည်း ဖြေရှင်းဆောင်ရွက်မှုမရှိခြင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီအပါအဝင် နိုင်ငံရေးပါတီ ၁၉ ပါတီမှ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများက ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအား ကျော်လွန်လုပ်ဆောင်ကာ ဥပဒေကပေးအပ်ထားသော တာဝန်များ ပျက်ကွက်နေသည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အား အရေးယူပေးရန် နိုင်ငံတော်သမ္မတထံ အိတ်ဖွင့်ပေးစာပေးပို့ခဲ့သော်လည်း အရေးယူဆောင်ရွက်ခဲ့မှုမရှိခြင်း၊ မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသောင်းအေး အပါအဝင် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း၏ လေးပုံတစ်ပုံကျော်ဖြစ်သော ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် ၂၀၃ ဦးတို့က ပြည်ထောင်စုလွှတ်တော် အထူးအစည်းအဝေး ခေါ်ယူကျင်းပပေးပါရန် တောင်းဆိုလွှာတင်သွင်းသည်ကိုလည်း ကျင်းပရန်မလိုအပ်ကြောင်း ပြန်ကြား ငြင်းပယ်ခဲ့ခြင်းဖြင့် မဲမသမာမှုများကို ဖြေရှင်းရန်မဆောင်ရွက်ဘဲ မသမာမှုများရှိသည့် ရွေးကောက်ပွဲရလဒ်ဖြင့် လွှတ်တော်အတင်းခေါ်ယူ၍ မတရားသောနည်းလမ်းဖြင့် အာဏာရယူရေး ဆောင်ရွက်ခဲ့ကြောင်း သုံးသပ်တွေ့ရှိရပါသည်။

၁၂၀။ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရန် အချိန်နီးကပ်ချိန်တွင် လုံခြုံရေး အခြေအနေအရ ရွေးကောက်ပွဲကျင်းပရန် မသင့်၍ ရွေးကောက်ပွဲရွှေ့ဆိုင်းမည့် နယ်မြေစာရင်းများ ထုတ်ပြန်ရာတွင် ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် NLD ပါတီ အစိုးရ၏ သဘောထားအရ ၎င်းတို့ အနိုင်ရနိုင်ခြေမရှိသည့် ရခိုင်ပြည်နယ် ၉ မြို့နယ်နှင့် ရှမ်းပြည်နယ် ၆ မြို့နယ်တို့ကို ကြေညာထုတ်ပြန်ခဲ့ခြင်း၊ ထိုအချိန်တွင် လုံခြုံရေးအခြေအနေပိုမိုဆိုးဝါးသည့် ပလက်ဝမြို့နယ်ကို ရွေးကောက်ပွဲကျင်းပရန် ဆုံးဖြတ်ဆောင်ရွက်ခြင်းအပေါ် နိုင်ငံရေးပါတီများက ထောက်ပြကန့်ကွက်ခဲ့သော်လည်း ညှိနှိုင်းပြင်ဆင်မှုမရှိကြောင်း တွေ့ရှိရသဖြင့် NLD ပါတီအစိုးရနှင့် ယခင်ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်တို့သည် မိမိတို့၏ လုပ်ပိုင်ခွင့်အာဏာကို အလွဲသုံး၍ ဘက်လိုက်ဆောင်ရွက်ခဲ့ကြောင်း သုံးသပ်တွေ့ရှိရပါသည်။

၁၂၁။ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် အသုံးပြုရန်အတွက် ဆန္ဒမဲလက်မှတ်များ မှာယူရိုက်နှိပ်ရာတွင် အမှန်လိုအပ်သည့် ပမာဏထက် ပိုမိုသော မဲလက်မှတ်စောင်ရေ ၁၃၉၃၃၁၂၀ စောင် ရိုက်နှိပ်ခဲ့ခြင်းနှင့် ယင်းသို့ရိုက်နှိပ်ရေး ဆောင်ရွက်ရာတွင် ရွေးကောက်ပွဲကျင်းပသည့်နေ့မတိုင်မီ ၁ ရက်အလို ၇-၁၁-၂၀၂၀ ရက်နေ့အပါအဝင် ထပ်မံရိုက်နှိပ်မှု ၈ ကြိမ် ဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရသဖြင့် မဲလက်မှတ်များ ရိုက်နှိပ်ရာတွင် လိုအပ်သည့်အရေအတွက်သာ စိစစ်ရိုက်နှိပ်သင့်ကြောင်း သုံးသပ်တွေ့ရှိရပါသည်။

၁၂၂။ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကို အကြောင်းပြု၍ အသက် ၆၀ နှစ်အထက် မဲဆန္ဒရှင်များကို သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ ဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်မှုမရှိဘဲ ကြိုတင်မဲများကောက်ခံခြင်း၊ ယင်းသို့ကောက်ခံရာတွင် အချို့နေရာများ၌ NLD ပါတီအောင်နိုင်ရေးအဖွဲ့များ ပါဝင်ကောက်ခံခြင်းများ ဆောင်ရွက်ခဲ့ကြောင်း စိစစ်တွေ့ရှိရသဖြင့် နောင်ကျင်းပမည့် ရွေးကောက်ပွဲများတွင် ကြိုတင်မဲပေးခွင့်ရှိသူများ သတ်မှတ်ခြင်း၊ ကြိုတင်မဲကောက်ခံရမည့်ပုဂ္ဂိုလ်များ သတ်မှတ်ခြင်းနှင့် လိုက်နာဆောင်ရွက်ရန်တို့နှင့်စပ်လျဉ်းသည့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို ပြင်ဆင်ဆောင်ရွက်သင့်ကြောင်း သုံးသပ်တွေ့ရှိရပါသည်။

၁၂၃။ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲဆန္ဒရှင်များ ဆန္ဒမဲပေးရာ၌ မဲဆန္ဒရှင် သက်သေခံလက်မှတ် (Voter Slip) များဖြင့် မဲပေးခွင့်ပြုခဲ့ခြင်းကြောင့် သက်ဆိုင်ရာလွှတ်တော် ရွေးကောက်ပွဲ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူဖြစ်ကြောင်း စိစစ်အတည်ပြုနိုင်ခြင်းမရှိသည့် နိုင်ငံသားစိစစ်ရေးကတ်မရှိသူများ မဲပေးခဲ့ကြောင်း တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ နောင်ပြုလုပ်မည့် ရွေးကောက်ပွဲများတွင် နိုင်ငံသားစိစစ်ရေးကတ်ရှိသူများကိုသာ စိစစ်၍ မဲပေးခွင့်ပြုသင့်ကြောင်း သုံးသပ်တွေ့ရှိရပါသည်။

၁၂၄။ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် မဲဆန္ဒရှင်စာရင်းများ ပြုစုရာတွင် သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာအုပ်စုအတွင်း နေထိုင်သူအားလုံးကို ရှိကောက် ကောက်ယူစာရင်းပြုစုခြင်း၊ အိမ်ထောင်စုစာရင်းတွင် ပါရှိသူအားလုံးကိုလည်းထပ်မံထည့်သွင်းခြင်းတို့ကြောင့် မဲစာရင်းများ ဖောင်းပွမှားယွင်းခြင်း၊ နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူအဖြစ် စိစစ်ခြင်း မပြုနိုင်သည့် စိစစ်ရေးကတ်မရှိသူများ ထည့်သွင်းကောက်ခံခြင်း၊ သက်ဆိုင်ရာဌာနများ၏ ပူးပေါင်းဆောင်ရွက်မှု အားနည်းခြင်းတို့ကို စိစစ်တွေ့ရှိရသဖြင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်အတွက် အခြေခံကျပြီး အရေးကြီးသည့် မဲဆန္ဒရှင်စာရင်းပြုစုရာတွင် ပြည့်စုံမှန်ကန်ရေးအတွက် ရှင်းလင်းတိကျသည့် ဥပဒေ၊ နည်းဥပဒေ ပြင်ဆင်ပြဋ္ဌာန်းချက်များ ဆောင်ရွက်သင့်ကြောင်း သုံးသပ်တွေ့ရှိရပါသည်။

၁၂၅။ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ မဲဆွယ်စည်းရုံးရေးဆောင်ရွက်နိုင်ရန်အတွက် ညွှန်ကြားချက် ထုတ်ပြန်ဆောင်ရွက်ခဲ့သော်လည်း ပြိုင်ဘက် ပါတီအချင်းချင်းအကြား၊ ပါတီထောက်ခံသူများအကြား၊ ပါတီဝန်းရံသူဟု ဆိုသူများအကြား ပြဿနာများစွာပေါ်ပေါက်ခဲ့ကြောင်း စိစစ်တွေ့ရှိရသဖြင့် နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ ရွေးကောက်ပွဲဆိုင်ရာ မဲဆွယ်စည်းရုံးရေးနှင့်စပ်လျဉ်းပြီး ခိုင်မာသော ဥပဒေ၊ နည်းဥပဒေ ပြဋ္ဌာန်းချက် ထပ်မံဖြည့်စွက်ဆောင်ရွက်သင့်ကြောင်း သုံးသပ်ရရှိပါသည်။

၁၂၆။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်နှင့်အညီ လက်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေ၊ သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲ ဥပဒေတို့နှင့်အညီ ရွေးကောက်ပွဲကျင်းပခဲ့သည့် မြို့နယ် ၃၁၅ မြို့နယ်၏ မဲစာရင်းများ စိစစ်ခြင်း၊ မဲလက်မှတ်များ မြေပြင်ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ပါသည်။ မဲဆန္ဒရှင်စာရင်း စစ်ဆေးတွေ့ရှိချက်အရ မဲမသမာမှုဖြစ်နိုင်သော မှားယွင်းသည့် မဲဆန္ဒရှင်အရေအတွက် စုစုပေါင်း ၁၁၃၀၅၃၉၀ ဖြစ်ပြီး ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေး တွေ့ရှိချက်အရ ကျန်ရမည့် အရေအတွက်ထက် လျော့နည်းသည့်မဲလက်မှတ်အရေအတွက် ၁၄၂၄၃၉၁ နှင့် အပိုတွေ့ရှိရသော မဲလက်မှတ် အရေအတွက် ၄၃၈၈၅၀ ဖြစ်ကြောင်း တွေ့ရှိရကာ ယင်းမဲလက်မှတ်များသည် မဲမသမာမှုများကို ဖြစ်ပေါ်စေကြောင်း သုံးသပ်တွေ့ရှိရပါသည်။

၁၂၇။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်းသည့် မဲစာရင်းနှင့် မဲလက်မှတ်များ စစ်ဆေးခြင်းအပါအဝင် မြေပြင်ကွင်းဆင်းစစ်ဆေးခြင်းများကို သက်ဆိုင်ရာမြို့နယ်တစ်ခုချင်းအလိုက် စစ်ဆေးတွေ့ရှိချက် ထုတ်ပြန်ခြင်း၊ တိုင်းဒေသကြီး/ ပြည်နယ် တစ်ခုချင်းစီအလိုက် စစ်ဆေးတွေ့ရှိချက်ထုတ်ပြန်ခြင်း၊ တိုင်းဒေသကြီး/ ပြည်နယ်များ၏ ရွေးကောက်ပွဲဖြစ်စဉ်အပေါ် ခြုံငုံစစ်ဆေးတွေ့ရှိချက်များ ထုတ်ပြန်ခြင်းတို့ကို

ကိန်းဂဏန်းအချက်အလက်များ၊ စစ်ဆေးတွေ့ရှိချက်များ၊ ခိုင်လုံသည့်သက်သေအထောက်အထားများဖြင့် အကြိမ်ကြိမ် အလီလီ စနစ်တကျ အတည်ပြုထုတ်ပြန်ချက်များအရ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲသည် လွတ်လပ်၍ တရားမျှတမှုမရှိသော ရွေးကောက်ပွဲဖြစ်ကြောင်းတွေ့ရှိရသဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေ၊ သက်ဆိုင်ရာ လွှတ်တော် ရွေးကောက်ပွဲဥပဒေများနှင့်အညီ ရွေးကောက်ပွဲရလဒ်ကို ပယ်ဖျက်ခဲ့ခြင်းဖြစ်ပါသည်။

၁၂၈။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ၂၀၂၀ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ၏ ရွေးကောက်ပွဲအကြိုကာလ၊ ရွေးကောက်ပွဲကာလနှင့် ရွေးကောက်ပွဲနောက်ပိုင်းကာလများတွင်ဖြစ်ပေါ်ခဲ့သော ဖြစ်စဉ်အားလုံးအပေါ် အသေးစိတ်လေ့လာသုံးသပ်၍ နောင်ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးနှင့် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ဖော်ဆောင်နိုင်ရေးအတွက် ရွေးကောက်ပွဲ စနစ်အပါအဝင် အခြေခံကျသော ဥပဒေမူဘောင်များကို အသေးစိတ်လေ့လာသုံးသပ်၍ အချိန်မီပြင်ဆင် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

# နိဂုံး

## နိဂုံး

၁၂၉။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် အချုပ်အခြာအာဏာပိုင်ဆိုင်သော လွတ်လပ်သည့် နိုင်ငံတစ်ခုအဖြစ်ရပ်တည်လာခဲ့ပါသည်။ မြန်မာနိုင်ငံသည် ဒီမိုကရေစီအသွင် ကူးပြောင်းခဲ့သည်မှာ ဆယ်စုနှစ်တစ်ခုကျော်သာ ရှိခဲ့သည့်အလျောက် ဒီမိုကရေစီကိုအကြောင်းပြု၍ ရှုထောင့်အမျိုးမျိုးဖြင့် ဝင်ရောက်ခြယ်လှယ် လွှမ်းမိုးချုပ်ကိုင်ရန် ဆောင်ရွက်လာကြသည်ကို တွေ့မြင်နိုင်ပါသည်။ ကမ္ဘာ့ပထဝီဝင်အနေအထားအရ ပြောင်းလဲကျင့်သုံးလာသည့် ပထဝီနိုင်ငံရေး၏ အရေးပါသော တည်နေရာ အနေအထားကြောင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် ကမ္ဘာ့အင်အားကြီး နိုင်ငံများမှ ဝင်ရောက်စွက်ဖက် လွှမ်းမိုးခြယ်လှယ်မှုများ မပြုလုပ်နိုင်စေရန် မျက်ခြည်မပြတ် ထိန်းသိမ်း ကာကွယ်စောင့်ရှောက်ရန်လိုအပ်ပါသည်။ ဒီမိုကရေစီကျင့်သုံးရာတွင် အများဆန္ဒဖြင့် ဆောင်ရွက်ကြသော်လည်း အခြေခံအကျဆုံးလိုအပ်ချက်သည် တရားဥပဒေကို စောင့်ထိန်းလိုက်နာကျင့်သုံးခြင်းပင်ဖြစ်ပါသည်။ ထို့ကြောင့် ဒီမိုကရေစီကျင့်သုံးရာတွင် စည်းကမ်း ဥပဒေများကိုလိုက်နာခြင်း အမှန်တရားကို မြတ်နိုးပြီး ဖြောင့်မတ်တည်ကြည်ခြင်းစသော အခြေခံများကိုလိုက်နာကြရမည်ဖြစ်ပါသည်။ ဒီမိုကရေစီကျင့်စဉ်သည် မိမိတိုင်းပြည်၊ လူမျိုး၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများနှင့် ဆီလျော်သည့် နိုင်ငံရေး စနစ်မျိုးသာဖြစ်ရန်လိုအပ်ပါသည်။ နိုင်ငံတစ်ခု၏ ဖွဲ့စည်းပုံအခြေခံဥပဒေသည် အစိုးရအဖွဲ့အစည်းများကို တရားဝင်ဖြစ်စေခြင်းနှင့် နိုင်ငံသားများ၏ အခွင့်အရေးများကို အာမခံရခြင်းပင်ဖြစ်ပါသည်။ ထို့ကြောင့် ပါတီနိုင်ငံရေးဆောင်ရွက်ကြရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေကို လေးစားလိုက်နာရန် အထူး လိုအပ်ပါသည်။ ဒီမိုကရေစီစနစ်ကို ကျင့်သုံးရာတွင်လည်း လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲ များဖြစ်မှသာ ပြည်သူ့ဆန္ဒအစစ်အမှန်ကို ဖော်ဆောင်နိုင်မည်ဖြစ်ပါသည်။

၁၃၀။ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့ပြီး ရွေးကောက်ပွဲတွင် မဲစာရင်းများ ကြီးမားစွာမှားယွင်းမှု၊ မဲမသမာမှု၊ ရွေးကောက်ပွဲ တရားမဲ့ပြုကျင့်မှုများဖြစ်ပွားခဲ့ပါသည်။ မဲစာရင်းမှားယွင်းမှုများကို ရွေးကောက်ပွဲတွင် ဝင်ရောက် ယှဉ်ပြိုင်ခဲ့ကြသည့် နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများအနေဖြင့် သတင်းစာရှင်းလင်းပွဲများပြုလုပ်၍ ရှင်းလင်းခြင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ထံသို့ ဖြေရှင်းဆောင်ရွက်ပေးရန် တင်ပြတောင်းဆိုခြင်း၊ သတင်းထုတ်ပြန်ချက်များ ထုတ်ပြန်၍ တောင်းဆိုခြင်းများ ပြုလုပ်ခဲ့ကြပါသည်။ တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲဖြစ်စေရေး အလို့ငှာ မဲစာရင်းများကိုစိစစ်ပြီး တွေ့ရှိချက်များကို သတင်းထုတ်ပြန်ခဲ့ပါသည်။ ထို့နောက် မဲစာရင်း မှားယွင်းမှုများအား ဖြေရှင်းဆောင်ရွက်ပေးရန် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်သို့ တောင်းဆိုခဲ့သော်လည်း ဖြေရှင်းဆောင်ရွက်ပေးခြင်းမရှိသဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ – ခုနှစ်) နှင့်အညီ ဖြေရှင်းဆောင်ရွက်ပေးရန် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြခဲ့ပါသည်။ ပြည်ထောင်စုလွှတ်တော်က ဆောင်ရွက်ပေးရန် ငြင်းဆန်ခဲ့သဖြင့် လက်ရှိဖြစ်ပေါ်နေသောအကျပ်အတည်းကို ဖြေရှင်းနိုင်ရေးအတွက် နိုင်ငံတော်အစိုးရ၊ ပြည်ထောင်စုလွှတ်တော်နှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် တစ်ခုခုက နည်းလမ်းရှာဆောင်ရွက်ပေးရန် ထပ်မံတောင်းဆိုခဲ့ပါသည်။ ထို့နောက် အမျိုးသားကာကွယ်ရေးနှင့်

လုံခြုံရေးကောင်စီ အစည်းအဝေးခေါ်ယူ၍ ဆွေးနွေးကြပါရန် နှစ်ကြိမ်တင်ပြခဲ့ပါသည်။ တပ်မတော်မှ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ တည်ဆဲဥပဒေများနှင့်အညီ အဆင့်ဆင့်ဆောင်ရွက်ရန် တင်ပြခဲ့သော်လည်း ယခင် နိုင်ငံတော်သမ္မတ၊ ယခင် ပြည်ထောင်စုလွှတ်တော်၊ ယခင် ပြည်ထောင်စုအစိုးရတို့မှ ဖြေရှင်းဆောင်ရွက်ပေးခြင်းမရှိသဖြင့် တပ်မတော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန် အဓိကတာဝန်ရှိသည့်အားလျော်စွာ မဲမသမာမှု၊ မဲစာရင်းမှားယွင်းမှုများကို မှန်ကန်စွာဖြေရှင်းခြင်းမပြုပါက နိုင်ငံတော်၏ ဒီမိုကရေစီအသွင်ကူးပြောင်းမှုဖြစ်စဉ်တွင် အခက်အခဲများ ဖြစ်ပေါ်လာမည်ဖြစ်၍ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၇ အရ အရေးပေါ်အခြေအနေကြေညာပြီး ပုဒ်မ ၄၁၈ အရ နိုင်ငံတော်၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာတို့ကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံ လွှဲအပ်တာဝန်ပေးအပ်ခဲ့ပါသည်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်မှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကိုဖွဲ့စည်းကာ ရှေ့လုပ်ငန်းစဉ် ၅ ရပ်ကို ချမှတ်ခဲ့ပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အထက်ပါလုပ်ငန်းစဉ် ၅ ရပ်အနက် အမှတ်စဉ် (၁) နှင့် (၅) တို့ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အသစ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် အမိန့်အမှတ် (၇/၂၀၂၁) ဖြင့် ခန့်အပ်တာဝန်ပေးခဲ့ပါသည်။

၁၃၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် ၅ ရပ်အနက် ပထမဆုံးရှေ့လုပ်ငန်းစဉ်အရ တစ်နိုင်ငံလုံးရှိ မြို့နယ် ၃၁၅ မြို့နယ်တို့တွင် မဲစာရင်းများစစ်ဆေးခြင်း၊ ဆန္ဒမဲလက်မှတ်များ မြေပြင်ဖွင့်ဖောက်စစ်ဆေးခြင်းနှင့် ရွေးကောက်ပွဲဆိုင်ရာ မသမာမှုများနှင့် တရားမဲ့ပြုကျင့်မှုများအကြောင်း စုံစမ်းမေးမြန်းခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ စစ်ဆေးတွေ့ရှိချက်များအရ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး/ပြည်နယ် အလိုက် မြို့နယ်ပေါင်း ၃၁၅ မြို့နယ်၏ မဲစာရင်းများနှင့် မဲပေးခဲ့မှုအခြေအနေများကို စစ်ဆေးခဲ့ရာတွင် NLD ပါတီသည် ရွေးကောက်ပွဲတွင် ယင်းတို့ ပါတီတစ်ခုတည်းသာ အနိုင်ရရှိပြီး အစိုးရအဖွဲ့ ဖွဲ့စည်းနိုင်ရေးအတွက် ပြိုင်ဘက်ပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ မဲဆွယ်စည်းရုံးရေး အပါအဝင် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုများအားလုံးကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ကန့်သတ်ချက်/ တားမြစ်ချက်ကို အလွဲသုံး၍လည်းကောင်း၊ အုပ်ချုပ်ရေးအာဏာကိုအလွဲသုံး၍လည်းကောင်း ကန့်သတ်ထိန်းချုပ်ခဲ့ပြီး နိုင်ငံတော်အာဏာကို မတရားရယူနိုင်ရန် ကြိုတင်ကြံစည် ဆောင်ရွက်ခဲ့ကြောင်း စိစစ်တွေ့ရှိရပါသည်။ ထို့ကြောင့် ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့က ကျင်းပပြုလုပ်ခဲ့သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲသည် သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်မှုမရှိသည်ကို စစ်ဆေးတွေ့ရှိရသဖြင့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲရလဒ်ကို ဥပဒေနှင့်အညီ ပယ်ဖျက်ခဲ့ရကြောင်း ခိုင်လုံသော သက်သေအထောက်အထားများ၊ မှတ်တမ်းဓာတ်ပုံများနှင့်အတူ ပြုစုတင်ပြအပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# မှတ်တမ်းဓာတ်ပုံများ

ကချင်ပြည်နယ် ဆန္ဒမဲလက်မှတ်မြေပြင်စစ်ဆေးမှု မှတ်တမ်းဓာတ်ပုံများ





## ကယားပြည်နယ် ဆန္ဒမဲလက်မှတ်မြေပြင်စစ်ဆေးမှု မှတ်တမ်းဓာတ်ပုံများ





## ကရင်ပြည်နယ် ဆန္ဒမဲလက်မှတ်မြေပြင်စစ်ဆေးမှု မှတ်တမ်းဓာတ်ပုံများ






ချင်းပြည်နယ် ဆန္ဒမဲလက်မှတ်မြေပြင်စစ်ဆေးမှု မှတ်တမ်းဓာတ်ပုံများ





# စစ်ကိုင်းတိုင်းဒေသကြီး ဆန္ဒမဲလက်မှတ်မြေပြင်စစ်ဆေးမှု မှတ်တမ်းဓာတ်ပုံများ





# တနင်္သာရီတိုင်းဒေသကြီး ဆန္ဒမဲလက်မှတ်မြေပြင်စစ်ဆေးမှု မှတ်တမ်းဓာတ်ပုံများ





ပဲခူးတိုင်းဒေသကြီး ဆန္ဒမဲလက်မှတ်မြေပြင်စစ်ဆေးမှု မှတ်တမ်းဓာတ်ပုံများ





# မကွေးတိုင်းဒေသကြီး ဆန္ဒမဲလက်မှတ်မြေပြင်စစ်ဆေးမှု မှတ်တမ်းဓာတ်ပုံများ





# မန္တလေးတိုင်းဒေသကြီး ဆန္ဒမဲလက်မှတ်မြေပြင်စစ်ဆေးမှု မှတ်တမ်းဓာတ်ပုံများ





## မွန်ပြည်နယ် ဆန္ဒမဲလက်မှတ်မြေပြင်စစ်ဆေးမှု မှတ်တမ်းဓာတ်ပုံများ





# ရခိုင်ပြည်နယ် ဆန္ဒမဲလက်မှတ်ပြန်လည်စစ်ဆေးမှု မှတ်တမ်းဓာတ်ပုံများ





ရန်ကုန်တိုင်းဒေသကြီး ဆန္ဒမဲလက်မှတ်မြေပြင်စစ်ဆေးမှု မှတ်တမ်းဓာတ်ပုံများ





## ရှမ်းပြည်နယ် ဆန္ဒမဲလက်မှတ်မြေပြင်စစ်ဆေးမှု မှတ်တမ်းဓာတ်ပုံများ





ဧရာဝတီတိုင်းဒေသကြီး ဆန္ဒမဲလက်မှတ်မြေပြင်စစ်ဆေးမှု မှတ်တမ်းဓာတ်ပုံများ





ပြည်ထောင်စုနယ်မြေ ဆန္ဒမဲလက်မှတ်မြေပြင်စစ်ဆေးမှု မှတ်တမ်းဓာတ်ပုံများ





ကြာအင်းဆိပ်ကြီးမြို့နယ်တွင် NLD ပါတီမှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်း
စောယှားဖောင်အွာက ပါတီအောင်နိုင်ရေးလှည့်လည်ပွဲ လိုက်ပါဝန်းရံသူများကို ငွေကြေးပေးဝေ
စည်းရုံးမှုပြုနေစဉ်





၂၉-၁၀-၂၀၂၀ ရက်နေ့ ရေတာရှည်မြို့နယ်၊ မိချောင်းအိုင်ကျေးရွာအုပ်စု၊ ဇရစ်ရိုးကျေးရွာမဲရုံတွင်
ကြိုတင်မဲ ဆန္ဒပြုနေစဉ် NLD ပါတီ၊ တိုင်းဒေသကြီး(၁) လွှတ်တော်ကိုယ်စားလှယ်လောင်း
ဒေါက်တာကျော်ကျော် မဲရုံနှင့် ကိုက် ၅၀၀ အတွင်း မဲဆွယ်စည်းရုံးမှု မှတ်တမ်းဓာတ်ပုံများ





ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ အမိန့်ညွှန်ကြားချက်(၁/၂၀၁၄)နှင့် (၁၇၃/၂၀၂၀)တို့ကို ဖောက်ဖျက်၍ ပျော်ဘွယ်မြို့နယ်၊ ကျီရွာအုပ်စုတွင် ဘာသာရေးအဆောက်အဦအား မဲဆွယ်စည်းရုံးရာ၌ အသုံးပြုခြင်း၊ ဘာသာရေးကို အကြောင်းပြု၍ ထောက်ခံဆန္ဒမဲပေးရန် တရားမဲ့ပြုကျင့်မှု ကျူးလွန်ခြင်း





ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ အမိန့်ညွှန်ကြားချက်(၁/၂၀၁၄)နှင့် (၁၇၃/၂၀၂၀)တို့ကို ဖောက်ဖျက်၍ ပျော်ဘွယ်မြို့နယ်၊ ကျီရွာအုပ်စုတွင် ဘာသာရေးအဆောက်အဦအား မဲဆွယ်စည်းရုံးရာ၌ အသုံးပြုခြင်း၊ ဘာသာရေးကို အကြောင်းပြု၍ ထောက်ခံဆန္ဒမဲပေးရန် တရားမဲ့ပြုကျင့်မှု ကျူးလွန်ခြင်း






ဥပဒေနှင့်ညီညွတ်မှုမရှိသော မဲဆွယ်စည်းရုံးမှု မှတ်တမ်းဓာတ်ပုံများ





မဲရုံအနီး၌ မဲရုံမှ ကိုက် ၅၀ အတွင်း မဲဆွယ်သီချင်း ဖွင့်နေပုံ






ဥပဒေနှင့်အညီ ဆောင်ရွက်ခြင်းမရှိသည့် ကြိုတင်ဆန္ဒမဲများ ကောက်ယူနေသည့်ပုံ






ဥပဒေနှင့်အညီ ဆောင်ရွက်ခြင်းမရှိသည့် ကြိုတင်ဆန္ဒမဲများ ကောက်ယူနေသည့်ပုံ






ဥပဒေနှင့်အညီ ဆောင်ရွက်ခြင်းမရှိသည့် ကြိုတင်ဆန္ဒမဲများ ကောက်ယူနေသည့်ပုံ








ဥပဒေနှင့်အညီ ဆောင်ရွက်ခြင်းမရှိသည့် ကြိုတင်ဆန္ဒမဲများ ကောက်ယူနေသည့်ပုံ






## ရေစကြိုမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းများ ပါဝင်သော မဲလက်မှတ် စာအုပ်များနှင့် သက်ဆိုင်ခြင်းမရှိသော မကွေးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းများ ပူးတွဲပါရှိ နေသည့် ဆန္ဒမဲလက်မှတ်များ



ကြို့ပင်ကောက်မြို့နယ်၊ စစ်ကုန်း (၁) ကျေးရွာအုပ်စု၊ မဲရုံအမှတ် (၁) ၌ ၂၀၂၀ ပြည့်နှစ်
အထွေထွေရွေးကောက်ပွဲတွင် ရောနှောထည့်သွင်းအသုံးပြုခဲ့သည့် ၂၀၁၅ ခုနှစ်
အထွေထွေရွေးကောက်ပွဲမှ ဆန္ဒမဲလက်မှတ်များ




ရေစကြိုမြို့နယ်၊ ဆန္ဒမဲ (၅) အိတ်တွင် (NLD) အမှတ်တံဆိပ်ပါ Label ကတ်ပြားအား သံကွင်းဖောက်ကာ ဆန္ဒမဲလက်မှတ်အိတ်ချည်သောကြိုးဖြင့်တွဲ၍ ချိပ်ပိတ်လျက်တွေ့ရှိရခြင်း






လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦး၏ တရားမဲ့လုပ်ဆောင်ခဲ့သော ဓာတ်ပုံမှတ်တမ်း

(မုတ္တမကျေးရွာ–ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ)






လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦး၏ တရားမဲ့လုပ်ဆောင်ခဲ့သော ဓာတ်ပုံမှတ်တမ်း

(ကျခတ်ငူကျေးရွာ-ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ)



**NLD ပါတီဝင် ဦးအောင်နိုင် (၁) ဦးကျော်ကျော်နှင့် ကိုစိုးတို့မှ မဲစာရင်းကတ်ပြားအတုအလွတ်စာရွက်များ ရေးသွင်းထုတ်ပေးခဲ့သည့် မဲစာရင်းကတ်ပြားအတုအား လက်ခံရရှိသူ၏ မှတ်တမ်းဓာတ်ပုံနှင့် မဲစာရင်း ကတ်ပြားအတု မှတ်တမ်းဓာတ်ပုံ**






NLD ပါတီဝင် ဦးအောင်နိုင် (ခ) ဦးကျော်ကျော်နှင့် ကိုစိုးတို့မှ မဲစာရင်းကတ်ပြားအတုအလွတ်စာရွက်
များအား ထုတ်ပေးနေသည့် မှတ်တမ်းဓာတ်ပုံ



မဲပေးမည့်သူများအား မဲရုံနှင့်ကပ်၍ မဲစလစ်ထုတ်ပေးနေပုံ



# မဲမသမာမှုဖြစ်ပွားခဲ့သော မဲစာရင်းစစ်ဆေးတွေ့ရှိချက်များ




မဲမသမာမှုဖြစ်ပွားခဲ့သည့် မဲစာရင်းအရေအတွက် – ၁၁၃၀၅၃၉၀

